

# နှယ်ပြုံးဆိုး

အလယ်ကာလူ စကားဝဲဇော်

2004' Design
modern electronic Art co..tniee

ထုတ်ဝေသူ
ဦးနိုင်မျိုးထွန်း (အင်ပါယာစာပေ)
တိုက် ၂၁၊ အခန်း ၁၁၊
စီးပွားကူးသန်းဝန်ထမ်းအိမ်ယာ၊
ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။

ပုံနှိပ်သူ
ဦးမောင်မောင်လွင် (ကဝိရတနာအော့ဖ်ဆက်)
၂၀၄၊ လမ်း ၃၀၊ ရန်ကုန်။

■ တိုက် ၂၁၊ အခန်း ၁၁
စီးပွားကူးသန်းဝန်ထမ်းအိမ်ယာ
ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။

ဖုန်း-၅၈၁၇၃၃-၆၆၆

■ တိုက် ၉၊ တတိယထပ် (ဝ)
ယုဇနလမ်း၊ စစ်တောင်းရိပ်မွန်
ယုဇနဥယျာဉ်မြို့တော်။
ဖုန်း - ၅၉၃၂၆၅

■ E-mail: EPC@mail2world.com

■ P.O. Box - 234

**စာမူခွင့်ပြုချက်အမှတ်**

၁၄၄၄/၂၀၀၄ (၁၂)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၅၀၀၁၀၈၀၅၀၁

**ထုတ်ဝေခြင်း**

ပထမအကြိမ်

၂၀၀၅၊ ဖေဖော်ဝါရီလ။

**အုပ်ရေ**

၅၀၀

**တန်ဖိုး**

၁၀၀_ ကျပ်

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်

ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်။

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။

အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။

အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# အလင်္ကာရ စကားပေါ်

နွမ်ဂျာသိုင်း




"ဒီကစပြီး တောက်လျှောက် အတက်ချည်းပဲဗျ"

ကားဆရာက ကျွန်တော့်ဘက်လှည့်၍ ပြုံးရင်း ပြောသည်။ ကျွန်တော် တအံ့တသြနှင့် ခေါင်းညိတ်ပြလိုက်၏။

ပတ်ဝန်းကျင်ကို မျက်စိကစားလိုက်သည်။ ကားလမ်းမ၏ ညာဘက်ဘေးတွင် ဆိုင်းဘုတ်ဝါလေးတစ်ခု . . .။

**နန်းပန်တက်**

**ပင်လယ်ရေပြင်မှ အမြင့်ပေ – ၁၁၆၅**

အတွေ့အကြုံသစ် စပြီဟု သိလိုက်သည်။ ရင်ထဲတွင် လှုပ်ရှားသွား၏။ ထွက်လာခဲ့သော ခရီးတစ်လျှောက်တွင် ပထမဆုံး မြင်တွေ့ရသည့် အမြင့်ပေပါ ဖော်ပြထားသော ရွာအမည်ဆိုင်းဘုတ်။

တောင်ရယ်လို့ မည်မည်ရရမှ မတက်ရသေး၊ ကျွန်တော်သည် မြေညီပြင်မှ ပေတစ်ထောင်ကျော် ရောက်နေခဲ့ပြီရော . . .

ထို့ပြင် ကားဆရာစကားကလည်း ရှိသေးသည်။ ဒီကစပြီး တောက်လျှောက် အတက်ချည်းပဲဆိုပါလား။

ကျွန်တော် ငိုင်နေဆဲတွင် ကားဆရာထံမှ ရယ်သံနှင့်ရော၍ စကားသံတစ်ခု ကြားလိုက်ရသည်။

"ခုမှ တောင်တက်လမ်းဆိုတာ စ,တာဗျ"

ပြောလည်းပြော၊ ကားကိုလည်း ဘယ်ဘက်ကွေ့တက်လိုက်သည်။ ဦးလှည့်ဘက်ပြောင်းသွားသော ကားလေးသည် တောင်ကမ်းပါးယံတွင် ကပ်ဖောက်ထားသော လမ်းပေါ် ရောက်သွား၏။

အရှိန်နှင့် ကွေ့လိုက်သဖြင့် ယိုင်သွားသောကိုယ်ကို ကားပေါ်မှ လွင့်ကျမသွားရန် အမိုးတန်းလှမ်းကိုင်၍ ထိန်းလိုက်ရ၏။

စောစောပိုင်းက အဝေးမှ မြင်နေရသော တောင်ပြာပြာကြီးများသည် နံဘေးသို့ ချက်ချင်းရောက်လာသည်။ ညာဘက်တွင် တောင်နံရံ၊ ဘယ်ဘက်တွင် အထပ်ထပ်သော တောင်ကြီးများ . . . ။

စိမ်းလန်းသော တောတောင်၏ ရနံ့တစ်မျိုးကို ရသည်။ တောင်နံရံတစ်လျှောက် ထောင်လိုက် တန်းပေါက်နေသော သစ်ပင်များကို အနီးကပ်မြင်ရသည်။ အသက်ရှူရသော လေသည် တစ်မျိုးဖြစ်လာ၏။

အတွေ့အကြုံသစ်မှ တကယ့်အတွေ့အကြုံသစ်။

တစ်လျှောက်လုံး ငြီးငွေ့လာသော စိတ်များ ကြည်လင်လန်းဆန်းလာသည်။

ဂျစ်ကားလေးသည် ညာဘက်သို့ ဖျတ်ခနဲ ကွေ့ချလိုက်သည်။ မြင်ကွင်းသည် ရိပ်ခနဲ ဖြစ်သွား၏။

"ဘယ်လိုလဲ ဆရာလေး . . . ကောင်တက်လမ်းတွေ တွေ့



ချင်လှပြီဆို . . . ဘယ်နဲ့လဲ"

ညာကွေ့ချလိုက်၍မှ ကားကိုယ်ထည် မဖြောင့်သေး၊ ဘယ်ဘက်ပြန်ကွေ့သော လမ်းကွေ့ကို မြင်နေရပြီ။

"အေးဗျ . . . မတက် မတက်နဲ့ တက်မယ့်တက်တော့လည်း လန့်စရာတောင် ကောင်းနေပြီ"

ကားဆရာထံမှ ရယ်သံပေါ်လာသည်။

"ခုမှ အစရှိသေးတယ်နော်"

ပြောရင်းနှင့် ဘယ်ဘက်ကို ကွေ့ဆွဲလိုက်သည်။ ဂျစ်ကားကလေးသည် တောင်ကမ်းပါးယံ လမ်းကွေ့တွင် ဦးမော့၍ ခါယမ်းသွား၏။

ကတ္တရာလမ်းနှင့်ဘီးများ ပွတ်တိုက်သံပေါ်လာသည်။

ခေါက်တုံ့လူးလာတက်နေသော လမ်းသည် တဖြည်းဖြည်း အမြင့်ပိုင်းရောက်လာသည်နှင့်အမျှ တောင်နံရံ၏ အခြားဘက်ချောက်သည် တဖြည်းဖြည်း နက်လာသည်။

နား၏အာရုံများ တစ်မျိုးဖြစ်လာသည်။ အနီးမှ စက်သံသည် တဖြည်းဖြည်း ဝေးသွား၏။ တံတွေး မျိုချလိုက်သောအခါ နားထဲတွင် အထစ်တစ်ထစ် ပြေသွားသလို လျော့သွားသည်။ ဘာဖြစ်မှန်း မသိ။

"နားတွေ ဘယ်လိုဖြစ်လာလဲ မသိဘူးဗျ"

ကျွန်တော့်စကားကြောင့် ကားဆရာ ရယ်သည်။ ကျွန်တော်နှင့် ကားဆရာကြားမှ ခရီးသည်ကလည်း ရယ်သည်။ ကားဆရာက အကြည့်ကို ရှေ့တည့်တည့်မှ မခွာဘဲ ပြောသည်။

"တောင်ပေါ်တက်လာတာကိုး၊ လေဖိအား နည်းလာလို့ နားတွေ အူလာတာပေါ့"

"ဩော် . . ."

အတွေ့အကြုံနည်းလှသည့်ဘဝ၊ နားအူသည်ပင် နားအူမှန်း မိသပါလားဟု ကိုယ့်ကိုယ်ကိုယ် အောက်မေ့လိုက်သည်။

"ဟိုရှေ့ကဟာ ဝက်ဖြူရေတောင်လေ"

ဒီခရီးသည် ကျွန်တော့်အတွက် ခရီးသစ် ဖြစ်နေမှန်း သိပြီး ဖြစ်သော ကားဆရာက စေတနာ့ဝန်ထမ်း ခရီးညွှန် လုပ်တော့သည်။

ကျွန်တော် ကားမှန်ကိုဖြတ်၍ သူပြသည့်တောင်ကို ကြည့်သည်။ ပြာစိမ်းစိမ်း ဝက်ဖြူရေတောင်သည် ကျွန်တော့်မျက်စိထဲတွင် ဆင်ကြီးတစ်ကောင် ဝပ်နေသည့်ပုံ ပေါက်နေ၏။

ကားသည် ဖျတ်ခနဲ ချိုးကွေ့၏။

အမှတ်မဲ့ လွှတ်လိုက်သော အမိုးတန်းကို ကပျာကယာ လှမ်းဆွဲလိုက်သည်။

"ကိုင်ထားနော် လွင့်ကျမယ်"

ကျွန်တော့်ဘေးမှ ခရီးသည်က ခပ်တိုးတိုး လှမ်းပြော၏။

ကျွန်တော်က ပြုံး၍ ခေါင်းညိတ်လိုက်ရင်း . . .

"လွင့်ကျလိုက်ရင်တော့ မလွယ်ဘူးနော်"

ကားဆရာက ရယ်ပြန်သည်။ အကြည့်ကိုမူ လမ်းတူရူမှအပ တခြားသို့ မရွှေ့။ လက်ကိုင်ဘီးကို ဂရုတစိုက်နှင့် ထိန်းနေရာက လှမ်းပြောသည်။

"ဒါကြောင့်မို့ တောင်တက်ခရီးကို အဆင်းခက်ခက်၊ အတက်ကြမ်းကြမ်းလို့ ပြောကြတာပေါ့ဗျာ၊ တောင်ပေါ်လမ်းဆိုတာ လွယ်တာမှတ်လို့"

ကျွန်တော့်စိတ်ထဲ သက်ပြင်းတစ်ခုကို မသိမသာ ခိုးချမိသည်။ စိတ်ပြေလက်ပျောက်ရယ်လို့ ဒီခရီးကို ထွက်လာမိသည်။ တွေ့လာသော ခရီးကလည်း မလွယ်ပါလားဟု စိတ်ထဲက ရေရွတ်လိုက်၏။



ထိုစဉ် ကျွန်တော့်မျက်လုံးများသည် လမ်းဘေးတွင် စိုက်ထူထားသော စာတန်းတစ်ခုကို လှမ်းမြင်လိုက်ရသည်။

လမ်းကြမ်းသည်။

ဖြည်းဖြည်းမောင်း

စာတန်းကို ကြည့်၍ ကိုယ့်အတွေးနှင့်ကိုယ် ခပ်မဲ့မဲ့လေး ပြုံးလိုက်သည်။

ဖြစ်ရမယ်လေ . . . တခြားသူမှ မဟုတ်ဘဲ။

ရန်နိုင်ဒွေးပဲဟာ . . .



## ( ၁ )

ကျွန်တော့်စကားကို ကြားလိုက်သော ဖေဖေသည် . . . ကျွန်တော့်ကို အံ့အားတသင့် လှမ်းကြည့်၏။

"ဘယ်လိုကွ ရန်နိုင်၊ မင်းက ဘာစိတ်ကူးပေါက်ပြန်လဲ"

ကြိုပြီးထင်ထားသော အထင်နှင့် သိပ်မလွဲလှပါ။ ဒီစကား ပြောမည် ကြံကတည်းက ဒီလိုတုံ့ပြန်လိမ့်မည်ဟု ကြိုတင်တွက်ပြီး သား။

ဘယ်ဘဝတွင် ဘယ်လိုဆုတောင်းမှားခဲ့သည်လည်း မဆို နိုင်။ ဒီဘဝမှာ လှိမ့်ပိတ်ခံနေရ၏။ ဘာတစ်ခုမှ အဆင်မပြေသော လောက။

"ဘာစိတ်ကူးမှပေါက်တာ မဟုတ်ပါဘူး ဖေဖေ၊ တစ်ခါ တလေ ခရီးလေးဘာလေး ထွက်ချင်လို့ပါ"

စိတ်ထဲတွင် မကျေနပ်မှုများ များနေသော်လည်း အဖေဆို

သောအဖြစ်ကို မမေ့။ ထို့ကြောင့် လေကို ပျော့နိုင်သမျှ ပျော့အောင် ထိန်း၍ ပြောလိုက်သည်။

ဖေဖေ့ထံမှ ခပ်စူးစူးအကြည့် ရောက်လာသည်။

"အေးလေ . . . ခရီးထွက်ချင်လို့ ဆိုတာတော့ ခုန မင်းပြောကတည်းက ငါသိပါပြီ၊ ဒါပေမဲ့ လူတစ်ယောက်ဟာ အလကားနေရင်း ခရီးမထွက်တတ်ဘူးကွ၊ အကြောင်းနဲ့အကျိုးနဲ့ ရှိတာတောင် မလွှဲသာလို့ သွားလာနေကြတာ"

"ကျွန်တော် ခရီးတစ်ခါမှ မထွက်ဖူးလို့ အတွေ့အကြုံရှိအောင်လို့"

ဖေဖေက ကျွန်တော့်အပြောကို သဘောကျသွား၍လား၊ ရယ်စရာဖြစ်သွား၍လား မသိ၊ တဟားဟား ထရယ်သည်။ ပြီးမှ . . .

"ဟေ့ကောင် ရန်နိုင် . . . မင်း ကြီးကြီးကျယ်ကျယ်တွေ ဘာမှပြောမနေနဲ့၊ မင်း တစ်ခုခုဖြစ်နေတာ ငါသိတယ်"

ဖေဖေသည် တပ်မတော်မှ အရာရှိတစ်ဦးဟု မပြောရ၊ စကားပြောရာတွင်လည်း ဗျူဟာပါနေသည်။ ကျွန်တော် ကောင်းကောင်းဒုက္ခ ဖြစ်နေ၏။

"ဘာမှမဖြစ်ပါဘူး" ဟု နှုတ်မှလွှတ်ခနဲ ပြောရန်ပြင်သည်။ သို့သော် အလျင်အမြန် ကိုယ့်နှုတ်ကို ဘရိတ်ဖမ်းလိုက်၏။ ကွယ်ရာမှာ လုပ်ချင်သလို လုပ်နေသော်လည်း လူကြီးကိုမူ မညာချင်။ အထူးသဖြင့် မိဘကို မညာချင်။ မညာချင်သော်လည်း အမှန်အတိုင်း ပြောရန်တော့ မဖြစ်။ ထို့ကြောင့် . . .

"ကျွန်တော် ခရီးထွက်ချင်တယ် ဖေဖေ"

စဦးပြောခဲ့သော စကားကိုသာ ထပ်ပြောလိုက်သော်လည်း



ဖေဖေ လုံးဝ ကျေနပ်ပုံမရ။

"ဟေ့ကောင် . . . ငါမေးတာ ဒါမဟုတ်ဘူး၊ ငါသိချင်တာက မင်းဘာဖြစ်လို့ ခရီးထွက်ချင်လဲဆိုတာ"

ခက်တော့ ခက်ပြီဟု တွေးမိသည်။ တိကျစေ့စပ်သော ဖေဖေ့အလေ့အထသည် ကျွန်တော့်ကို ကောင်းစွာဒုက္ခပေးနေလေပြီ။

"ဘာတဲ့လဲ ကိုလှဒွေး"

အတွင်းခန်းမှ ထွက်လာသော မေမေက ကျွန်တော့်ကို ပြောနေသည့် စကားများကို တစ်စွန်းတစ်စ ကြားသွားသည် ထင်သည်။ လှမ်းမေးလိုက်၏။

ကျွန်တော့်ရင်ထဲ လေးခနဲ ဖြစ်သွားသည်။ တစ်ယောက်တည်းတောင် ဒီလောက်ပြောရခက်နေတာ၊ နှစ်ယောက်သာဆိုလျှင် မျှော်လင့်ချက်နှင့် ဝေးပြီဟု တွေးမိ၏။

ဖေဖေက သူ့ဆီမေးသော အမေးကို တိုက်ရိုက်မဖြေ။

ကျွန်တော့်ထံ မေးဆတ်၍ . . .

"ဟေ့ကောင် . . . ပြောလိုက်လေကွာ"

မထူးတော့ဟု စိတ်ထဲဆုံးဖြတ်သည်။ နောက်မှနောက် ရောက်ရာ၊ ဖြစ်ချင်ရာဖြစ်။ ခုတော့ ကိုယ့်ဆ[illegible]ကိုယ် ဖြစ်မြောက်ရေးအတွက် ရသည့်နည်းနှင့် ရအောင်ပြောမည်[illegible]ဟု ဆုံးဖြတ်ကာ . . .

"သား . . . ခရီးထွက်ချင်လို့ [illegible]မေမေ"

မေမေ မျက်လုံးပြူးသွား၏။ ကျွန်တော့်ကို လကမ္ဘာမှ ရောက်လာသော လူသားတစ်ယောက်ကဲ[illegible]သို့ ပြူးပြူးပျာပျာ ကြည့်လျက် . . .

"အလိုတော် . . . ရှင်က ဘယ်[illegible]များ သဝေထိုးချင်စိတ် ပေါ်

လာပြန်ပလဲ"

နောက်တစ်မျိုးတော့ ဒုက္ခများပြန်ပြီဟု တွေးမိလိုက်သည်။

စောစောပိုင်းက စဉ်းစားထားသည်က ရန်ကုန်နှင့်ဝေးရာ၊ အထူးသဖြင့် ရန်ကုန်သင်္ကြန်နှင့်ဝေးရာ တစ်နေရာရာ သွားမည်ဟုသာ စဉ်းစားခဲ့သည်။ ဘယ်သွားရမှန်း မသိ။

ခေါင်းထဲတွင် အလျင်အမြန် စဉ်းစားသည်။ မန္တလေးသွားရမလား၊ မန္တလေးမှာတော့ သူငယ်ချင်းတွေ ရှိသည်။ သို့သော် ထိုအတွေးကို ချက်ချင်း ဖျောက်ဖျက်ပစ်လိုက်သည်။ မန္တလေးမှာ သင်္ကြန်စည်သည် ကြားဖူးသည်။ ဒီလိုဆိုလျှင် မဖြစ်၊ မော်လမြိုင်လည်း ထိုနည်းတူ . . .

ဒိုင်းခနဲ အကြံတစ်ခု ဝင်လာသည်။

"တောင်ကြီး သွားမလို့"

ကိုယ့်ဘာသာကိုယ် ချက်ချင်းရွေးလိုက်သော မြို့ကို သိပ်သဘောကျသွားသည်။ တောင်ကြီးကို ရွေးလိုက်မိခြင်းမှာ အကြောင်းသုံးပါးနှင့် ညီညွတ်သည်ဟု ဆိုနိုင်သည်။ ပထမအကြောင်းမှာ တောင်ကြီးဒေသတစ်ဝိုက်သည် စိတ်ဝင်စားဖွယ် သွားလာဖွယ် သာယာလှပသည်ဟု ကြားဖူးခြင်း၊ ဒုတိယအကြောင်းက တောင်ကြီးသည် အိမ်နှင့်သိပ်မစိမ်းသောမြို့။ ဖေဖေ တပ်မတော်အရာရှိအဖြစ်ဖြင့် ရွှေ့ပြောင်းနေထိုင်ရသည့် မြို့များထဲတွင် တောင်ကြီး ပါခဲ့သည်။ ထို့ကြောင့် အိမ်နှင့်မစိမ်း။ သူတို့ အသိမိတ်ဆွေများရှိ၍ လွတ်ဖို့များသည်။

တတိယအကြောင်းမှာ တောင်ကြီးသင်္ကြန်သည် ဘာသာရေးပွဲ သက်သက်ဖြစ်၍ ရေပက်ခြင်းနှင့် အပျော်အပါးမှာ သဘော



လောက်သာရှိသည်ဟု မေမေတို့နှင့် တောင်ကြီး ပါပါသွားတတ်သော ကိုကို ပြောဖူးသည်။ ဒီအချက်နှင့်ပင် လုံလောက်၏။

"မင်းက ဘာလို့ တောင်ကြီး သွားချင်တာလဲ"

စောစောကတည်းက မကျေမနပ်ဖြစ်နေဟန်တူသော ဖေဖေက သူသိလိုသော မေးခွန်းကိုသာ မရအရ မေးသည်။ မေမေက အကဲခတ်၏။

"ခါတိုင်း တောင်ကြီးသွားရင် ကျွန်တော်မှ မလိုက်ဖြစ်တာ၊ တစ်ခါမှမရောက်ဖူးလို့၊ ငယ်ငယ်တုန်းက နေခဲ့တယ် ဆိုတာလည်း ကျွန်တော်မှ မမှတ်မိဘဲ"

ဒီစကားမှာ မုသားမပါဟု ကိုယ့်ကိုယ်ကိုယ် တွက်လိုက်သည်။ အဘယ်ကြောင့်ဆိုသော် တောင်ကြီးမှပြည်သို့ ဖေဖေတို့ပြောင်းစက ကျွန်တော် သုံးနှစ်သား၊ ပြည်မှတစ်ဆင့် မော်လမြိုင်၊ ထားဝယ်၊ ထိုနောက် ရန်ကုန် ပြောင်းခဲ့ကြသည်။ ရန်ကုန်ပြောင်းပြီးမှ တောင်ကြီးကို မေမေနှင့် ကိုကိုတို့ သုံးလေးငါးခေါက် သွားဖူးသည်။ ကျွန်တော် ကျောင်းကိစ္စ၊ နွေရာသီလုပ်အားပေးကိစ္စ၊ ရန်ကုန်မှာ သင်္ကြန်လည်ချင်သည့်ကိစ္စ၊ အကြောင်းကြောင်းများကို အကြောင်းပြု၍ ကျွန်တော် မလိုက်ဖြစ်။

အမှန်ဝန်ခံရလျှင် ပြီးခဲ့သည့်နှစ် သင်္ကြန်ကပင် မေမေနှင့် ကိုကို သွားတုန်းက ခေါ်သည်ပင်မဟုတ်။ ဟိုဟာမ မနွယ်မွန်ကြောင့်၊ ခုကျတော့ သူ့ကြောင့်ပဲ သွားရဦးမည်။ နွယ်မွန်မ . . . စိတ်ထဲက လှမ်း မေတ္တာပို့လိုက်၏။

"ကလေးသွားချင်ရင်လည်းသွားပါစေ ကိုလှဒွေးရယ်၊ ဟိုမှာလည်း လူခံတွေ ရှိနေတာပဲ၊ သူလည်း တစ်ခါတလေ လွတ်လွတ်လပ်

လပ် သွားချင်မှာပေါ့"

နိပ်ဟပ စိတ်ထဲတွေးမိ၏။

ကံများက ကောင်းချင်တော့လည်း ဒီလို။ မေမေပါ ပါလာသည့်အတွက် ဆွေးပြီဟုထင်ထားသော အတွေးသည် ရုတ်ခြည်းသက်သာရာ ရသွား၏။

ကမ္ဘာ့ထုံးစံကြီးများကို မကျော်လွန်နိုင်သေးသော ဖေဖေသည် မေမေ့ထံမှ အဆုံးအဖြတ်စကားရသည်နှင့် တစ်ပြိုင်နက် ကျွန်တော့်ကို ခပ်ပြုံးပြုံး မကျေမချမ်းကြည့်ကာ စကားတစ်ခွန်းပြော၍ မျက်နှာလွှဲတော်မူသည်။

"အေး . . . ဒီသားနဲ့ ဒီအမေကတော့ လိုက်ပါ့ကွာ"

ကျွန်တော် ရယ်လိုက်၏။

ရယ်သာရယ်လိုက်ရသည်။ ကိုယ်သွားရမည့် ခရီး၏ ရည်ရွယ်ချက်ကို စဉ်းစားမိတော့ ရင်ထဲအောင့်သွားသည်။

ဟို . . . နွယ်မွန်ဆိုသည့် ကလိမ်ကကျစ်မ,သာ ကြားလျှင် တို့ကိုကြောက်လို့ တောင်ကြီးပြေး၊ ဘကြီးအိမ်က ချေးစားခွေးဟု ကရော်ကရော်လုပ်မလား မဆိုနိုင် . . .

ဝက်ဖြူရေ ...

ပင်လယ်ရေပြင်မှ အမြင့်ပေ – ၃၁၉၀

ပြောင်းလဲသွားသော ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်



ပေကိုကြည့်၍ မျက်လုံးပြူးသွားသည်။

ကိုယ့်အတွေးနှင့်ကိုယ် ဖြစ်သွားသဖြင့် မြေပြင်၏မြင့်မတ်လာခြင်းကို အမှတ်တမဲ့ ဖြစ်သွားသည်။

ကွေ့တော့ကွေ့သည။ ဘယ်နှစ်ကွေ့မှန်း မသိ။ တက်တော့တက်သည်၊ ဘယ်လိုတက်လာမှန်း မသိလိုက်။ ဘယ်ကွေ့လိုက် တက်လိုက်၊ ညာကွေ့လိုက် တက်လိုက်ဖြင့် တစ်ကွေ့ပြီးတစ်ကွေ့ တစ်တက်ပြီးတစ်တက် တက်လာခဲ့ခြင်းသာ သိသည်။

ယခု ရောက်ရာအရပ်၏ အမြင့်ကိုမြင်မှ မျက်လုံးပြူး၏။

ကျွန်တော့်အတွေး တစ်နယ်အဆုံးတွင် ပေတစ်ထောင်ကျော်မှ သုံးထောင်ကျော်ဂဏန်းအထိ ရုတ်တရက် ပြောင်းလဲလာခြင်းကို အလွန်အံ့ဩသွားသည်။

"အတော် မြင့်လာပြီပဲဗျ"

"ကျန်သေးတယ်၊ မပြီးသေးဘူး ငါ့ညီရ"

ကားဆရာစကားကို ယုံယုံကြည်ကြည် ခေါင်းညိတ်ပြလိုက်သည်။ မယုံလို့လည်း မဖြစ်၊ ကားလမ်းက မသိမသာ ပြေသလိုဖြစ်နေသော်လည်း အတက်မလျော့။

အိမ်စုလေးများထဲ ရောက်လာသဖြင့် အမှတ်တမဲ့မြင်ရာ စာတန်းများကို လျှောက်ဖတ်နေမိသည်။

'စေတနာဦး ထမင်းနှင့်လက်ဖက်ရည်'

အတော် ခပ်လှမ်းလှမ်းရောက်တော့။

- 'မိသားစုထမင်းနှင့် လက်ဖက်ရည်'

ဒီကနေလွန်တော့ ရောက်နေသောအရပ်၏ မြင့်မားမှုကို တိတိကျကျ မြင်လာရသည်။

စောစောပိုင်းက သတိထားမိသည့် မြေကြီးသစ်ပင်တို့သည် ယခုအခါ မရှိတော့။ ယခုတွေ့ရသော မြေနှင့်အပင်သည် ပြောင်းနေပြီ။

ညာဘက်တွင် တောင်နံရံ ကျောက်သား၊ ဘယ်ဘက်တွင် ချောက်၊ နက်သွားသော ချောက်သည် စောစောပိုင်းက တောင်ထိပ်ကို မော့ကြည့်နေသကဲ့သို့။ တချို့တောင်ထွတ်များသည် ယခုအခါ ငုံ့ကြည့်နေရပြီ။

တောင်တချို့ကို ရစ်သိုင်းထားသော မြူခိုးတိမ်စိုင်သည် ကျွန်တော်တို့အောက်ဘက် ရောက်နေသည်။ ကျယ်ပြန့်စိမ်းလန်းသော မြင်ကွင်းတွင် တောင်များ အထပ်ထပ်ဖြစ်နေ၏။

လှလိုက်သည့်ရှုခင်းဟု စိတ်ထဲတွင် အောက်မေ့သည်။

ကွေ့တစ်ခုကို ပတ်လိုက်သောအခါ ရှင်းသွား၏။

တောင်ကမ်းပါးစွန်းတွင် ဆိုင်းဘုတ်လေးတစ်ခု . . .

ရှုခင်းသာ

ဆိုသောစာတန်း၊ ပြီးတော့ အနီးရှိ မိုင်တိုင်ပြအမှတ်အသားက ၆၃/၆။

ပတ်ဝန်းကျင် သာယာလှပခြင်းမှာ "ရှုခင်းသာ" ကြောင့် ဖြစ်သည်။ ရေမြေတောတောင်၊ သစ်ပင်တို့၏သဘာဝ ပြောင်းလဲခြင်းမှာ မိုင်တိုင်အမှတ်အသားက ပြောသော အချက်ကြောင့်ပင်။

ဘာလိုလိုနှင့် သာစည်မှ မိုက်ခြောက်ဆယ်ကျော် ဝေးကွာခဲ့ပြီပဲ။

လောကသည် အံ့စရာကောင်း၏။

ပင်လယ်ရေမျက်နှာပြင်နှင့် မတိမ်းမယိမ်းသာ ရှိမည်ဖြစ်



သော ပူပြင်းခြောက်သွေ့သည့် မိုးခေါင်ရေရှားရပ်ဝန်း အညာဒေသ၏ မြို့တစ်မြို့မှ မိုက်ခြောက်ဆယ်အကွာတွင် ပေသုံးထောင်ကျော်မြင့်၍ အလွန်အေးချမ်းသာယာလှပသော အရပ်ဒေသတစ်ခု ရှိနေသည်။

ဘာပြောပြော၊ စိတ်ထဲမှာတော့ ကျေနပ်သည်။ အတိတ်နိမိတ်ကောင်းဖြစ်သည်ဟု တွေးသည်။

သာယာလှပအေးချမ်းသောဒေသသို့ရောက်လျှင် ကျွန်တော့်စိတ်နှလုံးသည်လည်း သာယာလှပအေးချမ်းလာလိမ့်မည်ဟု မျှော်လင့်ရပါသည်။ မျှော်လင့်စရာအကြောင်းလေးကလည်း ရှိပါသည်။ မရှိလျှင်လည်း ကြံဖန်မျှော်လင့်ရပါမည်။

အဘယ်ကြောင့်ဆိုသော် ဒီခရီးကို ကျွန်တော်ထွက်လာရခြင်း၏ ရည်ရွယ်ချက်ကိုက အပြောင်းအလဲတစ်ခုကို မျှော်လင့်၍ ဖြစ်သည်။ သာယာလှပ အေးချမ်းလို၍ ဖြစ်သည်။

ကျွန်တော်ထွက်ခွာလာခဲ့ရာ အရပ်သည် ပူပြင်းခြောက်သွေ့လွန်းလှ၏။

( ၂ )

ရင်ထဲတွင် မီးတောင်များစွာ ပေါက်ကွဲနေသည်။

"တောက် . . . မင်းပြောတာ သေချာလား . . ဇော်အေး"

ဇော်အေးမျက်နှာတွင်လည်း မကျေနပ်သော အရိပ်အယောင်များကို မြင်နေရသည်။ သူ့ရကမူ စားပွဲခုံကို လက်ဖြင့် တဒေါက်ဒေါက် ခေါက်နေ၏။

"သေချာတယ် . . . ရန်နိုင်၊ ဒီကောင်တွေ အပိုင်ပြောနေတာ ငါရှိမှန်းသိတော့ ဒီကောင်တွေ ပိုတော့ပြောတယ်၊ ဒါပေမဲ့ သူတို့ပြောတာ ဖြစ်နိုင်တယ်"

"နွယ်မွန်ကလည်း လိုက်မယ်လို့ ပြောသတဲ့လား"

ကျွန်တော်က ပိုသေချာစေရန် မေးလိုက်သည်။ ဇော်အေးက လက်သီးဆုပ်ရင်း . . .

"ဟာ . . . သေချာပါတယ်ဆိုမှကွာ၊ ဒီကောင်တွေက



နွယ်မွန်တို့အိမ်ကို ပိုင်တယ်ကွ၊ အဘိုးကြီး အဘွားကြီးတွေပါ သွားပြောပြီးပြီ၊ နွယ်မွန်ကလည်း လိုက်မယ်တဲ့၊ မအေ×××တွေပြောတဲ့ စကား ကြားရတာ ငါ ထရိုက်ချင်စိတ် ပေါ်လာတယ်"

ပထမပြောသည့် အကြောင်းအရာကို အတည်ပြုပြီးသည်နှင့် တစ်ဆက်တည်း ဇော်အေးက နောက်တစ်ခုကို အစပျိုးသည်။ နောက်စကားကို ကျွန်တော် ပိုစိတ်ဝင်စားလာသဖြင့် . . .

"ဘာပြောလို့လဲ"

ကျွန်တော့်အမေးအဆုံး ကျွန်တော့်ကို လှမ်းကြည့်နေသောသူ့ရလည်း ဇော်အေးမျက်နှာကို လှမ်းကြည့်ရင်း အဖြေကို စိတ်ဝင်တစား စောင့်သည်။ ဇော်အေး၏အသံသည် ဒေါသကြောင့် မာနေ၏။

"နွယ်မွန့်ကို ပိုင်ပြီပေါ့ကွာ၊ သကြံန်ထွက်တယ်ဆိုတာ သိတယ်မို့လား၊ ရေပက်ခံရင်းနဲ့ ဘာလုပ်မယ် ညာလုပ်မယ်ပေါ့၊ သိပ်ယုတ်မာတဲ့ကောင်တွေ၊ ဘေးကနေ မြှောက်ပေးတဲ့လူကလည်း မြှောက်ပေးတယ်၊ ဟို . . . မော်စီဆိုတဲ့ကောင်ကလည်း အယုတ်တမာ၊ ပက်ပက်စက်စက်တွေ လျှောက်ပြောတယ်"

ဇော်အေးထံမှ မကျေမချမ်းပြန်ပြောရင်း ဆက်ထွက်လာသော မော်စီ၏စကားများသည် ကြားရန်ပင်မသင့်။ ယောကျ်ားတစ်ယောက်ထံမှ အယုတ်မာဆုံးထွက်လာနိုင်သည့် စကားများ။

စိတ်ထဲ ထောင်းခနဲ ဒေါသပေါက်ကွဲသည်။

ထိုင်ရာမှ ဝုန်းခနဲ ထရပ်၍ . . .

"ဘယ်မလဲ ဇော်အေး . . . အဲဒီကောင်တွေ၊ ခွေးကောင်တွေ တွေ့တဲ့နေရာမှာ အပြတ်ရှင်းပစ်မယ်"

ကျွန်တော် တကယ်လုပ်တော့မည်မှန်း သိ၍လားမသိ။ စော

စောက ခပ်အေးအေးအမူအရာဖြင့် စောင့်ကြည့်နေပုံရသော သူရက ကျွန်တော့်လက်ကို လှမ်းဆွဲ၍ ထိုင်ခိုင်းရင်း . . .

"ဟော့ကောင်နေစမ်းပါကွာ၊ ဘာမှပြဿနာ ရှာမနေနဲ့၊ ထိုင်ဦး၊ ငါပြောပြမယ်၊ ဒီလောက် အောက်တန်းကျတဲ့ ကောင်တွေနဲ့ တန်ဖိုးချင်း သွားမရောနဲ့"

"ဒီကောင်တွေ သိပ်လူပါးဝတယ် သူရ၊ မင်း အကြားပဲဥစ္စာ"

ကျွန်တော့်မျက်လုံးများ မီးဝင်းဝင်းတောက်နေလိမ့်မည် ထင်သည်။ ကျွန်တော်ကဲ့သို့ပင် မကျေမနပ်ဖြစ်နေသူက ဇော်အေး။

"အေးကွာ . . . ဘာဖြစ်ဖြစ် ငါလည်း ဒီကောင်တွေကို သွားတွယ်ချင်တယ်"

သူရကမူ သိပ်လှုပ်လှုပ်ရှားရှား မဖြစ်တော့။ ပေါက်ကွဲနေသော ကျွန်တော်တို့ နှစ်ယောက်ကို ကြည့်ပြီး . . .

"အသာနေစမ်းပါကွာ . . . ဒီကောင်တွေကို သွားလုပ်လို့ ဘာထူးမှာလဲ၊ ဟိုတစ်ခါလည်း ဒီလိုကြောင့်ပဲ ပြဿနာက ပိုဆိုးသွားပြီ"

ဒီတစ်ချက်တော့ ကျွန်တော့်နာနုကို ဖြတ်ရိုက်ခံလိုက်ရသလို ဖြစ်သွား၏။ ကျွန်တော် ငိုင်ကျသွားသည်ကို မြင်သော သူရက ခပ်အေးအေး လေသံဖြင့် ဖျောင်းဖျသည်။

"မင်း စဉ်းစားကြည့် ရန်နိုင်၊ ဟိုကောင်တွေ ပါးစပ်အရသာခံပြီး ပြောချင်ရာ လျှောက်ပြောတာလည်း ပြောတာပဲ၊ ဒါပေမဲ့ ဒီကိစ္စမှာ မင်းနွယ်မွှန်ကိုယ်တိုင်က လိုလိုချင်ချင် လိုက်သွားမယ့်ကိစ္စ၊ နွယ်မွှန် မလိုက်ရင် ဟိုကောင်တွေမှာ ပြောစရာစကား ဘာရှိမှာလဲ၊ ဒီကိစ္စမှာ တရားခံက နွယ်မွှန်"



ဟုတ်တော့လည်း ဟုတ်သည်။ တကယ်သတ်ပစ်ဖို့ ကောင်းသည်က နွယ်မွှန်။ ဒီကောင်တွေအကြောင်းကို မသိသူမဟုတ်။ ဒီကြားထဲက ဒီလိုကောင်မျိုးတွေနှင့် သကြိန်ရေပက်ခံလိုက်ရမည်ဆိုတော့။

"နေပါဦး . . . မော်စီနဲ့နွယ်မွှန်နဲ့ အခြေအနေက ဘယ်လိုလဲ၊ သူတို့ ကြည်သွားကြပလား"

ဇော်အေး ဝင်မေးလိုက်သောအမေးကြောင့် ကျွန်တော် ရင်ထဲ တုန်လှုပ်သွားသည်။ ဒီအမေးကို ကျွန်တော်လည်း မပြောတတ်။ သူရကို အားကိုးတကြီး လှမ်းကြည့်သည်။ သူရကလည်း ကျွန်တော့်ကို လှမ်းကြည့်၍ . . .

"ဘယ်လိုလဲ ရန်နိုင်"

ကျွန်တော်က သက်ပြင်းချလိုက်သည်။

"တိတိကျကျတော့ ငါလည်း မသိဘူးကွာ၊ ဒီကောင် နွယ်မွှန်ရဲ့မောင် ဇော်ထွန်းနဲ့ပေါင်းပြီးတော့ နွယ်မွှန့်အိမ် ဝင်ထွက်နေတာတော့ ငါသိတယ်၊ မော်စီ့အပြောကတော့ သူနဲ့ကြည်ပြီးသားတဲ့၊ တစ်ခါတစ်ခါလည်း သူတို့နှစ်ယောက် တွဲတွဲနေတာ မင်းတို့လည်း မြင်တာပဲဟာ"

သူရက လေးကန်စွာ ခေါင်းညိတ်သည်။ သက်ပြင်းတစ်ခုကို လေးကန်စွာ ချရင်း . . .

"ဒီလို ဖြစ်နေကြပြီဆိုရင်လည်း သူတို့ဟာသူတို့ ဘာဖြစ်ဖြစ် ကိုယ်နဲ့မဆိုင်တော့ဘူးလို့ သဘောထားလိုက်ပေါ့ ရန်နိုင်ရာ"

ကျွန်တော့်ရင်ဝကို မြားအစင်း တစ်သိန်းလောက် ဝင်စိုက်သလို ခံစားလိုက်ရ၏။

"အား"

ဝုန်းခနဲဝင်လာသော ရေလုံးကြောင့် တွေးလက်စများ လန့်ဖျပ်ပျောက်သွားသည်။ ရေပက်လိုက်သော ကလေးများသည် ဝမ်းသာအားရ ရယ်ကျန်ခဲ့၏။

"ဈေးဦးတော့ ပေါက်ပြီဗျို့"

ကားဆရာက ရယ်ရင်း မောရင်း ပြောသည်။ ကျွန်တော်က မျက်နှာပေါ်မှ ရေစက်များကို လက်ဖြင့်သပ်ရင်း . . .

"ဘယ်လိုလဲဗျ၊ တောင်ပေါ်မှာ ရေမပက်ဘူးဆို"

"သင်္ကြန်ဆိုတော့လည်း အနည်းအကျဉ်းတော့ ရှိတာပေါ့ဗျာ၊ ကလေးတွေကတော့ တွယ်မှာပဲဗျို့"

ထိုစဉ် မြင်ကွင်းလှလှတစ်ခုကို မြင်ရသည်။ စိုထားသော ကိုယ်၊ တိုက်နေသော လေအေးကြောင့် စိမ့်ဟက်လာသဖြင့် ကိုယ်ကို ကျုံ့ထားပြီး ရှုခင်းလှလှကို လှမ်းကြည့်သည်။

အိမ်ကလေး . . .

တောင်နံရံတွင် ကပ်ဆောက်ထားသော တဲသာသာ အိမ်ကလေး၊ တောင်စောင်း မြေနီနီနှင့် သက်ကယ်မိုး ဝါးထရံကာ အိမ်ကလေးမှာ မြင်ကွင်းဆန်း၍ လှလွန်းနေသည်။ ဝါးထရံလေးများကလည်း အောက်ပြည်နှင့်မတူ၊ အကွက်တစ်မျိုးထူးသည်။

အိမ်ကလေး၏ ရှေ့ဘက်တွင သစ်ပင်စိမ်းစိမ်းအုပ်အုပ်ကလေးများ လေးငါးတန်းခန့် တန်းစီး၍ စိုက်ထားသည်။

ကြည့်ရသည်မှာ ပန်းချီကား ဆန်လှ၏။

အိမ်ကလေးအလွန်တွင် ဆိုင်းဘုတ်ဝါလေးတစ်ခု တွေ့သည်။



**ရေယား။**

**ပင်လယ်ရေပြင်မှ အမြင့်ပေ – ၃၆၇၃။**

လေတိုက်သည်နှင့် ရေစိုသည်နှင့် ပင်လယ်ရေပြင်ထက် ပေ ၃၆၇၃ နှင့် စုပေါင်း၍ ကျောထဲက စိမ့်၍ချမ်းတက်လာ၏။

"ဒီမှာ ခဏနားကြမယ်"

ကားလေးသည် လမ်း၏ဘယ်ဘက် တောင်စောင်းတွင် ဆောက်ထားသော ဆိုင်ကလေးတစ်ဆိုင်ရှေ့တွင် ထိုးရပ်လိုက်သည်။

"ဆရာလေး အချမ်းပြေချပါလား၊ ဒီမှာ သံလွင်တို့, ဧရာတို့ ရှိတယ်"

သူ့စကားကို ကျွန်တော် နားမလည်။

"ဘာလဲဗျ၊ သံလွင်တို့ ဧရာတို့ဆိုတာ"

"နေဦး ကျုပ်ပြမယ်"

ကားဆရာက ကားပေါ်မှ ဆင်းသွားသည်။ ကျွန်တော်လည်း တစ်ဘက်မှ ဆင်းလိုက်၏။

"လာ့လေဗျာ၊ အထဲလာခဲ့ပါလား"

ကားဆရာက အထဲမှခေါ်သည်။ ကျွန်တော် ဆိုင်အတွင်း ဝင်လိုက်သွား၏။ ကားဆရာက ပြုံးပြီး ဆိုင်တွင်းမှ နံရံကပ်ဗီရိုထဲတွင် တန်းစီထောင်ထားသော ပုလင်းများကို ပြသည်။

"ဟိုမှာလေ သံလွင်နဲ့ဧရာ၊ ဒီမှာတော့ စပယ်ရှယ်ပဲ၊ ချမလား"

"ဟာ . . . မလုပ်ပါနဲ့"

ပြောသာပြောလိုက်ရသည် သိပ်ခါးခါးသီးသီးမဟုတ်။ ချမ်းချမ်းနှင့် သံလွင်, ဧရာနာမည်လှလှလေးများ ရှိသော တောင်ပေါ်အရက်ကို ချလိုက်ရလျှင် ကောင်းမလား စဉ်းစားမိသည်။

ချလည်း အပြစ်မရှိဘူး ထင်ပါရဲ့။

ဒါက ချမ်းလို့ သောက်တာပဲဟာ၊ လွမ်းလို့သောက်တာမှ မဟုတ်ဘဲဟု တွေးလိုက်၏။

ထိုစဉ် ကားဆရာက သူ့လက်ထဲမှ သံလွင်ပုလင်းကို အဖုံးဖွင့်၍ ဖန်ခွက်ထဲ လောင်းချလိုက်သည်။

သံလွင်အမည်ရှိ အဖြူရောင် အရက်သည် ဖန်ခွက်ထဲတွင် သာမန်သောက်ရေကြည်တစ်ခွက်ကဲ့သို့ သန့်ရှင်းနေ၏။

(၃)

စိတ်မကောင်းခြင်းများစွာနဲ့ ဒီစာကို ရေးလိုက်ပါတယ် နွယ်မွှန်။

တကယ်လို့များ ဒီစာဟာ သိပ်ပျော်နေတဲ့ နွယ်မွှန်အတွက် အနှောင့်အယှက်တစ်ခုခု ဖြစ်သွားရင် ကိုယ့်ကို ခွင့်လွှတ်ပါ။

ဒီစာဟာ နွယ်မွှန့်အတွက် နောက်ဆုံး အနှောင့်အယှက်သာ ဖြစ်တဲ့အတွက် စာကိုတော့ ဆုံးအောင် ဖတ်စေချင်ပါတယ်၊ ဒါဟာ ...ကိုယ့်အတွက် နောက်ဆုံး လိုက်လျောခြင်းလေးတစ်ခုပါ ...

ဘာဖြစ်လို့လဲဆိုတော့ နွယ်မွှန်နဲ့ပတ်သက်တဲ့ စစ်ပွဲမှာ ကိုယ် အပြတ်အသတ် ရှုံးနိမ့်သွားခဲ့ပြီလေ၊ အောင်မြင်သွားတဲ့သူတွေက အောင်တံခွန် တလူလူ

လွင့်ပြီး ပျော်ပါးမော်ကြွားနေကြပါပြီ၊ နွယ်မွှန်လည်း စိတ်တိုင်းကျ ရွေးချယ်လိုက်ရတဲ့ လမ်းကလေးအတွက် ပျော်ရွှင်နေမှာပါ ...

ဒီအချိန်မှာ နွယ်မွှန်ရဲ့အမုန်းနဲ့ ဘဝရဲ့အရှုံးတွေကို သောကပုံသဏ္ဍာန်ပြောင်းပြီး အလူးအလိမ့်ခံစားနေရတဲ့ အရှုံးသမားတစ်ယောက်ဆီက ကြေကြေကွဲကွဲရင်ဖွင့်သံတစ်ခုဟာ နွယ်မွှန့်နားမှာ ခါးကောင်းခါးနေပါလိမ့်မယ်။

ဒါပေမဲ့ နွယ်မွှန်ရယ်၊ နွယ်မွှန်ဆိုတာက ကိုယ်အမြတ်တနိုး အရိပ်ကြည့်လာတဲ့ ပန်းတစ်ပွင့်ပါ၊ ကိုယ် တယုတယအရိပ်ကြည့်လာတဲ့ ပန်းကလေးကို အခါအခွင့်သင့်လို့ ပိုင်ဆိုင်ခွင့်ရသွားတဲ့သူကသူ ထင်သလို ချေလိုချေ၊ နမ်းလိုနမ်း၊ သရမ်းချင်တိုင်း သရမ်းနေပြီဆိုတဲ့အခါကျတော့ ဘာပြောပြော မဆိုင်ဘူးဆိုတာတောင် ရင်ထဲမှာ နာရပါတယ် ..

ခက်တာက နာမယ့်သာ နာရတယ်၊ နာခွင့်ကမရှိ။ ဖြစ်လာတဲ့ ခံစားမှုကို မချိတင်ကဲနဲ့ ဖုံးဖိနေရတာသာ အဖတ်တင်တယ်။

ကိုယ်နဲ့မဆိုင်တော့ပါဘူးလို့ပဲ ဖြေသိမ့်ပေမယ့် ဦးနှောက်ကပေးတဲ့ အသိကို နှလုံးသားက လုံးဝလက်မခံနိုင်ဘူး နွယ်မွှန်။

အင်းလေ ...ဒါတွေ ထားလိုက်ပါတော့ ...



နွယ်မွှန် နှစ်သက်သဘောကျလို့ ရွေးချယ်လက်ခံခဲ့ပြီပဲ။

တကယ်တော့ ကိုယ့်မှာပြောပိုင်ဆိုပိုင်ခွင့်မရှိပါဘူး။

ဒါပေမဲ့ နွယ်မွှန် တစ်ခုတော့ ပြောချင်ပါတယ်။

နွယ်မွှန့်နားမှာ ကြားသာရင် ပျားသကာပါ။ မကြားသာရင် ခါးတမာမို့၊ ဒီစကားကြောင့် ကိုယ့်အပေါ်မှာ ဆတက်ထမ်းပိုးတိုးပြီး မုန်းစရာဖြစ်ချင်လည်း ဖြစ်လာပါမယ်။

ဘာထူးတော့မှာလဲ နွယ်မွှန် ...ချစ်သူဆီက အမုန်း တစ်ရွေးသား ရပြီးတဲ့နောက် နောက်ထပ်တစ်ပိဿာ ထပ်တိုးတော့ကော ဘာထူးတော့မှာလဲ။

ဒါကြောင့် နွယ်မွှန်ယူဆချင်သလို ယူဆပါ ..

ကိုယ်ပြောချင်တဲ့ စကားက ...

နွယ်မွှန့်ဘဝမှာ ပန်းတွေလည်း မွှေးစေချင်ပါတယ်။ စမ်းရေလည်း အေးစေချင်ပါတယ်။

ဒါကြောင့်မို့ လမ်းရွေးမှန်ပါစေ ...

ကိုယ့်မှာ ဒီလောက်ပဲ ပြောခွင့်ရှိပါတယ် နွယ်မွှန်။

ကိုယ့်ကို ခွင့်လွှတ်ပါ ...

ကိုယ်ကတော့ စစ်ရှုံးဧကရာဇ်တစ်ယောက်လိုပဲ ကိုယ့်နိုင်ငံကို ကျူးကျော်သိမ်းပိုက်သူတွေက ထင်

သလို လုပ်ကိုင်နေမှာကို မကြည့်ရက်နိုင်တော့တဲ့ အတွက် စိတ်သက်သာရာ သက်သာကြောင်း အဝေးတစ်နေရာကို ယာယီဖြစ်ဖြစ် ခွဲခွာသွားဖို့ ဆုံးဖြတ်လိုက်ပါပြီ။

နွယ်မွှန် ရွှင်လန်း ချမ်းမြေ့ပါစေ ...

နွယ်မွှန် မချစ်တဲ့
ရန်နိုင်ဒွေး

ကျွန်တော်က ရေးပြီးသားစာကို တစ်ခေါက် ပြန်ဖတ်ပြီး သူရ လက်ကို လှမ်းပေးသည်။

သူရက စာကိုလှမ်းယူ၍ မျက်မှောင်ကြုတ်လျက် စူးစူးစိုက်စိုက် ဖတ်သည်။ ဖတ်ရင်းနှင့်လည်း ခေါင်းတညိတ်ညိတ်လုပ်၏။

ဆုံးသွားသည့်အခါ စာကို ဇော်အေးဘက် လှမ်းပေးလိုက်ပြီး . . .

"ကောင်းပါတယ်၊ ဒီလောက်တော့ ရေးရမှာပေါ့၊ နောက်ဆုံး နှုတ်ဆက်ခြင်းပဲဟာ"

သူရစကားကြောင့် ကျွန်တော် ပြုံးလိုက်၏။ အပြုံးသည် မချို။

"နေပါဦး၊ မင်း တကယ် တစ်နေရာရာသွားမလို့လား"

ကျွန်တော် ခေါင်းညိတ်ပြသည်။

"ဘယ်သွားမလို့လဲ"

စာဖတ်ပြီးသွားသော ဇော်အေးက ဝင်မေးသည်။

"တောင်ကြီးသွားမလို့၊ မနေ့ညကပဲ အဘိုးကြီးနဲ့ အဘွားကြီး



ကို ပြောလိုက်ပြီ"

"ဘာတဲ့လဲ"

"အဘိုးကြီးကတော့ ဘာကိစ္စ သွားတာလဲဆိုတာ သိချင်တာပေါ့၊ အဘွားကြီးကတော့ ဘာမှမပြောပါဘူး၊ သွားပေါ့၊ ဟိုမှာ လူခံတွေရှိတာပဲလို့ ပြောတယ်"

သူရက ခေါင်းတညိတ်ညိတ်လုပ်၍ . . .

"သွားပေါ့ကွာ၊ အဲဒါ ကောင်းပါတယ်၊ ဒီမှာ ရှိနေလို့ရှိရင် ကိုယ်ကလည်း သင်္ကြန်မှာ အိမ်ကပ်မှာ မဟုတ်ဘူး၊ အပေါင်းအသင်းလာခေါ်ရင် ပါဦးမှာ၊ တော်ကြာ ဟိုကောင်တွေနဲ့ နွယ်မွှန့်ကို တရှုန်းရှုန်းတွေ့ရင် သက်သက်မဲ့ စိတ်ဒုက္ခရောက်မယ်၊ ရန်လည်းများမယ်"

"ဒီလိုကောင်မျိုးကို လက်ခံတာ ငါ အံ့ဩတယ်ကွာ"

သူတို့နှစ်ယောက် တစ်ယောက်တစ်လှည့် ပြောဆိုနေခြင်းများကို နားထောင်၍ နွယ်မွှန့်ကို ဒေါသဖြစ်လာသည်။

ပြန်တွေးကြည့်လျှင် နွယ်မွှန်သည် လုံးဝအသုံးမကျ။ သူ့အပေါ် ကျွန်တော် အထင်ကြီးထားသမျှအားလုံးသည် ဒီတစ်ခုတည်းနှင့် ပျက်ပြယ်သွားသည်။ စိတ်ထဲတွင် ဆုံးဖြတ်ချက်တစ်ခု ချလိုက်၏။

"အေးကွာ ရှုပ်တယ်၊ ပေး . . . အဲဒီစာ လုပ်မနေတော့ဘူး၊ ကိုယ် စေတနာနဲ့ရေးလည်း အကောင်းထင်မှာ မဟုတ်ဘူး၊ မနာလိုလို့ ရေးတယ်ပဲထင်မှာ၊ ပေး . . သူ့ထိုက်နဲ့သူ့ကံပဲ ဖြစ်ချင်တာ ဖြစ်ပစေ"

ကျွန်တော့် ပြောင်းလဲသွားသော အမူအရာကို သူရက တအံ့တဩကြည့်သည်။ ဇော်အေးကတော့ ဘာမှမဖြစ်သလိုနှင့် သူ့လက်ထဲကစာကို လှမ်းပေးသည်။

"ယောက်ျားပဲကွာ ကိုယ်က ပြတ်စရာရှိရင် အပြတ်ဖြတ်လိုက်

တာ ကောင်းတယ်၊ အချစ်ဦးသို့ ရွှေနားတော်သွင်း ချောင်းတွေ ဘာတွေ လုပ်မနေတော့ဘူး ဘာဖြစ်လဲ၊ ဒီပွဲမှာ ငါရှုံးတယ်၊ ပြီးရောပေါ့ . . ."

ပြောလည်းပြော၊ လက်ထဲက စာကိုလည်း စားပွဲပေါ်မှ ဓာတ်မီးခြစ်လေးယူ၍ မီးခြစ်ပြီး ထောင့်စွန်းမှစ၍ မီးရှို့သည်။

ဘဝတွင် ပထမဆုံး ပေါ်ပေါက်ခဲ့သော အချစ်သည် လက်ထဲ တွင် တငွေ့ငွေ့ လောင်ကျွမ်းပျောက်ကွယ်သွားခဲ့လေပြီတကား . . .

ဥတုရာသီ၊ တောကိုဖွံ့၏။
တောတောင်တင့်တယ်၊ စားကျက်ကြွယ်၏။

စိတ်ထဲတွင် ကင်းကင်းပြတ်ပြတ် ခံစားလိုက်ရသဖြင့် ပျေ သွားသော အာရုံသည် လမ်းဘေးသစ်ပင်တစ်ခုတွင် သစ်တောဌာနမှ ကပ်ထားသည့် စာတန်းလေးဆီ ရောက်သွား၏။

စိတ်ထဲတွင် အသိတစ်ခု ရလိုက်သည်။

သစ်ပင်များ စိမ်းစိုနေရခြင်းမှာ ရာသီဥတုကြောင့် မဟုတ် ဒီသစ်ပင်များကြောင့် ဒီရာသီဥတု ဖြစ်လာရခြင်းပါကလား။ တကယ် တော့ လူ့ပတ်ဝန်းကျင်၏ အေးချမ်းခြင်း၊ ပူလောင်ခြင်းဆိုသည်မှာ ရာသီဥတုကြောင့် ဖြစ်လာသည်မဟုတ်။ သစ်ပင်များကြောင့် ဖြ သည်။

သဘာဝကို နားလည်လျှင် လူသည် စိတ်ချမ်းသာနိုင်၏။ လူ၏ပူလောင်ခြင်း၊ အေးချမ်းခြင်းသည် လူ့ယဉ်ဘာဝ



သာမန်အားဖြင့် အချစ်ကြောင့်ဟုဆိုနိုင်၏။ တကယ်ပြန်တွေးကြည့် လျှင် အချစ်ကြောင့်ထက် စိတ်ကြောင့် ဖြစ်ရခြင်းမျှသာ။ စိတ်ကြောင့် အချစ်ဖြစ်၏၊ အချစ်ကြောင့် ပူလောင်ခြင်း၊ အေးမြခြင်းဖြစ်၏။

ရာသီဥတု အေးချမ်းလိုလျှင် သစ်ပင်ကို ထိန်းရမည်။

အချစ်မီးကို အေးချမ်းလိုလျှင် စိတ်ကိုထိန်းရမည်။

ပူပြင်းသော ရာသီဥတုမှ လွန်မြောက်လိုလျှင် သစ်ပင်များ ရှိသည့် အေးမြသောအရပ်ကို ပြောင်းရမည်။

ပူပြင်းသော အချစ်သောကမှ လွန်မြောက်လိုလျှင် စိတ်ကြည် လင် လန်းဆန်းနိုင်သော အချစ်တစ်ခုဆီ ပြောင်းရွှေ့ရမည်။

အချစ်လည်း ရာသီဥတုကဲ့သို့ ပြောင်းရွှေ့နိုင်သော အရာ သာဖြစ်သည်ဟု ကျွန်တော် စွဲမြဲစွာ ယုံကြည်သွားသည်။

ဒီခရီးမှာ အချစ်သစ်တစ်ခု ရှာဖွေ မရနိုင်ဟု မည်သူပြောနိုင် အံ့နည်း။ ကိုယ့်အတွေးနှင့်ကိုယ် ပြုံးလိုက်မိ၏။

ကလောသို့ ၃-မိုင်

စာတန်းလေးတစ်ခု လှမ်းမြင်ရသည်။ ရင်ထဲလှုပ်ရှားသွား ၏။ ပတ်ဝန်းကျင်ကိုလည်း အကဲခတ်လိုက်သည်။ တောင်တောင် သည် ပို၍ နက်ရှိုင်းပြင့်မတ်လာ၏။

"အို"

ကျွန်တော့်နှုတ်မှ အာမေဍိတ်သံတစ်ခု လွတ်ခနဲ ထွက်သွား သည်။

တစ်ခါမှ မမြင်ဖူးသော မြင်ကွင်းဖြစ်၍ ရင်ထဲတွင် ပို၍လှုပ် ရှားသွား၏။ ဟား . . . ထင်းရှူးပင်များသာတကား။

လေထဲမှလွင့်လာသော ထင်းရှူးနံ့များကို ရှူရှိုက်မိသည်။

ရင်ထဲတွင် အေးချမ်းသွား၏။

အတော်လေး သွားမိသောအခါ စာတန်းလေးတစ်ခု ထပ်တွေ့သည်။

ကလောသို့ ၂-မိုင်

ပတ်ဝန်းကျင်တစ်ခုလုံး ထင်းရှူးပင်များသာ ဝိုင်းလာ၏။ ကားလေးသည် တောင်ကမ်းပါးယံတစ်ခုကို ပတ်ကွေ့လိုက်၏။ နက်ရှိုင်းသော ချောက်ကြီးကို လှမ်းမြင်လိုက်ရသည်။

နောက်တစ်ခါ ထပ်ကွေ့လိုက်၏။

ဘွားခနဲ နေအိမ်များစွာ လှမ်းမြင်လိုက်ရသည်။

"အဲဒါ . . . ကလောပဲ"

ကားဆရာအသံ ကြားရသည်။ လမ်းဘေးတွင် ဝတ်စုံနက်များဝတ်၍ ပလိုင်းကို ခေါင်းဖြင့် သိုင်းလွယ်ထားသော တိုင်းရင်းသားတချို့ကို တွေ့လိုက်ရသည်။

ဒီမြင်ကွင်းကြောင့် သူငယ်တန်းဖတ်စာအုပ်ထဲမှ ရုပ်ပုံလေးတစ်ခုနှင့် သင်ခန်းစာ စာပိုဒ်လေးများကို သတိရသည်။

ဘယ်ကလာသလဲ

ဘယ်နယ်ကလဲ

အလယ်ကလူ

စကားဝဲ၏။

ဆိုသောစာသားလေး၊ အလယ်ကလူ စကားဝဲ၏ ရည်ညွှန်းခဲ့သော ရှမ်းအမျိုးသားတို့ဌာနေသို့ ကျွန်တော် ပျော်ရွှင်ချမ်းမြေ့ခြင်းများရှာရန် ရောက်ရှိလာခဲ့ပြီရော . . . ။

အဝေးမှလှမ်းမြင်ရသော နေအိမ်များကတော့ သိပ် သစ်သစ်



လွင်လွင် ခမ်းခမ်းနားနားမဟုတ်။ ဘယ်ဘက်အနိမ့်ပိုင်း အောက်ဘက်တွင်တော့ ခေတ်မီတိုက်သစ် လှလှလေးတစ်လုံးကို မြင်ရသည်။

ဘယ်ဘက်ကားလမ်းဘေးတွင် သတိပေးဆိုင်းဘုတ်တစ်ခု။

အတက်ယာဉ်ကို ဦးစားပေးပါ

အောက်ဘက်တွင် အထက်ပါစာသားကို အင်္ဂလိပ်လို ရေးထား၏။

"အပ် . . . ထရပ်ဖစ်ခ် ဟက်စ်ရိုက်၊ အွန်သည်ဝေး"

အင်္ဂလိပ်လို စာတန်းလေးကို အသံထွက် ဖတ်လိုက်မိသည်။ မျက်လုံးကို ညာဘက်ကူးလိုက်သောအခါ မြို့အဝင်ဆိုင်းဘုတ် . . .

လှိုက်လှဲစွာ ကြိုဆိုပါ၏။

ကလောမြို့။

ပင်လယ်ရေပြင်မှ အမြင့်ပေ ၄၃၁၅။

ရင်ထဲမှာ ကျေနပ်မှုလေးများ ခံစားလိုက်ရသည်။ သွားပါများခရီးရောက်ဆိုသော စကားသည် မှန်၏။ ကျွန်တော်သည် ပင်လယ်ရေပြင်အထက် ပေလေးထောင့်သုံးရာကျော်သောအရပ်သို့ ရောက်လာခဲ့ပေပြီ။

ကလောပြီးလျှင် အောင်ပန်း၊ ဟဲဟိုး၊ ရွှေညောင် ဖြတ်၍ တောင်ကြီးသည် မဝေးတော့ဟု မေမေပြောလိုက်သောစကားကို ကြားယောင်သည်။

တောင်ကြီးရောက်လျှင် . . .

တောင်ကြီးရောက်လျှင် . . .

အတွေးဖြင့် တက်ကြွလှုပ်ရှားလာသည်။

မောင်ကြည်တိုး၏ ကလောအလွန်ဘူတာ သီချင်းလေး

သည် လေထဲတွင် ဝေ့ဝဲပျံ့လွင့်၏။

အင်း . . .

ပြောင်းလဲပစ်ရမည်။ ကိုယ့်ကိုယ်ကိုယ် ပြောင်းလဲပစ်ရမည်။ လူရော၊ အချစ်ရော . . .

စကားဝဲသော အလယ်ကလူများ၏ ရေမြေတောတောင် အလှအပများသည် ကျွန်တော့်အား အချစ်ခံစားမှုစကားများ တစ်နေရာရာသို့ ဝဲသွားအောင် လုပ်ပေးနိုင်ပါစေ။

(၄)

"မင်းသွားတော့ ငါတောင်လိုက်ချင်တယ် ရန်နိုင်ရာ"

ကိုကိုက ဘူတာကြီးဘက် ကားကိုကွေ့လိုက်ရင်း ပြောသည်။

ဘူတာရှေ့တွင် ရှုပ်ယှက်ခတ်နေသော ခရီးသည်များနှင့် ကားများကို မြင်ရ၏။

"လိုက်ခဲ့ပြီးရော ကိုကိုရာ၊ နှစ်ယောက်ဆို သိပ်ကောင်းမှာပဲ"

ကိုကိုက ပြုံးလိုက်ပြီး လေပူတစ်ချက် မှုတ်ထုတ်၍ . . .

"မဖြစ်ဘူးကွ၊ သူများတွေသာ သင်္ကြန်တွင်း ပိတ်ရက်ရတာ၊ ငါတို့အလုပ်က ပိတ်ရက်မရှိဘူး၊ လူနာတွေ တိုးလိုးတန်းလန်း ထားခဲ့ရမှာ"

"အေးကွာ . . . နို့မို့ မင်းပါလိုက်သွားဖို့ ကောင်းတာ၊ မင်းတို့ အလုပ်ကလည်း မလွယ်ပါဘူး"

နောက်ခန်းတွင် ထိုင်လာသော ဖေဖေက ဝင်ပြောသည်။ ကိုကိုက ရယ်လိုက်ပြီး . . .

"ဝါသနာပါလို့ လုပ်နေမှတော့ ဒါတွေတွက်နေလို့လည်း မရတော့ဘူးပေါ့ ဖေဖေရာ၊ ဆရာဝန်အလုပ်ကို လူတွေက ပိုက်ဆံရတာသာ မြင်တာ၊ ဒါမျိုးကျတော့ ဘယ်သူမှသိတာ မဟုတ်ဘူး"

ကိုကိုသည် ဆမန်ပါတ်ရပြီးသား ဆရာဝန်တစ်ဦး၊ အစိုးရခန့် အလုပ်မရမီအတောအတွင်း ရပ်ကွက်ထဲတွင် ဆေးခန်းလေးတစ်ခု ဖွင့်၍ ဆေးကုနေသူဖြစ်၏။ သမားဆို အိုမှ ဆိုသော်လည်း ကိုကို့ပညာ ကိုကို့စေတနာကြောင့် ကိုကို့ကို လက်စွဲထားနေရသော လူနာများမှာ မနည်းလှ။

"သား . . . တောင်ကြီးအိမ်လိပ်စာ မှတ်မိတယ်နော်"

ကျန်သည့်ကိစ္စများထက် ကျွန်တော့်သွားရေးလာရေးကိုသာ ပူပင်နေဟန်တူသော မေမေက ကိုကို ကားကို ရပ်လိုက်လျှင် ရပ်လိုက်ချင်း မေးသည်။ ကျွန်တော်က နောက်လှည့်၍ရယ်ရင်း . . .

"မှတ်မိပါတယ် မေမေရဲ့၊ သစ်တောရပ်ကွက်၊ ဇောတိက လမ်း၊ အိမ်နံပါတ် . . .၊ စထရင်းဟိုတယ် နောက်နားလေးတင်"

"လူကြီးတွေနာမည်ရော မှတ်မိတယ်နော်"

"မှတ်မိတယ်၊ ဦးမျိုးနိုင်၊ ဒေါ်ဥမ္မာခင်၊ သူ့သမီးနာမည်က အေးမမ"

ကျွန်တော့်စကားအဆုံး ကိုကိုက ကားတံခါး ဖွင့်လိုက်ရင်း ရယ်ကျဲကျဲနှင့် . . .

"အေးမမက အတိုခေါ်တာကွ၊ အရှည်က အေးမမနိုင်၊ မှတ်ထား၊ ဒီနာမည်က အရေးကြီးတယ်"



တစ်ကားလုံး ရပ်လိုက်ကြသည်။

ကားပေါ်မှဆင်း၍ ကိုကိုနှင့်ကျွန်တော်က ပစ္စည်း တစ်ယောက်တလက် သယ်ရင်း ဘူတာတွင်း ဝင်လာကြသည်။

ကပ်ပါလာသော မေမေက . . .

"မေမေ ကြိုပြီး ဖုန်းဆက်ထားလိုက်ပါ့မယ်၊ ပြောလိုက်ရင်တော့ သူတို့ သာစည်ကတောင် လာကြိုချင်ကြိုမှာ၊ ဒါပေမဲ့ အားနာပါတယ်ကွာ၊ ကိုယ့်ဘာသာပဲ သွားလိုက်ပါ"

"ရပါတယ်မေမေ . . သွားတဲ့ခရီးကိုက ဗဟုသုတရအောင်၊ အတွေ့အကြုံသစ်ရအောင် သွားတဲ့ကိစ္စ၊ ကိုယ့်အားကိုယ်ကိုးရမှာပေါ့"

"အင်း . . . အတွေ့အကြုံ ဗဟုသုတမရဘဲ တခြားဟာတွေ ရလာရင်တော့ ခွေးမသား . . . သေဖို့သာပြင်"

ဖေဖေက ရယ်ရင်းနှင့် ဟန်ကြိမ်းကြိမ်း၏။ သို့သော် ချက်ချင်းပင် သူ ဝင့်လည်၏။ မေမေက ဆတ်ခနဲ လှည့်ကြည့်ပြီး . . .

"ဘာ . . . တော်က ကျုပ်ကို ခွေးမလို့ ပြောတာပေါ့"

"ဟာ . . . မဟုတ်ပါဘူးကွာ . . . ဘွာဘွာ"

ရယ်သံလေးများ ဘူတာစင်္ကြံတွင် ပျံ့လွင့်သွားသည်။ ကျွန်တော့်ရင်ထဲတွင် စကားလေးတစ်ခွန်း ပဲ့တင်ထပ်ကြားလိုက်၏။

"အေးမမနိုင်တဲ့ . . . မှတ်ထား၊ ဒီနာမည်က အရေးကြီးတယ်"

"ဟော့လူ . . . ငြိမ်လှချည်လား၊ တောင်ကြီး ရောက်တော့မယ်ဗျ"

ဘူတာလိုက်ပို့စဉ်က ကိုကိုပြောလိုက်သော စကားများတွင် အာရုံရောက်သွားသဖြင့် ခရီးလမ်းပန်းကို အမှတ်မဲ့ သတိပေးလိုက်မိ။

ကားသည် ကွေ့တစ်ကွေ့ကို တောင်စောင်းတွင် ပတ်၍ တက်လိုက်၏။ တောင်စောင်းကွေ့ထဲတွင် ထုံးဖိုစိုက်ပျိုးရေးခြံဆိုသော စာတန်းကို လှမ်းမြင်လိုက်ရသည်။

"ဒီတစ်ခါလည်း တောက်လျှောက်အတက်ပဲ၊ ဒီတစ်ချီ တက်ပြီးတာနဲ့ အပေါ်ရောက်ရင် တောင်ကြီးပဲ"

ခရီးတစ်လျှောက်လုံး တက်ရဆင်းရ များပြီဖြစ်သဖြင့် တောက်လျှောက်တက်မည်ဆိုသော စကားကမူ ကျွန်တော့်အတွက် သိပ်မထူးဆန်းတော့။

သို့သော် . . .

သို့သော် . . . အပေါ်ရောက်လျှင် တောင်ကြီးပဲဆိုသော စကားကတော့ ကျွန်တော့်ရင်ကို ကောင်းစွာ ဆွဲခါလှုပ်လိုက်နိုင်သည်။

ကိုကိုပြောလိုက်သော စကားများသည် နားထဲတွင် ဝေ့ဝဲလာပြန်သည်။

"အေးမမက . . . အတိုခေါ်တာကွ၊ အရှည်က အေးမမနိုင် . . . မှတ်ထား၊ ဒီနာမည်က အရေးကြီးတယ်"

တစ်ဆက်တည်းပင် ခရီးမထွက်လာမီ ညက စကားဝိုင်းတွင် ကိုကိုပြောသော စကားကိုလည်း သတိရသည်။

"အေးမမဆိုတာ အန်တီဥမ္မာ့သမီးကွ၊ ဟိုကျရင် တွေ့လိမ့်မယ်၊ ရေရေလည်လည် သွားနားတယ်နော်၊ သေချာလေ့လာခဲ့၊ မင်းနွယ်မွန့်ကိုတောင် မေ့သွားမယ်၊ ဘာမှမဆိုင်ဘူး"



ကျွန်တော့်ရင်ထဲ ကျေနပ်သလိုဖြစ်သွားသည်။ ကိုကိုညွှန်းသဖြင့် အေးမမနိုင်ဆိုသော အေးမမဆိုသည်ကို တွေ့ချင်လာသည်။

လှသည်ဆိုသည်က ဒီလောက်မဟုတ်ပါ။ နွယ်မွန့်ကိုတောင် မေ့သွားမယ်ဆိုသော အချက်ကတော့ အတော်အဆင်ပြေသည်။ မမေ့မှာပင် ကျွန်တော်က စိုးရိမ်နေသူဖြစ်၏။

ကားလေးသည် ဘယ်ဘက်ကွေ့လိုက်၊ ညာကွေ့လိုက်ဖြင့် မြွေလိမ်မြွေကောက်လမ်းအတိုင်း တက်နေသည်။

လှလိုက်သည့် လမ်းကလေးပင် . . .။

ဒီလမ်းမျိုးသည် နန်းပန်တက်မှ ကလောအတက်တုန်းကလည်း တစ်ခါကြုံဖူး၏။ သို့သော် ဒီလမ်းလောက် မလှ။ ဟိုလမ်းက တောင်ပေါ်ကို ကွေ့ပတ်တက်ခြင်းမျှသာ။ ယခု ဒီလမ်းကမူ တောင်ပေါ်ကွေ့ပတ်တက်နေသည့်အပြင် တက်ရဦးမည့်လမ်းနှင့် တက်လာခဲ့ပြီးသည့် လမ်းတစ်လမ်းလုံးကို မြင်နေရသည်။

စိမ်းညိုသော တောင်နံရံတစ်လျှောက်တွင် လမ်းမကြီးသည် ကြိုးအနက်တစ်ခုကို ခွေခေါက်ချထားသည့်အလား . . .။

ခရီးထွက်လာသည့် တစ်လျှောက်လုံးတွင် ဒီနေရာသည် အလှဆုံးဖြစ်နေသည်။

ရန်ကုန်မှ သာစည်အထိ ခရီးကတော့ ရထားနှင့် မြေပြန့်လွင်ပြင်ခရီး။ သာစည်မှ ယင်းမာပင်အထိ ခရီးကလည်း မြေပြန့်သာသာမျှသာ။ တောင်ဆိုသည်ကို လှမ်းမြင်ရုံသာ မြင်ရသေး။

ယင်းမာပင်ကစ၍ တောင်နှင့် အနီးကပ် ရောက်သည်၊ သို့သော် နန်းပန်တက်အထိ တောင်စွယ်လေးများ၊ တောင်လုံးချင်းများသာ တက်လိုက်ဆင်းလိုက်နှင့် သိပ်ထူးထူးခြားခြား မကြုံခဲ့ရ။

ကလောအတက်ကတော့ ပကတိတောင်တက်လမ်း၊ သို့သော် စောစောက ပြောသကဲ့သို့ ယခုတောင်ကြီးအတက်လောက် မလှ။

ကလောမှလွန်၍ အောင်ပန်း၊ ဟဲဟိုးလောက်အထိကျတော့ အဆင်းလမ်းမျှသာ။ ဟဲဟိုး၊ ရွှေညောင်တစ်ဝိုက်ကတော့ မြေပြန့်လိုပြန်ဖြစ်နေသည့် နေရာများ။

ထို့ကြောင့် ဒီခရီးတွင် ဒီနေရာ အလှဆုံးဟု ကျွန်တော် ပြောခဲ့ခြင်းပင်။

ကျွန်တော် တစ်ယောက်တည်း အတွက်မူ အလှဆုံးအပြင် ရင်အဖိုဆုံးဟု ထပ်ဖြည့်ရမလို ဖြစ်နေ၏။

အဘယ်ကြောင့်ဆိုသော် တောင်ကြီးရောက်လျှင် နွယ်မွန့်ကို မေ့မည်ဟု ကိုကိုပြောခဲ့သည် မဟုတ်ပါလား။

နွယ်မွန်နှင့် အေးမမ ကြား၊ အလယ်ကလူ ကျွန်တော် စကားမှ ဝဲနိုင်ပါ့မလား၊ စိုးရိမ်စိတ်ကလေး မြင့်တက်လာ၏။

တောင်ကြီးကို ဝင်ချိန်သည် နေ့လယ် နှစ်နာရီခန့်ရှိပေပြီ။ သာမန်အားဖြင့် ယခုလို ဧပြီလ၊ ခုလိုအချိန်ကြီးတွင် ရာသီ



ဥတုသည် ကောင်းကောင်းပူနေဖို့ ကောင်းသော်လည်း အမြင့်ပိုင်းဒေသမို့ထင်သည် အတော်လေးအေးနေ၏။

ထို့ပြင် လမ်းတစ်လျှောက်လုံး ဟိုတစ်ကွက်သည်တစ်ကွက် ပက်ထားသဖြင့် အဝတ်အစားများ ကလည်း စိုနေသည်။

တောင်ကြီးမှာ သင်္ကြန်မစည်ဘူးဆိုသော်လည်း ရွှေညောင်မှအထွက် တပ်ရင်း ၉၄ နှင့် အောင်သပြေတပ်စခန်းရှေ့တွင် သင်္ကြန်မဏ္ဍပ်များ ဆောက်လုပ်ထားသည်ကို တွေ့ခဲ့ရသည်။

အကြိုနေ့ ဖြစ်သော်လည်း နေရာအတော်များများမှာ ရေပက်နေကြပြီ၊ သို့သော် ဒီသင်္ကြန်ကြောင့်တော့ ကျွန်တော် ဘာမှမဖြစ်။

ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ ညာဘက်တွင် တောင်နံရံကြီးများ။ ထို့ကြောင့် ညာဘက်ရှုခင်းက ဘာမှထူးထူးခြားခြား မရှိသော်လည်း ဘယ်ဘက်က အနိမ့်ထဲမှ ရှုခင်းသည် စိတ်ကို အတော်ဖမ်းထားလိုက်နိုင်သည်။

ရွှေညောင်ဘက်တစ်လျှောက်မှ မြေပြန့်ရှုခင်းများ၊ ယင်းရှုခင်းများကို တစ်ဖန် တောင်တန်းများဖြင့် အနားသတ်ထားသည်။ ဒီဘက်ကျတော့လည်း တစ်လုံးနှင့်တစ်လုံး ထပ်လျက်၊ ဆင့်လျက် မြင်နေရသော တောင်စဉ်အထပ်ထပ်များ။

အပေါ်မှတိမ်များ၊ တောင်အလယ်လောက်တွင် ရှိနေသော မြူများ၊ တိမ်များ၊ တောင်မှထွက်သော အခိုးများ၊ မြေမှတက်သော အခိုးများ၊ အနီးမှ တောင်များ၏ စိမ်းညို့ညို့များ၊ အဝေးမှ တောင်များ၏ ပြာမှိုင်းမှိုင်းများ။

ကျွန်တော့်စိတ်ထဲတွင် ဆရာမင်းသုဝဏ်၏ ကဗျာလေးကို အမှတ်ရသည်။

**တောင်စိုးနှင့်တိမ်**
**ရောယှက်လိမ်၍**
**တိမ်နှင့်တောင်စိုး**
**တောင်ကိုမိုးသည် ...။**

ဒီအပြင် တောင်ပေါ်သို့ ကွေ့ကောက်တက်သွားသော ကားလမ်း၏အလှ၊ တစိမ့်စိမ့်အေးလာသော ရာသီဥတု၏အလှ။

"ဟိုးကမြင်ရတာ ကျိုးဖြူကန်ပေါ့ကွ၊ တချို့က ဗမာပြည်မြေပုံနဲ့တူတယ် ပြောကြတယ်"

ကျွန်တော့်ဘေးမှ ခရီးသည်ကြီးက ကားဦး မြောက်ဘက်ရှိနေချိန်တွင် ဘယ်ဘက်သို့လှမ်းပြ၏။ တောင်ကုန်းနိမ့်နိမ့် ခြေရင်းမှ ကန်ရေပြင်ကို မြင်နေရသည်။

"အင်းလေးရော ဦးလေး"

"အင်းလေးက ဟိုဘက်မှာကွ၊ ရွှေညောင်ကနေ သွားရတယ်၊ တောင်ပေါ်က ကြည့်ရင်တော့ အင်းစပ်ကို မြင်ရတယ်"

"မသိပါဘူး၊ ကျွန်တော်က စောစောကကန်ကို အင်းလေးမှတ်လို့"

"ဟာ . . . ဒါက ကန်သေးသေးလေးကွ၊ အင်းလေးဆိုတာက တောင်ပေါ်ပင်လယ်ကြီးလို အကျယ်ကြီး"

ကျွန်တော် ခေါင်းညိတ်၍ ရယ်နေလိုက်သည်။

သိပ်ရယ်ချိန်တော့ မရလိုက်၊ ဖျတ်ခနဲ လှမ်းမြင်ရသော ခရီးကြိုဆိုင်းဘုတ်ဆီ မျက်လုံးရောက်သွားသောကြောင့် . . .



**ကြိုဆိုပါ၏။**
**တောင်ကြီးမြို့**
**ပင်လယ်ရေပြင်မှအမြင့်ပေ ၄၇၁၂**

ကားသည် လမ်းကွေ့ကိုပတ်၍ တက်လိုက်သည်။ ဘယ်ဘက်ယွန်းယွန်းမှ ထုံးဖြူစေတီလေးကို လှမ်းမြင်ရ၏။

ညာဘက် လှမ်းကြည့်လိုက်သောအခါ သုံးမြှောင့်ပုံ သုံးဆင့်စာတန်းတိုင် လှလှလေးကို တွေ့သည်။ အောက်ဘက်မှ အုတ်ကွက်လေးများ တက်သွားပုံ၊ တိုင်လေး၏လှပသောပုံ၊ အနီ၊ အစိမ်း၊ အဝါတို့ဖြင့် ခြယ်ထားသော အရောင်ပြေပြစ်ပုံသည် တောင်ကြီး၏ ဦးဆုံးမြင်ရသော ဦးစွာ ဆွဲဆောင်နိုင်လှသော အလှပင်။

စာတန်းလေးက မင်္ဂလာရှိ၏။

**'လှိုက်လှဲစွာ ကြိုဆိုပါ၏'**

သြော် . . တစ်ညနှင့်တစ်နေ့၊ တပင်တပန်း တထိတ်တလန့်စိတ်ညစ်လိုက်၊ ရင်ဖိုလိုက်၊ ကြည်နူးလိုက်၊ အံ့ဩလိုက်၊ ပျော်ရွှင်လိုက်၊ ညောင်းညာလိုက်နှင့် လာခဲ့ရသည်။ နောက်ဆုံးတော့ ကျွန်တော်အင်မတန် ရောက်ချင်သော တောင်ကြီးမြို့သို့ ရောက်လာခဲ့ပြီရော. . ။

ဖြစ်ပျက်လာမည့် အဖြစ်အပျက်များက မည်သို့မည်ပုံ ကြုံရဦးမည် မသိသော်လည်း ကိုယ်ကြည်နူးမှု၊ ကိုယ်စိတ်ကူးယဉ်မှုတို့နှင့်အတူ စောစောက မြို့ဝင်ဆိုင်းဘုတ်လေးကို ပြင်ဖတ်ယူလိုက်၏။

ကြုံဆုံပါ၏။
အချစ်မြို့
ဝင်လယ်ချောင်းမှ အမြင့်ပေ ၄ရ၁၂ . . .ဟူ၍

## (၅)

"သစ်တောရပ်ကွက်ကိုတော့ ဒီကနေ တက္ကစီငှားပြီးတော့ သွား ညီလေး၊ သိပ်မဝေးပါဘူး"

မြို့မဈေးကြီးဟု ရေးထားသော ဈေးကြီး၏ မြောက်ဘက်တွင် ကားရပ်ပြီးသောအခါ ကားဆရာက ခပ်လှမ်းလှမ်းတွင် ရပ်ထားသော မာဇဒါ ဘီ ၆၀၀ အဝါနှင့်အပြာ ကျားထားသော ကားလေးများဆီ လက်ညှိုးညွှန်ရင်း ပြော၏။

"ဟုတ်ကဲ့ ကျေးဇူးပဲအစ်ကို၊ သွားမယ်နော်"

"အိုကေ တောင်ကြီးမှာ ပျော်ပါစေကွာ"

ကားဆရာ၏ ရယ်ရယ်မောမော ပြောလိုက်သော ဆုပေးနှုတ်ဆက်စကားကို စိတ်ထဲမှနေ၍ . . .

"ပေးတဲ့ဆုနဲ့ပြည့်ပါစေဗျာ . . . " ဟု ပြောလိုက်မိ၏။

တက္ကစီများ ရပ်ထားသည့်နေရာသို့ လျှောက်လာရင်း

တောင်ကြီးတက္ကစီလေးများကို အကဲခတ်သည်။ အများအားဖြင့်မူ ဘီ
၆၀၀ လိုက်ဗင်လေးများ၊ ထို့ပြင် ဆလွန်းကားအမျိုးမျိုး၊ ဘစ်ခါ ဘီ
၆၀၀ ပစ်ကပ်လေးများ၊ အဝါနှင့်အပြာ တစ်လိုင်းစီရစ်၍ ရန်ကုန်
တက္ကစီများဘက်ပင် လှနေသည်။

ကျွန်တော်က အနီးဆုံးကားလေးအနီးသို့ ကပ်၍ . . .

"သစ်တောရပ်ကွက် သွားချင်လို့"

"ရပါတယ်ဗျ"

"ဘယ်လောက် ပေးရမလဲ"

"တစ်ဆယ်ပဲပေးပါဗျ"

"အမလေး"

နောက်က ဗျလေးများ ကပ်လိုက်၍ လှနေသော စကားလုံး
များသည် တစ်ဆယ်ဆိုသဖြင့် တွန့်ခနဲ ပျက်သွား၏။

"ဟာဗျာ . . . ဒီနားလေးတင်ပဲဟာ"

စောစောက ဂျစ်ကားဆရာ၏ စကားကို မေ့၍ သိသလိုလို
လုပ်ပြောလိုက်သည်။

"ရန်ကုန်နဲ့မတူဘူးလေ၊ ဒီမှာက ဓာတ်ဆီ အပြင်ဈေး တစ်ဂါ
လံ နှစ်ဆယ့်ခြောက်ကျပ်ရှိတယ်ဗျ၊ ရန်ကုန်ကမို့ ပိုမယူပါဘူး၊ ပုံမှန်ပါ
. . ."

ကျွန်တော် တွန့်ခနဲ ဖြစ်သွားပြန်သည်။

ကျွန်တော့်ကိုယ်ပေါ်တွင် ရန်ကုန်သားဟု သိသာနိုင်လောက်
သော အမှတ်အသား ဘာမှမပါဟု ထင်သည်။ ရောကောသောကော
နှင့် ဒီနယ်ကလို ဘာလိုလုပ်၍ ဈေးဆစ်မည်ကြံသော ကျွန်တော်
ဘာလုပ်ရမှန်း မသိတော့။



ကျွန်တော် ရန်ကုန်ကမှန်း သူ မည်သို့သိသည်မသိ။

ကဲ . . . ထားတော့ ခုမှတော့ မတတ်နိုင်တော့၊ တခြား ကား
တွေ လိုက်မေးလည်း သိပ်ထူးတော့မည်မထင်။

"ကဲဗျာ . . . သွားမယ်"

"ဟုတ်ကဲ့ခင်ဗျ"

ခဏအကြာတွင် ဈေးမြောက်ဘက် တက္ကစီဂိတ်မှ ကားလေး
သည် ငြိမ့်ခနဲထွက်၏။

ကျွန်တော့်ရင်ထဲတွင် သိမ့်ခနဲ . . .



ကားကလေးသည် မြို့၏အရှေ့ဘက်တစ်လျှောက်လုံးကို
အနားသတ်ထားသော တောင်ကြီးတစ်ခုလုံးဆီ ဦးတည်၍ ဖောက်
ထားသော ကတ္တရာလမ်းအတိုင်း ပြေးနေသည်။

လမ်းဘေးတစ်လျှောက် စိန်ပန်းပြာပင်များနှင့် ငုစပ်ပင်တချို့
ကို တွေ့ရ၏။

ကျွန်တော့်စိတ်ထဲမှ သွားရမည့်နေရာ၏ လိပ်စာလေးကို
ပြန်တွေးကြည့်လိုက်သည်။

"သစ်တောရပ်ကွက်၊ ဇောတိကလမ်း၊ အိမ်နံပါတ်×××၊
စထရင်းဟိုတယ်နောက်နားလေးတင် . . ."

"ဦးမျိုးနိုင်၊ ဒေါ်ဥမ္မာခင် ပြီးတော့ အေးမမ . . ."

ကျွန်တော့်အတွေးများသည် ရန်ကုန်သို့ ပြန်ရောက်သွား

သည်။ ခရီးမထွက်ခင် တစ်ညက စကားဝိုင်းဆီသို့ . . .

“သားသွားရင် အန်တီဥမ္မာဆီမှာတည်း၊ သား သိတယ် မဟုတ်လား၊ အန်ကယ်ဦးမျိုးနိုင်နဲ့ အန်တီဥမ္မာခင်တို့ကို . . .”

ကျွန်တော်က မမှတ်မိကြောင်း ခေါင်းခါပြလိုက်၏။ ခက်သညက ကျွန်တော် ခရီးတို့ ဘာတို့ မထွက်ဖူးခဲ့သလို အိမ်တွင်လည်း အနေသိပ်ရှိသူမဟုတ်။

“ဟဲ့ . . . ဘာဖြစ်လို့ မမှတ်မိရမှာလဲ၊ မနှစ်ကတောင် ရန်ကုန်လာတော့ တစ်ခေါက်ဝင်သွားသေးတာပဲ”

“သူမှ မရှိဘဲ မေမေရဲ့၊ ဒီကောင် သူတို့ကျောင်းက လုပ်အားပေးလား ဘာလား မသိဘူး သွားနေတယ်”

ဒီတော့မှ ကျွန်တော် အမှတ်ရသည် . . . တောင်ကြီးက ဧည့်သည်တွေ လာသည်ဆိုသောအသံတော့ ကြားလိုက်လား၊ ကျွန်တော်က အင်းလျားလေး လူငယ်စခန်းချ သင်တန်းတစ်ခု တက်နေသဖြင့် မသိလိုက်။

“အေးလေ . . . ကိစ္စမရှိပါဘူး၊ ဥမ္မာခင်တို့က သားကို ကောင်းကောင်း သိပါတယ်၊ မေမေတို့လည်း ကြိုပြီး ဖုန်းဆက်ထားလိုက်မှာပေါ့”

“ကောင်းပါတယ်၊ အဲဒီမှာဆိုတော့ သွားရေးလာရေး ကားလည်း အဆင်ပြေတယ်၊ အေးမမတို့လည်း ရှိတာပဲ”



တစ်လျှောက်လုံး ငြိမ်၍ နားထောင်နေပြီး ခုမှ ဝင်ပြောလိုက်သော ဖေဖေ့စကားတွင် နာမည်သစ်တစ်ခု ကြားလိုက်ရသဖြင့် မျက်လုံးပြူး၍ ကိုကို့ကို လှမ်းကြည့်လိုက်သည်။ ကိုကိုက ရယ်ပြီး . . .

“အေးမမဆိုတာ အန်တီဥမ္မာ့သမီးကွာ၊ ဟိုကျရင် တွေ့ပါလိမ့်မယ်၊ ရေရေလည်လည် သားနားတယ်နော်၊ သေချာလေ့လာခဲ့၊ မင်း နွယ်မွန့်ကိုတောင် မေ့သွားမယ်၊ ဘာမှမဆိုင်ဘူး”

ကျွန်တော့်ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။ နွယ်မွန်ဆိုသော အသံပါလာသဖြင့် ဖေဖေ့မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

ဖေဖေက ကျွန်တော့်ကို မကြည့်၊ ကိုကို့ကိုသာ လှမ်း၍။

“ဟေ့ကောင် . . . ကလေးကို ပေါက်ကရ လျှောက်မပြောနဲ့”

တော်ပါသေးရဲ့ဟု စိတ်ထဲတွင် အောက်မေ့လိုက်သည်။ နွယ်မွန်နှင့်ကျွန်တော်မှာ ငယ်ငယ်ထဲက ခင်လာသူများ ဖြစ်သဖြင့် ကျွန်တော်တို့နှစ်ယောက် သူငယ်ချင်းဖြစ်ကြောင်း အိမ်ကသိသည်။ သို့သော် ဖေဖေနှင့်မေမေအမြင်တွင် ကျွန်တော်သည် ‘ကလေး’ ဖြစ်နေသေး၏။

မေမေက အခြေအနေကို ရိပ်စားမိသဖြင့် စကား၏ဦးတည်ချက်ကို လမ်းလွှဲပစ်သည်။

“ဒီလိုလုပ်သား . . . စနေနေ့ညရထားနဲ့ သာစည်ကိုသွား၊ မနက်စောစော သာစည်ကနေ ကားနဲ့တက်”

“ဟာ . . . ရထားနဲ့ တောက်လျှောက်သွားတော့ ဘာဖြစ်လဲကွ”

“ရှင် မသိပါဘူး၊ ရထားက တောင်ပေါ်တစ်နေကုန် တက်နေ

တာ ဘယ်လောက် စိတ်ညစ်ဖို့ကောင်းလဲ၊ ဒီကနေပြီးတော့လည်း တစ်ညလုံး စီးရဦးမယ်၊ ဟိုကျတော့လည်း တစ်နေ့လုံး ပြီးတော့ ရထားက ရွှေညောင်ဘူတာကို ဝင်ချင်တဲ့အချိန်မှ ဝင်တာ၊ မိုးချုပ်ရင် တောင်ကြီးတက်ဖို့ ခက်နေမယ်"

ကျွန်တော်ကတော့ သူတို့စကားများကို ဘာမှနားမလည် ဝင်လည်းမပြော။ နောက်ဆုံး ဆုံးဖြတ်ချက်ဖြင့် ထွက်လာမည့်ခရီးစဉ်ကို စောင့်နားထောင်ရုံသာ။

"ဟာကွာ . . . ကားနဲ့က သိပ်မကောင်းပါဘူး၊ ရထားနဲ့ကမှ ပျော်ဖို့ကောင်းသေးတယ်၊ လိုဏ်ခေါင်းတွေ၊ လွန်းထိုးတွေ ကြည့်ရတာပေါ့"

"ရှင့်လိုဏ်ခေါင်းတွေ လွန်းထိုးတွေက ဘာလုပ်ရမှာလဲ၊ အရေးကြီးတာက ဟိုကို အချိန်စောစောရောက်ဖို့၊ ဒီလမ်းနဲ့ ဒီခရီး ဘာမှမကောင်းစရာမရှိဘူး၊ သား ကားနဲ့ပဲသွား"

ထုံးစံအတိုင်း သိပ်အကျေအလည် ဆွေးနွေးစရာမလို၊ မေမေ၏ ယတိပြတ်စကားနောက်တွင် ဖေဖေ့အသံ မကြားရတော့။

ကိုကိုကသာ . . .

"စနေနေ့ဆိုတော့ ဆယ့်တစ်ရက်ပေါ့"

ဖေဖေက ပြက္ခဒိန် လှမ်းကြည့်ပြီး . . .

"သကြ်န်အကြိုနေ့ကြီးပဲ၊ ကိစ္စတော့မရှိပါဘူး၊ ဟိုမှာက ရန်ကုန်တို့ မန္တလေးတို့လို ရေသိပ်ပက်တာမှ မဟုတ်ဘဲ၊ ဘုရားကျောင်းကန်လောက်ပဲ သွားကြတာ"

အစီအစဉ်ဆွဲခြင်းသည် ဤမျှနှင့် ပြည့်စုံကုံလုံသွား၏။

နှစ်ယောက်သား အိပ်ခန်းပြန်လာမှ ကိုကိုက လှမ်းပြော



သည်။

"ငါပြောတာ မမေ့နဲ့နော်၊ အေးမမကို သေချာလေ့လာခဲ့"

"သူငယ်ချင်းပြောတဲ့အိမ်က ဒီအိမ်ပဲ"

"ဟိုက်ရှားဗား" ဟု စိတ်ထဲက အော်လိုက်၏။ ဇာတ်ကတော့ အထည်ကြီးဇာတ်ပဲ တွေးလိုက်မိသောကြောင့်ပင်။

ပထမအချက် . . . ကားဆရာကို ပြောပြစဉ်က ဦးမျိုးနိုင်နှင့် ဒေါ်ဥမ္မာခင်ဟုသာ ပြောသည်။ အိမ်နံပါတ်မပြော။ ခုရပ်သည့် ခြံရှေ့မှာလည်း ဘာနံပါတ်မှ တပ်မထား။ ထို့ကြောင့် ကောက်ချက်မှာ ဒီပုဂ္ဂိုလ်များသည် တောင်ကြီးတွင် ထင်ရှားရမည်။

ဒုတိယအချက် . . . ခြံဝင်း၏ ပမာဏမှာ ရန်ကုန်မှာသာဆိုလျှင် အကွက်ခွဲ၍ ရောင်းလိုက်သည်နှင့် သန်းကြွယ်သူဌေး ဖြစ်သွားနိုင်သည်။

တတိယအချက် . . . ဆောက်ထားသည့် အိမ်ပုံစံလေးမှာ မြန်မာပြည်အရပ်ရပ်တွင် တွေ့နေကျ၊ ထင်းရှူးသေတ္တာ မှောက်ထားသော တိုက်မျိုးမဟုတ်။ တစ်ထပ်တိုက်ကို အမိုးတစ်ခြမ်းတွင် လသာဆောင်လေးထုတ်၍ တစ်မျိုး၊ ကုန်းမြင့်မြင့်သို့ တက်သွားသော မြေနီလမ်းကလေးနှင့် လမ်းဘေးတစ်လျှောက် အပွင့်ကြွေ အပွင့်ဝေနေသော စိန်ပန်းပြာပင်လေးများနှင့် တဖုံ၊ ဆင်ဝင်ရှေ့မှစ၍ နှင်းဆီပန်း၊ အာဖရိက ဒေစီပန်း၊ နောက် ဘာမှန်းမသိသည့် ပန်းရောင်စုံလေး

များ၊ ပေါင်းမိုးခုံးလေးများ၊ နိုင်လွန်ပုခက်လေးများဖြင့် အနောက်မှ ရုပ်စုံစာစောင်များတွင် မြင်ရသော အိမ်အလှပုံစံမျိုးလေးကြောင့် . . . ။

ကျွန်တော် လှုပ်ရှားပါဝင်ရမည့်ဇာတ်သည် ပစ္စည်းမဲ့ဘဝ သရုပ်ဖော် မဖြစ်နိုင်တော့ပြီမှန်း သေချာနေသည်။

“တီ . . . တီ”

ကားဆရာက အလိုက်သိစွာ ဟွန်းတီးလိုက်၏။

ကာကီအင်္ကျီ၊ ကာကီဘောင်းဘီကို ဝတ်ထားသော ကုလား တစ်ယောက် ပြေးလာ၍ ခြံဝင်းတံခါးကို သော့ဖွင့်သည်။ ထိုနောက် တံခါးပွင့်၏။

စိန်ပန်းပြာ ခင်းထားသော ဆင်ခြေလျှော မြေနီလမ်း တစ်လျှောက်၊ ဘီ ၆၀၀ အဝါ၊ ဒ ပြာကျား ကားကလေး လိမ့်တက် သွားသည်။

ဆင်ဝင်ရှေ့တွင် ကားရပ်၏။

သံတံခါး သော့ခလောက် လှုပ်သံကြားရ၍ ကျွန်တော် လှမ်း ကြည့်သည်။

“ကိုရန်နိုင်ဒွေး ထင်တယ်”

ဆည်းလည်းသံလို အသံလွင်လွင်လေးနှင့် အမျိုးသမီးငယ် တစ်ယောက်။

“ဟုတ်ကဲ့”

ပြောသာပြောလိုက်ရသည် တစ်လမ်းလုံး ဖိုလာခုန်လာသော ရင်ကလေးသည် ဖျတ်ခနဲ ငြိမ်သွား၏။ တတောင့်တတဖြင့် ယ လာသော စိတ်ကူးသည် ဖျတ်ခနဲ ပျက်စီးသည်။

“ကိုကို . . . တော်တော် နောက်ကျတာပဲကွာ”



စိတ်ထဲမှာ မကျေမချမ်း ရေရွတ်လိုက်၏။

အမျိုးသမီးငယ်၏ အပြင်အဆင်ကိုကြည့်၍ ကိုကိုပြော သော အေးမမပင် ဖြစ်နိုင်သည်။

ရင်ထဲ မောပြည့်ပြည့်ကြီး ဖြစ်သွား၏။

အဘယ်ကြောင့်ဆိုသော စောစောက ဆည်းလည်းသံလေး နှင့် အေးမမဟု ထင်ရသော ထိုမိန်းမပျိုလေးသည် ပြည့်ပြည့်ဖြိုးဖြိုး၊ ဖွံ့ဖွံ့တောင့်တောင့်၊ ရင် ၄၆၊ တင် ၄၆၊ ခါး ၄၆ ဆိုသော အတိုင်း အတာများဖြင့် ပြည့်စုံသော ချစ်စရာ တပွေ့တပိုက်ကြီး ဖြစ်နေသော ကြောင့် ပင်တည်း။

သေရောဗျာ . . . ။



## ( ၆ )

"ထိုင်ဦးနော် . . . ကိုရန်နိုင်ဒွေး"

ဆည်းလည်းသံရှင် မိန်းမဝကလေးသည် ကျွန်တော့်ကို ဧည့်ခန်းစားပွဲသို့ လက်ညွှန်၍ ပြောလိုက်သည်။

ကျွန်တော်က လက်ထဲမှ ဝန်စည်စလယ်များကို ကြမ်းပေါ်တွင် ဒီအတိုင်းချ၍ ဧည့်ခန်း ဆက်တီကုလားထိုင်တွင် ဝင်ထိုင်သည်။

ကြည့်ရင်း ကြည့်ရင်း ဝ . . . ဝလာသော အဝထိပ်ခေါင်တင် ဂုဏ်ကြီးရှင်ကလေးသည် ချာခနဲလှည့်၍ ဝက်ဖြူပေါက်စလေးတစ်ကောင်ကဲ့သို့ လိမ့်တိမ့်လိမ့်တိမ့်နှင့် အတွင်းခန်း ဝင်ပြေး၏။

ဟူးခနဲ သက်ပြင်းကို မှုတ်ထုတ်လိုက်သည်။

ဖေဖေပြောသော ဘဝအတွေ့အကြုံသည် . . . ရှေ့မှ ဘ တဖြည်းဖြည်း မှိန်သွား၏။ ဝ, အတွေ့အကြုံလား စိတ်ထဲအောက်မေ့ သည်။



"အဆင်ပြေခဲ့ရဲ့လား မောင်ရန်နိုင်၊ ဖေဖေတို့ မေမေတို့ ကိုကိုတို့ရော နေကောင်းရဲ့လား"

နောက်ဘက်မှ အသံကြားသဖြင့် ကပျာကယာ နောက်လှည့်ကြည့်လိုက်သည်။ အသက်လေးဆယ်ကျော် အရွယ်ခပ်ခန့်ခန့် အန်တီတစ်ယောက်၊ ဒေါ်ဥမ္မာခင် ဖြစ်မည်ထင်သည်။

"ဟုတ်ကဲ့ အားလုံးနေကောင်းပါတယ် အန်တီ၊ ဒီအထိ ချောချောမောမော ရောက်ပါတယ်၊ အိမ်လည်း ရှာရလွယ်ပါတယ်"

"အေးကွယ် မမတို့က အားနာစရာမရှိ အားနာတယ်၊ နို့မို့ အန်တီတို့ သာစည်အထိ ဆင်းကြိုတာပေါ့၊ မမက ခုမနက်မှ ဖုန်းဆက်တယ်"

မမဆိုသည်မှာ မေမေ့ကို ရည်ညွှန်းသည်ဟု ကျွန်တော် နားလည်လိုက်၏။

"ရောက်တုန်းရောက်ခိုက် ဘာမှအားမနာနဲ့ မောင်ရန်နိုင်၊ ကိုယ့်အိမ်လိုနေ၊ လွတ်လွတ်လပ်လပ်နေ၊ ဦးတို့က မောင်ရန်နိုင်တို့ မိဘတွေနဲ့ သိပ်ရင်းနှီးကြတာ၊ မောင်ရန်နိုင့်အဖေနဲ့ ဦးက ညီအစ်ကိုလို ချစ်တာ၊ ဒီအိမ်ဟာ မောင်ရန်နိုင်အိမ်လို့ပဲမှတ်"

အားရပါးရပြော၍ ဝင်လာသော အန်ကယ့်ကို ကြည့်၍ ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

"ပျော်သလိုသာနေ၊ ပျော်သလောက်လည်းနေနော် သား၊ အန်တီတို့ အားလုံးစီစဉ်ထားတယ်၊ သွားဖို့လာဖို့ရော၊ နေဖို့ထိုင်ဖို့ စားဖို့သောက်ဖို့ရော ဘာမှအားမနာနဲ့"

"ဟုတ်ကဲ့ပါ အန်တီ"

"တောင်ကြီးသကြံန်က ရန်ကုန်တို့ မန္တလေးတို့လိုတော့

မစည်ဘူးပေါ့ကွယ်၊ ရေလည်းရှားတော့ သိပ်မပက်ကြဘူး၊ ဘုရား ကျောင်းကန်တွေမှာတော့ အလှူအတန်း၊ ဘုရားသွားကျောင်းတက်နဲ့ သိပ်စည်ကားတယ်၊ မင်းအန်ကယ်နဲ့ အန်တီကတော့ ဥပုသ်စောင့်မယ်၊ သမီးတို့ လိုက်ပို့ပါလိမ့်မယ်"

"အတွေ့အကြုံ တစ်မျိုးပေါ့ကွာ၊ သူ့ဟာနဲ့သူတော့ ဒီမှာ လည်း ပျော်ဖို့ကောင်းတယ်"

သမီးတို့ လိုက်ပို့မယ်ဆိုသော စကားမှအပ ကျန်သည့်စကား များအားလုံးကို ကျွန်တော် စိတ်ပါလက်ပါ ခေါင်းညိတ်ပြသည်။

ထိုအခိုက် အန်တီကြည့်သည့် ကျွန်တော့်ကျောဘက်သို့ ရောက်သွားပြီး . . .

"လာ သမီး"

ကိုယ့်အဖြစ်ကိုယ် ရယ်ချင်နေသဖြင့် နောက်ဘက်သို့ လုံးဝ လှည့်မကြည့်ဖြစ်။ ရှေ့ရောက်လာသည်ကိုသာ ရင်တပြည့်ပြည့်ဖြင့် စောင့်နေမိသည်။

"ဟင်း"

သက်မကို မသိမသာ ခိုးချလိုက်ရသည်။

ဩော် . . . ဒုက္ခစွတကား။

မျက်စိ၏ ဘယ်ဘက်ထောင့်မှ ရိပ်ခနဲ မြင်လိုက်ရသော အရောင်သည် အစိမ်းရောင်၊ စောစောကတွေ့သောအရောင်မှာ



ပန်းရောင်ဖြစ်သဖြင့် ခဏပျောက်သွားခြင်းသည် အခန်းထဲဝင်၍ အဝတ်အစားလဲခြင်းဖြစ်မည် တွေးသည်။

"ဒါ . . . သမီး အေးမမနိုင်လေ"

"သမီး ဒါ . . . မောင်ရန်နိုင်ဒွေးပေါ့"

ကျွန်တော် ခေါင်းလှည့်၍ ခပ်ဝါးဝါးအကြည့်ဖြင့် ပြုံးသည်။

ရင်ထဲ လှပ်ခနဲ ဖြစ်သွား၏။

မျက်လုံး မသိမသာပြူးသွားသည်။

ကိုယ့်မျက်လုံးကိုပင် ကိုယ်မယုံ၊ ချက်ချင်းတော့ ဒီလိုဖြစ် မသွားနိုင်ဟု အံ့ဩသည်။

ယခု ကျွန်တော့်မျက်စိရှေ့မှ အေးမမနိုင်သည် စောစောက အဝစားလေးမဟုတ်။

အားပါး အလှစားလေးပါလား . . .

အသက်အားဖြင့် ကျွန်တော့်ထက် တစ်နှစ် နှစ်နှစ်ကြီးမည် မှန်သော်လည်း ဆံပင်အလယ်ခွဲ၊ ကျောလယ် နောက်စည်းနှင့် မသိ မသာ ဆေးကူထားသော်လည်း လှသည့်မျက်ခုံးနှင့် ကြည်လင်ဝင်းလဲ့ သော မျက်ဝန်းညိုမှောင်မှောင်၊ မျက်တောင်ကော့နက်နက်နှင့် အနေ တော်ပေါ်၍ အသွယ်လှသော နှာတံကြော့ကြော့နှင့်၊ နီထွေးပါးလျ၍ ပြေပြေပြစ်ပြစ် ဖွင့်ဟထားသောကြောင့် သွားလှလှလေးများကို မြင်သာရုံ ဖြစ်စေသော နှုတ်ခမ်းလှလှနှင့် . . .

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

ကျွန်တော့်မပြေပြစ်သော ဟုတ်ကဲ့ကြောင့် ထင်သည်။ သူ့အပြုံးသည် ပိုပီပြင်လာသည်။

"လမ်းမှာ တော်တော်ပျော်ခဲ့ရဲ့လား၊ တစ်ခါမှ မရောက်ဖူးဘူး

ဆို"

ပင့်သွားသောမျက်ခုံး၊ ဝိုင်းသွားသော မျက်လုံး၊ လှုပ်ရှားသွား သော နှုတ်ခမ်းတို့တွင် ကျွန်တော့်တစ်ကိုယ်လုံး ပါသွားသည်။

"ဟုတ်ကဲ့ ကျွန်တော် ခရီးထွက်ဖူးတာ ဒါ ပထမဆုံးပါပဲ၊ ပျော်လည်း ပျော်ပါတယ်၊ စိတ်လည်း ဝင်စားပါတယ် မမ"

ဟာ . . . ပြောပြီးမှ ကိုယ့်ပါးစပ်ကိုယ် ပိတ်ရိုက်လိုက်ချင်စိတ် ပေါ်သွား၏။ မမဟု ခေါ်လိုက်မိခြင်းကို ကိုယ့်ကိုယ်ကိုယ် မကျေနပ်၊

"မိုးမိုးတော့ တွေ့ပြီးပြီပဲ၊ ဒါ . . . အန်တီ့တူမ မိုးမိုးလေ ရွှေညောင်က ကျောင်းပိတ်တုန်း ဒီမှာလာနေတာ"

ကျွန်တော့်မျက်လုံး နေရာရွှေ့သည်။

စောစောက ပန်းရောင်ဝတ် ဖက်တီးလေး။

နှစ်ယောက်သား ပြုံးလိုက်ကြသည်။

ခုမှအပြုံးသည် ပေါ့ပါးသွား၏။

တောင်ကြီးမြို့သည် စောစောကထက်စာလျှင် အပုံကြီးပိုလှ သွားပြီ၊ ဒီအတိုင်းဆို နွယ်မွန့်ကို မမေ့စရာမရှိတော့။ အလယ်က ကျွန်တော် စကားဝဲနိုင်ပြီ။

ဩော် . . . ဘဝ . . . ဘဝ . . . သုခစွတကား။

(၇)

"လာ . . . မောင်၊ ဒါ မောင့်အတွက် မမနိုင် ပြင်ထားတဲ့ အခန်းပဲ"

အို . . . ရင်ထဲမှာ မည်ကဲ့သို့ ခံစားလိုက်ရမှန်းမသိ။ မမနိုင် ၏ မျက်နှာလေးကို တအံ့တဩ ငေးကြည့်လိုက်မိသည်။ မမ၏အပြုံး လေးသည် နွေးထွေးလေစွ။

ဒီတော့မှ စောစောက ကိုယ့်ကိုယ်ကိုယ် မကျေမနပ် ဖြစ်မိ ခြင်းအတွက် ပြန်နောင်တရသည်။ မမအတွက် ကျွန်တော်ခေါ်စရာ အကောင်းဆုံးအမည်မှာ မမ၊ သို့မဟုတ် မမနိုင်ပင်။

ကျွန်တော့်အတွက် မမရွေးလိုက်သည့် ခေါ်စရာလေးကမူ ကမ္ဘာပေါ်တွင် အလှဆုံးစကားလုံးလေးပင် . . . 'မောင်' . . တဲ့။ သံယောဇဉ်၏ အတိမ်အနက်ကို ဖွင့်ဆိုပေးထားသည့် စကားလုံး။ ထို့ပြင် မမက မောင်အရင်းတစ်ယောက်လို မောင်ဟု ခေါ်လိုက်သဖြင့်

မမအား ကျွန်တော်သည် မမတစ်ယောက်လို ခင်သွား၏။

ပြီးတော့ . . .

"ဘယ်လိုလဲ မောင် . . . သဘောကျရဲ့လား"

"ဟုတ် . . . ဟုတ်ကဲ့ မမ"

မမက အပြုံးတစ်ဝက်မျက်နှာဖြင့် လှမ်းမေးလိုက်မှ ငိုင်နေ သော ကျွန်တော် သတိဝင်သည်။ မမပြင်ဆင်ထားသော အလှအပ လေးများအတွက် တသီးတသန့်သော ကျေနပ်စကားလေးများ မပြော ရခြင်းအား များစွာအားနာသွားသည်။

ကျွန်တော် ပြောမည်ပြင်သည်။ မမက ဦးသွား၏။

"မမနိုင်က ခန်းဆီးအပြာကလေးတွေ တမင်ရွေးထားတာ မောင်မကြိုက်ရင်တော့ မမနိုင် ပြန်လဲပေးပါ့မယ်"

"ဟာ . . . မလဲပါနဲ့ မမရဲ့၊ ကျွန်တော်က အပြာရောင် သိပ် ကြိုက်တာ၊ ကျွန်တော် အပြာရောင်ကြိုက်တာကို မမ ဘယ်လိုလုပ်သိ နေလဲလို့တောင် အံ့ဩနေမိတာ"

မမရယ်သည်။ မမ၏အရယ်သည် လှ၏။ ပွင့်ပွင့်ရှိုင်းရှိုင်း ရယ်ခြင်းလည်းမဟုတ်၊ အုပ်အုပ်ဖွယ်ဖွယ် ရယ်ခြင်းလည်းမဟုတ်၊ လွတ်လွတ်လပ်လပ်နှင့် ချိုချိုမြိန်မြိန် ရှိလှသောအရယ်။

"မောင်က လုပ်ပေးရတဲ့သူ စိတ်ချမ်းသာအောင် ညာတတ် သားပဲ"

"မဟုတ်ပါဘူး မမနိုင်၊ ကျွန်တော် တကယ်ကြိုက်တာပါ မယုံရင် ကျွန်တော့် အဝတ်သေတ္တာထဲမှာ မမ ဖွင့်ကြည့်၊ အပြာရောင်နဲ့ လွတ်တဲ့ အဝတ်အစား တစ်ထည်မှ မပါဘူး၊ အဲ . . . နေပါဦး ကျွန်တော့်သေတ္တာ ရှေ့မှာကျန်ခဲ့တယ်နဲ့ တူတယ်"



ပြောပြောဆိုဆို ဧည့်ခန်းဘက်လှည့်ရန် ပြင်သည်။ အမှန်ပင် ဒီကိစ္စကို မေ့နေ၏။ ကျွန်တော့်အသိနှင့် အာရုံသည် မမတစ်မျက်နှာ တွင်သာ ရောက်နေသည်မှာ မည်မျှကြာပြီမဆိုနိုင်။

"ရောက်ပါပြီ မောင်ရဲ့၊ ဧည့်ခန်းမှာ မေမေတို့နဲ့မောင် စကား ပြောနေတုန်း မိုးမိုးကို သယ်ခိုင်းလိုက်တာ၊ မောင့်သေတ္တာ မမ ဖွင့် တောင်ပြီးပြီ"

မမက ပြောရင်းနှင့် အခန်းတံခါးကွယ် ချိတ်တွင် ချိတ်ထား သော ပခုံးလွယ် သားရေအိတ်နှင့် လက်ဆွဲသားရေအိတ်ကို ပြသည်။

"မောင် အပြာရောင်ကြိုက်မှန်း စောစောကတည်းက မမသိ သွားတယ်၊ ဒါကြောင့် မောင့်အခန်းမှာ နဂိုက တပ်ထားတဲ့ ခန်းဆီး အဝါလေးတွေကို မမ တမင်လဲထားလိုက်တာ၊ နဂိုထဲက မမက အပြာ ရောင် တပ်မလို့၊ မေမေတို့က အဝါရောင်တပ်ခိုင်းတာနဲ့ တပ်ရတာ၊ မမထင်သားပဲ၊ မောင် အပြာရောင်ကြိုက်မယ်လို့ မမမှန်းတာလည်း မှန်သွားတာပေါ့"

"ဘာဖြစ်လို့လဲ မမ"

"ဩော် . . . မမ စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတယ်လေ၊ ယောက်ျားပီသတဲ့သူဟာ အပြာရောင်ကြိုက်တယ်တဲ့၊ မိန်းမပီသတဲ့ သူက ပန်းရောင်ကြိုက်တယ်တဲ့၊ မမက အဲဒီသီအိုရီနဲ့ ကြိုပြီး စဉ်းစား ထားတာ"

ကျွန်တော် ရယ်လိုက်သည်။

"ကံကောင်းလို့ပေါ့ဗျာ၊ အပြာရောင်ကြိုက်မိလို့၊ ပန်းရောင် သာ ကြိုက်တယ်ဆိုရင် ပြဿနာပဲ"

"အမယ် . . . ဒီလိုလည်း မဟုတ်သေးဘူး၊ စောစောက

မမပြောတာက တစ်ယောက်ချင်း စိတ္တဗေဒအတွက်၊ နောက်ရှိသေးတယ်"

မမ နောက်နေတာလား၊ အတည်ပြောနေတာလား မဝေခွဲနိုင်။ ဖြူဝင်းသော မျက်နှာလေးပေါ်မှ အပြုံးတွင် အနက်ပေါင်းများစွာ ထင်သည်။

"ပန်းရောင်ကြိုက်တဲ့ ယောကျ်ားလေးကျတော့ မိန်းမ ချောချော ရတတ်တယ်တဲ့၊ အပြာရောင်ကြိုက်တဲ့ မိန်းကလေးက ယောကျ်ားချောချော ရတတ်တယ်လို့ ဆိုတယ်"

"ဒါဖြင့် မမရော ဘာရောင်ကြိုက်လဲ"

မမမျက်နှာတွင် ပန်းရောင်သွေးလေး ဖျတ်ခနဲပေါ်သည်၊ အပြုံးသည် ရှက်ရယ်ဘက်သို့ ကူးသွား၏။

"အပြာရောင်လေ"

ကိုယ့်ကိုယ်ကိုယ် မှန်ထဲပြေးကြည့်ချင်စိတ် ရုတ်ခြည်းပေါ်လာ၏။

"ဒါဖြင့် မမတော့ ပွတာပဲပေါ့"

"မောင်ကလည်း ပြောတော့မယ်၊ ဟုတ်တာတွေ"

ရယ်သံလေးများသည် အပြာရောင် ခန်းဆီးလေးများအား သွားရိုက်ခတ်သည်။ နွယ်မွှန်သည် စကြဝဠာ၏ ဘယ်ချောင်တွင် သွားကပ်နေပြီ မသိ။

ရင်ထဲတွင် လှိုင်းကလေးများ လူးလာခတ်လျက် . . .။



"ဩော် . . . အာလူးတွေ များသွားတာနဲ့ မောင်တောင် မနားရသေးဘူး၊ ကဲ . . . ခဏတဖြုတ်နားလိုက်ဦး မောင်"

"ရပါတယ် မမရဲ့၊ အပြာရောင်ကြိုက်တဲ့ ယောကျ်ားပဲ ဒီလောက်တော့ ခံနိုင်ရည်ရှိရမှာပေါ့"

မမ၏ ဖော်ရွေသော အမူအရာ အပြောအဆိုကြောင့် ကျွန်တော့်စကားများသည်လည်း ချက်ချင်း ရင်းနှီးရိပ်ပါလာသည်။ ကျွန်တော့်စကားကို မမက သဘောကျစွာ ရယ်ရင်း . . .

"ဟုတ်ပါတယ်၊ အတောင်နှစ်ရာဝတ် မင်းယောကျ်ားကြီး ရယ်၊ ဒါပေမဲ့ ခဏတော့နားပါဦး၊ ပြီးတော့ ရေမိုးချိုး၊ အဝတ်အစားလဲ၊ ခဏနေရင် တောင်ကြီးဈေး သွားရအောင်၊ နက်ဖြန်ကစပြီး ဈေးပိတ်မှာ၊ ဈေးထဲက ကောင်မလေးတွေ မကြည့်လိုက်ရမှာ စိုးလို့"

"ဟာ . . . မမကလည်း ပြောတော့မယ်၊ ဟုတ်တာတွေ"

မမလေသံကို တု၍ ပြောလိုက်သော ကျွန်တော့်လေသံကြောင့် နှစ်ယောက်စလုံး ရယ်ဖြစ်သည်။

"လုပ်ထားနော်၊ မမလည်း ပြင်လိုက်ဆင်လိုက်ဦးမယ်"

ကျွန်တော် ခေါင်းညိတ်ပြလိုက်၏။

မမ အခန်းထဲမှ ထွက်သွားသောအခါ ကျွန်တော် စဉ်းစားကြည့်မိသည်။

မမလည်း ပြင်လိုက်ဆင်လိုက်ဦးမယ်ဆိုသော စကားအတွက် . .။ မမမှာ နောက်ထပ် လှစရာ ပြင်ရဆင်ရဦးမည်ဆိုသော စကားကို ကျွန်တော် အယုံအကြည်မရှိ။

အဘယ်ကြောင့်ဆိုသော် မမမှာ မလှသောအချိန်ဟူ၍ ရှိနိုင်

မည် မထင်သောကြောင့်ပင်။



"အို . . . "

ရင်ထဲမှ ကန်ကလေးတွင် ငါးကလေးများ တဖျပ်ဖျပ်ထခုန်ကြ၏။

ကျွန်တော် ဒီနေ့အမှား နှစ်ခုကျူးလွန်မိသည်။ ပထမအမှားက မမဟု ခေါ်မိခြင်းအတွက် နောင်တရစရာ ဖြစ်ခဲ့မိခြင်း၊ ဒုတိယအမှားက မမသည် ထပ်မံပြင်ဆင်၍ လှစရာ မလိုတော့ဟု ထင်ခဲ့မိခြင်းပင် . . . ။

ဧည့်ခန်းမှစောင့်နေသော မမသည် ကြည်ပြာရောင် ဝတ်စုံလေးဖြင့် လှချင်တိုင်းလှနေသည်။ ဆံပင်ကိုလည်း စောစောက စုစည်းထားရာမှ ဖြန့်ချလိုက်သဖြင့် မမသည် ပို၍ ငယ်နုသွားသည်။

"သွားမလား မမနိုင်"

မမက ခေါင်းညိတ်၍ . . .

"သွားမယ်မောင် ခဏလေး၊ မိုးမိုး မလာသေးလို့"

ထိုအခိုက် နောက်ကျောဘက်မှ လှုပ်ရှားသံသဲ့သဲ့ကြားသဖြင့် အမှတ်တမဲ့ နောက်လှည့် ကြည့်လိုက်သည်။

"အဟဲ လာပါပြီ . . . "

"သွားမယ်လေ မမ"

ယခုတိုင် ပြင်ဆင်၍ အားမရဟန်တူသော မိုးမိုးဆိုသည့်



အန်တီ့တူမ၊ အဲလေ အန်တီ့တူမလေးသည် အိမ်အတွင်း ဧရိယာတွင် နေရာများစွာယူလျက် စပို့ရှပ်အကျီလေးကို ဆွဲဆန့်ရင်း ထွက်လာသည်။

သုံးယောက်သား အိမ်ရှေ့ရောက်သောအခါ အိမ်ရှေ့တွင် မမတို့ကား ဖြစ်ဟန်တူသော လင့်ရှိဗာအပြာလေးတစ်စီး ရပ်ထားသည်။ ကားပေါ်တွင် ဒရိုင်ဘာက အသင့်နေရာယူထားလျက် . . .

"မောင် . . . ရှေ့က ထိုင်မလား"

မမအမေးကြောင့် ကျွန်တော့်ကားကို လှမ်းကြည့်သည်။ လင့်ရှိဗာ အိမ်ရှည်ဖြစ်သဖြင့် နောက်ထိုင်ခုံက ကျယ်သည်။ ရှေ့ခုံနှင့် နောက်ခုံကလည်း လှမ်းသည်။

"ဟင့်အင်း . . . နောက်မှပဲထိုင်မယ်၊ မမနဲ့ စကားပြောသွားရတာပေါ့"

မမက အပြုံးတစ်မျိုးဖြင့် မသိသာသော မျက်စောင်းလေးတစ်မျိုး ကြည့်သည်။ ကိုယ့်ဘာသာကိုယ် အဓိပ္ပာယ်ဖွင့်လျှင် 'ပိုပြီ' ဆိုသော အနက်ရ၏။ ကားပေါ် ရောက်ရောက်ချင်း ကျွန်တော်နှင့် တစ်ယောက်ကျော်မှ မိုးမိုးက ကျွန်တော့်ဘက်ကြည့်၍ . . .

"ကိုရန်နိုင်ဒွေး . . . အမလေးနော်၊ သူ့နာမည် ခေါ်ရတာလည်း ပြောရမယ့်စကားတောင် လျှာလည်လည်သွားတယ်"

"ခပ်တိုတို တစ်ခုခုခေါ်ပေါ့ မိုးမိုးရဲ့"

ကျွန်တော် လှမ်းပြောလိုက်သောအခါ မိုးမိုးက ရယ်ရင်း . .

"ဘယ်လိုခေါ်ရမလဲ"

"မသိဘူးလေ၊ ကြိုက်သလိုခေါ်ပေါ့"

"ဟင် . . . ဘယ်လိုခေါ်ရမှန်း မသိပါဘူး"

နှုတ်ခမ်းစူ၍ ညည်းလိုက်သောအမူအရာကြောင့် ကျွန်တော်
ပြုံးစိစိ ဖြစ်သွားသည်။ သူ့စကားအဆုံး မမက ဝင်၍ . . .

"ဘာခက်လို့လဲ မိုးမိုးရ၊ မမနိုင်ခေါ်သလိုပဲ ခေါ်ပေါ့"

"မမနိုင်က ဘယ်လိုခေါ်လို့လဲ"

"ကိုယ့်မောင်ပဲဟာ၊ မောင်ပေါ့"

မိုးမိုးသည် မျက်လုံးပြူး၍ လျှာကလေးတစ်လစ်ဖြစ်သွား၏
ပြီးမှ မျက်မှောင်ကြုတ်၍ . . .

"ဟာ . . . မမနိုင်ကလည်း မမနိုင်ကတော့ ဟုတ်တာပေါ့
မိုးမိုးကတော့ ဘယ်လိုလုပ်ခေါ်ရမလဲ"

သူ့အပြောကြောင့် ခပ်လွတ်လွတ် ရယ်ချလိုက်သည်။ ပြီး
သူ့အခက်အခဲကို ပြေလည်နိုင်သမျှ ပြေလည်စိမ့်သောငှာ . . .

"ကျွန်တော့် သူငယ်ချင်းတွေခေါ်သလို ခေါ်ပေါ့"

"မောင့်သူငယ်ချင်းတွေက ဘယ်လိုခေါ်လို့လဲ"

"ယောကျ်ားလေးသူငယ်ချင်းတွေက ရန်နိုင်တဲ့၊ မိန်းက
သူငယ်ချင်းတွေက ဒွေးစ်တဲ့"

"ဒွေးစ် . . . ဟုတ်လား"

ဒွေးဆိုသောစကားလုံးတွင် အက်စ်သံပါသောကြောင့် မ
အံ့သြသွားဟန် တူသည်။

"မောင် . . . မမကိုညာပြီ ထင်တယ်"

မမစကားကို ကျွန်တော် ကောင်းစွာ သဘောမပေါ
ထို့ကြောင့် . . .

"မညာပါဘူး မမရဲ့၊ ဘာကိုလဲ"

"မိန်းကလေးသူငယ်ချင်းတွေက ဆိုတာလေ၊ မိန်းကလေး



သူငယ်ချင်းတွေ မဟုတ်ဘူးထင်တယ်၊ မိန်းကလေးတစ်ယောက်
တည်းက များလား၊ ဒါမှမဟုတ် တစ်ယောက်တည်းဖြစ်ဖို့ ကောင်းတဲ့
မိန်းကလေးတွေကများလား"

ဒီတော့မှ ကျွန်တော်သဘောပေါက်သည်။ ကျွန်တော်
ရယ်၍ . . .

"မဟုတ်ပါဘူး မမရဲ့၊ တကယ်ပြောတာပါ၊ ကျွန်တော်
ကျောင်းမှာ ဘော်လီဘောကစားရင် မိန်းကလေးသူငယ်ချင်းတွေက
နောက်ရင်းနဲ့ ဒွေးစ် . . . ဒွေးစ်လို့အော်ပြီး အားပေးတယ်၊ နောက်
တော့ ဒါပဲ အတည်ခေါ်ကြတော့တယ်"

"ဘယ်လို . . . ဒွေးစ် . . . ဟုတ်လား"

မိုးမိုးစကားကြောင့် မမရော ကျွန်တော်ပါ ရယ်သည်။

"ဒွေးစ်ပါ မိုးမိုးရဲ့"

"ဒွေးစ် . . . ဒွေးစ် . . . အင်း . . . ကောင်းပါတယ်၊ ဒါပဲ
ခေါ်မယ်"

ကားထဲတွင် ရယ်သံလေးများ ဝေဝေလွင်၏။

ဆင်ခြေလျှောလမ်းအတိုင်း လင့်ရှိုဟာလေး ဆင်းလာသည်။

လမ်းဘေးတစ်လျှောက်တွင် စိန်ပန်းပြာလေးများ ပြာပြာဝေ
ဝေ၏။ ကားလမ်းမပေါ်တွင်မှာ ကြွေကျနေသဖြင့် ပန်းခင်းသောလမ်း
ဖြစ်နေသည်။ လမ်းလေးသည် လှ၏။

ရင်ထဲတွင်လည်း စိန်ပန်းပြာများ ကြွေနေသော လမ်းလေး
တစ်လမ်းသည် ဖြောင့်ဖြူးလှပနေသည်တကား။

(၈)

တောင်ကြီး၊ လွယ်လင်၊ မိုင်းဆတ်ဟု ရေးထားသောဂိတ်ရှေ့

တွင် ကားကလေး ရပ်သည်။

"ဆင်းလေ . . . မောင်"

ကိုယ့်အတွေးနှင့်ကိုယ် ဖြစ်နေသဖြင့် ကားပေါ်ကဆင်းဖို့ကို

ရုတ်တရက် သတိမရ၊ မမပြောလိုက်မှ ကားတံခါးကို ဖွင့်လိုက်သည်။

ညနေဘက် ဖြစ်သဖြင့် တောင်ပေါ်မြို့တွင် တိုက်ခတ်သော

လေသည် အေးစိမ့်စိမ့် ဖြစ်နေသည်။ ကားက မလှုံသဖြင့် လမ်းမှာ

ဟိုတစ်ကွက် ဒီတစ်ကွက် စုပက်နေသော ကလေးများထံမှ ရေစိုခဲ့ခြင်း

ကြောင့် မေးတဆတ်ဆတ် တုန်နေ၏။ တကယ်မချောင်။ ဒီရာသီဥတု

မျိုးနှင့် ရေစိုစိုနှင့် ခုလို လေအေးအေးလေးက ထပ်ဆောင်းလိုက်သော

အခါ သုံးယောက်လုံး ကျုံ့ကျုံ့လေးတွေ ဖြစ်နေ၏။

"ချမ်း . . . တာနော်"



မမက ပခုံးနှစ်ဘက်တွန့်ရင်း ပြောသည်။ မိုးမိုးကမူ လက်နှစ်ဖက်ပိုက်၍ ကုပ်နေ၏။ ကျွန်တော် ရယ်လိုက်သည်။

"ဘယ်လိုနေရမှန်းတောင် မသိတော့ဘူး"

မမကရယ်ရင်း ကျွန်တော့်ကို လှမ်းကြည့်၏။ ကရုဏာပါသော အပြုံးနှင့်အကြည့်။ ရင်ထဲတွင် နွေးထွေးသွားသည်။

"လာ မောင် . . . ဈေးထဲဝင်ကြည့်ရအောင်"

"ဟုတ်ကဲ့"

ရည်ရွယ်ထားသည် မဟုတ်သော်လည်း မမနှင့်ယှဉ်လျက်ဖြစ်သွားသည်။ မမက ကျွန်တော့်လက်မောင်းကို အမှတ်တမဲ့ လှမ်းကိုင်သည်။

ကျွန်တော့်ရင်ထဲ လှိုက်ခနဲဖြစ်သွား၏။

မမ၏ လက်ဝါးလေးသည် နွေးထွေးနေသည်။

မမထံမှ သင်းပျံ့ပျံ့ရနံ့လေးတစ်ခုကို ရလိုက်၏။

မမကတော့ မောင်အရင်းတစ်ယောက်လို သဘောထားဆက်ဆံနေသလား မဆိုနိုင်။ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး အမူအရာမှအပ ဘာမှ ထူးထူးခြားခြား ခံစားရပုံမပေါ်။ ကျွန်တော့်မှာသာ . . . ။

"ဒီအချိန်ကတော့ ဈေးထဲ ဘာမှသိပ်ရှိမှာမဟုတ်ဘူး မောင်၊ မောင်ရောက်ဖူးရဲ့ သက်သက်ပဲရှိမှာပဲ၊ ဝယ်ဖို့ခြမ်းဖို့တော့ နောက်မှပေါ့၊ တောင်ကြီးမှာ အေးအေးဆေးဆေးနေဦးမှာ မဟုတ်လား"

"အခြေအနေအရပေါ့ မမရယ်၊ ရပါတယ် . . . ဝယ်စရာခြမ်းစရာလည်း သိပ်မရှိပါဘူး"

မမဘက်ကကြည့်၍ ပြောလိုက်သဖြင့် အကြည့်ချင်း နီးသွားသည်။ ကျွန်တော့်ထက် မသိမသာ အရပ်နိမ့်နေသော မမ၏မျက်လုံး

လေးများသည် ပင့်ကြည့်ရ၏။ လှသောအကြည့်။

*ဒီအကြည့်ကိုမြင်မှ* လုပ်ရမည့်အလုပ်တစ်ခုကို ဖျတ်ခနဲ သတိရသည်။ မမကို ပျာပျာသလဲ မေးလိုက်မိ၏။

"သကြ်န်အတွင်း ဈေးတွေပိတ်မှာပေါ့ ဟုတ်လား မမ"

"အင်းလေ"

"တခြား ဆိုင်တွေရော"

"မပြောတတ်ဘူး မောင်၊ ပိတ်ချင်ပိတ်မှာပေါ့၊ ဘာလုပ်မလို့လဲ"

"ဖလင်လိပ် ဝယ်ထားချင်လို့၊ တောင်ကြီးမှာ ပေါမှာပဲဆိုပြီး ရန်ကုန်က တစ်လိပ်တည်း ဝယ်ခဲ့တယ်၊ ဘယ်မှာဝယ်လို့ရမလဲ မသိဘူး"

မမ အတန်ငယ် စဉ်းစားဟန်ပြုသည်။ ထို့နောက် ကျွန်တော့် လက်မောင်းမှ လက်ကိုဖြုတ်၍ မိုးမိုးအား လှမ်းပြီး . . .

"မိုးမိုး ဖလင်တွေဘာတွေ ဘယ်မှာဝယ်ရလဲ"

ဒီတော့မှ တစ်လမ်းလုံး ငြိမ်လိုက်လာသော မိုးမိုး စတင်လှုပ်ရှားသည်။

"ရှိမှာပါ၊ အပြင်တန်းမှာ ရှိရင်ရှိ၊ မရှိရင် မွန်းလိုက်မှာတော့ ရမှာပဲ"

"အင်း . . . ဟုတ်သားပဲ၊ မောင် အရေးကြီးလား၊ အရေးကြီးရင် အရင် သွားရှာလိုက်မယ်လေ"

"ဟာ . . . အရေးကြီးတာပေါ့ မမရဲ့၊ တော်ကြာ ဝယ်မရရင် မွတ်မယ်၊ ဟုတ်တယ်၊ အရင်သွားရှာရအောင်"

မမသည် ကျွန်တော့်စကားကို မည်သို့သဘောပေါက်သည်



မသိ။ ကျွန်တော့်ကို ပြုံးကြည့်၏။

အလောတကြီး ပြောလိုက်မိသော ကျွန်တော် မသိမသာ ရှက်သွားသည်။ သို့သော် မတတ်နိုင်၊ အရေးကြီးတာကတော့ ကြီးတာအမှန်။

ဘယ်နဲ့ တောင်ကြီးတစ်ဝိုက်၏ အလှအပလေးများကို မှတ်တမ်းတင်ရန် ရည်ရွယ်လာသော ကျွန်တော့်အတွက် ဖလင်ကော် ပြားများစွာရှိမှ ဖြစ်မပေါ့။

ကျွန်တော့်မှာ ရိုက်စရာအလှသည် အဝေးက အရာများ အသာထားပါဦး၊ အနီးက အလှအတွက်ပင် ပုံပေါင်း တစ်ကုဋေ လောက် လိုချင်နေပြီ။

"ဟန်ကျတာပဲ၊ မမတို့လည်း ရိုက်ပေးနော်"

မမက ရယ်ရွှန်းပတ်ရွှန်း ပြောသည်။ ကျွန်တော့်စိတ်ဓာတ်သည် ဝုန်းခနဲ တက်ကြွ၏။

"ဟာ . . . ရိုက်ရမှာပေါ့"

"မိုးမိုးလည်း ရိုက်ပေးနော်"

ရုတ်တရက် ဝင်ပြောလိုက်သော စကားကြောင့် ကျွန်တော် ရယ်ရင်း ခေါင်းညိတ်ပြလိုက်သည်။ သို့သော် စိတ်ထဲတွင် အကျင့်ပါနေသော ပွဲဆိုးလေးတစ်ခုက ဖောက်လာသဖြင့် မိုးမိုးကို လှမ်းပြီး . . .

"ရိုက်တော့ရိုက်ပေးမယ် မိုးမိုး၊ ဒါပေမဲ့ မိုးမိုးကို ရိုက်ရင် နည်းနည်းတော့ ကသီလင်တဖြစ်မယ် ထင်တယ်"

"ဘာဖြစ်လို့လဲ"

"ဖလင်ကွက်ထဲမှာ မိုးမိုးတစ်ကိုယ်လုံး ဆံ့မယ်မထင်ဘူး"

"သေလိုက်ပါလား"

မိုးမိုးမျက်နှာလေး ရဲခနဲဖြစ်သွားပြီး ကျွန်တော့်ကို ပက်ခနဲ တွယ်ထည့်သည်။ မျက်စောင်း၏ ဒီဂရီကလည်း မနည်း။

မမ ရယ်နေသည်။

ကျွန်တော် ပျော်၏။



"အမလေး"

အလန့်တကြား အော်လိုက်သော မမ၏အသံကြောင့် ကျွန်တော် ထိတ်ခနဲ ဖြစ်သွားသည်။ ဖလင်ဖိုး ပေးနေရင်းနှင့် ကယ ကယာ လှည့်ကြည့်လိုက်သည်။

မမဘေးနားတွင် ပလပ်စတစ်ရေပုံးလွတ်တစ်ပုံးကိုင်ရင်း ရယ်နေသော လူတစ်ယောက်။ မမတစ်ကိုယ်လုံး စောစောကထက် ရွဲနစ်နေသည်။

"ဟာ . . . ကိုကြီးက မကောင်းဘူးကွာ၊ မနိုင်ဖြင့် လန့်သွား တာပဲ၊ ရေကလည်း အေးလိုက်တာ"

"မနိုင် အေးအေးချမ်းချမ်း ရှိရအောင် ရေခဲရေနှင့် လော လိုက်တာပါ"

"သွား . . . သိပ်ဆိုးတဲ့ ကိုကြီး"

ရင်ထဲတွင် အောင့်သက်သက်လေး ဖြစ်သွား၏။ ခြေဆော လိုက်၊ ကိုကြီးဆိုသူ၏ လက်မောင်းကို လှမ်းရိုက်လိုက်နှင့် နွဲ့လွန်းသော



မမ၏အမူအရာ။ မကျေနပ်သလိုနှင့် မကျေနပ်ရိပ် မပါသော မမ၏ လေသံကြောင့် စောစောက ပျော်ခဲ့သော အပျော်လေးများ ညစ်သွား သည်။

"အစ်ကို . . . ပိုက်ဆံ"

ဓာတ်ပုံဆိုင်မှ အရောင်းသမားလေး၏ အသံကြောင့် တွေသွားသောစိတ်များ ဖျတ်ခနဲ ပြန်၍ဝင်သည်။ အရောင်းသမား လေးက ပြန်အမ်းငွေများ လှမ်းပေး၏။

ရင်ထဲတွင် ပူလောင်သလို ဖြစ်နေသည်။

ပြန်အမ်းသော ပိုက်ဆံများကို ရေပင်မရေဘဲ အိတ်ထဲထည့် သည်။ ဆိုင်ဝဘက် ပြန်လှည့်လိုက်သောအခါ ပလက်ဖောင်းပေါ်တွင် ရပ်စောင့်ရင်း စိတ်မချမ်းသာစရာလေးများ ဖန်တီးနေသည့် မမတို့ ဘက် မျက်နှာပြန်မူမိသည်။

ထိုလူ၏ အကြည့်သည် မမထံ ပိုင်စိုးပိုင်နင်း ရောက်နေ၏။ မမက ပြုံးနေသည်။

"မနိုင် . . . နက်ဖြန် စောင့်နေမလား၊ ကိုယ် လာခေါ်မယ် လေ"

ကြားလိုက်ရသော အသံကြောင့် ရင်ထဲထိတ်သွားသည်။

"ဟော့အေးကွာ . . . အိမ်မှာ တို့မောင်လေး ရောက်နေတယ်၊ သူ့ကိုလိုက်ပို့ရဦးမယ်"

"ဘယ်ကမောင်လေးလဲ လုပ်ပြန်ပြီ"

"အို . . . ဒါက ဘာစကားလဲ . . . ကိုကြီးနော်"

ကျွန်တော့်ခြေလှမ်းများ တုံ့ဆိုင်းသွားသည်။ မမတို့အနီးသို့ ကျွန်တော်သွားရမှာ တွန့်သွား၏။ သို့သော် မမက ကျွန်တော့်ကို

မြင်သွားသည်။

"ဟော . . . ဝယ်ခဲ့ပြီးပလား မောင်"

"ဟုတ်ကဲ့"

မမ၏အကြည့်သည် ထိုလူထံ ပြန်ရောက်သွားသည်။

"ဒါ . . . မမနိုင်မောင်လေးပေါ့၊ မောင်ရန်နိုင်ဒွေးတဲ့၊ ရန်ကုန်က၊ မောင် . . . ဒါ မမနိုင်သူငယ်ချင်း ကိုစောဦး"

"ဟုတ်ကဲ့ . . . ဝမ်းသာပါတယ် ခင်ဗျာ"

ဒီလိုအခြေအနေမျိုးတွင် ဒီလိုပင် ပြောရမည်မို့ ပြောလိုက်ရသော်လည်း ရင်ထဲတွင် ဝမ်းမသာ။ သူငယ်ချင်းဆိုသဖြင့်သာ ဝမ်းသာလိုက်ရသည်။

ထိုသူကလည်း ကျွန်တော့်ကို စပ်ဖြဲဖြဲကြည့်၍ . . .

"အလည်ပဲလား"

ကျွန်တော် ခေါင်းညိတ်ပြသည်။

"ဘယ်တော့ ပြန်မလဲ"

ကျွန်တော် သူ့ကိုဖျတ်ခနဲ စူးစူးကြည့်သည်။

"မပြောတတ်ဘူးဗျ၊ ဒီနေ့မှ ရောက်တာ"

ထိုသူက ရယ်သည်။

ရင်ထဲက ဒေါသစိတ်ကို မနည်းထိန်းချုပ်ထားလိုက်ရ၏။ စောစောက ခိုက်ခိုက်တုန် ချမ်းခဲ့သော ကျွန်တော့်ကိုယ်တွင် ယခုအခါ အချမ်းတစ်စတစ်မျှင်မျှ မရှိတော့။

ရင်ထဲမှာ ပူနေသည်။

(၉)

လမ်းဘေးမှ စိန်ပန်းနီပင်ကြီးထံ အကြည့် ရောက်ရှိသွားသည်။

တစ်ပင်လုံး အရွက်ပျောက်မျှပွင့်နေသော စိန်ပန်းပွင့်များမှ အနီရောင်သည် ရင်ထဲအထိ ကူးစက်နေသည်။

ရင်ထဲတွင် အတွေးများ ယောက်ယက်ခတ်နေ၏။

'ဒီလူ့နာမည်က ကိုစောဦးပဲ၊ မမကခေါ်တော့ ကိုကြီးဆိုပါလား၊ ပြီးတော့ သူတို့နှစ်ယောက် ဆက်ဆံပုံကလည်း ရဲတင်းလိုက်တာ . . .'

တစ်ဆက်တည်းပင် ထိုသူနှင့် လမ်းခွဲထွက်လာတော့ မမပြောသော စကားများ နားထဲဝင်လာသည်။

"ကိုစောဦးက ဒီမြို့က နာမည်ကြီး ဆေးလိပ်ရုံပိုင်ရှင်လေ၊ ဘွဲ့ရပြီးတော့ သူ့မိဘလုပ်ငန်းကို ဆက်ဦးစီးနေတာပေါ့"

ကိုစောဦး ပြန်ထွက်သွားစဉ် ကိုယ်တိုင်မောင်းသွားသော မြင်းချေးရောင် ကိုရိုလာကားကလေးကိုပါ မြင်ယောင်သည်။

"သူတို့ဆိုင်က ဈေးဒီဘက်ထောင့်မှာ၊ အဲဒါ မမတို့ ဒီဘက်လမ်း ဖြတ်ကူးလာတာ တွေ့လို့ ကားနဲ့လိုက်ပြီး ရေလောင်းတာတဲ့၊ ဘယ်လောက်များလဲလို့"

ထိုစကားများကိုပြောနေစဉ် မမ၏မျက်နှာတွင် ကျေနပ်သော အပြုံးလေး ရှိနေသည်ကို သတိထားမိသည်။

"သူနဲ့မမက မန္တလေးတက္ကသိုလ်က အတူတူဆင်းခဲ့တာ"

နားထဲတွင် ပြန်ကြားယောင်နေသော စကားများသည် ရင်အတွက် သက်သာရာ သက်သာကြောင်း တစ်ခုမှဖြစ်မလာ။

သက်ပြင်းတစ်ခုကို တိတ်တိတ်ခိုးချလိုက်၏။

"သတိထားနော်၊ ရှေ့မှာရေပက်နေတယ်"

ရုတ်တရက်ဝပ်ချ၍ ပြောလိုက်သော မိုးမိုး၏အသံကြောင့် ဖျတ်ခနဲ ရှေ့ကို လှမ်းကြည့်သည်။

"အား . . . တပြုံကြီးပါလား"

ရေပုံးတွေ၊ ခွက်တွေ၊ ပြွတ်တွေ၊ ဘောလုံးတွေနှင့် တသီကြီး စောင့်နေကြသော လူတစ်အုပ်ကြီး မြင်လိုက်ရသဖြင့် လန့်ဖျပ်သွားသည်။

ချက်ချင်း ကိုယ်ကိုလှည့်၍ အကာအကွယ် ယူလိုက်သည်။

ကျွန်တော့်ရင်ဘတ်တွင် နွေးခနဲ အတွေ့တစ်ခုရလိုက်၏။

ဝုန်း၊ ဖြန်း၊ ဝေါ၊ ဖောင်းဟူသော အသံများနှင့် ရယ်သံများ ရောထွေး ဆူညံသွားသည်။ ရေလုံးများသည် ကားထဲသို့ လိမ့်ဝင်လာ၏။



ရင်မှာ အတွေ့သည် ပို၍ နွေးထွေးလာ၏။

ရေသံများရပ်သွားမှ မမသည် ကျွန်တော့်ရင်ခွင်မှ မဝံ့မရဲ မော်၍ . . .

"ရှိသေးလား မောင်"

ရှေ့သို့ လှမ်းကြည့်လိုက်သည်။ ရေပက်သည့်သူများကို တွေ့။ ထို့ကြောင့် ပြုံး၍ ခေါင်းခါရင်း . . .

"မရှိတော့ပါဘူး"

ဒီတော့မှ မမသည် စိတ်သက်သာရသွားဟန် ကျွန်တော့်ကို က်ထားသောလက်များကို ဖြေလျှော့၍ ပြုံးလိုက်ပြီး . . .

"စိတ်ကို ညစ်သွားတာပဲ"

ကျွန်တော့်စိတ်ထဲတွင် စောစောက အဖြစ်အပျက်ကလေး း မည်သည့်အရပ်ဒေသသို့ လွင့်စဉ်သွားပြီမသိ၊ ရင်ခုန်ခြင်းသာ ကျန်ရစ်သည်။

စိန်ပန်းနီများနေရာတွင် စိန်ပန်းပြာများ ပြန်၍ ဝင်ရောက်လာသည်။

ထိုညက တော်တော်နှင့် အိပ်မပျော် . . .

တစ်နေ့တည်းနှင့် အတွေ့အကြုံသစ်များစွာ ရလိုက်သည်ဟု ုံးသပ်မိသည်။

ကောင်ပေါ်လမ်း၏ အတွေ့အကြုံများ၊ ပြီးတော့ မမနှင့်

ပတ်သက်သည့် အတွေ့အကြုံသစ်များ။

ဒီတစ်ရက်နှင့်ပင် ဘဝမှာ နေရကျိုးနပ်သည်ဟု တွက်လိုက်မိ၏။ တစ်ချိန်တည်းမှာပင် မမကို ကျွန်တော် မြတ်မြတ်နိုးနိုး ချစ်နေမိပြီဟူသော အချက်ကို ကောင်းစွာ သတိပြုမိလာသည်။

မမ၏အလှ၊ မမ၏ဖော်ရွေမှု၊ မမ၏အပြောအဆို၊ မမ၏အယုအယလေးများသည် ကျွန်တော့်ရင်၌ စွဲစွဲလမ်းလမ်း စေးကပ်ငြိတွယ်ခဲ့လေပြီ။

ကျွန်တော် လိုချင်တွေ့ချင်နေသော အချစ်ဆိုသည်မှာ ဒါပဲဖြစ်မည်ဟု တွက်လိုက်မိသည်။

ဒီတိုင်းဆိုလျှင် တောင်ကြီးမှာ ပျော်သလောက်နေဟု ခွင့်ပေးထားသော အန်တီဥမ္မာစကားအရ ကျွန်တော် တောင်ကြီးမှာ သောင်တင်နေရော့မည်ဟု ထင်လိုက်မိသည်။ တော်တော်နှင့် ပြန်နိုင်မည့်ပုံမပေါ်တော့။

အနည်းဆုံး မမဆီမှ စိတ်ချလက်ချအဖြေ၊ သို့မဟုတ် ကတိစကား တစ်ခုခုတော့ ရအောင် ယူသွားရပေမည်။ ထိုအရာလေးများရနိုင်ရန်လည်း အချိန်လုံလောက်စွာ ယူရပေဦးမည်။

အဖြေစကားဆိုမှ နွယ်မွန်ကို သတိရသည်။

သက်သာရာရသော စိတ်ကလေးတစ်ခုလည်း ယှဉ်တွဲပေါ်လာ၏။ တော်ပါသေးရဲ့၊ နွယ်မွန်နဲ့ မချစ်ခဲ့ရသေးလို့၊ ချစ်များ ချစ်ခဲ့ပြီးလျှင် ယခုအခါတွင် နောင်တရ၍ ဆုံးမည် မဟုတ်တော့။

(၁၀)

နွယ်မွန်နှင့် စတင်သိကျွမ်းသည့်နေ့ကို ပြောပါဆိုလျှင် ကျွန်တော် မပြောတတ်။

နွယ်မွန်နှင့် မည်သို့မည်ပုံ စတင်သိကျွမ်းသည် ဆိုသည်ကိုလည်း ကျွန်တော် မမှတ်မိတော့။

အဘယ်ကြောင့်ဆိုသော် ယခုအသက်အရွယ်မှနေ၍ ပြန်စဉ်းစားကြည့်လျှင် ကျွန်တော်မှတ်မိသမျှ အစောဆုံးအချိန်၌ နွယ်မွန်နှင့် ကျွန်တော် သူငယ်ချင်းဖြစ်ပြီးနေသောကြောင့်ပင် . . .။

စင်စစ်ပြန်တွေးကြည့်လျှင် နွယ်မွန်နှင့် ကျွန်တော်၏ ဇာတ်လမ်းလေးသည် ပို၍ လွမ်းမက်ဖွယ် ကောင်းဖို့သင့်သည်။ သူများတွေဆို ဒီလိုငယ်ငယ်လေးထဲက ခင်ခင်မင်မင်ရှိလာကြပြီး၊ ကြီးသည့်အခါ သံယောဇဉ်တွယ်တာခြင်းများစွာဖြင့် တစ်ယောက်ကိုတစ်ယောက် မျက်စိအောက်ကပင် အပျောက်မခံနိုင်ကြ။

ဘာတဲ့ . . . ငယ်ကျွမ်းဆွေတို့၊ ဘာတို့ညာတို့ပေ့ါလေ . .

ခုတော့ ဒီလိုမဟုတ်၊ ကိုယ့်ဘက်ကသာ သံယောဇဉ်လေး တွေ ဘာလေးတွေနှင့် တွယ်တာခဲ့သည်။ တမျှော်လင့်လင့်သဘော လေးတွေလည်း ရှိခဲ့သည်။ သူ့ဘက်ကျတော့ ကိုယ့်ကို ဖုတ်လေသည့် ငပိ ရှိလေသည်ပင် သဘောမထား။

ကျွန်တော်ကိုယ်ကလည်း မှားပါသည်။

ငယ်ငယ်တုန်းကလိုသာ သူ့ကို သဘောထားခဲ့လျှင် ဒီပြဿနာ မဖြစ်လာနိုင်။

နွယ်မွန်ဆိုသော အခေါ်အဝေါ်သည် ကြီးမှခေါ်သော နာမည်ဖြစ်၏။ ပြောရလျှင် အချစ်ဆိုတာလေး ရောက်လာမှ . . .

ငယ်ငယ်တုန်းက သူ့ကိုခေါ်သောအမည်သည် ဇီးကွက် ဖြစ်၏။

ထိုစဉ်က နွယ်မွန်သည် ယခုကဲ့သို့ ညိုညိုချောချောလေး မဟုတ်။ ယခု နွယ်မွန်က မမကိုမမီသော်လည်း လှတော့ အတော်လှ ၏။ တခြားသူများအတွက် အသားညိုခြင်းသည် လှမည့်ကိစ္စလေးကို နည်းနည်းလေးဖြစ်ဖြစ် အနုတ်လက္ခဏာ ဝင်ပြသော်လည်း နွယ်မွန်က တော့ ဒီလိုမဟုတ်။

ညိုတာလေးကိုက လှနေသည်။

ကျွန်တော်တွယ်တာခဲ့သည့်အထဲတွင် ညိုညက်သော အသားလေးသာမက သူ့မျက်လုံး ဝိုင်းဝိုင်းညို့ညို့လေးတွေလည်း ပါခဲ့သည်။ သူ့မျက်လုံးများသည် အခါမရွေး လှနေသည်ဟုပင် ပြော မလား မဆိုနိုင်၊ ဘယ်တော့ ကြည့်ကြည့် ညိုပြာပြာလေး ဖြစ်နေသည်

သူ့မျက်လုံးရွဲများဖြင့် တစ်ချက်ကြည့်သည် ကမ္ဘာကျေ



အချစ်ဝတ္ထုတစ်ပုဒ်ထက် အဆများစွာ စွဲလမ်းစရာ ဖြစ်နေ၏။

အဲ . . . ဒါ အခု ပြောတာနော်၊ အခုဆိုတာတောင် ဟို အကောင်နဲ့ ဘာမှမပတ်သက်ခင်အထိ။

ငယ်ငယ်ကတော့ ဒီကိစ္စလေးတွေကိုက သူ့မှာ ရယ်စရာဖြစ် နေသည်။ သူ့အသားသည် ညိုသော်လည်း အခုလိုမစို၊ မျက်လုံးသည် ယခုလိုပင် ဝိုင်းနေသော်လည်း ထိုစဉ်က ကလေးမျက်စိနှင့်ကြည့်လျှင် အင်း . . . မျက်လုံးပြူးပဲဆိုကြပါစို့လေ။

ထို့ကြောင့်ပင် ထိုစဉ်က သူ့အတွက် အမြဲဆိုလေ့ရှိသော သီချင်းမှာ . . .

"ဇီးကွက်မျက်ပြူး၊ ရေထဲတွန်းချ၊ ငါမသေဘူး၊ ရေကူးတတ် တယ်"

ဟူ၍ ဖြစ်၏။ ထိုအခါမျိုးတွင် နွယ်မွန်၏မျက်နှာညိုညိုသည် မည်းလာတတ်၍ ပြူးသောမျက်လုံးသည် ကျယ်လာတတ်၏။ ထို့ပြင် 'ခွေး . . . ခွေး . . . နင်မှရန်နိုင်ခွေး၊ ငါ ဇီးကွက်မှုတ်ဘူး' ဟု ဆိုကာ လက်ထဲရှိ တွေ့ရာနှင့် လှမ်းပေါက်တတ်၏။ ဒီအကြောင်းပြောလျှင် မှတ်မိစရာ အဖြစ်အပျက်လေးတစ်ခုကို သတိရသည်။

ထိုနေ့က ကျောင်းတွင် ရီပို့ကတ်ပေးသည့်နေ့။

ကျွန်တော်တို့ကျောင်းလေးတွင် အစဉ်အလာကောင်းလေး တစ်ခု ရှိသည်။ ထိုအစဉ်အလာကောင်းလေးမှာ ပထမအစမ်း၊ ဒုတိယ အစမ်း စသဖြင့် ခပ်ကြီးကြီးစာမေးပွဲများ စစ်ပြီးတိုင်း ပညာရည်မှတ် တမ်း ရီပို့ကတ်ပေးလျှင် ခမ်းခမ်းနားနား ပေးသည်။

လူကြီးများက ဤအစဉ်အလာကောင်းလေးသည် ယခင် စိန့်ဂျိုးဇက်ဖ် အင်္ဂလိပ်၍ ဟိုက်စကူးဟုခေါ်သော ခရစ်ယာန်ဘုန်း

တော်ကြီးကျောင်း လက်ထက်ထဲက ပါလာသည့် အစဉ်အလာ ကောင်းဟု ဆိုသည်။

သို့သော် ဤမျှအထိတော့ ကျွန်တော်မသိ။

ထားပါ၊ ဒါက အရေးမကြီးပါ၊ ကျွန်တော်ပြောလိုသည့် အချက်က ကျွန်တော်တို့ လေးတန်းတွင် ပညာသင်ကြားနေစဉ် ဒုတိယအစမ်းအတွက် ရီပို့ကတ်ပေးသည့်နေ့က အဖြစ်အပျက်လေးမှ သာ။

ထိုစာမေးပွဲတွင် ကျွန်တော် ဒုတိယရသည်။

ထို့ကြောင့် အတန်းထဲတွင် ဆရာမက ကျောင်းအုပ်ကြီးမသိ အောင် ခိုးပြောထားကတည်းက သိပ်မကျေနပ်။

ယခု ကျွန်တော် ဆွေ့ဆွေ့ခုန်နေ၏။

ကျွန်တော်ပဲထင်လို့လား၊ သို့မဟုတ် ဇီးကွက်ကပင် တော တောင်တောင် လုပ်နေလို့လားမသိ၊ အဆင့်များသိပြီး၊ တစ်ရက် နှစ်ရက်အတွင်း ပိန်ပိန်ညိုညို မျက်လုံးပြူးပြူးနှင့် သူ့ကိုကြည့်ရသည် မှာ ခေါင်းနည်းနည်း မော့်နေသလို ဖြစ်နေ၏။

အားတိုင်း၊ အားတိုင်း ကျွန်တော့်ကို လှည့်လှည့်ကြည့်၍ ပြုံးစိစိ လုပ်လုပ်နေတတ်သည် ထင်၏။

ဆုပေးသည့်နေ့ကျတော့ ပိုကြည့်မရတော့။

သစ်ပေ့ဆိုသည့် ဂါဝန်စိမ်းနှင့် ဖြူပေ့ဆိုသည့် ရှပ်အက် ခြေစွပ် စသည်တို့ကို ဝတ်ဆင်၍ ဆံပင်ကို ဖဲကြိုးအဝါစည်းကာ မေ တော့မော်တော့ လုပ်လာသည့် နွယ်မွန်သည် ကျွန်တော့်ဘေးတွ ခပ်တည်တည်ကြီး လုပ်နေသည်။

ထုံးစံအတိုင်း ဆရာကြီးက အဆင့်လိုက် တစ်ဦးစီအမည်



ခေါ်သည့်အခါ သူ့နာမည် ထိပ်ဆုံးက ထွက်လာ၏။

"နွယ်နွယ်မွန် . . . ပထမ"

အားလုံး၏မျက်နှာများသည် ကျွန်တော်တို့ဆီ ရောက်လာ ၏။ ကျွန်တော့်မျက်နှာ ရှိန်းခနဲဖြစ်သွားသည်။

နွယ်မွန်က ခပ်တည်တည်မျက်နှာပေးဖြင့် ဆတ်ခနဲရပ်ပြီး ကျွန်တော့်ကို တစ်ချက်လှည့်ကြည့်၍ ဆရာကြီးဆီသွားသည်။

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း"

လက်ခုပ်သံများ ဆူညံသွားသည်။

"ရန်နိုင်ဒွေး . . . ဒုတိယ"

ကျွန်တော် ထရပ်သည်။

ဆရာကြီးဆီသွားရန် လျှောက်လာသောအခါ ဆရာကြီးဆီမှ ပြန်လာသော မချောနှင့် ဆုံသည်။

သူ့လက်ထဲတွင် ရီပို့ကတ်ဖြူဖြူလေးနှင့် ကော်ရှပ်ဒေါ်လီ လေးတစ်ရုပ်၊ သူ့မျက်နှာက ပြုံးစိစိ။

ကျွန်တော့်စိတ်ထဲ မကြည်မလင် ဖြစ်သွားသည်။

ဆရာကြီးရှေ့ ကျွန်တော်ရောက်သောအခါ ဆရာကြီးက ရီပို့ကတ်ကို ဖွင့်ကြည့်၍ ခေါင်းတဆတ်ဆတ် ညိတ်ကာ ကျွန်တော့်ကို လှမ်းကြည့်သည်။ ပြီးမှ လေသံမှန်မှန်ဖြင့် . . .

"ဘာဖြစ်လို့ ပထမကနေ ဒုတိယဖြစ်သွားတာလဲကွ"

ကျွန်တော့်မျက်နှာ ခွေးခနဲ ဖြစ်သွားသည်။

"ကျွန်တော် နောက်တစ်ခါကျရင် ပထမရအောင် လုပ်ပါ့မယ် ဆရာကြီး"

ဆရာကြီးက ကျေနပ်စွာ ခေါင်းညိတ်သည်။ ထိုနောက် ရီပို့

ကတ်နှင့်အတူ အရုပ်လေးတစ်ရုပ် လှမ်းပေးသည်။

လက်ခုပ်သံများ ဆူညံသွားပြန်သည်။

ဆရာကြီးပေးလိုက်သောအရုပ်ကိုကြည့်၍ ကျွန်တော် ဝမ်းသာ၏။ အရုပ်က ဇီးကွက်ရုပ် စုဗူးလေး။

ဆရာကြီးရှေ့မှ ထိုင်ခုံသို့ ပြန်လာသောအခါ မပြေးမိရန် မနည်း သတိထားနေရ၏။

ဆရာကြီးနှင့် ခပ်လှမ်းလှမ်း ကျွန်တော်တို့ ထိုင်ခုံနားရောက်သည်နှင့် ကျွန်တော် ဇီးကွက်ရုပ်လေးကို ညှစ်ကြည့်သည်။

ပိကျွိ . . . ပိကျွိ . . . ဟု အသံထွက်လာ၏။

ပွတာပဲဟု စိတ်ထဲ ခပ်တိုးတိုး ရေရွတ်သည်။

ထိုင်ခုံတွင် ပြန်ထိုင်မိသောအခါ နှုတ်ခမ်းစူထားသော နွယ်မွန်ရှေ့သို့ ဇီးကွက်ရုပ်လေး လှမ်းပြ၍ ခပ်ဆဆ ညှစ်လိုက်သည်။

"ပိကျွိ . . . "

မျက်စောင်းတစ်ခု ဒိုင်းခနဲ ရောက်လာသည်။

ကျွန်တော် သဘောကျစွာ တဟဲဟဲရယ်သည်။ နှုတ်မှလည်း ခပ်တိုးတိုးလေသံဖြင့် . . .

"ဇီးကွက်မျက်ပြူး . . . ရေထဲတွန်းချ၊ ငါမသေဘူး . . . ရေကူးတတ်တယ်"

'ပိကျွိ'



နွယ်မွန်အံကြိတ်၍ ကျွန်တော့်ဘက် လှည့်ပြသည်။ နှုတ်ခမ်းကလည်း စူထား၏။ မျက်လုံးကိုလည်း ပြူးထားသည်။ ကျွန်တော့်မျက်စိထဲ ဇီးကွက်နှင့်ပိုတူနေ၏။

နားရွက်တစ်ဖက် ပူခနဲ ဖြစ်သွားသည်။

လှည့်ကြည့်လိုက်သောအခါ ဆရာမ။

"ရန်နိုင် . . . ဘာလို့ဆော့နေရတာလဲ၊ လက်ငြိမ်ငြိမ်နေစမ်း၊ အရိုက်ခံရမယ်"

ကျွန်တော် မျက်ခုံးပင့်၍ ဇက်ပုထားလိုက်ရ၏။

အဲ . . . ဇာတ်က ဆုပေးပြီးမှ စတာ . . . ။

ဆရာကြီးထွက်သွား၍ ဆရာမက အတန်းဖြုတ်ပေးလိုက်သည့်အခါ ကျွန်တော် ထင်တိုင်းကြတော့၏။

"ဇီးကွက်မျက်ပြူး ရေထဲတွန်းချ၊ ငါမသေဘူး၊ ရေကူးတတ်တယ် . . . ပိကျွိ . . . ပိကျွိ . . . ပိကျွိ"

ပါးစပ်ကလည်း အော်သည်။ မျက်လုံးကိုလည်း ပြူးပြသည်။ အရုပ်ကိုလည်း လက်ကညှစ်ရင်း နွယ်မွန်ရှေ့ ထိုးထိုးပြ၏။

"ဇီးကွက်မျက်ပြူး ရေထဲတွန်းချ၊ ငါမသေဘူး၊ ရေကူးတတ်တယ် . . . ပိကျွိ . . . ပိကျွိ . . . ပိကျွိ"

"ခွေးကောင် . . . နင် ငါ့ကို မစနဲ့"

နွယ်မွန့်မျက်နှာလေး နီရဲနေသည်။ အောက်နှုတ်ခမ်းကိုလည်း အတင်းကိုက်ထား၏။

သူ ဒေါပွမှန်း သိလေ . . . ကျွန်တော် ပျော်လေ။

♫ ဇီးကွက်မျက်ပြူး ရေထဲတွန်းချ၊ ပိကျွိ ×××ပိကျွိ ××× ပိကျွိ ××× ငါမသေဘူး ပိကျွိ ××× ပိကျွိ ××× ပိကျွိ ×××

ရေကူးတတ်တယ် ××× ပိကျိ ××× ပိကျိ ♫

စာသားကို သီချင်းလုပ်ဆို၍ ပိကျိသံ ဆိုင်းလုပ်ပြီး ကျွန်တော် သူ့ရှေ့တွင် ကွေးနေအောင် ကပြသည်။

"ခွေး . . . နင် မစနဲ့နော်"

'ပိကျိ'

"ငါ စိတ်ဆိုးလာပြီနော် . . . ရန်နိုင်"

'ပိကျိ'

'ဖြောင်း'

အမှတ်တမဲ့ သူဘာလုပ်လိုက်သည် မသိ။ လက်တစ်ဖက် ရိုပ်ခနဲ မြောက်သွားသည်သာ တွေ့လိုက်ရပြီး နဖူးစပ်တွင် ပူခနဲ ဖြစ်သွားသည်။

ကျွန်တော် နဖူးကို ကပျာကယာ လက်ဖြင့်စမ်း၍ သူ့ကို ကြည့်လိုက်သည်။ သူ့လက်ထဲတွင် စောစောက သူဆုရထားသော အရုပ်ကလေးသည် ကိုယ်တစ်ပိုင်းမရှိတော့။

ကျွန်တော် ကြောင်ကြည့်နေဆဲ နွယ်မွန်သည် သူ့အရုပ် သူပြန်ကြည့်၍ မျက်လုံးဝိုင်းသွားပြီး ချုံးပွဲချ ငိုတော့သည်။

"ဟီး . . . ဟီး . . . ငါ့အရုပ်လေး ကျိုးသွားပြီ၊ လျော်ပေး၊ ခွေးကောင် လျော်ပေး၊ ခွေးကောင် လျော်ပေး . . . ဟီး . . . ဟီး"

သူ့ငိုသံကြီးကြောင့် အခန်းထဲက ဆရာမ ကမန်းကတန်း ပြေးထွက်လာသည်။

"ဟဲ့ . . . ဘာဖြစ်တာလဲ၊ နွယ်နွယ်မွန် ဘာဖြစ်လို့ ငိုတာလဲ"

"သူ . . . သူ ဆရာမ၊ ရန်နိုင်ခွေး ကျွန်မအရုပ်လေး ကျိုးအောင်လုပ်တယ်၊ ဟီးဟီး"



"မ . . . မဟုတ်ပါဘူး ဆရာမ"

ဆရာမဆီမှ ဒေါသကြည့် ချက်ချင်း ရောက်လာသည်။ တ်ခနဲ ကျွန်တော့်လက်မောင်းကို လှမ်းဆွဲ၍ . . .

"ဘာ . . . မဟုတ်ပါဘူးလဲ၊ လာခဲ့၊ နင်သိပ်ဆိုးတယ်၊ ရန်နိုင် ကြည့်စမ်း သူများဆုရထားတဲ့ အရုပ်ကလေး ဘယ်လောက်နမြောဖို့ ကောင်းလဲ၊ လာ . . လာ . . တွေ့မယ်"

အမှုစစ်ခြင်းနှင့် စီရင်ချက်ချခြင်းသည် ဤမျှနှင့် ပြီးပြတ်သွား မကြာခင် ပြစ်ဒဏ်ကျသည်။

"ရွှမ်း"

တင်ပါးတစ်ခုလုံး ကျဉ်တက်သွားသည်။

"ရွှမ်း"

တင်းထားသည့် ကြားထဲမှ အီခနဲ အသံတစ်ချက် ထွက်သွား သည်။

"ရွှမ်း"

လန့်ဖျပ်၍ မျက်လုံးမှိတ်ထားလိုက်မိသည်။

"ကဲ . . . မှတ်ပလား၊ နောက် ဒါထက်နာမယ်"

ဆရာမဆီမှ ပြန်လျှောက်လာသောအခါ တင်ပါးမှာ ဒဏ် ကြောင့် လမ်းလျှောက်ရသည်ပင် ကွနေ၏။

သို့သော် . . . ဤမျှနှင့် ပြီးပလားဆိုတော့ မပြီးသေးပါ။

လမ်းတစ်လျှောက်လုံး ငို၍ပြန်လာသဖြင့် ကျောင်းကိုလာ ကြိုသော ကျွန်တော့်မေမေလည်း သိသွားသည်။ သူ့မေမေလည်း သိသွားသည်။

သူ့မေမေက ကျွန်တော့်မေမေ စိတ်ဆိုးနေမှန်းသိ၍ ပြန်ခါ

နီးတွင် . . .

"ကိစ္စမရှိပါဘူး . . . စရင်း နောက်ရင်းဖြစ်တာပဲ၊ ကလေးကို ဘာမှထပ်မလုပ်ပါနဲ့နော်"

အမှာစကားကြောင့် ထင်သည်။ အိမ်ရောက်သောအခါ . .

"မှတ်ပလား . . . မှတ်ပလား၊ သူများလို ပထမရအောင်တော့ မကြိုးစားဘဲနဲ့ မနာလိုတိုရှည် သွားစတယ်၊ ဆရာမက ရိုက်တာတောင် နည်းသေးတယ်၊ မှတ်ပလား"

ဟုဆိုကာ အပိုဆုများ ထပ်မံ၍ ချီးမြှင့်တော့သည်။

ဇာတ်လမ်းအစလေးသည် ဤမျှလွမ်းစရာ ကောင်းလှသည်တကား။

(၁၁)

ညက ချမ်းချမ်းနှင့် စောင်နှစ်ထပ်ခြုံပြီး ဟိုတွေးသည်တွေးတွေးလိုက်ရာ ဘယ်အချိန်တွင် အိပ်ပျော်သွားမှန်း မသိလိုက်။

နိုးလာသောအခါ ခေါင်းရင်း မှန်ပြတင်းမှ အပြာရောင်ခန်းဆီးကိုဖြတ်၍ နေရောင်ပင် ဝင်စပြုနေချေပြီ။

တောင်ကြီးမြို့၏အထာမသိသေးသဖြင့် နေရောင်ထိုးစမှာမနက်ခုနစ်နာရီခွဲ၊ ရှစ်နာရီလောက်ပင် ထင်ပြီး ခေါင်းရင်းစားပွဲမှလက်ပတ်နာရီလေးကို ကောက်၍ လှမ်းကြည့်လိုက်သည်။

"ဟိုက်"

ကိုယ့်ဟာကိုယ်လည်း လန့်သွား၏။

ကိုယ့်မျက်စိ ကိုယ်မယုံ။

"ဆယ်နာရီတောင် ထိုးပြီပဲ"

လွှတ်ခနဲ အသံထွက်သွားသည်။

ခုတင်ပေါ်မှ ကပျာကယာ လူးလဲထလိုက်၏။

မနေ့ညက ဧည့်ခန်းတွင် ဝိုင်းထိုင်၍ စကားပြောရင်း မမ ပြောသည့်စကား ချက်ချင်း ကြားယောင်သည်။

"မနက် ခပ်စောစော သွားကြတာပေ့ါ၊ နို့မို့ အင်းထဲမှာ နေပူ နေမယ်"

ဒီနေ့ အင်းလေးသွားဖို့ အစီအစဉ်ဆွဲထားသည်။

စောစောသွားမယ်ဆိုပြီး ဘာကြောင့် မနှိုးရတာလဲဟု စိတ်ထဲ အောက်မေ့သည်။ ကမန်းကတန်း မျက်နှာသုတ်ပဝါ၊ သွားပွတ်တံ၊ ဆပ်ပြာခွက်ဆွဲ၍ အခန်းတံခါး ဖွင့်လိုက်သည်။

"ဟော . . . မောင် နိုးပြီလား"

ပထမဆုံးအိပ်ရာထ မင်္ဂလာရှိသောအသံလေးကို ကြားလိုက်ရသည်။

"ဟုတ်ကဲ့ . . . မမ"

ပါးစပ်ကသာ ပြောလိုက်ရသည်။ အကြည့်ကို သူ့ဘက်မပို့ရဲ။ မနေ့က တစ်နေ့လုံး ကားရှေ့ခန်းမှ ထိုင်စီးလာသဖြင့် သဲဝင်၊ ဖုန်ဝင်၊ လေတိုက်နှင့် စပ်ဖျဉ်းဖျဉ်း ဖြစ်နေခဲ့သည့် မျက်လုံးအစုံမှာ ဒီနေ့ မနက် အိပ်ရာထသောအခါ အခုအခံ အထစ်အငေါ့များဖြင့် ဖွင့်၍ ကောင်းစွာမရ။

မျက်လုံးနှစ်ဖက်ကို ကပျာကယာ လက်ဖြင့် ပွတ်သည်။ ခြောက်နေသော မျက်ချေးအစိုင်အခဲများ လက်တွင် ကပ်ပါသွား၏။

"ရေချိုးခန်း သိတယ်မဟုတ်လား မောင်၊ ဟိုဘက်မှာ"

မနေ့တည်းက ရောက်ရောက်ချင်း ရေချိုးခန်း၊ အိမ်သာ စသည်တို့ကို ပြထားသဖြင့် သွားတတ်နေသော ကျွန်တော်သည် ရှက်



ရှက်ဖြင့် တစ်ချက်ရယ်ပြီး ခပ်သွက်သွက် လှမ်းလာခဲ့၏။

"ဖြည်းဖြည်းလုပ်ပါ . . . ရပါတယ်၊ အင်းထဲသွားတာပဲ အေးအေးဆေးဆေးပေ့ါ"

ကျွန်တော့်လှုပ်ရှားမှုကို ဂရုစိုက်ကြည့်နေသည် ထင်သည်။ မမက လှမ်းပြောလိုက်၏။

တော်တော့ တော်ပါသေးရဲ့။ ကျွန်တော့် လှုပ်ရှားမှုတွင် သွက်လက်မှု ပျာယာခတ်မှုသာ မြင်သွားသည်ထင်၏။ ကျွန်တော့် မျက်နှာကို အပြည့်အစုံ မြင်လိုက်ရဟန်မတူ။

မြင်သာသွားရင်ဖြင့် ပြဿနာ . . .

တကယ်သာမြင်ရင် မမသည် အောက်ပါကဗျာကို စပ်ဆိုလိမ့်မည်ထင်သည်။

**မနက်ကလေးဆီက**
**ရန်နိုင်ဒွေးကို မယ်မြင်တော့၊**
**သူ့မျက်နှာ၊ မျက်ချေးတွေနဲ့**
**ညစ်ပတ်တယ်လေး ...။**

တောင်ကြီး ၁၂ မိုင်
ညောင်ရွှေ ၇ မိုင်

အရှေ့ဘက်သို့ မြားတစ်စင်း၊ တောင်ဘက်သို့ မြားတစ်စင်း၊ မြားနှစ်စင်း ကန့်လန့်ဖြတ် တင်ထားသော ခရီးညွှန် မိုင်တိုင်ကို တွေ့

လိုက်ရသည်။

"ဒါ . . . ရွှေညောင်ဈေးလေ"

ရှေ့ခန်းမှ ထိုင်လာသော အန်တီဉမ္မာက လှမ်းပြလိုက်သဖြင့် တွေ့လိုက်သော လမ်း၏ဘယ်ဘက်ကို ကျွန်တော် လှမ်းကြည့်သည်။ သက်ကယ်မိုး ဆိုင်တန်းလျှားလေးများ တွေ့သည်။ ဝယ်သူရောင်းသူ စည်စည်ကားကား မတွေ့သဖြင့် . . .

"သိပ်မစည်ဘူးနော်"

မမကရယ်သည်။ ကျွန်တော့်ဘက် မျက်လွှာတစ်ချက်ဝင့်ရင်း . . .

"ဈေးနေ့မှမဟုတ်ဘဲ . . . မောင်ရဲ့"

ဒီတော့မှ ဒီဘက်ပိုင်း ထုံးစံတစ်ခုကို သတိရသည်။

"ဪ . . . ငါးရက်တစ်ဈေးဆိုတာလား"

"ဟုတ်တယ်၊ ဒီကဈေးနေ့က မနေ့ကပြီးသွားပြီ၊ ဒီနေ့ ညောင်ရွှေဈေးနေ့"

"ဘယ်ရက် ဘယ်ဈေးဆိုတာ ဘယ်လိုမှတ်ထားသလဲ မမ"

"ဒီလိုပါပဲ၊ ကြာတော့လည်း ဘယ်ဈေးပြီး ဘယ်ဈေးဆိုတာ မှတ်လို့ရသွားတာပေါ့၊ သူ့ဟာနဲ့သူ ဘယ်ဈေးနေ့မှာ တခြားဘယ်မြို့ ကဈေးနေ့နဲ့ တူတယ်ဆိုတာလည်း ရှိနေတယ်"

မမစကားကို နားထောင်နေရင်းနှင့် ကျွန်တော့်မျက်လုံးများ ပတ်ဝန်းကျင်ကို မသိမသာ စူးစမ်းသည်။

လမ်း၏ဘယ်ဘက်တွင် သစ်ဆိုင်။

ထို့နောက် ရိုးပြတ်များဖြင့် ဝါနေပြီဖြစ်သော လယ်ကွင်းများ

ထို့နောက် စခန်းကြီး ကမ္ဗဋ္ဌာန်းရိပ်သာ။



"သမီး . . . မောင်ညိုဝင်းတို့ကို သေချာပြောထားတယ် မဟုတ်လား"

ရှေ့ခန်းမှအန်တီက ခေါင်းငဲ့၍ လှမ်းမေးသည်။

"ပြောထားတယ် မေမေ၊ ကိုလေးတို့က ပွဲချိတ်ပါ စီစဉ်ထားပါလိမ့်မယ်"

လမ်းညာဘက်မှ ကန်ကြီးတစ်ကန်ကို ကြည့်နေသော ကျွန်တော်သည် စိတ်ထဲတွင် ထိတ်ခနဲ ဖြစ်သွား၏။

ကိုလေးဆိုသော အသုံးအနှုန်းကြောင့် . . .

စိတ်ထဲတွင် ခိုးလိုးခုလု ဖြစ်သွားသည်။ ကိုကြီးဆိုသော အသံကြောင့် ဖြစ်ပေါ်ခဲ့ရသော ခံစားမှုမျိုးဖြစ်ကြောင်း အမှတ်ရသည်။ ရင်ထဲတွင် ဝန်တိုစိတ်ကလေးတစ်ခု လှုပ်ရှားသွား၏။

သက်ပြင်းကို မသိမသာ ခိုးချလိုက်မိသည်။

"ဒါ . . . ပုလဲနဲ့ငါးက ရေချိုငါးမွေးမြူရေးကန်ပေါ့"

ကျွန်တော့်အငိုင်ကို မမက အငေးဟု ထင်သွားသလားမသိ၊ ကျွန်တော်ကြည့်နေသောနေရာကို ညွှန်၍ပြောသည်။

"ဟုတ်ကဲ့"

အလိုက်သင့် ပြန်ပြောလိုက်သော်လည်း ကျွန်တော့်အကြည့်သည် ကန်မှာမရှိ၊ ကန်ကိုညွှန်ထားသော မမ၏ လက်ဖြူဖြူလေးများဆီ ရောက်သည်။

မမ၏လက်ဖမိုးလေးပေါ်မှ မွေးညင်းစိမ်းဖန့်ဖန့်လေးများပေါ် အာရုံရောက်သည်။ မမ၏ ဖြူနုဖြောင့်သွယ်သော လက်ချောင်းလေးများတွင် အာရုံဝင်သည်။ မမ၏ ပုလဲနှစ် လက်သည်းချွန် ဝိုင်းဝိုင်းလေးများတွင် အာရုံစိုက်၏။

ပုလဲနှင့်ငါး၏ ရေချိုင်းမွေးကန်ထက် ကျွန်တော့်စိတ်ဝင်စား
မှုသည် မမလက်ပေါ်မှ အချစ်ငါးမွေးမြူရေးကန်ကလေးပေါ်တွင်
ဆိုက်ရောက်နေမိ၏။

ဒီလက်ကလေးများဖြင့် မမသည် ကျွန်တော်ကဲ့သို့သော ငါး
ဘယ်နှစ်ကောင်ကို ဖမ်းလှောင်ထားခဲ့ပါပြီနည်း။

ယခု သီရသလောက်ပင် ကိုစောဦးဆိုသော ကိုကြီး တစ်
ယောက်၊ ခု ကိုညိုဝင်းဆိုသော ကိုလေးဆိုသည်က တစ်ယောက်
သူတို့တစ်တွေသည် မည်သူတွေများနည်း၊ ရန်နိုင်ဒွေးဆိုသော မောင်
ကရော။

ကျွန်တော် မမကို အချစ်ပုံမိခြင်းသည် လောသွားပြီလော
ကျွန်တော် မဝေခွဲတတ်၊ အမှန်တော့ မမနှင့်ကျွန်တော် စတွေ့သည်မှာ
တစ်ရက်နှင့်တစ်ပိုင်းမျှသာ ရှိသေးသည်။ ယခုထက်ထိ မမအကြောင်း
နှင့်ပတ်သက်၍ လှခြင်းနှင့် ချစ်စရာကောင်းခြင်း ဒီမျှသာ သိသေး
သည်။

ဒီမျှ ချစ်စရာကောင်းသော မမတွင် ကျွန်တော့်ထက် အရင်
ချစ်မိသူများ ဘယ်နှစ်ယောက်ရှိမည် ကျွန်တော်မသိ။ မမကရော
ထိုလူများအနက် တစ်စုံတစ်ယောက်ကို ပြန်လည်ချစ်ခဲ့ခြင်း ရှိ မရှိ
ကျွန်တော်မသိ။

ဤအတွေး မဆုံး . . . နောက်အတွေးတစ်ခုက ဖြတ်ဝင်လာ
ပြန်သည်။ နောက်အတွေးသည် ရှေ့အတွေးကိုချေဖျက်ရန် ကြိုးစား
၏။

မဆိုင်ပါဘူးလေ၊ ဒါတွေကိုသိဖို့ မလိုပါဘူး။ ကိုယ်ချစ်ရင်
ပြီးတာပဲ မဟုတ်လား၊ အဓိက,က မမမှာ ပိုင်ဆိုင်သူ ရှိ မရှိ။ ပိုင်ဆိုင်သူ



မရှိလျှင် ချစ်ပိုင်ခွင့်ရှိပြီ . . . ဒါပဲ၊ ကျန်တာက ကိုယ်နှင့်မဆိုင်။

လောကမှာ ချစ်တယ်ဆိုတဲ့ကိစ္စက နဂိုထဲက မျက်ကန်း
အလုပ်ဥစ္စာ၊ သူ့ဘာသူ ရှိနှင့်ချင်ရှိနှင့်၊ ရှိနှင့်ထားပြီးလို့ ရှိရင်တောင်
ကိုယ်က နောက်ဆုတ်မှာမဟုတ်၊ ရှိပြီးသားလူကို ခြေစုံကန်ပြီး ကိုယ့်
စည်းဝိုင်းထဲ ဝင်လာရင်တောင် လက်ကမ်းကြိုရဦးမှာ။

သို့သော် တစ်ခုပဲစိုးရိမ်သည်။

ကျွန်တော့်ဘဝတွင် အချစ်နှင့်ပတ်သက်၍ တစ်ကြိမ်ကျဆုံး
ပြီးပြီ၊ ဒုတိယအကြိမ် ကျဆုံးခြင်းမဖြစ်ရန်ကတော့ ကျွန်တော် သိပ်
သတိထားရမည့်ကိစ္စ။

ဒီတစ်ကြိမ်မှာ အကျအဆုံးမခံနိုင်။

ရန်နိုင်ဒွေးပဲ . . . သိတယ်မဟုတ်လား။

ချစ်စရာရှိလည်း ခပ်ပြတ်ပြတ်တွေး၊ မချစ်တော့ဘူးဆိုရင်
လည်း ခပ်ပြတ်ပြတ်ပဲတွေးပေါ့။

ခု မင်းချစ်လား . . .

ချစ်တယ် . . .

အိုကေ . . . ဒါဖြင့် ဆက်လုပ် . . .

ညီစေနော် . . .

အေး . . .

အေးအပြင် အဲ . . . မရှိဘူးလား၊

အိုး . . . သိပ်ရှိပေါ့၊ အဲ . . . ပေါ့၊

ကိုယ့်ဟာနှင့်ကိုယ် တစ်ယောက်တည်း အတိုင်အဖောက်က
တော့ ကိုက်နေ၏။

"မောင် ဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလား"

မမက ကျွန်တော့်အမူအရာကို ကြည့်ပြီး စိုးရိမ်တကြ
လေသံဖြင့် မေးသည်။

"မဖြစ်ပါဘူး မမရဲ့၊ ပတ်ဝန်းကျင်က ရှုခင်းတွေ စိတ်ဝင်စ
လို့ ငေးနေတာပါ"

ဘယ်ဘက်တစ်လျှောက် ဝန်းရံထားသော တောင်တန်းမျ
ဆီ လက်ညွှန်၍ ပြောင်ညာလိုက်သည်။ မိုးမိုးထံမှ ရယ်သံသဲ့သဲ့ကြ
ရ၏။

"ရန်ကုန်ကရည်းစား သတိရနေလားမှ မသိတာ"

"ဟာ . . . မိုးမိုးကလည်း တောက်တီးတောက်တဲ့"

မမလည်း သဘောကျစွာရယ်သည်။ ထို့နောက် လှပသေ
မျက်စောင်းလေးတစ်ခုဖြင့် . . .

"ဟုတ်မှာပါ၊ တောင်ပြာဟန်းကြီးတွေ ကြည့်ပြီး လွမ်းနေတ
ဖြစ်မှာပေါ့"

"မဟုပ်ပါဘူး မမရဲ့၊ ကျွန်တော့်မှာ ချစ်ပြီးသားလူ မရှိပါဘူ
မမမျက်လုံးလေး ဝိုင်းခနဲ ဖြစ်သွား၏။

"အမယ် . . . တယ်ကဗျာဆန်ပါလား၊ ချစ်ပြီးသားသူ မ
သေးဘူးဆိုတော့"

မမ၏ လက်ညှိုးနှင့်ပါးပြင် ထိခတ်မှုကို တမက်တမော လှ
ကြည့်မိသည်။ မမက စကားကို တစ်ပိုင်းတစ်စနှင့်ရပ်သည်။

ကျွန်တော် ရယ်လိုက်၏။

"ချစ်ပြီးသားသူ မရှိတာပေါ့၊ မမကလည်း လွယ်လွယ်ေ
ဉစ္စာ"

"အင်း . . . မောင်ပြောမှပဲ ရှင်းတော့တာပဲ၊ အင်းလေ . .



မမတို့က ခုမှ သိတဲ့လူတွေဆိုတော့ မောင်ပြောသမျှပဲ ယုံရမှာပေါ့"

"တကယ်ပါ"

ကိုယ့်စကား ကိုယ်မလုံ၊ မမ၏အကြည့်ကို ကျွန်တော် မဆုံ
ဖြစ်ရန် ပတ်ဝန်းကျင်ထံ မျက်နှာလွှဲသည်။

ဘယ်ဘက်လမ်းဘေးမှ အုတ်တိုင်လှလှလေးနှင့် သူ့ရှေ့မှ
ဆိုင်းဘုတ်လေးကို လှမ်းဖတ်သည်။

ဖြူညို စုပေါင်း အုတ်ထုတ်လုပ်ရေး။

ထို့အပြင် ဆိုင်းဘုတ်ပေါ်မှ လုပ်ငန်း၏ ကုန်အမှတ်တံဆိပ်
ဖြစ်သော ဇီးကွက်ရုပ်လေးကိုလည်း လှမ်းမြင်သည်။

ဇီးကွက်ရုပ်လေးသည် ဖျတ်ခနဲ ခုန်ထ၏။



"ဟော့ကောင် . . . မင်းဇီးကွက်က ဒီလိုတော့လည်း ဘယ်
ဆိုးလို့လဲ"

ဆယ်တန်းတက်စနေ့ကဖြစ်သည်။ ထုံးစံအတိုင်း အထက်
တန်းတွင် နောက်ဆုံးနှစ် ကူးပြီးခါစ၊ စိတ်ကလေးများကလည်း
အတွေးသစ်တစ်ခုတွင် ကောင်းကောင်း ယဉ်ကြည့်စ ပြုသည့်အချိန်။

အမှန်အတိုင်း မရှက်မရွံ့ ဝန်ခံရလျှင် ဒီနှစ် ကျောင်းပြန်
တက်လျှင် တွေ့ရမည့် အတွေ့အကြုံသစ်အပေါ် ထားသည့် မျှော်
လင့်ချက်များတွင် ခါတိုင်းနှစ်ထက် တစ်ခုပိုလာပြီ။

ဖတ်ဖူးသည့် ဝတ္ထုများထဲကလို ကျောင်းသို့ အသစ်ပြောင်း

လာသည့် ကောင်မလေးလှလှလေးတစ်ယောက်ယောက်နှင့်များ ပခုံးချင်း ဝင်တိုက်ရာက ခင်မင်၍၊ အဟတ် . . . အပြန်အလှန် စာလေးတွေ ရေးကြ၊ ဘာညာဘာညာလေးတွေ ဖြစ်ကြ၊ ဖြစ်မလား ဆိုတာက တစ်မျိုး။

ကိုယ်က စာတော်သည့်ကောင်ဆိုတော့ ဂဏန်းသင်္ချာညံ့သည့် ကောင်မလေးတစ်ယောက်ယောက်ကပဲ စာလာပြခိုင်းရာမှ အဟမ်း . . . သံယောဇဉ် ဆိုတာလေးတွေ ဘာလေးတွေငြိ တက္ကသိုလ်ရောက်တော့ အင်းလျားရေစပ်မှာ အကြော်လေးတွေ စားကြ၊ ကော်ရစ်ဒါထောင့်ချိုးမှာ၊ အဲ . . . တညီးလေးတွေဖြစ်ဆိုတာက တစ်မျိုး။

အမျိုးမျိုးသောပုံစံများဖြင့် တစ်ခုတည်းသော ဦးတည်ချက်ကို မျက်ခြည်ပြတ်မခံဘဲ ဉာဏ်ကွန်ယက် တစ်လွှာပြီးတစ်လွှာ ဖွင့်ကြည့်သည်။

မှန်တာပြောရလျှင် အနီးအပါးမှ ယီးတီးယားတား ပြုချင်စဖွယ် မိန်းကလေး အတော်များများကို စိတ်ကူးဖြင့် ရည်းစားစကား ပြောကြည့်ပြီးပြီ။

သို့သော် . . . ဇီးကွက်ခေါ် နွယ်မွန့်ကိုတော့ စိုးစဉ်းငယ်မျှ ထိပါးခြင်း မပြုခဲ့။

ခု အနားမှ ဇော်အေးက ကျောင်းကို ပထမဆုံးအကြိမ် ထဘီ တို့ ရင်ဖုံးတို့နှင့် ပြုပြုပြင်ပြင်လေး လုပ်လာသော နွယ်မွန်ကို အထက်ပါအတိုင်း မှတ်ချက် ပေးလိုက်သောအခါ ရင်ထဲ လှုပ်တုတ်တုတ်ဖြစ်သွား၏။

ဒင်း . . . သေချာကြည့်တော့လည်း ဟုတ်သလိုလို



သို့သော် သူ့ကျတော့ ကိုယ်က အမှတ်ပေးရမှာ တစ်မျိုးဖြစ်နေ၏။

“ဟာ . . . မင်းကလည်း ဒီပုံကြီးများ . . .”

မြင်ပါများတော့ ငယ်တယ်ပဲပြောပြော အတန်းချင်းကလည်း တူတူ၊ လူကြီးချင်းကလည်းခင်၊ ငယ်ငယ်ထဲကလည်း ရန်ဖြစ်ဖော် ရန်ဖြစ်ဖက်ဆိုတော့ သူများပြောသလို လိုက်ပြောရမှာ အရှက်ဆုံး ဖြစ်နေသည်။

“အင်း . . . ဒါမျိုးပဲ ကြောက်ရတာ၊ မဟုတ်မှလွဲရော ငါတော့ မင်း ဇီးကွက်ကို ကြိုက်နေတယ်လို့ ထင်တာပဲ”

“ဟာ . . . မဟုတ်တာ၊ ဘာဆိုင်လို့လဲကွ”

အဟုတ်၊ သူပြောလိုက်သည့် စကားကြောင့် ကျွန်တော် နံ့ဖျပ်သွားသည်။ ဘယ်လိုမှ မပတ်သက်နိုင်သော စကားကို သူမို့ ပြောရက်သည်။

“မသိဘူးကွ၊ ငါ့စိတ်ထဲထင်တာ ပြောတာပဲ၊ ခုနက နွယ်မွန့် မြင်လိုက်တာနဲ့ မင်းကို ပြေးသတိရတာပဲ”

“တော်စမ်းပါကွာ အဓိပ္ပာယ်မရှိတာ”

ပြောသာ ပြောလိုက်ရသည်။ သူ့စကားကြောင့် အမျိုးမည် မသိသည့် စိတ်ကလေးတစ်ခု လှုပ်ရှားသွား၏။

ပြီးပြီးသားကိစ္စ ပြီးပြီးသားဟု သဘောထားခဲ့လျှင် နောက်၌ ကျွန်တော် ဘာမှဖြစ်မည်မဟုတ်။

ခုတော့ မနက်က ဇော်အေးနှင့် ပြောခဲ့သော စကားများသည် ကံမကောင်းစွာ နွေလယ် ကျောင်းခန်းထဲ ရောက်သည်အထိ ငြိပါနေသည်။

"ငါ့စိတ်ထဲ ထင်တာပြောတာပဲ၊ ခုနက နွယ်မွန့်ကို မြင်လိုက်တာနဲ့ မင်းကို ပြေးသတိရတာပဲ"

ပိုဆိုးတာက သူက နွယ်မွန်မြင်၍ ကျွန်တော့် သတိရတာ၊ ကျွန်တော်ကျတော့ သူ့စကား သတိရတိုင်း နွယ်မွန့်ကို လှမ်းလှမ်းကြည့်ဖြစ်နေခြင်းပင်။

ကျွန်တော်တို့အတန်းမှာက ယောကျာ်းလေးတစ်ခြမ်း၊ မိန်းကလေးတစ်ခြမ်း ထိုင်ရသည်။ နွယ်မွန်သည် ကမ္ဘာပေါ်ရှိ စာကြိုးစားသော မိန်းကလေးများနည်းတူ ရှေ့ဆုံးခုံတန်း၊ ဆရာနှင့်အနီးဆုံး အတွင်းဘက်အစွန်ကို မရရအောင် ဦးထိုင်တတ်သည်။

ကျွန်တော်ကတော့ ကမ္ဘာပေါ်ရှိ မိမိကိုယ်မိမိ အထင်ကြီးတတ်သော ယောကျာ်းလေးများနည်းတူ နောက်ဆုံးခုံတန်းများတွင် အနောက်ဘက်ကျနိုင်သမျှ ကျသောနေရာတွင် ရွေးထိုင်တတ်လေ့ရှိသူ။

သို့သော် ဒီနှစ်တွင် ကံဆိုး၍ နောက်ဆုံး ခုံတန်းတွင် နေရာမရလိုက်။ ကျွန်တော့်ထက် သမ္မာရင့်သော မနှစ်က ဆယ်တန်းနှစ်ကျသမားများက ဦးထားလိုက်သဖြင့် ဒုတိယနောက်ဆုံးခုံအတွင်းဘက်အစွန်သာ နေရာရသည်။

ထိုနေရာက ကြည့်လျှင် နွယ်မွန်ကို ခပ်စောင်းစောင်းမှ ဘေးတိုက်မြင်နေရ၏။

ထို့ပြင် နွယ်မွန်သည် ကမ္ဘာပေါ်ရှိ အခြားမိန်းကလေးများ



ည်းတူ အင်မတန် စကားများသောကြောင့် မကြာခဏ နောက်လှည့်လှည့်၍ တွတ်ထိုး၏။

ကျွန်တော် ရှေ့ဘက်ပဲ အမြဲကြည့်နေရသူ၊ သူက မကြာခဏ နောက်လှည့်သူ၊ ထိုအခါ ဇော်အေး၏စကားများကို ကျွန်တော် မကြာခဏ သတိရနေတော့သည်။

ဒီတော့မှ ဇော်အေး၏စကားများသည် မမှားဟု မြင်လာ၏။

တစ်ခါမှ ဒီစိတ်မျိုးဖြင့် မကြည့်ဖူးခဲ့၍လား မပြောတတ်၊ ယခု စိတ်ကလေးတစ်မျိုးဖြင့် အကဲခတ်လိုက်သောအခါ နွယ်မွန်သည် တဖြည်းဖြည်း လှလာသည်။

ပိုဆိုးသည်မှာ ကျွန်တော့်ဘက် လှည့်လှည့်၍ သူ့မျက်လုံးရွဲကြီးများဖြင့် စိုက်စိုက်ကြည့်လိုက်သောအခါ ကျွန်တော့်ရင်သည် ဒိတ်ခနဲ၊ ဒိတ်ခနဲ ခုန်ခုန်လာခြင်းပင်။

ထိုအခါမှစ၍ ရှေးပညာကျော်ကြီးများ၏ အယူအဆ အတွေးအခေါ်ကို ကျွန်တော် တော်လှန် ပြောင်းလဲပစ်တော့သည်။ …နွားသည် ရွာနားကမြက်ကို သဘောကျသွား၏။

ထိုညက ကျွန်တော် အိပ်မက်တောင်မက်မိသည်။

တစ်ညလုံး ဇီးကွက်ရုပ်များကြားတွင် ရောက်နေသည်ဟု။

ဩော် . . . အချစ် . . . အချစ် နင် တော်တော်ဆိုးပါလား နော် . . . ။

(၁၂)

တိုင်လေးတစ်တိုင်တွင် တန်းလေးတစ်တန်း ရိုက်၍ တန်းတွင် သံပြားဝိုင်းလေးတစ်ခုကို အဝါရောင်ဆေးသုတ်ပြီး စာသုံးလုံး ရေး၍ သံကြိုးဖြင့် ဆွဲထားၐ၏။

ဘောရိသ ...

ညာဘက်သို့လှည့်ကြည့်လိုက်သောအခါ ထုံးဖြူဖြူနှင့် ဘုရားတစ်ဆူ၊ ဘုရားဝင်းရှေ့တွင် ခြသေ့်နှစ်ကောင် ခေါင်းကျိုးနေကြသည်။

"ဒါ . . . ဘောရိသရွာလေ၊ ဘုရားက ဘောရိသဘုရား"

မမက ကျွန်တော့်ဘက် မသိမသာမှီလိုက်ပြီး ပြတင်းမှ လက်ညှိုးညွှန်၍ပြသည်။ မမ၏ဇာအကျီမှ ရှတတလေးကို သတိပြုမိလိုက်၏။

"ဘောရိသ . . . ဘောရိသ ဒီစကားလုံးကို ကျွန်တော် ကြားဖူးသလိုပဲ . . . မမ"



မမက ရယ်သည်။

"ဘာလဲ မောင်ကြားဖူးတာ၊ ဆယ်တန်းကဗျာထဲက ပေါရိသလမ်း . . . ထင်ပါတယ် . . ."

ဒီတော့မှ ချက်ခနဲ ကျွန်တော် သတိရသည်။ ဟုတ်သားပဲ ဆယ်တန်းတုန်းက တတွတ်တွတ် ရွတ်ကျက်ခဲ့ရသည့် ဦးပုညရဲ့ ကဗျာပဲ . . .။

တောဟိမဝါ
ပေါရိသာ အယူမှားစဉ်က
လူသားကိုစင်မင်လို့
ရှင်ဘုရင် အရောကျရယ်က
မဆင်ခြင်လာသမျှကိုတဲ့
ဟော ...အမိအရ ဖမ်းတာကြောင့်
တော ...အထိကာရ ကြမ်းလိုက်ပါဘိ
ပေါရိသာ့လမ်း။

"အဲဒါနဲ့တော့ 'မဆိုင်ပါဘူးနော်"

ကျွန်တော့်အမေးကြောင့် မမရယ်သည်။ မမ ရယ်သောအခါ ကျွန်တော့်လက်မောင်းများသည် ပို၍နွေးထွေးသွား၏။

"မဆိုင်ပါဘူး မောင်ရဲ့၊ အဲဒီကဗျာမှာ ပါပြီးသားပဲ၊ ရာဇဂြိုဟ် သာကေတေယ်နှင့် ဗာရဏ၊ တက္ကသိုလ်၊ အညီတွေးလိုက်တော့ ၍လေးပြည် ဗဟိုအလယ်ထင့်လို့ ဆိုထားတာပဲ၊ ဟိုဟာက ရာဇဂြိုဟ် ပြည်ရယ်၊ သာကေတပြည်ရယ်၊ ဗာရာဏသီပြည်ရယ်၊ တက္ကသိုလ်ပြည် လေးပြည်သွားတဲ့ လမ်းရဲ့ လမ်းဆုံအလယ်ဗဟိုမှာတဲ့၊ ဒါက

ရွှေညောင်နဲ့ ညောင်ရွှေလမ်းမှာ ဥစ္စာ"

ကျွန်တော် အံ့ဩသွားသည်။ ကျွန်တော် သိသလောက် မမသည် မန်းတက္ကသိုလ်မှ ဘွဲ့ရပြီးသား။ ကျွန်တော့်လို ဒေသကောလိပ်ကျောင်းသားက ဆယ်တန်းစာ မှတ်မိသည်မှာ မဆန်းသော်လည်း မမ ဤကဗျာကို ရနေခြင်းအတွက် ထူးဆန်းနေသည်။

"မမက ဘယ်လိုလုပ် ဒီကဗျာကို မှတ်မိနေတာလဲ၊ ဒါဆယ်တန်းမှာပါတဲ့ ကဗျာပဲဟာ"

"အင်းလေ"

ဟိုဘက်အစွန်မှ မိုးမိုးကလည်း အံ့ဩစွာ ဝင်ပြော၏။ မမက ကျေနပ်ပြုံးဖြင့် ပြုံးရင်း . . .

"မမက တက္ကသိုလ်မှာ မြန်မာစာ ယူလာခဲ့တာပဲ၊ ဒါတွေဟိုမှာလည်း သင်နေရတော့ မှတ်မိတာပေါ့"

"ဪ"

ကျွန်တော် 'ဪ' သည် မမ၏အကျိုးအကြောင်း ခိုင်လုံသော ရှင်းချက်ကို သဘောပေါက်၍လား၊ မမနှင့် ပတ်သက်၍ သိစရာအချက်လေးတစ်ချက် ထပ်မံသိလိုက်ရသည့်အတွက် ကျေနပ်သွားသည်လား မခွဲတတ် . . .။

"အဲဒီကဗျာက ခု မိုးမိုးတို့သင်ရတယ်၊ ကျောင်းမှာ ဆရာရှင်းပြတာ ကြောက်စရာကြီးနော်၊ ပေါရိသာရက လူသားတွေ ဖမ်းစားတယ်တဲ့"

မိုးမိုးစကားကြောင့် ကျွန်တော် ရယ်လိုက်သည်။ မိုးမိုးဘက်လှမ်း၍လည်း . . .

"မိုးမိုးက အလကား ကြောက်စရာမရှိ ရှာကြောက်တယ်၊



ပေါရိသာရကို မိုးမိုး ကြောက်စရာ မလိုပါဘူး၊ မိုးမိုးဆိုရင် ပေါရိသာရက စားမှာ မဟုတ်ဘူး"

ကျွန်တော့်စကားအသွားအလာကို ရိပ်မိဟန်တူသော မိုးမိုးက မျက်စောင်းလှမ်းထိုး၍ . . .

"ဒွေးနော်၊ ပေါက်တတ်ကရတွေ လျှောက်မပြောနဲ့"

အလယ်က မမက ရယ်ရင်း . . .

"ဘာဖြစ်လို့လဲ"

"မိုးမိုးတစ်ကိုယ်လုံး ကုန်အောင်စားရင် ပေါရိသာရ စားပိုးနင့်ပြီး သေသွားမှာပေါ့"

မိုးမိုးက မမကိုကျော်၍ ကျွန်တော့်ကို လှမ်းရိုက်သည်။

ရှေ့ခန်းမှ ကားဆရာရော၊ အန်တီပါ ရောရယ်ကြသဖြင့် တစ်ကားလုံး ရယ်သံများ ဆူညံသွားသည်။

"မောင်ကလည်း ပေါက်ကရ"

ကျွန်တော့်ဘက် လှည့်လိုက်သော မမမျက်နှာတွင် အရယ်ရိပ်များ စွန်းထင်းနေသည်။

ကျွန်တော့်ခေါင်းထဲ အရေးပေါ် စဉ်းစားလိုက်သည်။

"မမကို ဘယ်တော့ ဖွင့်ပြောရရင် ကောင်းမလဲ မသိဘူး"

ဦးနှောက်သည် ကျွန်တော့်အား ချက်ချင်း အဖြေမပေးချေ။

ဦးနှောက်သည် တစ်ခါသေဖူး ပျဉ်ဖိုး နားလည်နေခြင်း

ဖြစ်၏။

ပထမဆုံး အတွေ့အကြုံတုန်းကမူ သူသည် ဤမျှ ကြန့်ကြာလေးဖင့်နေခဲ့ခြင်း မရှိ။

နွယ်မွန့်ကိုချစ်သည်ဟု နှလုံးသားက ဆုံးဖြတ်ချက်ချပြီးသည်နှင့် ဦးနှောက်သည် မဆိုင်းမတွပင် အောက်ပါစကားများကို ပြောဆိုသည်။

"ဒါဖြင့်လည်း ဖွင့်ပြောလိုက်ပါလားကွာ၊ တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ် ကင်းတဲ့သူတွေမှ မဟုတ်ဘဲ"

ဤအကြောင်းကို ပထမဆုံး ဖွင့်ဟတိုင်ပင်ခြင်း ခံရသူက ဇော်အေး၊ ကျွန်တော်က . . .

"ငါ နွယ်မွန်ကို ဖွင့်ပြောလိုက်တော့မယ်ကွာ"

ဇော်အေးသည် ကျွန်တော့်စကား၏ အရင်းအမြစ်ကို လုံလုံလောက်လောက် သဘောပေါက်သွားဟန် မတူ။

"ဘာကိုဖွင့်ပြောမှာလဲ၊ မင်းဟာက အရင်းမရှိ၊ အဖျားမရှိ"

ကျွန်တော့်မျက်နှာတွင် ရှိန်းခနဲ အပူငွေ့တစ်ခု ဖြတ်သန်းသွားသည်။ ဘာပြောလို့ ပြောရမှန်းပင် မသိ၊ သို့သော် ရှက်ရှက်နှင့်ပြောလိုက်ခြင်းသည် အဆီအငေါ်တည့်သွားသည်။

"ငါ သူ့ကိုကြိုက်နေတယ်ကွာ"

"ဟ . . . သောက်ကျိုးနည်း၊ ရောဂါဖြစ်တာက မြန်လှချည်လားကွ၊ ဟိုတလောက ငါပြောတုန်းကတော့ ဘာဖြစ်သလေး ညာဖြစ်သလေးနဲ့"

"အေး . . . အခု ဒီလိုဖြစ်နေပြီကွာ . . . ဘာလုပ်ရမလဲ"

ကျွန်တော့်ကို အကဲခတ်သလို သူကြည့်သည်။ ကျွန်တော်



အတည်ပြောနေမှန်း တွေ့ရှိသွားပုံ ပေါ်သည်။ သူ့မျက်နှာ ချက်ချင်းစပ်ဖြီးဖြီး ဖြစ်လာ၏။

"ဟီး . . . ကောင်းတယ်၊ ဖွင့်ပြောလိုက်"

"ဘာကောင်းတာလဲ"

"ကောင်းလို့ ကောင်းတယ်ပြောတာပေါ့ကွာ၊ ဒါမျိုး ငါကလည်း မြှောက်ပေးချင်နေတာနဲ့ အတော်ပဲ၊ မြန်မြန်ဖွင့်ပြောလိုက်၊ ဟိုကောင်မော်စီလည်း နွယ်မွန်ကို ရိတိတိလုပ်နေတယ်"

သူ့စကားကြောင့် ကျွန်တော့်စိတ်ထဲ ထိတ်ခနဲ ပျာသွားသည်။

"ဒီကောင်က ကိုးတန်းက ကောင်မလေးကိုလည်း လိုက်နေတယ် မဟုတ်လား"

ဇော်အေးက ရယ်သည်။ ရယ်ရင်းနှင့် . . .

"မော်စီမလိုက်တဲ့ကောင်မလေး တို့ကျောင်းမှာ ခပ်ရှားရှားပဲကွ၊ တစ်ယောက်မှသာ သူ့ကို ပြန်မကြိုက်တာ"

သို့သော် သူ့စကားသည် ကျွန်တော့်ပူပန်သောစိတ်ကို အတားအဆီး သိပ်မပြုနိုင်၊ ထို့ကြောင့် . . .

"ဟာ . . . မဖြစ်နိုင်ဘူး၊ ဒါဖြင့် ငါမြန်မြန် ဖွင့်ပြောလိုက်ရင်ကောင်းမယ်၊ ငါ ဒုတိယလူ မဖြစ်ချင်ဘူးကွာ"

ဤသို့ဖြင့် နွယ်မွန့်ကို ကျွန်တော် ဖွင့်ပြောဖြစ်သည်။

ထိုနေ့က အာစရိယပူဇော်ပွဲနေ့။

(၁၃)

"မောင် . . . အင်းလေးရောက်ရင်တော့ သိပ်ပျော်မှာပဲ"

"ပွဲချိတ်စီးရတာ ပျော်ဖို့ကောင်းတယ်လို့ ကြားဖူးတယ်"

"အင်းပေါ့ . . . အန်တီတို့ တောင်ကြီး ခဏခဏ လာ
တာတောင် ဘာဖြစ်လို့ လိုက်မလာတာလဲ"

ကျွန်တော် ရယ်လိုက်သည်။ မမအသံတွင် မကျေမနပ်
လေးများ စွက်နေသည်ဟု ကိုယ့်ဘာသာကိုယ် တွေးယူလိုက်၏။

"မမရှိမှန်းမှ မသိတာ၊ သိရင် ခဏခဏလာတာပေါ့ ဖမရယ်

တကယ်ပြောလိုက်ခြင်း မဟုတ်ပါ၊ စိတ်ထဲက ပြောလိုက်ခြ
ပါ။ အမှန်တော့ ပြောချင်သည့်စကားက ဒီအတိုင်း။ သို့သော် ရှေ့
မှာက အန်တီ၊ ဟိုဘက်မှာက မိုးမိုး၊ ထို့ကြောင့် ကပ်ပြီးခွဲလိုသောစိ
ကလေးကို အသာထိန်း၍ . . .

"အဆင်မသင့်တာ မမရဲ့၊ မေမေတို့ ကိုကိုတို့လာပြီ



ကျွန်တော် ကျောင်းကိစ္စတွေနဲ့ တိုးနေပြီ"

"မောင်ကပိုပြန်ပြီ၊ ကိုကိုတောင် ဆရာဝန်ဖြစ်ပြီး လိုက်လာနိုင်သေးတာ၊ မောင်က ဘာတွေအလုပ်များလို့လဲ"

ကျွန်တော် ရယ်လိုက်ပြန်၏။ ဤနေရာတွင် ကိုယ်ရည်သွေးစကားလေးတချို့ ထည့်သွင်းရတော့မည် ဖြစ်သဖြင့် ကြို၍ အရှက်ဖြေထားခြင်းပင်။

"ကျွန်တော်က အထက်တန်းကျောင်းတုန်းက ကျောင်းကောင်စီဝင် မမရဲ့၊ နွေဆို လုပ်အားပေးတို့နဲ့ သင်တန်းတို့နဲ့၊ သိပ်အလုပ်များတာ"

"မနှစ်က မောင် ဆယ်တန်းဖြေပြီးပါပြီ"

"အင်း . . . အဲဒီတုန်းကလည်း ကျောင်းမှာ လုပ်အားပေးနေရလို့"

"မောင်တို့ဒေသကောလိပ်မှာ ကောင်မလေးတွေ မလှဘူးလား"

မမစကားသည် မဆီမဆိုင် ချော်ထွက်သွား၏။ ဘလိုင်းကြီးဝင်လာသည်။ ဘောလုံးပွဲဆို သေချာပေါက် အဝါကတ် အပြခံရမည်။

"မလှပါဘူး၊ အလကား ချာတူးချည်းပဲ"

ဒီတစ်ခါ ထရယ်သူက မိုးမိုး၊ သူ၏ ဘောဒီသာရ စိတ်ညစ်သွားသည့် ကိုယ်လုံးကို လှုပ်လှုပ်ခါရယ်ရင်း . . .

"အလကား မမ၊ အဲဒါ ညာပြောတာ"

မမက ဘယ့်နှယ့်ရှိစဆိုသော မျက်နှာပေးဖြင့် ကြည့်ပြီး. . .

"ဘယ်လိုလဲ မောင် . . . မိုးမိုးကတောင် ပြောနေပြီ"

"တကယ်ပါ မမရဲ့၊ မိုးမိုးလောက်လှတာတောင် တစ်ယောက်

မှ မရှိဘူး"

"သွား"

မိုးမိုး၏လက်ဝါးသည် မမကိုကျော်၍ ရောက်ရှိလာပြန်သည်။ မမက ပြတင်းဘက်လက် ညွှန်၍ . . .

"မောင်မညာနဲ့နော်၊ ဟိုမှာ ဘုရားရှိတယ်"

မျက်လုံးကို ရိပ်ခနဲရွှေ့သည်။ အဝင်မုခ်လိုဏ်နှင့် စေတီတစ်ဆူ၊ ရေးထားသောစာအရ ရွှေရန်ပြေဘုရား။

ကျွန်တော် မမဘက် ပြန်လှည့်သည်။ မမသည် ပြုံးနေ၏။ ကျွန်တော် မမနား ကပ်လိုက်သည်။ မမက ဘာမှန်းမသိဘဲ ကြောင်ကြည့်နေစဉ်တွင် ကျွန်တော် ပတ်ဝန်းကျင်ကို အကဲခတ်၏။

ကားဆရာသည် ကားရှေ့ရှိ မန်ကျည်းပင်တန်းများ ရံထားသောလမ်းမတွင် အာရုံစိုက်နေ၏။ အန်တီသည် ကားပြတင်းပေါင်ကို မှီ၍ မှိန်းနေသည်။ မိုးမိုးသည် သူ့ဘက်အခြမ်း လမ်းဘေးမှ မြောင်းလေးဆီ လှမ်းကြည့်နေ၏။

ကျွန်တော် မမ၏နားနားသို့ လက်ကလေးကာ၍ ကပ်ပြောလိုက်သည်။

"တကယ်ပြောတာ၊ မမလောက်လှတာ တစ်ယောက်မှမရှိဘူး၊ တစ်ကမ္ဘာလုံးမှာ ပြောတာနော်"

မမမျက်နှာတွင် ပန်းရောင်အပြုံးလေး ဖျတ်ခနဲ ပေါ်လာသည်။ ကျွန်တော့်ပေါင်ကို လှမ်းရိုက်၏။ ပြီးမှ ခပ်တိုးတိုးကြိမ်းကြိမ်းလေသံဖြင့် . . .

"ဟင်းနော် . . . မောင် တော်တော်ကဲ"

ကျွန်တော် ရယ်သည်။ မမမျက်စောင်းထိုး၏။



"ဘာရယ်တာလဲ"

"တကယ်ပြောတာ၊ တစ်ကမ္ဘာလုံးမှာ . . ."

"ဟော့ . . . တော်တော့ ဟိုမှာ . . ."

ကားရှေ့ခန်းဘက် မျက်လုံးပြူး၍ လှမ်းပြ၏။

မမ၏ စုချွန်သွားသော နှုတ်ခမ်းလေးများသည် စတော်ဘယ်ရီသီးလေးကဲ့သို့ စားချင်စရာလေး ဖြစ်နေသည်တကား။

"နွယ်နွယ်မွန် . . ."

"ဘာလဲ . . ."

ဇော်အေးနှင့် နွယ်မွန်တို့ အချီအချပြောလိုက်သော လေသံကြောင့် စမူဆာထုပ်များကမ်းနေသော ကျွန်တော့်လက်သည် တန့်ခနဲဖြစ်သွား၏။

စမူဆာထုပ်များ အလျင်မပြတ်ရန် အာရုံစိုက်နေသဖြင့် နွယ်မွန်ရောက်နေမှန်း ကျွန်တော် မသိလိုက်။

သူရတို့ခုံတန်းရှေ့တွင် အာစရိယပူဇော်ပွဲလာ ကျောင်းသားကျောင်းသူများနှင့် စမူဆာထုပ်ကမ်း ကျောင်းသားများ၏ ဆူညံဆူညံအသံ ကြားနေရသည်။

"ဒီဘက်ပေးဦးလေ၊ ဒီမှာ ကြာလှပြီ"

"ရမယ် . . . ရမယ် . . . ရန်နိုင်တို့ မြန်မြန်ထည့်ဟေ့"

"ကိုသူရကြီးကလည်း ပေးမှာဖြစ်ဖို့ ပေးတာမဟုတ်ဘူး၊ ဒီမှာ

အထုပ်တွေ ရှိနေရက်သားနဲ့"

ကျွန်တော် နွယ်မွန်ဘက် ခေါင်းလှည့်၍ . . .

"နွယ်မွန် . . . လာ . . လာ၊ ဟိုကောင်နဲ့ စကားပြောမနေနဲ့
ငါတို့ကို ဝိုင်းကူပေးစမ်းပါဦး"

ကျွန်တော် ကြားဖြတ်ဝင်လိုက်သဖြင့် ဘာပြောမလို လုပ်နေ
မှန်း မသိသော ဇော်အေး တန့်သွားသည်။

နွယ်မွန်က မျက်စောင်းထိုး၍ . . .

"ကိုယ့်ကိစ္စ ကိုယ်လုပ်တာ မဟုတ်ဘူး၊ ဒီမှာ မအားရတဲ့
အထဲ"

ပြောသာပြောသည် သူ နေလည်း မနေနိုင်။ ကျွန်တော့်
ဘေးနားကရပ်၍ ကျွန်တော်နှင့်အတူ စမူဆာများကို စက္ကူအိတ်ထဲသို့
ငါးခုစီ၊ ငါးခုစီ ရေထည့်ပေး၏။

"စောစောစီးစီးကတော့ ထည့်မထားဘူး"

နွယ်မွန်က ဗျစ်တောက်ဗျစ်တောက် လုပ်နေသည်။

ကျွန်တော် ကြည့်မရချင်တော့။

"နင် တော်တော် စကားများပါလား နွယ်မွန်၊ ဟိုမှာလည်း
ကြည့်ဦး . . ဒီလောက် လူအုပ်ကြီး အုံနေတာ၊ ဘယ်လိုလုပ် လောက်
မလဲ၊ အစောကြီးတည်းက ထုပ်ထားတာပဲ"

"သူပြောလိုက်ရင် ဆင်ခြေချည်းပဲ၊ ပြီးတော့ ဟုတ်တာလည်း
မဟုတ်ဘူး"

"ဟော့ကောင်တွေ မြန်မြန်လုပ်ဟေ့၊ ဒီမှာ ကုန်တော့မယ်"

သူရက အသံပြကြီးနှင့် လှမ်းအော်၏။ ကျွန်တော် နွယ်မွ
ကို ဘာမှပြန်မပြောတော့ဘဲ အနားမှ ထည့်ပြီးသား စက္ကူအိတ်များ



ငွ၍ . . .

"ရော့ နွယ်မွန် . . . အဲဒါ သူရကိုပေးလိုက်"

နွယ်မွန့်မျက်စောင်း ဒိုင်းခနဲ ရောက်သည်။

"ဟင်း . . . "

ဆောင့်ခနဲ ကျွန်တော့်လက်ထဲမှ အထုပ်များကို ယူ၍ သူရ
တို့ဘက် ပို့သည်။ သူပြန်လာသောအခါ ကျွန်တော်က သူ့ကို အထုပ်
တစ်ထုပ်ကမ်းပေး၍ . . .

"ရော့ . . . နင်လည်း ယူထားဦး၊ တော်ကြာ အဝေမတတ်
ဆရာငတ်နေလိမ့်မယ်၊ ဒီမှာ ကုန်တော့မယ်"

နွယ်မွန်စူထားသော နှုတ်ခမ်းသည် ရုတ်ခြည်း ပြေ၍ အပြုံး
တစ်စ ထင်သည်။ အထုပ်ကို လှမ်းယူရင်း . . .

"နင် တော်တော်တတ်နိုင်တယ် ရန်နိုင်၊ လူကို ခိုင်းလိုက်
ချော့လိုက်နဲ့"

သူက အထုပ်ကို ဇော်အေးဘက် စားပွဲပေါ် ချထားရင်း ကျန်
သည့် စမူဆာများကို အထုပ်ထဲ ဆက်ထည့်သည်။

ခဏအကြာတွင် စမူဆာ ပြတ်သည်။

သူရတို့ဘက် အခြေအနေ လှမ်းကြည့်သောအခါ လူပါးသွား
ကို တွေ့ရ၏။ ဒီတော့မှ သက်မ,ချသည်။

သူရက နောက်ဆုံးလက်ကျန် စမူဆာထုပ်ကို တစ်ယောက်
တည်း ကျန်သူအား ပေးလိုက်ပြီး . . .

"ဗိုး . . . တော်သေးတာပေါ့၊ ကွက်တိဝင်သွားလို့၊ နောက်မှ
လာတဲ့သူတော့ ဆောရီးပဲ"

ဒီတော့မှ အားလုံး သက်သာရာ ရသွားပြီး အနီးရှိ ကုလား

ထိုင်တစ်ခုကို ဆွဲ၍ ထိုင်သည်။

ဒီမှာ ဇော်အေး တစ်စခန်းထ၏။

"ဟော့ . . . ဒီပေါ်က အထုပ်တွေ ဘယ်သူ့အထုပ်တွေ

စားပွဲပေါ်တွင် စမူဆာထုပ် လေးငါးထုပ် ရှိသည်။ ကျွန်

က လှမ်း၍ . . .

"ဟော့ကောင် . . ဒါ တို့အတွက်၊ မင်းအထုပ်လည်း ပါတ

ဒီဘက်က နွယ်မွန့်အထုပ်"

နောက်မှထပ်တင်ထားသဖြင့် သီးခြားဖြစ်နေသော စမူ

ထုပ်ကို လက်ညှိုးညွှန်၍ ပြလိုက်သည်။

"ဒါ နွယ်နွယ်မွန်အထုပ်လား"

"ဟုတ်တယ်"

ဇော်အေးက စက္ကူအိတ်ကို ဖွင့်ကြည့်၏။ ကျွန်တော်

နွယ်မွန်ပါ လှမ်းကြည့်လိုက်သည်။ ဇော်အေးက စမူဆာများ

လက်ထဲလျှောချ၍ . . .

"ဟော့ကောင် . . . ဒါ ဘယ်သူထည့်တာလဲ"

"ငါထည့်တာ ဘာဖြစ်လို့လဲ"

"မင်း တော်တော်မတရားတာပဲ၊ ငါတို့ကျတော့ ငါးခုစီထ

ပြီး နွယ်နွယ်မွန့်ကျတော့ ဘာဖြစ်လို့ ခြောက်ခုထည့်ပေးတာလဲ"

နွယ်မွန် ခစ်ခနဲရယ်၏။ ကျွန်တော့်မျက်နှာ ရဲခနဲ ဖြစ်

သည်။ ဇော်အေး ပညာပြလိုက်ပြီဟု သိလိုက်၏။

"ဟာ . . . ဒါတော့ ဘယ်ကောင်းမလဲ၊ ရန်နိုင် မျက်နှာ

တယ်"

အနားမှ ကျောင်းသူကလည်း ဝင်ထောင်၏။



နွယ်မွန် ရှက်ကိုးရှက်ကန်း အမူအရာကို မြင်ရသည်။ ရှက်

က်နှင့် ကျွန်တော်လည်း ဘာလုပ်ရမှန်း မသိ။

"မဟုတ်ပါဘူး၊ ငါထည့်တာ ငါးခုပါ"

"ဟော့ကောင် လုပ်မနေနဲ့ . . . ဒီမှာ ခြောက်ခု"

ဇော်အေးက စမူဆာခြောက်ခုပြ၏။ နွယ်မွန် ပြုံးနေသော

က်နှာတွင် ပန်းရောင်ပေါ်လာပြီး . . .

"သွား ဘာမှန်းလဲမသိဘူး"

ကျွန်တော့်လက်မောင်းကို လှမ်းရိုက်သည်။ ထို့နောက်

ာ်အေး ပြန်ထည့်လိုက်သော စမူဆာထုပ်ကို လှမ်းဆွဲ၍ . . .

"နင်တို့ တော်တော်ဆိုးတယ်၊ သူ့ဟာသူ ထည့်ပေးတာ

ာဖြစ်လဲ"

ပြောလည်းပြော၊ ပြေးလည်းပြေး။ ကျွန်တော်တို့နားက ခွာ

၏၊ ဇော်အေးက မျက်လုံးပြူး မျက်ဆံပြူးနှင့် . . .

"ဟာ . . . သွားပြီ၊ ငါ့စမူဆာတစ်ခု ပါသွားပြီ"

ကျွန်တော်တို့ ဝိုင်းရယ်လိုက်၏။ ကျွန်တော်က . . .

"ကောင်းတယ် . . . မင်း သူများကို ချွတ်ချင်ဦး"

ဇော်အေးက စားပွဲမှာ ထိုင်နေရာမှ ခုန်ဆင်းပြီး ကန့်ကလျ

န်ဖြင့် ကျွန်တော့်ကို လှမ်းရိုက်၍ . . .

"နင်တို့ တော်တော်ဆိုးတယ်၊ သူ့ဟာသူ ထည့်ပေးတာ

ာဖြစ်လဲ"

ဝိုင်းရယ်ကြ၏။

"ဟေ့ကောင် . . . ဟိုမှာသွားပြီ၊ လိုက် . . . လိုက်"

ကျွန်တော့်ရင်ထဲ ဒိန်းခနဲ ဖြစ်သွားပြီး တလှပ်လှပ် ခုန်လာ၏။ ကျောင်းအပေါ်ထပ်မှနေ၍ ဝင်းတံခါးဆီလျှောက်သော နွယ်မွန်။

ပစ္စည်းပစ္စယများ သိမ်းဆည်းနေပြီဖြစ်သဖြင့် ကျောင်းဝင်းထဲတွင် လူ သိပ်မရှိတော့၊ ဆရာ ဆရာမများလည်း ပြန်ကုန်ကြပြီ။

စောစောထဲက နွယ်မွန်ပြန်လျှင် လိုက်စကားပြောမည်ဟု တိုင်ပင်ထားသော်လည်း တကယ်နဖူးတွေ့ ဒူးတွေ့ဖြစ်သောအခါ ကျွန်တော် ခြေဖျားလက်ဖျားများပင် အေးလာ၏။

"သွားလေကွာ"

ကိုယ်က ပြောပြီးဆိုပြီးသား၊ မသွားရင် သိက္ခာကျတော့မည်။ ထို့ကြောင့် ရှိသမျှ သတ္တိလေး ဇွတ်တင်း၍ လေ့ကားမှ ကမန်းကတန်း ပြေးဆင်းသည်။

နွယ်မွန်က ကျောင်းပြင်ရောက်နေပြီ။

ကျွန်တော် ခပ်သွက်သွက်လိုက်၏။

ကျောင်းလမ်းတစ်ဆစ်ချိုးကွေ့သော နေရာနားတွင် နွယ်မွန့်ကို မှီသည်။

နွယ်မွန် ဖျတ်ခနဲ လှည့်ကြည့်၏။

"နွယ်မွန် . . . ခဏ"

နွယ်မွန် ခြေလှမ်းများ ရပ်သွားသည်။ ပြီးမှ ရယ်ကျဲကျဲနှင့် . . .

"ဘာလဲ၊ စမူဆာ ပြန်တောင်းမလို့လား၊ မရှိတော့ဘူး၊ ကုန်ပြီ"

"ဟာ . . . ပေါက်တတ်ကရ"



သူ့အရွှတ်အနောက်ကို သူ ပြန်သဘောကျ၍ ထင်သည်။ ိုးခိုးခစ်ခစ် ရယ်၏။

"နင် စမူဆာလိုက်တောင်းတာ မဟုတ်ဘူးလား"

"မဟုတ်ပါဘူးဟာ နင်ကလည်း"

"မသိဘူးလေ . . . နင့်ကြည့်ရတာ ပြူးပြူးပျာပျာနဲ့ ကမန်းကတန်း ပြေးလိုက်လာလို့"

သွားပြီ . . . သွားပြီ၊ ကိုယ့်ဟာနဲ့ကိုယ်တောင် စကားအစရှာမရတော့။

"နေစမ်းပါဦးဟာ၊ နင်လုပ်တာနဲ့၊ ငါ ဘယ်က စပြောရမှန်းတောင် မသိတော့ဘူး"

အလွန်ကောင်းသော ရည်းစားစကား နိဒါန်းဖြစ်၏။ နွယ်မွန်ကတော့ သူ့အကျင့်အတိုင်း . . .

"ပြော . . . နင်ပြောချင်တဲ့ နေရာကသာစပြော၊ ငါ နားပိတ်ထားမယ်"

ပြောရိုးပြောစဉ်ပဲ အောက်မေ့၍ ထင်သည်။ ရွှတ်မြဲရွှတ်နေ၏။

"အေး . . . ပြီးရော၊ ငါပြောချင်တဲ့ နေရာကပဲ စပြောမယ်၊ ငါ နင့်ကိုချစ်နေလို့ . . . အဲဒါ ခု လိုက်ပြောတာ"

နွယ်မွန် မျက်လုံး ဝိုင်းခနဲ ဖြစ်သွား၏။ စောစောက ပြုံးထားသော အပြုံးသည် အရိပ်အငွေ့ ကျန်ရှိနေဆဲ။

"ဟုတ်တယ် . . . အဲဒါ နင့်ကို ပြောမလို့၊ ငါ တစ်ချိန်လုံး စောင့်နေတာ၊ နင့်ကို ငါချစ်တယ် နွယ်မွန်ရာ"

သူ့မျက်နှာ တစ်မျိုးဖြစ်သွား၏။

"ရန်နိုင် . . . နင် ဘာတွေ လာပြောနေတာလဲ"

ဖြည်းဖြည်းလေးလေးထွက်လာသော သူ့အသံသည် မသိ မသာ တုန်ယင်နေ၏။ ဒေါသကြောင့် တုန်နည်းမျိုး မဟုတ်၊ အလန့် တကြား ဖြစ်သွားသည့်ပုံ ပေါ်နေသည်။

"တကယ်ပြောတာပါ နွယ်မွန်၊ တို့ အချင်းချင်းတွေပဲ၊ သိပ် စကားတွေ သိုင်းဝိုင်းပြီး မပြောချင်ဘူး၊ အဲဒါ နင့်ဆီက အဖြေလိုချင် တယ်ဟာ"

နွယ်မွန့်မျက်နှာတွင် ခုမှ ရှက်သွေးဖြာ၏။ ခေါင်း မသိမသာ ငုံ့သွားသည်။

"ငါက ဘာအဖြေပေးရမှာလဲ"

"နင် ငါ့ကိုချစ်ရင် ချစ်တယ်ပေါ့ဟာ"

နောက်တစ်ပိုင်းကိုမူ ဆက်ပြောရန် မသင့်ဟု ယူဆသဖြင့် ဒီမျှနှင့် ရပ်လိုက်၏။

"ငါမှ မသိတာ"

အသံကြောင့် သူ့စိတ်လှုပ်ရှားနေမှုန်း သိသာသည်။

"ဟာ . . . နင်ကလည်းဟာ ဘာလို့ မသိရမှာလဲ"

"ငါ တကယ်မသဲဘူး ရန်နိုင်၊ ဟယ် . . . ဟိုမှာ လူတွေ သွားမယ် . . . သွားမယ်၊ နောက်မှ"

လှစ်ခနဲ လစ်ပြေး၏။

ကျွန်တော် နောက်ဘက်သို့ လှည့်ကြည့်သည်။ မော်စီတို့ အုပ်စု။

သို့သော် ကျွန်တော် ကျေနပ်ပါသည်။ နောက်မှ . . . ဆို သော စကားသည် နောက်မှ အဖြေပေးမယ်ဟု တစ်မျိုး၊ နောက်မှ



စ်တယ်လို့ ပြောမယ်ဟာဟု တစ်ဖုံ အဓိပ္ပာယ် ကောက်ယူနိုင်သည် ဆုံးဖြတ်လိုက်သည်။

ပျော်သလိုလို ဖြစ်သွား၏။

တောက် . . . အဲဒီတုန်းကတော့ ကောင်းပြီကောင်းရဲ့နဲ့ . . ။



## (၁၄)

ညောင်ရွှေမြို့

ပင်လယ်ရေပြင်မှ အမြင့်ပေ – ၂၉၅၀။

မြို့ဝင် ဆိုင်းဘုတ်နှင့် မြို့ဝင်ဂိတ်လေးကို လှမ်းမြင်ရသည်။ ကားလေးသည် အရှိန်နှေးသွား၏။

လူ လေးငါးယောက် ဝိုင်းအုံလာသည်။

"လှေ ယူမလား"

လှေကြိုများဟု သိလိုက်၏။ ကားဆရာက ခေါင်းခါပြသည်။ လူအုပ်သည် ပြန်ရှဲသွား၏။

ကားလေးသည် မြို့တွင်းသို့ ဝင်လာသည်။

"လှေဆိပ်က ဘယ်မှာမို့လဲ မမ"

"ဈေးနားမှာ လှေဆိပ်ရှိတယ်၊ မမတို့စီးမှာက ဦးစန်းမြဆိပ်မှာ . . . ဟုတ်တယ် မဟုတ်လား ကိုချော"



ကားဆရာက ခေါင်းညိတ်ပြ၏။

"ဘယ်လို မမ . . . ဦးစန်းမြဆိပ် ဟုတ်လား"

"အင်း . . . ဖောင်တော်ဆိပ်လို့လည်း ခေါ်တယ်"

မြို့အဝင် ဘယ်ဘက်တွင် ကက်ဆက်ခွေ အငှားဆိုင်နှင့် ဗီဒီယိုအငှားဆိုင်တစ်ခုကို တွေ့၏။ ရှေ့အနည်းငယ် သွားမိလျှင် . . .

"ဒါ . . . ညောင်ရွှေဈေးပေါ့"

ဘယ်ဘက်ကို ပြသဖြင့် လှမ်းကြည့်သည်။ သကြံန်တွင်း ဖြစ်သဖြင့် ဈေးပိတ်ထား၏။

ဈေးအဝနား တလေးများဆီမှ ရေလုံးအနည်းငယ် ဝင်လာသည်။

"အိုး . . ."

ငုံ့ရှောင်လိုက်သော မမ၏ပခုံးစွန်းသည် ကျွန်တော့်ရင်ဘတ်နှင့် ထိသွား၏။

"ဟယ် . . . ဆောရီး၊ နာသွားလား"

"မနာပါဘူး . . . မမရဲ့"

ပြောသာ ပြောလိုက်ရသည်။ ရင်ဘတ်မှ စပ်ဖျဉ်းဖျဉ်း ဒဏ်ရာကို အားနာသွား၏။ သို့သော် . . . ဒါမျိုးဆိုတာ မနာကောင်းဘူးလေ။

ကားလေးသည် ညာဘက်ကွေ့ချလိုက်သည်။

ကွေ့ပြီးမကြာမီ ကားလေးရပ်သည်။ ညာဘက်သို့ လှမ်းကြည့်လိုက်သောအခါ တိုက်ဝါကြီးတစ်ခု၊ ရေးထားသောစာက၊

ကုန်ပဒေသာဆိုင်။

မြို့နယ်သမဝါယမအသင်း၊ မှတ်ပုံတင်အမှတ်၊ ည ၂၄၊ မန/ ညောင်ရွှေ။

"ဟော . . . အန်တီ လာလာ၊ အေးမမတို့ စောစောလာမယ် ဆိုလို့ မနက်ကတည်းက စောင့်နေတာ"

ဘယ်ဘက် နှစ်ထပ်အိမ်၊ အောက်ထပ်မှ ထွက်လာသော လူတစ်ယောက်က လှမ်းပြောသည်။ အန်တီက . . .

"ဟုတ်တယ် . . . ကိစ္စလေးတစ်ခု ရှိနေတာနဲ့"

အန်တီပြောသည့်ကိစ္စမှာ ကျွန်တော် အိပ်ပုတ်ကြီးနေခြင်းကို ရည်ရွယ်ကြောင်း ကိုယ့်ဘာသာကိုယ် တွေးမိလိုက်၏။

"ကိုလေး . . . အားလုံးအဆင်သင့်ပဲ မဟုတ်လား"

ကျွန်တော် ကားပေါ်မှ ဆင်းလိုက်သောအခါ မမက နောက်မှ ကပ်ဆင်းရင်း ထိုလူ့ကို လှမ်းမေးသည်။ ထိုသူက ရယ်ကျဲကျဲလုပ်၍ . . .

"အသင့်ပါပဲဗျား . . . လှေလည်း အဆင်သင့်၊ စားဖို့သောက်ဖို့လည်း အဆင်သင့်၊ သွားဖို့လာဖို့လည်း အဆင်သင့်ပါပဲ"

ထိုသူမှာ ကိုညိုဝင်းဆိုသူဖြစ်ကြောင်း ရိပ်မိလိုက်သည်။ သဘောကောင်းဟန်ရှိသောသူ ဖြစ်သော်လည်း မမနှင့် ပြောပုံဆိုပုံကို ကြည့်၍ စိတ်ထဲမကြည်မလင် ဖြစ်သွားသည်။

"ကိုညိုဝင်း . . . ဒါ . . . ရန်ကုန်က အေးမမမောင်လေး ရန်နိုင်ဒွေးလေ၊ မောင် . . . ဒါ ကိုညိုဝင်း၊ မမ လမ်းမှာပြောတဲ့လူပေါ့"

ကျွန်တော် ပြုံး၍ ခေါင်းညိတ်ပြသည်။ ကိုညိုဝင်းက သွက်လက်စွာ လက်လှမ်းပြ၍ . . .

"ဪ . . . ကိုယ်က ညိုဝင်းပါ၊ တွေ့ရတာ ဝမ်းသာပါတယ်"



သူ့ဖော်ရွေသောဟန်ကြောင့် စောစောက အူတိုသောစိတ်ကလေး ပျောက်သွားပြီး ကမ်းလာသောလက်ကို ဆွဲ၍ နှုတ်ဆက်လိုက်၏။

"ဟုတ်ကဲ့ . . . တွေ့ရတာ ဝမ်းသာပါတယ်"

"ကဲ . . . ဒီလိုလုပ် အေးမမ၊ ဒီမှာ ကော်ဖီလေး ဘာလေး သောက်သွား၊ ရေစိုလာတာလေး အချမ်းပြေသွားအောင်ပေါ့၊ ထမင်းတော့ ရွာမမှာစားဖို့ စီစဉ်ထားတယ်"

မမက ခေါင်းညိတ်၍ ပြုံးသည်။ ကိုညိုဝင်းက ကျွန်တော့်ဘက်လှည့်၍ . . .

"လာ . . . ကိုရန်နိုင်ဒွေး အပေါ်တက်ရအောင်"

ကျွန်တော်ပြုံး၍ ခေါင်းညိတ်ပြလိုက်၏။

မမကိုသာ ပြိုင်လုရမည့်သူ မဟုတ်လျှင် အတော်ခင်စရာကောင်းတဲ့သူပဲဟု မှတ်ချက်ချလိုက်သည်။

ဪ . . . ကျွန်တော့်မှာလည်း ကုရခက်သော ရောဂါတစ်ခုနှင့်ပါတကား။

"မောင်က ဒီဘက် တစ်ခါမှ မရောက်ဖူးဘူး ကိုညိုဝင်းရဲ့၊ နည်းနည်း ဗဟုသုတလေး ဘာလေးရအောင် ဒီဘက်နယ်အကြောင်းလေးဘာလေး **ရှင်းပြ**ပါဦး၊ ကိုညိုဝင်းက အာလူးကောင်းတယ်"

"ဟာ . . . အေးမမကလည်း"

အိမ်ပေါ်ထပ်၌ ထိုင်မိလျှင် အသားဖြူဖြူနှင့် အမျိုးသမီး ခပ်လှလှတစ်ယောက်က ကော်ဖီလာချပေး၏။

မမက ကိုညိုဝင်းကို ကျွန်တော်နှင့် ကြောင်မနေစေရန်ဟု ထင်သည်။ စကားစပေး၏။ ကိုညိုဝင်းက ရယ်ရင်း . . .

"ခင်ဗျားမမကတော့ ကျွန်တော့်ကို ဒီလိုပဲ ချွတ်နေကျဗျ"

သူ့စကားကို ကျွန်တော့်ဘာသာကျွန်တော် အတွေးနက်ပြီး အောင့်ခနဲ ဖြစ်သွား၏။

"ကဲ . . . ကိုရန်နိုင်ဒွေး၊ ဘာသိချင်လဲပြော"

မမက ချွန်ပေးထား၍သာ လိုက်နင်းရမည်။ ကျွန်တော့်မှာ ထူးထူးထွေထွေ သိစရာမရှိ။ သို့သော် . . .

"ဘာရယ်မဟုတ်ပါဘူး ကိုညိုဝင်းရာ၊ ညောင်ရွှေနဲ့ ပတ်သက်တာလေးတွေပေါ့"

ကိုညိုဝင်းက အတန်ငယ်စဉ်းစားဟန်ပြု၍ . . .

"အင်း . . . ဘယ်ကစပြောရမှန်းတောင် မသိဘူး၊ ဒီလို ဒီလို . . . ညောင်ရွှေက ရှမ်းပြည်နယ်ရဲ့ မြို့နယ်တစ်ခုပဲဗျ၊ အဲ . . . မြို့နယ်ဆိုတာက ဒီလိုလေ၊ သူက ရွှေညောင်နဲ့ မတူဘူး၊ ရွှေညောင်က တောင်ကြီးမြို့နယ်ထဲက ကျေးရွာအုပ်စုတစ်ခုပဲ၊ ညောင်ရွှေကျတော့ သီးသန့်မြို့နယ်တစ်ခု"

သူ့စကားကို မမက စူးစိုက်နားထောင်သည်။ မိုးမိုးကလည်း အမော့်သားငေး၍ နားထောင်နေ၏။

"ညောင်ရွှေမှာ ရပ်ကွက်ပေါင်း ရှစ်ရပ်ကွက်ရှိတယ်၊ ကန်သာရပ်၊ ဝင်းရပ်၊ နန္ဒဝန်ရပ်၊ မိုင်းလီရပ်၊ မြို့လယ်ရပ်၊ နန်းပန်ရပ်၊ သာစည်ရပ်၊



မင်္ဂလာရပ် ဆိုပါတော့၊ ခု ကျွန်တော်တို့နေတာက ကန်သာရပ်၊ ဒီရှေ့ကလမ်းက ဈေးလမ်းပေါ့၊ ဟိုဘက်ထိပ်ကဈေး"

ကျွန်တော် ခေါင်းညိတ်ပြသည်။

"စောစောက ကျွန်တော်တို့အိမ်နဲ့ မျက်စောင်းထိုးလှေဆိပ်က ဈေးလှေဆိပ်လို့ ခေါ်တယ်"

ကျွန်တော့်မျက်စိထဲတွင် စောစောက မြင်ခဲ့သော အုတ်ပေါင်တန်းနှင့် အုတ်ပေါင်ဟိုဘက်မှ ရပ်ထားသော လှေများကို မြင်မိ၏။

"ဒီဘက်မှာကတော့ အင်းသူအင်းသားပဲ အနေများတယ်၊ တခြား ပအိုဝ်တို့ တောင်ရိုးတို့လည်း ရှိတော့ရှိတာပေါ့၊ ဒါပေမဲ့ အင်းသားပဲများပါတယ်"

"အင်းသားဆိုတာ အင်းလေးမှာနေတဲ့ ရှမ်းလူမျိုးကို ပြောတာ မဟုတ်ဘူးလား"

ကိုညိုဝင်းကရယ်၍ . . .

"မဟုတ်ဘူးဗျ၊ အင်းသားကသတ်သတ်၊ အင်းသားက မြန်မာနဲ့ နီးတယ်၊ စကားကလည်း မြန်မာစကားပဲ၊ ဒါပေမဲ့ အပေါ့အလေး အနိမ့်အမြင့် မတူဘူး၊ အင်းသားစကားက ထားဝယ်စကားနဲ့ ပိုပ်တူတယ်၊ ထားဝယ်နဲ့ အင်းသားအချင်းချင်း စကားပြောရင် နားလည်တယ်လို့ ဆိုကြတယ်၊ အင်းသားစကားကို မြောက်ထားဝယ်စကားလို့ ခေါ်ကြတယ်"

သူ့စကားကို ခေါင်းတညိတ်ညိတ်နဲ့ နားထောင်နေမိသည်။ က ဆက်၍ပြောသည်။

"အင်းသားတွေ ပြောလေ့ပြောထရှိတာတော့ အလောင်း

စည်သူမင်း ဖောင်တော်နဲ့ တိုင်းခန်းလှည့်တော့ အောက်ပြည်က
ဆန်အတက်မှာ ထားဝယ်သူ ထားဝယ်သားတော်တော်များများ ပါလ
တယ် ပြောတယ်၊ တခြားတိုင်းရင်းသားတွေလည်း ပါတာပေါ့၊ လမ်းမှ
တိုင်းရင်းသားတွေကို ရွာတည်ပေးတယ်၊ အင်းလေးရောက်မှ ထားဝ
သားတွေကို အင်းထဲမှာနေဖို့ အမိန့်တော်ချမှတ်တယ်၊ အလောင်းစ
သူမင်းရဲ့ ဖောင်တော်ဆိုက်တဲ့ နေရာကို ဖောင်တော်ဦးဘုရား တည်
တယ်လို့ ဆိုတာပဲ"

"ဒါကြောင့် မပြောဘူးလား၊ ကိုညိုဝင်းက အာလူးကောင်း
တယ်လို့၊ ဒါတွေ ရှာရှာဖွေဖွေ သူပဲ ပြောတတ်တယ်"

မမက ဝင်ပြောသဖြင့် ကျွန်တော် မမကို လှမ်းကြည့်သည်
မမက ကိုညိုဝင်းကို တလေးတစား ကြည့်နေသည်ထင်၏။ ကျွန်တေ
မကြိုက်။ ကိုညိုဝင်းကတော့ သိပုံမရ။

"မဟုတ်ဘူး အေးမမရဲ့၊ ဒါက ကိုယ်လည်း စာအုပ်ထဲ
ဖတ်ဖူးတာ၊ ပြည်ထောင်စု မြန်မာနိုင်ငံ တိုင်းရင်းသား ယဉ်ကျေးမှုရိုး
ဓလေ့ထုံးစံများ၊ ရှမ်းဆိုတဲ့ စာအုပ်ထဲမှာပါတယ်၊ ပါတီက ထုတ်တာ

"ကဲပါ၊ ဟုတ်ပါပြီ ဆက်ပြောပါဦး"

ကိုညိုဝင်း ရယ်သည်။ ထို့နောက် ဆက်ပြော၏။

"တချို့ကတော့ အင်းလေးဆိုတာ ရှေးပုဂံပြည်က ရော
လာတဲ့ ပုဂံပြည်သား မြန်မာတွေဖြစ်တယ်လို့ ပြောတယ်၊ အလော
စည်သူမတိုင်ခင် ရှေးပဝေဏီတည်းက ဒီဒေသမှာ ကြွလာတော့ အ
ထမ်းဖို့ လိုက်ပါသွားရင်းနဲ့ အောက်ပြည်ကို စုန်သွားတယ်၊ ထားဝ
ဒေသရောက်တော့ မင်းကြီးခွင့်ပြုတာနဲ့ အခြေစိုက်နေပြီး ထားဝယ်
ဖြစ်လာတယ် ပြောတာပဲ"



"စကားချင်းက ဖော်တော်ဆင်လို့လား"

"ဆင်တာပေါ့၊ ဥပမာ - မြန်မာက အကျီဆို၊ ထားဝယ်က
အင်္ကျီ၊ အင်းလေးက အန်းကျီ၊ မြန်မာက ပင်လယ်ဆို၊ ထားဝယ်ရော
အင်းလေးကပါ ပန်လယ်ပဲ"

"အင်း . . . ဒါကြောင့် ကျွန်တော်တို့ တိုင်းရင်းသားတွေဟာ
တကယ်တော့ တစ်သွေးတည်းပဲ ပြောတာပဲဗျ"

"ဒါပေါ့၊ ကျွန်တော်တို့ နိုင်ငံထဲက ပြည်ထောင်စုသား အမျိုး
သား မွန်ဂိုမျိုးနွယ် တစ်နွယ်တည်းက ဆင်းလာကြတာပဲဟာ၊ မနုသ
ဗေဒ ပညာရှင်တွေ အားလုံးက ဒီလိုပဲ ပြောတယ်၊ အားလုံး တစ်နွယ်
တည်းပဲ"

"ဒီဘက်မှာ သင်္ကြန်တွင်း ဘာတွေလုပ်လဲ"

"အဲ . . . ဒီဘက်ကျတော့ သင်္ကြန်ပွဲက ရန်ကုန်၊ မန္တလေး
တို့လို မဟုတ်ဘူး၊ ရေပက်တာက အသင့်အတင့်ပဲ၊ ဘုရားကျောင်းကန်
သွားတာ ပိုများတယ်၊ ဪ ခုမှ သတိရတယ်၊ အေးမမရေ . . အင်းထဲ
သွားခင် မိုင်းသောက် ခဏလောက် သွားကြမလား၊ မိုင်းသောက်
တာရမှာ ဒီအချိန် သိပ်စည်တယ်"

မမက အတန်ငယ် စဉ်းစားဟန်ပြု၍ . . .

"အချိန်ရပါ့မလား"

"ရပါတယ်၊ တောင်ပေါ်တော့ မတက်တော့ဘူးပေါ့၊ လာပါ
ကတစ်ဖြုတ်ပဲ၊ ကားနဲ့သွားတာပဲ မကြာပါဘူး၊ လှေသမားကို စောင့်
က်စနဲ့ စောင့်ခိုင်းလိုက်ပါမယ်"

"သွားလေ"

မမအကြည့်သည် ကျွန်တော့်ဆီ တော်တော်နှင့်မရောက်။

ကိုညိုဝင်းဆီမှာ ကြာနေ၏။ ရင်ထဲမှာ ဝန်တိုသောစိတ်ကလေး ပျံ့လာသည်။

ကျွန်တော်သည် ဤနေရာတွင် သူစိမ်းပြင်ပြင်ဖြစ်နေ၏။

"နင် ဒါမျိုးလုပ်တာ ငါမကြိုက်ဘူး ရန်နိုင်ဒွေး"

ပြောင်းလဲသွားသော နွယ်မွန့်မျက်နှာကို ကျွန်တော် တအံ့တသြ ကြည့်မိ၏။ ဒီမျက်နှာထားသည် မနေ့က မျက်နှာနှင့် မည်သို့မျှ မသက်ဆိုင်။

"ဘာကို မကြိုက်တာလဲ နွယ်မွန်၊ ငါ အခု လာမေးတာကိုလား၊ ဒါမှမဟုတ် . . ."

နွယ်မွန့် တင်းမာသောအကြည့် ဖျတ်ခနဲ လှည့်လာသဖြင့် ကျွန်တော့်စကားစကို ရုပ်ပစ်သည်။ သူ့နှုတ်ခမ်းများ လှုပ်ရှားသည်။

"မေးတာလည်း မကြိုက်ဘူး၊ နင် မနေ့က ပြောတဲ့စကားလည်း မကြိုက်ဘူး၊ နင်တို့ ငါတို့အရွယ်က ဒီစိတ်မျိုး ကူးရမယ့် အရွယ် မဟုတ်ဘူး"

ကျွန်တော့်စိတ်ထဲ ထောင်းခနဲဖြစ်သွားသည်။ နှုတ်လည်း သွက်သွားသည်။

"နင်အပိုတွေ မပြောနဲ့ နွယ်မွန်၊ ဒီအရွယ် ဒီစိတ်မကူးလို့ ဘယ်အရွယ် စိတ်ကူးရမလဲ၊ အသက်ခြောက်ဆယ်ကျော်မှ စိတ်ကူးရမှာလား"



"နင် စကားကို ကပ်မပြောနဲ့ ရန်နိုင်ဒွေး"

"ငါ ကပ်ပြောတာ မဟုတ်ဘူး၊ နင်ပြောတာ အလုပ်မဟုတ်လို့"

"ဘာလို့ မဟုတ်ရမှာလဲ"

"ဟုတ်ကို မဟုတ်ဘူး"

"ဟုတ်တယ်"

"မဟုတ်ဘူး"

သိမ်မွေ့နူးညံ့သော ချစ်စကားလေးများဟု မည်သို့မျှ ယူဆ၍ မရသော စကားကြမ်းများအဖြစ် ပြောင်းကုန်သည်။

"အေး ဒါဖြင့်လည်း ပြီးရော၊ ငါ့နောက်ထပ် ဘာမှလာမပြောနဲ့"

"မပြောလို့လည်း မဖြစ်ဘူးဟာ၊ ပြောကို ပြောရမယ်၊ နင် ငါ့ကို အဖြေပေး"

"မပေးဘူး"

"ရော် . . ."

ကျွန်တော် ဘာလုပ်ရမှန်းပင် မသိတော့။ ဒီအတိုင်းဆို နွယ်မွန်မ ကောင်းကောင်း စကားပြောမည် မဟုတ်တော့။ ကျွန်တော့် ...လကို အတန်ငယ် လျှော့ပစ်လိုက်သည်။

"ဒါဖြင့် ဘယ်တော့ အဖြေပေးမလဲ"

"မသိဘူး"

"ဟာ . . . စကားကို ကောင်းကောင်းပြောဟာ"

"အိုး . . . ကောင်းကောင်းပြောနေတာပဲ"

"နင့်ကို ငါ ချစ်တယ်ဟာ"

"နင့်ဟာနင်ချစ်တာ ငါနဲ့ ဘာဆိုင်လို့လဲ"

"ငါ့ ငါ့ကို ပြန်ချစ်ပေါ့"

ကျွန်တော့်စကား ကလေးဆန်သွားသလား မသိ။ နွယ်မွန် ထ,ဟားသည်။ ကျွန်တော် ရှက်သွား၏။

"မရယ်နဲ့ဟာ"

"ရယ်တော့ ဘာဖြစ်လဲ"

တော်တော့ . . . ဟု စိတ်ထဲက ပြောလိုက်၏။ ဒီနေ့အဖို့ တော့ ဆက်ပြောလျှင် တစ်ယောက်တစ်ယောက် ထရိုက်ရုံသာ ရှိတော့ သည်ဟု တွေးမိသည်။ သို့သော် အတွင်းစိတ်က ထိန်းခြင်းကို အပြင် စိတ်က လက်မခံ . . . ။

"သိပ်ရယ်ချင်တယ်ပေါ့"

"အေး ရယ်ချင်တယ်"

"ရယ် . . . ရယ်၊ သေအောင်ရယ်"

ဒေါ်ပွပွနှင့် ပြောချင်ရာပြော၍ လှည့်ပြန်ရန်ပြင်သည်။

"ဟား . . . ဟား . . . ဟား"

ကျွန်တော်တို့နောက်ဘက်ဖွင် ဘယ်အချိန်က ကပ်ပါလာ မှန်းမသိသော လူအုပ်ဆီမှ ခပ်လျောင်လျောင် ဟားတိုက်သံကို ကြား လိုက်ရသည်။

လှမ်းကြည့်လိုက်တော့ မော်စီတို့အုပ်စု . . . ။

ကျွန်တော့်စိတ်ထဲ ထောင်းခနဲ ဒေါသဖြစ်သွားသည်။

ဖျတ်ခနဲ ခြေလှမ်းကိုတန့်ပြီး ထိုအုပ်စုကို ခပ်စိုက်စိုက်ကြည့် သည်။ မော်စီတို့အုပ်စုက ကျွန်တော့်ကို လုံးဝဂရုမစိုက်သည့် ပုံစံမျိုးဖြင့် ကျွန်တော့်ကို လုံးဝလှည့်မကြည့်။



နွယ်မွန်က တစ်ချက်မျှ လှည့်ကြည့်ပြီး ရှေ့မှ ခပ်သုတ်သုတ် လျှောက်သွားသည်။

ကျွန်တော် နေရာတွင်ပင်ရပ်၍ အသားတဆတ်ဆတ်တုန် သည်အထိ ဒေါသဖြစ်နေမိသည်။

"တောက်"

(၁၅)

"ကိုရန်နိုင်ဒွေး၊ ဒါ ကျွန်တော့်ဇနီး ထားထား၊ ထားထား ဒ
အေးမမတို့ဆီ လာလည်တဲ့ ရန်ကုန်ကဧည့်သည် ကိုရန်နိုင်ဒွေး"

သာမန် မိတ်ဆက်စကားမျှသာ ဖြစ်သော်လည်း ကျွန်တေ
အတွက် အံ့အားသင့်စရာကြီးတစ်ခု ဖြစ်သွား၏။ သူ မသိသော်လည
ကိုယ့်အတွေးနှင့် ပတ်သက်၍ အားနာစရာလည်း ဖြစ်သွားသည်။

မထားထားဆိုသူမှာ စောစောက ကျွန်တော်တို့ အိမ်ပေ
ရောက်စ ထိုင်နေစဉ် ကော်ဖီ လာချပေးသော အမျိုးသမီး။

မထားထားက ပြုံး၍ . . .

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ကျွန်တော် စကားများ ထစ်ငေ့ါကုန်သည်။ ကျွန်တော့်စိတ်
မှာလည်း ကိုယ့်ကိုယ်ကိုယ် အတော်မကျေနပ် ဖြစ်သွား၏။ ကိုညို၀



က ဘာမှ သိမည်မဟုတ်သော်လည်း ကျွန်တော့်စိတ်ထဲများစွာ အားနာ
သွားသည်။

မမနှင့် ပတ်သက်လာလျှင် ကျွန်တော်သည် အရူးတစ်
ယောက်လို ဖြစ်နေ၏။ မြင်မြင်ရာလူကို ပြိုင်ဘက်လို သဘောထား
နေသည်။ ယခုကဲ့သို့ ကိုညို၀င်းကသာ မိတ်ဆက်မပေးသေးဘဲ
ထားလျှင် မည်မျှအထိ ကျွန်တော် အူတိုနေလိမ့်ဦးမည်မဆိုနိုင်။

သို့သော် အားနာသည်ကတော့ အားနာသည်။ အားနာသည်
က သတ်သတ်၊ ရင်ထဲမှာ မဖော်ပြနိုင်လောက်အောင် ဝမ်းသာသွား
သည်ကလည်း တစ်ဘက်။

"ဗိုး"

မမနှင့်ပတ်သက်၍ ခလုတ်ကန်သင်းတစ်ခု တွေ့မလာရခြင်း
အတွက် များစွာ စိတ်သက်သာရာရသွားသည်။

"ကဲ . . . သွားကြရအောင်"

ကိုညို၀င်းက ပြောပြောဆိုဆို ကားဆီလျှောက်၏။

ကျွန်တော်က အောက်ထပ်တွင် ကျွန်တော်၊ မမ၊ ကိုညို၀င်း
နှင့် မထားထားသာ ရှိနေသည်ကို တွေ့သဖြင့် . . .

"မမ အန်တီတို့ကို ခေါ်လိုက်ဦးလေ"

မမသည် ကျွန်တော့်ကို အပူပန်ကြီးတတ်သည် ထင်သွား
လား မသိ။ ခပ်ပြုံးပြုံးကြည့်ကာ . . .

"မေမေနဲ့ မိုးမိုးတို့ မလိုက်တော့ဘူးတဲ့ မောင်၊ မေမေက
ကိုလေးတို့အမေနဲ့ စကားလက်ဆုံကျနေတယ်၊ မိုးမိုးက ကားစီးလာရ
တာ ခေါင်းမူးလို့တဲ့"

ဟာ . . . ပွပြီဟု စိတ်ထဲက အောက်မေ့လိုက်သည်။

ဒီတစ်ခါတော့ စိတ်ထဲတွင် ဆုံးဖြတ်ချက်တစ်ခု ချလိုက်၏။

မမနှင့်ကျွန်တော် ဒီတိုင်းသွားနေ၍ မဖြစ်တော့။ ကျွန်တော့်ဘက်ကလည်း ရောဂါသည်းတန်သလောက် သည်းနေပြီ၊ မမနှင့်ကျွန်တော်တို့လည်း အတော်လေး ရင်းနှီးပြီ။

ဘာပြောပြော မမဆီမှ ကျွန်တော့်အပေါ် ထားရှိသော သီးသန့်သဘောထား သိသင့်ပြီဟု တွေးမိ၏။

ဒီခရီးလမ်း တစ်နေရာရာမှာ တစ်ချိန်မဟုတ် တစ်ချိန်တော့ နှစ်ယောက်တည်း ဖြစ်သွားမှာပဲ၊ နှစ်ယောက်တည်း ဖြစ်တာနဲ့ မမကို ဖွင့်ပြောလိုက်ရန် သန္နိဋ္ဌာန်ချသည်။

ကဲ . . . ဘမ္ဘာဒေဝနတ်ကောင်းနတ်မြတ်များ ဖေးပါ ကူပါ မပါ ခင်ဗျား။

ကားလေးသည် စောစောက ဘယ်ညာရံထားသော တောင်များဆီ တည့်တည့်ဦးတည်မောင်းနေ၏။

လှုပ်ရှားနေသော စိတ်နှင့်အတူ အကြည့်သည် ဘယ်ညာကူးနေ၏။

အင်းလေး တည်းခိုရိပ်သာ
လျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်း
အစိုးရ အထက်တန်းကျောင်း–ညောင်ရွှေ
ရဲစခန်းနှင့် မြို့နယ်ကောင်စီရုံး ...



"ဘာတွေ ဒီလောက်ကြည့်နေတာလဲ မောင်"

"ဪ . . . ရောက်တုန်းပေါက်တုန်း ခရီးလမ်းလေး ဘာလေး မှတ်နေတာပါ"

"ဘာလဲ . . . နောက်တစ်ခေါက် ရန်ကုန်က ကောင်မလေးနဲ့ လာရင် သွားတတ်အောင် မှတ်နေတာလား"

ဒါပေါ့ဟု ပြောရမလား၊ မဟုတ်ပါဘူး မမရဲ့ဟု ပြောရမလား ခေါင်းထဲတွင် ချက်ချင်းမဝေခွဲတတ်၊ တကယ်ပြောဖြစ်သောအခါ။

"သွားစမ်းပါ မမရယ်၊ ရန်ကုန်ကဆိုတာတွေ မပြောစမ်းပါနဲ့"

"အမယ် . . . အမယ်၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ ဧကန္တတော့ ရန်ကုန်မှာ စိတ်နာစရာ တစ်ခုခုတော့ ကြုံလာပြီထင်တယ်"

မျက်နှာကို မည်ကဲ့သို့ အနေအထားဖြင့် မှုမပျက်ရှိနေအောင် ထားရမည်မှန်း ကျွန်တော်မသိ၊ ကားထဲ မျက်စိ ဝဲလိုက်သည်။ နောက်ကြည့်မှန်ထဲတွင် ကိုညိုဝင်းသည် ကျွန်တော့်ကို ပြုံးကြည့်နေ၏။

"မဟုတ်ပါဘူး"

ကျွန်တော့်အငြင်းစကားက အချိုးမကျ၊ မမက ရယ်သည်။

ကားလေးသည် ညာဘက်ကိုကွေ့ချိုးလိုက်သည်။

ရွှေလဖုံးဟု အမည်ရေးထားသော ဆိုင်းဘုတ်အဝါဝိုင်းလေး တစ်ခု တွေ့လိုက်၏။

မမ၏ ရယ်သံမဆုံးခင် စိတ်ထဲမှ စကားတစ်ခွန်း ပြောလိုက်သည်။

"အင်း . . . ရယ် . . . ရယ် . . . ဟိုရောက်မှသိမယ်"

"မော်စီက သိပ်ခြေလှမ်းသွက်နေပါလား ရန်နိုင်"

ဇော်အေးစကားက နားထဲ ဆောင့်ဝင်လာသည်။

ဤသတင်းက ကျွန်တော် ကြားပြီးသား။ ကျွန်တော်တို့နေ သော မြို့နယ်လေး၏ ဧရိယာသည် သိပ်အကျယ်ကြီးမဟုတ်။ လူ တစ်ယောက်ကို စိတ်ဝင်စား၍ စောင့်အကဲခတ်မည်ဆိုလျှင် ထိုသူ ဘယ်အချိန် အိမ်သာတက်သည်ကအစ သိနိုင်သည်။

အခုလည်း ဆယ်တန်းဖြေပြီးကတည်းက မော်စီသည် နွယ်မွန့်မောင် ဇော်ထွန်းမှတစ်ဆင့် ချဉ်းကပ်ဝင်ရောက်နေပြီဖြစ် ကြောင်း သတင်းရသည်။

တခြား ဘယ်သူဘယ်ဝါတွေက ဘယ်ပုံစံနှင့် ဝင်ရောက်ရန် ကြိုးပမ်းနေကြသည်။ ဝင်ရောက်ချဉ်းကပ်သည် ဆိုသည်ကိုလည်း ကြားသည်။ သို့သော် ကျန်သူများကိုတော့ ထည့်မပြောတော့၊ ကျွန်တော့်အဖြစ်အပျက်တွင် အရေးကြီးသောကဏ္ဍမှ ပါလာသော မော်စီကိစ္စကိုသာ ထည့်ပြောတော့မည်။

"အဲဒီကောင် ဝင်တဲ့ပုံစံကြီးက သိပ်တော့မဟုတ်ဘူးကွ"

"ဘာဖြစ်လို့လဲ"

"သူက မင်းအပုပ် တော်တော်ချနေတယ် ဆိုပဲ"

သူ့စကားက ဖြစ်နိုင်သည်။ ဇော်ထွန်းနှင့် တွဲနေသော သောင်းထိုက်တို့က ဇော်အေးနှင့် ခင်သည်။ ဇော်ထွန်း ပြန်ပြောသော စကားများကို သောင်းထိုက်ထံမှတစ်ဆင့် ဇော်အေးသိနိုင်သည်။

ပြီးတော့ မော်စီအကျင့်ကိုလည်း ကျွန်တော် သိပြီးသား။

"ဘယ်လို အပုပ်ချနေလို့လဲ"



"ဟာကွာ . . . မင်းက ပွေတယ် ရှုပ်တယ်ပေါ့၊ မင်းလိုက်နေ တဲ့ ကောင်မလေးတွေ တစ်ပုံကြီးတဲ့၊ ဒါပေမဲ့ တစ်ယောက်မှမစွံဘူးတဲ့၊ မင်းကလည်း တစ်ယောက်မရ တစ်ယောက်အရဆိုပြီး လျှောက်လိုက် နေတာပဲတဲ့"

"ဟာ . . . မအေxx"

စိတ်ထဲပေါ်လာသော ဒေါသကို ကျွန်တော် မထိန်းနိုင်၊ လွှတ် ခနဲ တွယ်ထည့်လိုက်မိသည်။

"ဇော်ထွန်းဆိုတဲ့ ကောင်ကလည်း ကလေးလို မဟုတ်လား၊ ဟိုကောင်ပြောတာ အကုန်ယုံတာပေါ့၊ ဒီကောင်လုပ်တာနဲ့ မော်စီလည်း အိမ်ထဲ အဝင်အထွက် အိုကေနေတာပေါ့"

နွယ်မွန်တို့ အိမ်ရှေ့ဧည့်ခန်းထဲတွင် စပ်ဖြီးဖြီးဖြင့် တွေ့ရာလူ မျက်နှာချိုသွေးနေမည်ဖြစ်သော မော်စီ့မျက်နှာကို မြင်ယောင်သည်။

ကျွန်တော် ခေါင်းတညိတ်ညိတ် ငုပ်ရင်း . . .

"လုပ်ပစေကွာ၊ ဒီလိုကောင်မျိုးမှ နွယ်မွန်က ပြန်ကြိုက်ရင် လည်း ကြိုက်ပစေပေါ့၊ ငါတော့ ဒီအလုပ်မျိုး လုပ်ပြီး မလိုက်ချင်ဘူး"

ဒါကတော့ မှန်သောစကား ဖြစ်ပါသည်။ နွယ်မွန်တို့အိမ် ဝင် နိုင်ထွက်နိုင်သော အရည်အချင်းသည် မော်စီက ခုမှ ရသော်လည်း ကျွန်တော်ကမူ ဟိုးငယ်ငယ်တည်းက ရပြီးသား။

သို့သော် ကျွန်တော်က ဒီပုံစံဖြင့် မချဉ်းကပ်ချင်။

နောက်ဆုံးပြောရလျှင် နွယ်မွန့်ကို ကျွန်တော်ကြိုက်ကြောင်း အိမ်ဖွင့်ပြောပြီး လူကြီးချင်း စကားပြောခိုင်းလျှင်တောင် အိမ်ချင်း ရင်းနှီးမှုအရ အဆင်မပြေစရာ မရှိ။

သို့သော် ဒီပုံစံဖြင့်ရသော အချစ်ကို ကျွန်တော် ဘာလုပ်ရ

မည်နည်း။

ဇော်အေးက ကျွန်တော် စဉ်းစားနေသည်ကို မည်သို့ထင် သွားသည်မသိ။ ခပ်လေးလေး စကားတစ်ခုဆိုသည်။

"မင်း နွယ်မွန်နဲ့တွေ့ပြီး တစ်ခုခု ထပ်ပြောကြည့်ပါဦးလား ကွာ"

ကျွန်တော် ခေါင်းမခါ၊ ခေါင်းမညိတ် . . .။

## (၁၆)

ဖွေးဖွေးလှုပ်အောင်ပွင့်သော တရုတ်စကားပင်ကြီးကို တွေ့ သည်။ ကားသည် ထိုအပင်နားတွင်ရပ်၏။

တရုတ်စကားပင်အနီးတွင် တောနှင်းဆီအပွင့် ရဲရဲလေးများ ဝေနေ၏။

အမှတ်တမဲ့လိုလိုနှင့် တောနှင်းဆီပွင့်လေးများကို သေချာ ုးစိုက်ကြည့်သည်။

"လာလေ မောင်၊ အပေါ်သွားရအောင်"

မမက စေတီငယ်လေးများ တစ်ဘက် ဆယ့်လေးဆူစီ တန်း ားသော စောင်းတန်းလှေကားဘက် ညွှန်ရင်း ပြောသည်။

"ခဏလေး မမ၊ ဒီအပွင့်လေးတွေ ကြည့်ချင်လို့"

အမှန်တော့ ဉာဏ်နီဉာဏ်နက် ဆင်လိုက်ခြင်း ဖြစ်သည်။ ကျွန်တော်ပြောချင်သည့် စကားများကို ပြောခွင့်ရရန် လူချဲကြည့်လိုက်

ခြင်းပင်။ ကျွန်တော့်အကွက် ဝင်လာ၏။

"ဘာပွင့်မို့လို့လဲ"

မမ ကျွန်တော်ရှိရာ လျှောက်လာသည်။ မထားထားက ရှေ့မှ လျှောက်သွားသော ကိုညိုဝင်းဘက် ကြည့်၍ . . .

"သွားနှင့်မယ်"

မမ ခေါင်းညိတ်သည်။

ကျွန်တော့်ရင်ထဲ ကပ္ပလီတီးဝိုင်းတစ်ဝိုင်း ရောက်နေ၏။

"ဟင် . . . မောင်ကလည်း တောနှင်းဆီတွေများ"

ကျွန်တော် ပြုံးလိုက်သည်။ ကျွန်တော် လိုချင်သည့်အနေအထား ရောက်ပြီ၊ ကားဆရာလည်း မရှိတော့။ တွဲဘက်အထက်တန်းကျောင်းဟု ရေးထားသော အဆောက်အအုံဘက် လျှောက်သွားသည် မြင်ရပြီ။

"မမ"

ထွက်သွားသောအသံသည် ကတ်တတ်တတ် တုန်ရင်ရင်ဖြစ်သွားသဖြင့် မနည်း ဘရိတ်ပြန်အုပ်လိုက်ရ၏။

မမက ကျွန်တော့်ကို အကြည့်တစ်မျိုးဖြင့် ကြည့်သည်။

"ဘာလဲ မောင်"

"တောနှင်းဆီလေးတွေက ဒီလောက်အချိန်ယူပြီး ကြည့်ရလောက်အောင် စိတ်ဝင်စားစရာ ကောင်းလားဟင်"

"ကောင်းပါဘူး"

"ဟုတ်တယ် . . . ကျွန်တော် ဒီနားမှာ နေခဲ့တာ တောနှင်းဆီကြည့်ဖို့ မဟုတ်ဘူး"

"ဒါဖြင့် ဘာလို့"



"မမကို စကားပြောမလို့"

ခုထိ မမအမူအရာသည် ထူးထူးခြားခြား ပြောင်းလဲမှုမရှိသေး။ အပြုံးရိပ်ထင်ထင်နှင့် တောနှင်းဆီလေးတစ်ပွင့် လှမ်းခူးရင်း ပေါ့ပေါ့ပေါ့ပင်။

"ပြောလေ"

"ပြောရင် မမစိတ်ဆိုးမလား"

မမရယ်သည်။ ရယ်သောအခါ လှ၏။

"မောင်က ဘာစကားပြောမှာမှန်းမှ မသိတာ၊ မဟုတ်က ဟုတ်က ပြောရင် စိတ်ဆိုးမှာပေါ့"

ကျွန်တော် ရယ်လိုက်သည်။ ပြောဖြစ်ရန် ဆုံးဖြတ်ချက်သည် ခိုင်သွား၏။

"ဒါဖြင့် ဟုတ်တာပြောရင် စိတ်မဆိုးနဲ့နော်"

"အင်း"

"မမကို ချစ်တယ်"

"သိသားပဲ"

အုခနဲတစ်ချက် မအော်မိရန် ထိန်းလိုက်ရ၏။ မမမျက်နှာမှာ ဘာမှထူးထူးခြားခြား မမြင်ရ။ အရယ်နှင့်အပြုံး တစ်ဝက်စီရှိသည်။ ကျွန်တော် ဘာလုပ်ရမှန်း မသိတော့။

"ပြောဦးလေ"

မမ ကျွန်တော့်ကို ပညာပြပြီထင်၏။

"ပြီးပြီလေ"

"ပြီးပြီ . . . ဟုတ်လား"

"အင်း . . ."

"ကဲ . . . ဒါဖြင့်လာ၊ ဘုရားပေါ်သွားမယ်"

ပြောပြောဆိုဆို မမက ပြန်လှည့်ရန် ပြင်သည်။

"နေဦးလေ မမရဲ့"

"နို့ . . . မောင်ပြောတော့ ပြီးပြီဆို"

မမလုပ်နေပုံဖြင့် ကျွန်တော့်ဟာကျွန်တော် ဘာကောင်ဖြစ်နေမှန်းပင် မသိတော့။

"ကျွန်တော်ပြောတာ ပြီးတာပြောတာ၊ မမက တစ်ခုခု ပြန်ပြောဦးလေဗျာ"

"မမက ဘာပြောရမလဲ"

ကျွန်တော် ခေါင်းကို ခပ်သွက်သွက်ကုတ်လိုက်ပြီး . . .

"ဟာဗျာ . . . မမကလည်း သိရက်သားနဲ့ ခု မမကို ကျွန်တော် ရည်းစားစကား ပြောနေတာဗျ"

"သိပါတယ်လို့ဆို"

"မမက ဘယ်လိုလုပ်သိလဲ"

"မောင်ပဲ ပြောတာကိုး . . . မမကို ချစ်တယ်ဆို"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ မမကို ချစ်တယ်လို့ ပြောတော့ မမပဲ ပြောတယ်လေ၊ သိသားပဲဆို၊ ဘာဖြစ်လို့ သိနေတာလဲ"

မမ ရယ်ပြန်သည်။

"မောင် ဘယ်တုန်းတည်းက မမကိုချစ်နေလဲ"

"တောင်ကြီး ရောက်ကတည်းက"

"အင်း . . . အဲဒီထဲက မမလည်းသိတာပေါ့"

"ဒါဖြင့် မမလည်း ကျွန်တော့်ကို ချစ်တာပေါ့"

"အိုး . . . ဘာဆိုင်လို့လဲ"



"ဆိုင်တာပေါ့၊ ကျွန်တော် ချစ်နေမှန်း သိရက်သားနဲ့ မမမှ ကျွန်တော့်ကို စိတ်မဆိုးတာ"

"မမကိုချစ်တဲ့သူဆို ဘယ်သူ့ကိုမှ မမစိတ်မဆိုးဘူး"

ကျွန်တော့်ရင်ထဲ အောင့်ခနဲ လှုပ်ရှားသွားသည်။

"အဲဒီလိုဆို ကျွန်တော်က ဘယ်လိုလုပ်ရမှာလဲ"

"ဘာကိုလဲ မောင်ရဲ့"

မမက စိတ်မရှည်သလို ခပ်ဆောင့်ဆောင့်လေး ပြောသည်။ ကျွန်တော် ရယ်ချင်စိတ် ပေါက်လာ၏။

"မမ ကျွန်တော့်ကို ဝေ့လည်လည် လုပ်နေတော့ ကျွန်တော်က ဘယ်လိုယူဆရမှာလဲ"

"မမကို ဝေ့တယ်လို့သာပြောတယ်၊ မောင်ကျတော့ မကဲလွန်းဘူးလား"

"ဘယ်လို . . . ကျွန်တော်ကဲတယ် ဟုတ်လား"

"အင်းလေ၊ မမနဲ့မောင်တွေ့တာ မနေ့ကနေ့လယ်ကမှ"

"အဲဒါ ဘာဖြစ်လဲ"

"ဩော် . . . ကိုယ်တော် ကြည့်လည်းပြောပါဦး၊ တွေ့ရတာ နှစ်ဆယ့်လေးနာရီတောင် မပြည့်သေးတဲ့သူတစ်ယောက်ကို တစ်သက်လုံးယုံဖို့ မမ ဘယ်လိုဆုံးဖြတ်ရမလဲ"

"ချစ်တာပဲ မမရဲ့၊ တစ်စက္ကန့်လေး မြင်တာနဲ့လည်း ချစ်နိုင်တာပဲဟာ"

"အင်းလေ၊ ချစ်တာတော့ ဟုတ်တာပေါ့"

"လုပ်ပြီ မမကလည်း၊ ဒါဖြင့် ဘာကို မဟုတ်တာလဲ"

"ယုံဖို့၊ တစ်သက်လုံးအတွက် အဲဒီအချစ်ကို အတည်ပြုဖို့"

"ဒါဖြင့် မမ ကျွန်တော့်ကို အတည်ပြုဖို့ပဲ လိုတယ်ပေါ့"

"ဟော . . . ဟော မောင် လည်ပြီ"

ကျွန်တော် ရယ်ရင်းနှင့် မမမျက်နှာကို စေ့စေ့ကြည့်သည်။

"မလည်ပါဘူး မမရဲ့၊ မောင်မေးတာ ဖြေပါဦး၊ ဟုတ်လား မဟုတ်ဘူးလား ဆိုတာ"

မမ မျက်လွှာချသွားသည်။ စောစောက တည်ငြိမ်သလို ဖြစ်နေသော မမအမူအရာလေးတွင် ရှက်ရိပ်များဖြင့် မသိမသာ လှုပ်ရှားလာသည်။

"ဟုတ်ဘူးဆိုရင်တော့ ဟုတ်တယ်ပဲ"

"ဘာလဲ၊ ဟုတ်ဘူးဆိုရင် ဟုတ်ဘယ်ဆိုတာ"

"မမ ဘယ်တော့ အတည်ပြုမလဲ"

"ဘယ်သူက အတည်ပြုမယ် ပြောလို့လဲ"

"မမပဲ ပြောတယ်လေ"

"ကဲပါ၊ ဘုရားသွားဖူးရအောင်ပါ၊ တော်ကြာ သူတို့တစ်မျိုး ထင်နေမယ်"

"တွေ့လား၊ အဲဒါ မမ စကားလွှဲတာ"

"လွှဲမှာပေါ့၊ သူပဲ ဘာလို့ အတင်းမေးနေတာလဲ"

"မမေးရဘူးလား မမရဲ့၊ သိချင်တာပဲဟာ"

"ဒါဖြင့် မမပြောမယ်၊ သေချာနားထောင်"

"ဟုတ်ကဲ့"

"မနောက်နဲ့နော်"

"မနောက်ပါဘူး မမရဲ့၊ တကယ်ပါ"

"မောင်ချစ်တယ် ဆိုတာ မမသိပြီးသား၊ ဒီတော့ မမဆီက



အဖြေမတောင်းနဲ့ဦး၊ မမ ပေးချင်တဲ့ အချိန်ကျမှ ပေးမယ်၊ ခုလောလောဆယ် ခါတိုင်းလိုပဲနေ၊ မမ အတည်ပြုတာနဲ့ မောင့်ကိုပြောမယ်၊ ကဲ ကျေနပ်ပလား"

ကျွန်တော့်ရင်ထဲ အပျော်လှိုင်းလေးများ ဝုန်းဆန်ကြွသွားသည်။ သို့သော် တစ်ခုသိထားစရာလေး လိုနေသဖြင့် . . .

"ကျေနပ်ပြီ မမ၊ ဒါပေမဲ့၊ ကျွန်တော့်စိတ်ထဲ ပူမနေရအောင် တစ်ခုတော့ မမ . . . ဖြေပါ"

"အင်း ဖြေမယ်"

"မမကိုချစ်ခွင့်ပန်တာ ကျွန်တော် နောက်မကျသေးပါဘူးနော်"

မမထံမှ ချစ်မျက်စောင်းတစ်ခု ရောက်လာသည်။ မမ ပြုံးရင်းဖြင့် . . .

"လုပ်မနေနဲ့ ချစ်ခွင့်ပန်တဲ့ထဲမှာတော့ မောင် နောက်အကျဆုံးပဲ"

"ဒါဖြင့် ဘယ်ဟာအဦးဆုံးလဲ မမ"

"မမ အတည်ပြုဖို့ စဉ်းစားတာ . . ."

ပျော်လွန်းအားကြီးသဖြင့် မည်သို့ပျော်ရမှန်းပင် မသိတော့။ တောနှင်းဆီပွင့်လေးများကို ကျေးဇူးတင်ပါတယ်။

"ဒီကောင် နွယ်မွန်တို့အိမ်မှာရှိတာ သေချာတယ်နော်"

"သေချာပါတယ်၊ ငါ ချက်ချင်း **မင်းဆီလာခဲ့တာပဲဟာ**"

"ဒါဖြင့် မင်းပြန်တော့"

"ဟာ . . . မင်းတစ်ယောက်တည်း ဖြစ်မလားကွ"

"ဖြစ်ဖြစ်မဖြစ်ဖြစ်ကွာ၊ ငါ့ကိစ္စ ငါရှင်းမယ်"

ကျွန်တော် ပေပေတူးတူး လုပ်တော့မည်ဟု သိနေ၍လား မသိ။ ဇော်အေးက ကျွန်တော့်စကားကို လက်ခံလိုဟန် ခေါင်းခါသည်။

"ဟိုကောင့်မှာ အဖော်ပါလာရင် ဘယ်နဲ့လုပ်မလဲ"

"ဟေ့ကောင် ဇော်အေး၊ အပိုတွေမပြောနဲ့ကွာ၊ မင်းပြန်တော့ ငါ့ကိစ္စ ငါပဲလုပ်မယ်၊ မင်း သက်သက် ဓားခုတ်ရာ လက်ဝင်မလျှိုနဲ့"

ကျွန်တော်ကတော့ ဒီအတိုင်း ဆုံးဖြတ်ပြီး ဖြစ်သည်။ ဖြစ်ချင်ရာဖြစ် တွယ်ကိုတွယ်တော့မည်။ ဘယ်နဲ့ ဒီအပေါက်မျိုး လာချ၍တော့ ရန်နိုင်ဒွေးကို မရ။

ဇော်အေး ပြန်ပြောသောစကားသည် ကျွန်တော့်နားထဲက မထွက်။

"ဟေ့ကောင် မင်းကို ဇော်ထွန်းတို့ ဟားနေတယ်၊ မော်စီက ပြောတယ်တဲ့၊ ငယ်ငယ်က မင်းနဲ့မော်စီ ရန်ဖြစ်တာ၊ မင်းကို မော်စီက ဆွဲထိုးလို့ နှာခေါင်းသွေးတွေဘာတွေ ထွက်ကုန်တယ်တဲ့၊ မင်း ငယ်ငယ်က အီးပေါလောကြီးတဲ့"

မနက်က ဒီစကားကို ပြန်လာပြောကတည်းက ကျွန်တော့် ဒေါသသည် ထိန်းမနိုင်ခဲ့။

ထိုင်ရာက ဝုန်းခနဲထပြီး . . .

"ဘယ်မလဲ မော်စီဆိုတဲ့ကောင်၊ ဒီကောင်ကိုတော့ ဒီအတိုင်း လွှတ်ထားလို့ မဖြစ်ဘူးကွာ၊ သွားချမယ်၊ ခွေးမသား၊ သူ့ဟာသူ



နွယ်မွန်ပိုးတာ ပိုးပေါ့ကွာ၊ တရားသဖြင့် ပြိုင်ပိုးပေါ့၊ ခုတော့ . . . "

ဇော်အေးကလည်း ကျွန်တော်ကဲ့သို့ပင် မကျေမနပ် ဖြစ်နေ၏။

သူနှင့်ကျွန်တော်ကတော့ ဒီဘက်တွင် လိုက်ဖက်ညီသည်။ တစ်ယောက်တစ်ယောက် သိပ်အတားအဆီးမရှိ။

**ထို့ကြောင့် နှစ်ယောက်**သား တိုင်ပင်၍ တွေ့ရာလမ်းကြားတွင် **မနားမနေ ဖြစ်ရန်အတွက်** မော်စီရှာပုံတော်ဖွင့်သည်။

**ဤသို့ဖြင့် ကျွန်တော်**နှင့်ဇော်အေး နွယ်မွန်တို့အိမ် ခပ်လှမ်းလှမ်းတွင် **ရောက်နေခြင်း** ဖြစ်သည်။

**နွယ်မွန်တို့မှာ** အစိုးရအရာရှိရိပ်သာတွင် နေကြရာ ကျွန်တော်တို့ ရပ်နေသည့်နေရာမှကြည့်လျှင် အိမ်ဝရန်တာအထိ မြင်နေရသည်။

"မပြန်ဘူးကွာ၊ မင်းကလည်း လာတုန်းကအတူတူ၊ ခုမှ ပြန်ရမယ်ဆိုတာ အဓိပ္ပာယ်မရှိဘူး၊ ဒါပေမဲ့ မင်း ကျေနပ်အောင် ဟိုကောင်တစ်ယောက်တည်းဆို ငါ ဝင်မပါဘူး၊ မင်းကိစ္စ မင်းရှင်း"

**ဇော်အေး** ဇွတ်ပြောနေသဖြင့် ကျွန်တော် ဘာမှပြန်မပြောဘဲ **နွယ်မွန်တို့**တိုက်ခန်းဘက်သာ လှမ်းကြည့်သည်။

လာပါပြီ . . .

မျှော်လင့်တုန်း ကြော့ဆုံးကတော့ လာပါပြီ။

ဘာမှမစောင့်လိုက်ရ၊ ဆယ့်ငါးမိနစ်ကျော်ကျော်တွင် တိုက်ရှေ့ ကျောက်ပြားခင်းလမ်းကလေးအတိုင်း မော်စီထွက်လာ၏။ မျက်နှာတစ်ခုလုံး ထန်းလျက်ရည် ပုံးလိုက် မှောက်ထားသလို ဖြစ်နေ၏။

"တောက်"

စိတ်ထဲမှ တောက်တစ်ချက် ကျိတ်ခေါက်လိုက်သည်၊ ဟိုကောင် ထွက်လာစဉ် ဝရန်တာတွင် နွယ်မွန်ထွက်လာ၍ ဘာမှန်း မသိသည့် တစ်ခုခု လှမ်းပြောသည်။ ဟိုကောင် ချာချာပါအောင် လှည့်၍ ပျာပျာသလဲ ဘာမှန်းမသိ ပြန်ပြောသည်။

မော်စီ့မျက်နှာကတော့ ကွယ်နေသဖြင့် မမြင်ရသော်လည်း မြင်နေရသော နွယ်မွန့်အပြုံးကမူ ကျွန်တော့်ဒေါသ၏ စနက်တံကို မီးရှို့ပေးလိုက်သလို ဖြစ်သွားသည်။

"တွေ့မယ်၊ မင်း ကြွားထားတဲ့သူရှေ့မှာ မင်းနာမယ်မော်စီ"

ယတိပြတ် တွေးလိုက်ပြီး မော့်စီအနီး ခပ်သွက်သွက် လျှောက်သည်။

"သွားမယ်နော်"

မော်စီ့အသံ ကြားရသည်။ နွယ်မွန်က ပြုံး၍ခေါင်းညိတ်ရာမှ ကျွန်တော့် မြင်သွားသည်။ မျက်နှာ ကွက်ခနဲ ပျက်သွား၏။

ကျွန်တော် ဘာမှ ဂရုမစိုက်တော့။

ဖျတ်ခနဲ ပြန်လှည့်လိုက်သော မော်စီ့မျက်နှာကို လက်ပြန်ဖြင့် တစ်ချက် ဖြတ်ရိုက်ထည့်လိုက်၏။

"ဖြန်း"

မော်စီ ယိုင်ခနဲဖြစ်သွားသည်။ စောစောက ပြုံးသောပါးပြင် နေရာတွင် ရဲခနဲ လက်ရာတစ်ခု ပေါ်လာ၏။

"အား . . . လုပ်ပါဦး၊ ရန်ဖြစ်နေကြပြီ"

နွယ်မွန်အော်လိုက်သော အသံ ကြားရသည်။ ကျွန်တော် လှည့်ပင်မကြည့်။ ယိုင်သွားရာမှ ကမူးရှူးထိုး ပြေးဝင်လာသော မော်စီ အရိပ်သာ ကြည့်သည်။



ငရဲမျက်နှာတစ်ခုလုံး ရဲတွတ်နေ၍ မျက်လုံးကလည်း မီးဝင်းဝင်းတောက်နေသည်။ ပြီးတော့ တရှူးရှူး ပြေးဝင်လာ၏။

ကျွန်တော့်ကို ညာဝိုက်တစ်ချက် တောထိုးထိုးသည်။ ကျွန်တော် ငုံ့ပေးလိုက်သည်။

သူ့ကိုယ်တစ်ခြမ်း ကျုံ့ဝင်လာသည်။

အပိုင်ကွက်ရပြီမို့ ဘယ်လက်နှင့် ဗိုက်ကို တစ်ချက်မှေး ထောက်လိုက်ပြီး တန့်သွားသောကိုယ်ပေါ်သို့ ညာလက်ဖြင့် ပိုင်ပိုင် နိုင်နိုင် ရိုက်ချလိုက်သည်။

အီးခနဲတစ်ချက် အသံကြားလိုက်ရပြီး ငနဲသား ထိုင်ကျသွား သည်။

ကျွန်တော့်လက်သီးပင် မသုံးလိုက်ရ။

သို့သော် စာရင်းချုပ်သောအခါ ကျွန်တော် ရှုံးသွားပါသည်။

ဤကိစ္စ ဖြစ်သည့်နေ့ကလည်း နွယ်မွန်တို့အိမ်ရှေ့တွင် အတော် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

ဖျန်ဖြေပြီး လူရှင်းပြီးသောအခါ ကျွန်တော်က ဆုံးမစကား များစွာနားထောင်ပြီး ပြန်ခဲ့ရသည်။ မော်စီက ယုယမှုပေါင်းများစွာဖြင့် အပြုစုခံရရန် နွယ်မွန်တို့အိမ်ထဲ တွဲခေါ်သွားခြင်း ခံရသည်။

ဒီနောက်ပိုင်း နွယ်မွန်နှင့်ကျွန်တော် ခပ်တန်းတန်း ဖြစ်သွား ၏။

ယခု တောင်ကြီးသို့ထွက်မလာခင် နောက်ဆုံး အခြေအနေကမူ ကျွန်တော် စောစောပိုင်းက ပြောထားသကဲ့သို့ သကြိန်တွင်း နွယ်မွန် သူတို့နှင့် ရေပက်ခံလိုက်မည်ဆိုကာ မော်စီ ခေါင်းမော့နိုင်သွားသည်။

နွယ်မွန်နှင့်ပတ်သက်၍ကတော့ ဤမျှသာဖြစ်သည်။

နောက်ထပ်ပြောစရာလည်း မကျန်တော့။

ပြောလည်း မပြောလိုတော့။

နွယ်မွန်နှင့်ဇာတ်လမ်းသည် ဤမျှနှင့် ပြီးပြည့်စုံခဲ့ပေပြီ။

အရေးကြီးသည်က မမနှင့် ဇာတ်လမ်း။

မမနှင့်ဇာတ်လမ်းက အခုမှ အရေးကြီးသည့်နေရာ စရောက်သည်။ မနေ့ကများ ကုန်သွားသည့်အတွက် ကျွန်တော် မလွမ်းတော့၊ ကျွန်တော့်အတွက် နက်ဖြန်များသည် သိပ်အရေးကြီးနေပြီ မဟုတ်ပါလား။

ဟုတ်သည်။

နက်ဖြန်များသည် ကျွန်တော့်အတွက် သိပ်အရေးကြီးလာပြီ။

မမထံမှ ချစ်အတည်ပြုချက် ရပြီဆိုလျှင် ကျွန်တော့်အဖို့ ဘာလိုသေးသနည်း။

ဘာမှမလိုတော့။

ပြီးတော့ မမထံမှ အတည်ပြုချက် မရစရာရော ဘာများရှိသေးသနည်း။

ဘာမှမရှိတော့။

အဲ .. အဲ ... မဟုတ်ဘူးလေ။



ဘာမှမရှိတော့ဆိုတာတော့ မဟုတ်ဘူး။

ဘာမှမရှိတော့ဘူး ထင်ပါ၏။

အင်း ... ထင်၏။ ထင်၏။

## (၁၇)

အိပ်ရာမှနိုးနိုးချင်း မနေ့က မိုင်းသောက်မှအပြန် တွေ့ခဲ့သော နန္ဒဝန်ရေသဘင်မဏ္ဍပ်မှ စာတန်းလေးတစ်ခုကို အမှတ်ရ၏။

'အလှဆုံးရဲ့ မင်္ဂလာအချိန် ဖြစ်ပါစေ'

ရင်ထဲမှာ ကြည်နူးသွားသည်။ ချစ်စရာ စကားလုံးလေးများဖြင့် လှလှပပ ဆုတောင်းတတ်သော ညောင်ရွှေမြို့၊ နန္ဒဝန်ရပ်ကွက်သားများကိုလည်း စိတ်ထဲက ချီးကျူးလိုက်မိ၏။

မျက်လုံးထဲတွင်လည်း လှိုင်းဖွေးဖွေးများဖြင့် စိမ်းလဲ့ကြည်လင်နေသော အင်းရေပြင်ကျယ်ကြီးကို မြင်ယောင်နေသည်။

ပြီးတော့ တဖွားဖွားလွင့်စင်လာသည့် ရေစက်များ။

ပြီးတော့ . . . ရင်ခွင်ထဲမှ မမ။

ဩော် . . . တကယ့်ကို အလှဆုံးရဲ့ မင်္ဂလာအချိန်လေးများပင်။



ကျွန်တော့်စိတ်ထဲတွင် လုပ်ချင်စိတ်လေးနှစ်မျိုး ပြိုင်တူပေါ်လာ၏။

ပထမလုပ်ချင်စိတ်က အိပ်ရာက ကမန်းကတန်းထ၊ မျက်နှာသစ်၊ ရေမိုးချိုးပြီး မမနှင့် စကားလေးဘာလေး သွားပြောရန်၊

ဒုတိယလုပ်ချင်စိတ်က ဒီနေ့တွင် မနေ့က ပင်ပန်းထားမှုများကြောင့် ဘယ်မှထူးထူးထွေထွေ လျှောက်မသွားဘဲ နားမည့်တူတူ မထသေးဘဲ မနေ့ကအဖြစ်ကလေးများ စားမြုံ့ပြန်ရန် ဆုံးဖြတ်လိုက်၏။

ဒီနှစ်ခု ဘာလုပ်ရကောင်းမည်နည်းဟု စဉ်းစားသောအခါ ပထမစိတ်ကူးကို တောင်ကြီး၏နံနက်စောစော အအေးဒဏ်နှင့် ခပ်ပျင်းပျင်းစိတ်လေးများက လာဖျက်သည်။

ထို့ကြောင့် အိပ်ရာမှမထသေးဘဲ ကွေး၍ မနေ့က အတွေ့အကြုံလေးများကို စားမြုံ့ပြန်ရန် ဆုံးဖြတ်လိုက်၏။

မနေ့က မိုင်းသောက်မှအပြန် အင်းလေးသွားသည်။

မိုင်းသောက်လမ်းတွင်တော့ ထွေထွေထူးထူး သတိရစရာ သိပ်မရှိလှ၊ မမနှင့်ပတ်သက်လို့ပေါ့လေ၊ ဒေသန္တရ ဗဟုသုတလေးများကတော့ အတော်တိုးပါ၏။

မိုင်းသောက် ဘုန်းကြီးကျောင်းရှေ့ တောနှင်းဆီပင်လေးနားမှ မမနှင့်ကျွန်တော် စကားဆွေးနွေးပွဲလေး ပြီးသောအခါ စေတီနှစ်ဆယ့်ရှစ်ဆူရံ စောင်းတန်း လှေကားမှ ဘုရားပေါ်တက်၏။

"မမ အဲဒါ ဘာဘုရားခေါ်လဲ"

"မသိဘူးမောင်၊ မမတို့ကတော့ မိုင်းသောက်ဘုရားလို့ပဲ အလွယ်တကူ ခေါ်လိုက်တာပါပဲ"

ဘုရားအဝင် မုခ်ဝသည် လိုဏ်ပုံသဏ္ဌာန်ဖြစ်၏။ စေတီမှာ ရွှေသင်္ကန်း ကပ်ထားပြီး ပစ္စယံသုံးဆင့်တွင် ရွှေစေတီများ ရံထား၏။

စေတီခြေရင်းတွင် ကျောက်ဖြူဆင်းတုတော် တစ်ဆူရှိ၍ ဆင်းတုအပေါ်မှ ယိုးဒယားဇာသင်္ကန်းတစ်ထည် လွှမ်းခြုံပူဇော်ထားသည်။

အပေါ်မှာ ကိုညိုဝင်းတို့နှင့်ဆုံသည်။ ဒီတော့မှ ဒီထက် တစ်ဝိုက်တွင် ဗဟုသုတစုံသော ကိုညိုဝင်းကို မေးကြည့်သည်။

"ဒီစေတီရဲ့ဘွဲ့က ဘာလဲ ကိုညိုဝင်း"

"ရွှေမုဌော ဘုရားဗျ"

ကျွန်တော်နှင့်မမ တစ်ယောက်ကိုတစ်ယောက် ကြည့်၍ ပြုံးလိုက်ကြသည်။

အပြန်တွင် အသွားတုန်းက ကိုယ့်အတွေးနှင့်ကိုယ် ဖြစ်လာသဖြင့် သတိမထားမိခဲ့သော မိုင်းသောက်သကြားစက်ကို တွေ့သည်။

မိုင်းသောက်သကြားစက်ကြီးကား ခေါင်းတိုင်ကြီးနှစ်ခု၊ ရေစင်ကြီးတစ်ခုဖြင့် နောက်ခံ ရှမ်းတောင်တန်းများရှေ့တွင် ငိုက်နေ၏။ ဝင်းတံခါးအားလုံး ပိတ်ထားသည်။ သွပ်ဖြင့် လုပ်ထားသော စက်ရုံအဆောက်အအုံအနီးတွင် ဘီးတစ်ဖက် မရှိသောနှင့် ဘီးတစ်လုံးမှ မရှိသော ဒုက္ခိတ ကားနှစ်စီးကို တွေ့သည်။ ကျွန်တော်က ကိုညိုဝင်းကို . . .

"သကြံန်တွင်းမို့ စက်ပိတ်ထားတယ်ထင်တယ်"

ကိုညိုဝင်းက ရယ်၍ . . .

"မဟုတ်ဘူးဗျ၊ ကုန်ကြမ်းမရလို့"

ကျွန်တော် ဘာမှမပြောဖြစ်၊ ရွာထဲမှ ထွက်လာစဉ်တုန်းက



ရွာထဲရှိ အိမ်တစ်အိမ်တွင် ကိုယ်ပိုင်သကြားစက် အသေးစားလေး တစ်ခု လည်နေသည်ကို အမှတ်ရသည်။ မေးမလို့လုပ်သော်လည်း မမေးဖြစ်။

မမဘက်သို့သာ လှည့်၍ . . .

"ဒီစက်ကြီးကို ခုမှ သတိထားမိတယ်"

မမက . . .

"အင်းပေါ့၊ အသွားတုန်းက ဘာတွေတွေးနေလဲမှ မသိတာ"

ကျွန်တော်က ခပ်တိုးတိုးလေသံဖြင့် . . .

"မမကို ဘယ်လို ဖွင့်ပြောရမလဲဆိုတာ စဉ်းစားလာတာ"

"သိသားပဲ"

ဒါတော့ မမလွန်လွန်းပြီဟု စိတ်က တွေး၍ . . .

"မမသိတာတွေ သိပ်များနေပြီနော်၊ နောက်ထပ် မသိနဲ့တော့ အတည်ပြုဖို့ကိစ္စသာ စဉ်းစား"

"အမယ် လူလည်နော်"

နှစ်ယောက်စလုံး ရယ်လိုက်၏။

ကားလမ်းဘေးမှ ငုဝါပင်များနှင့် ပြည်ပန်းရွှေအပွင့်ဝါဝါလေးများလည်း ရယ်ကြ၏။

ညောင်ရွှေပြန်ရောက်ပြီးနောက် ရတနာမာန်အောင်ဘုရားကို ဝင်ဖူးပြီး လှေဆိပ်ဆင်းသည်။

လှေဆိပ်တွင် ကိုညိုဝင်းစီစဉ်ထားသောလှေမှာ အဆင်သင့်ရှိနေသည်။ လှေသမားကတော့ စောင့်ရလွန်း၍ ထင်သည် အိပ်ပင်ပျော်နေပြီ။

လှေအဆင်း မြင်းအတက် ဆိုသဖြင့်၊ မမတွင် အန္တရာယ်ကင်းနိုင်သလောက်ကင်းအောင် ကျွန်တော် လှေဝမ်းထဲ အရင်ဆင်းလိုက်၏။ ဘယ်နဲ့ လှေအဆင်းဆိုတာ လှေပေါ်က အဆင်းကို ပြောတာကွ၊ လာပြီး ဆရာမလုပ်ပါနှင့်။ မမနှင့် ပတ်သက်လာလျှင် လှေအဆင်းဆိုသောစကားသည် လှေထဲအဆင်းရော လှေပေါ်မှအဆင်းရော နှစ်ခုလုံးနှင့် သက်ဆိုင်ပါသည်။

မမက ကျွန်တော့်လက်ကိုကိုင်၍ ဆင်းသည်။

နောက်တစ်ယောက် မိုးမိုး၊ မိုးမိုးက သူ့ကိုယ်နှင့် ဒီလှေထဲဆင်းရမည့်အရေးကို ရင်လေးနေဟန်တူသည်။ တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေ၏။

ကျွန်တော်က လှေဆရာဘက် လှမ်း၍ . . .

"ဗျို့ လှေဆရာ . . . ခင်ဗျားလှေက ကုန်ဘယ်နှစ်တန် တင်နိုင်သလဲ"

လှေဆရာက ကျွန်တော် ဘာပြောသည်ကို သဘောမပေါက်ဟန်ဖြင့် . . .

"မပြောတတ်ဘူး ဆရာလေး၊ ဘာကုန်တင်မလို့လဲ"

"ဩော် . . . ဆင်တစ်ကောင်ပါ၊ ရရင်ပြီးရော၊ ဆင်း မိုးမိုး"

အနားတွင် ရယ်သံများ စည်သွားသည်။ မိုးမိုးက မျက်စောင်းတစ်ချက် ခဲလိုက်ပြီး လှေပေါ် ခုန်ဆင်း၏။

"အမလေး"



ကျွန်တော့်နံဘေး၌ ကပ်ရပ်နေသော မမသည် မိုးမိုး ခုန်ချသည့်အချိန်ကြောင့် လှေလူးသွားသောအခါ ကျွန်တော့် လက်မောင်းကို အလန့်တကြား လှမ်းဖက်၏။

"ဖြည်းဖြည်းလုပ်ပါ မိုးမိုးရယ်၊ နဂိုကမှ လှေသမားက ညည်းမြင်ပြီး လန့်နေရတဲ့အထဲ"

မိုးမိုးက ကျွန်တော့် လှမ်းရိုက်သည်။

အန်တီဥမ္မာ ဆင်းပြီးသောအခါ ကျွန်တော်နှင့်မမက နောက်ဘက် ရွှေ့သွားသည်။ လူစုံသောအခါ နောက်ဘက်ဆုံး ပဲ့ချိတ်ဆရာမှ ကျွန်တော်၊ ကျွန်တော့်ရှေ့က မမ၊ မမရှေ့က မိုးမိုး၊ မိုးမိုးရှေ့က အန်တီ၊ အန်တီရှေ့မှ မထားထား၊ မထားထားရှေ့မှ ကိုညိုဝင်း စသဖြင့် ထိုင်သည်။

ကိုညိုဝင်းက လှေဦးမှလှမ်း၍ . . .

"နောက်ကလူတွေ သတိထားနော်၊ လှေချင်းကပ်ရင် ရေက်လိမ့်မယ်"

ကျွန်တော်က ဒီအရပ်ထုံးစံ မသိသေးသဖြင့် သူပက် ကိုယ်က်ပေါ့ဟု တွက်လိုက်ပြီး ရပါတယ်ဟု ပြန်ပြောလိုက်သည်။

တကယ်ပက်သောအခါ အထင်နှင့်အမြင် လွဲတော့၏။

ကျွန်တော်တို့ နောက်ပိုင်းက လူများမှာ ခံပြီးရင်း ခံနေရည်။ မခံရဘဲ နေနိုင်ရိုးလား၊ သူတို့ဆီမှာ ရေပက်တာက ကျွန်တော်ုရန်ကုန် အင်းလျားပက်သလို လှေနှစ်စင်းကပ် ရေကို လက်နှင့်ယက် ပက်တာမှမဟုတ်တာ။

လှေနှစ်စင်း မျက်နှာချင်းဆိုင်သည်နှင့် တစ်စင်းကိုတစ်စင်းက်သည့်အချိန်တွင် တစ်ဖက်လှေဦးမှလူက လှော်တက်များကို

လှမ်း၍ ဒီဘက်လှေနား ကပ်ချပေးလိုက်သည်။

လှေမောင်းလာသော အရှိန်ကြောင့် လှော်တက်ဖျား ရေပြင်နှင့်ထိသည်နှင့် ရေများတဖွားဖွား ပန်းတက်လာသည်။ ဟိုဘက်လှေကလည်း ဒီလိုလုပ်၊ ဒီဘက်လှေကလည်း ဒီလိုလုပ်နှင့် နှစ်လှေလုံးရွဲတော့သည်။

လှေဦးကလူက သက်သာသေး၏။ နောက်ပိုင်းမှလူများကတော့ တစ်ကိုယ်လုံး ရစရာမရှိအောင် ရွှဲစိုနေတော့သည်။

အဟတ် . . . လူကြားကောင်းအောင်သာ ညည်းပြရတာသိတယ်မဟုတ်လား . . . ကျွန်တော်ကတော့ ပွနေ၏။

ဖြန်းဖြန်း . . . ဖြန်းဖြန်းနှင့် ရေများပန်းတက်လာလိုက် မမက ကျွန်တော့်ရင်ခွင်ထဲ ဝင်တိုးလိုက်၊ ကျွန်တော်က တဟဲဟဲနှင့်ခေါင်းငုံ့ပြီး ဖက်ထားလိုက်၊ လှေနှစ်စင်းမဆုံမှာ တထိတ်ထိတ်နှင့် စိုးရိမ်နေရသည်။

ရေများ ဖွားခနဲကျလာပြီဆို အားလုံး ခေါင်းငုံ့နေကြသဖြင့်ကျွန်တော်တို့အဖြစ်ကို မည်သူမှ သတိမပြုမိ။ အဲ . . . အဲ . . . ဘွာ့တေး၊ ဘွာတေး၊ ဘယ် သတိမပြုမိသူ မရှိဘဲနေမလဲ၊ နောက်ကပွဲချိတ်ဆရာကတော့ မြင်တာပေါ့၊ ဒါကြောင့် သူက ကျွန်တော် လှည့်ကြည့်တော့ မျက်စိမှိတ်ပြပြီး လှေနှစ်စင်း မဆုံဆုံအောင် လုပ်လုပ်ပေး၏။

ကျွန်တော့်စိတ်ထဲ သကြိန်ရက်ကြီး ခံနေသဖြင့် ဖွင့်မပြီးသေးသော ယခုတစ်ပတ် ထီဖွင့်ပွဲမှာ ပွဲချိတ်ဆရာ တစ်သိန်းဆုပေါက်ပါစေဟု ဆုတောင်းနေမိသည်။

ညောင်ရွှေအထွက် ချောင်းထဲမှ အင်းရေပြင်ထဲအဝင်နားက



တော့ ကျွန်တော်ဖက်တာ နည်းနည်းလေးတင်းသွားသဖြင့် ရေကြားထဲမှမမက ကျွန်တော့်ရင်ဘတ်ကို ထုသည်။

"လူလည်ကြီးနော်၊ ရေကာရင် ကောင်းကောင်းကာ၊ ဟင်း . . ."

"မမချမ်းမှာစိုးလို့ပါ"

အနားကပ်ပြီး ဘေးလူမကြားအောင် ပြောလိုက်သဖြင့် မျက်နှာချင်း ကပ်သွားသည်။ ရင်များ တဝုန်းဝုန်းခုန်သွား၏။

"သွား . . . သိပ်လည်တာပဲ"

"မသိဘူးလေ၊ မမက အတည်ပြုပေးနေတာလားလို့"

"ဟင်းနော် . . . မောင်"

ပြောရင်းဆိုရင်း တစ်ဖက်လှေ ကျော်သွားသဖြင့် ကမန်းကတန်း ခွာလိုက်ရ၏။

အင်းပြင်ထဲ ရောက်လာသောအခါ လှေချင်း အနီးကပ်မဆုံတော့ စိတ်မကောင်းလိုက်တာလေ။

"မောင်တစ်ယောက်တည်း အလုပ်ကိုရှုပ်နေတာပဲ"

အင်းလယ်ရောက်သောအခါ လှေအရှိန်ကြောင့် အနည်းအပါးစင်လာသော ရေမှုန်ရေမွှားလေးများမှအပ ရေပက်ခြင်းမရှိတော့သဖြင့် သားရေအိတ်ထဲတွင် ပါလာသော ကင်မရာထုတ်၊ စာအုပ်ထုတ်၍ ဘေးခတ်ပုံရိုက်လိုက်၊ မမရိုက်လိုက်၊ လှေထဲပါလာသူများကို

တစ်ပုံလောက်ရိုက်လိုက်၊ မမ ငါးပုံလောက်ရိုက်လိုက်လုပ်တာက တစ်မျိုး၊ စာအုပ်ထုတ်၍ ဘေးမြင်နေရသော ရှုခင်းနှင့် သိလိုသည့် အချက်များကို ပွဲချိတ်ဆရာအား ဟိုမေးဒီမေး မေးလိုက်ရေးလိုက် လုပ်နေတာက တစ်မျိုး ဖြစ်နေသဖြင့် မမက မျက်စိရှုပ်လာဟန် တူသည်။

"မရှုပ်ပါဘူး မမရဲ့၊ ရောက်တုန်းရောက်ခိုက် သိချင်တာလေးတွေ မှတ်နေတာပါ"

"ဓာတ်ပုံ ဘယ်နှစ်ပုံတောင် ရှိပလဲ၊ မမကို ရိုက်နေတာ၊ ဟင်း . . . သူ့ ဘယ်သူက ရိုက်ခွင့်ပေးတာ ကျနေတာပဲ"

မမဟာ လေသံနှိမ့်ပြောသည်။ ကျွန်တော် ရယ်လိုက်၏။

"နောင် အာကာသည်ပြုပြီးမှ ပြန်ရိုက်လို့မရဘူး မမရဲ့၊ ခုထဲက စုထား ဆောင်းထားရတာ"

"ဟော့ . . . တိုးတိုး၊ ရှေ့က ကြားသွားမယ်"

မမက ဒာန်တီဥမ္မာဘက် မျက်ရိပ်ဖြင့်ပြ၍ ပြောသည်။ ကျွန်တော်လည်း အန်တီများ ကြားမလား လှမ်းကြည့်၏။ ကြားပုံမရ၊ လေဆန်ဖြင့်နေသဖြင့် တော်သေးသည်။

ထိုအခိုက် လှေသည် ထိပ်မှာဟင်္သာရုပ်ရှိသော တိုင်ဖြူဖြူကြီး တစ်ခုနား ရောက်လာသည်။

ကျွန်တော်က အသံကျယ်ကျယ်ဖြင့် လှမ်း၍ . . .

"ကိုညိုဝင်း . . . အဲဒါ ဘာလဲ"

"ဟင်္သာတိုင်လေ၊ ၁၉၆၅-ခုနှစ် ဖောင်တော်ဦးဘုရားလှည့်တုန်းက ကရဝိတ်ဖောင် နစ်တဲ့နေရာ၊ အမှတ်တရ စိုက်ထားတာ"

"ဪ . . . "



ကျွန်တော်က စာအုပ်တွင် ခပ်ကြမ်းကြမ်း ရေးမှတ်လိုက်၏။

"သိပ်ထူးဆန်းတာ မောင်ရဲ့၊ အဲဒီမှာ ဖောင်နစ်တုန်းက ဖောင်တော်ဦးက ဘုရားငါးဆူမှာ လေးဆူပဲ ပြန်ဆယ်ရတယ်၊ ဘယ်လိုမှ ဆယ်လို့မရတော့ လက်လျှော့လိုက်တာပေါ့၊ အဲဒီဘုရားက ဖောင်တော်ဦးဘုရားရဲ့ ကျောင်းဆောင်ပေါ်မှာ သူ့ဘာသာသူ ပြန်ရောက်နေတယ်လို့ ပြောကြတယ်"

"ဪ"

ကျွန်တော် တအံ့တသြဖြစ်သွား၏။ ဘုရားတန်ခိုးတော်ပေါ့လေ။

"ဒါနဲ့ နေပါဦး၊ မောင်က ဒါတွေ ဘာလုပ်ဖို့ လိုက်မှတ်နေတာလဲ"

"ဘာရယ်မဟုတ်ပါဘူး၊ နောင် အလျဉ်းသင့်လို့ စာလေးဘာလေး ရေးတဲ့အခါ အသုံးဝင်တာပေါ့"

"အင်း . . . စာရေးရင် သတိထားရေးနော်၊ ရန်ကုန်က စာရေးဆရာတစ်ယောက်လိုလည်း ဖြစ်နေဦးမယ်"

"ဘာဖြစ်လို့လဲ"

"အဲဒီဆရာက အင်းလေး၊ ညောင်ရွှေ အခြေခံတဲ့ ဝတ္ထုတစ်ပုဒ် ရေးတယ်၊ ဇာတ်လိုက်က ပွဲချိတ်သမား၊ အဲဒီဇာတ်လိုက်က နေ့တိုင်း၊ နေ့တိုင်း ညောင်ရွှေမြို့ထဲကနေ လှေဆိပ်ကို ပွဲချိတ်စက်ကြီး ထမ်းထမ်းပြီး အလုပ်ဆင်းတယ်တဲ့"

ပြောရင်းနှင့် မမကရယ်သည်။ မမစကားကို နောက်လှည့်နားထောင်နေသော မိုးမိုးကလည်း ရယ်၏။ ကျွန်တော် ဘာရယ်ရမှန်း မသိသဖြင့်။

"အဲဒါ ဘာဖြစ်လို့လဲ မမ"

"အိုး . . . ညောင်ရွှေ အင်းလေးကလူတွေ ဖတ်ပြီး ရယ်တာပေါ့၊ ဒီပွဲချိတ်စက်က လူသုံးယောက် ဝိုင်းပြီး မနည်းမ,တင်၊ မ,ချလုပ်ရတဲ့ပစ္စည်းဥစ္စာ၊ ဒီစက်ကြီး တစ်ယောက်တည်း ပခုံးပေါ် ထမ်းအလုပ်ဆင်းရအောင် သူ့ဇာတ်လိုက်က ဟာကျူလီလား"

"ဩော် . . . ဒါကြောင့်ကိုး"

ဒီတော့မှ ကျွန်တော်လည်း အားရပါးရ ရယ်မိသည်။ ဒါလည်း စတော်ဘယ်ရီပင်ပေါ်တက် သီချင်းဆိုနည်းတစ်မျိုးပေါ့ဟု တွေးလိုက်မိသည်။

အင်းလေးရေပြင်နှင့်တောင်တန်းများသည် စိမ်းမြလန်းဆန်းနေ၏။ ရင်ခုန်စရာ၊ ပျော်စရာခရီးလေး။

နားထဲတွင် ရယ်သံလိုလို၊ စကားပြောသံလိုလို အသံများကြားသဖြင့် အတွေးစ ပြတ်သွားသည်။

ဧည့်ခန်းနှင့် ကျွန်တော့်အိပ်ခန်းမှာ အတန်ငယ် လှမ်းနေသဖြင့် စကားပြောသံများ မသဲကွဲ၊ သို့သော် ပြောနေကြသူများသည် ယောကျ်ားသံတစ်သံနှင့် မိန်းမသံတစ်သံ ပါကြောင်းတော့ သိသည်။ ထိုထက် ပိုသိသည်မှာ အမျိုးသမီးအသံသည် မမအသံ။

ပထမတော့ အသံချင်း သိပ်မကွာသော အန်တီဥမ္မာအသံများလား တွေးမိသေးသည်။ သို့သော် စူးစိုက်နားထောင်ကြည့်သော



အခါ မဟုတ်၊ မမအသံဖြစ်သည်။

ရင်ထဲမှာ တစ်မျိုးဖြစ်သွား၏။

ဘာရယ်မဟုတ်သော်လည်း မသိစိတ်တစ်ခုက ကျွန်တော့်ကို စနောင့်စနင်း ဖြစ်သွားစေသည်။

ထို့ကြောင့် အိပ်နေရာမှ ဖျတ်ခနဲ ထ၍ ကမန်းကတန်း အိပ်ရာသိမ်း၊ ခြင်ထောင်တင်၊ စောင်ခေါက်လုပ်သည်။

ထို့နောက် အိပ်ခန်းတံခါးကို အသံမမြည်အောင် ဖွင့်၍ အပြင်ဘက် ထွက်လိုက်သည်။ အမှတ်တမဲ့လိုလိုနှင့် ဧည့်ခန်းဘက် လှမ်းကြည့်သည်။

ရင်ထဲ ဒိန်းခနဲ ဖြစ်သွားသည်။

အတန်ကြာ ကျွန်တော်မေ့နေသောသူ တစ်ဦး။

ကျွန်တော့် မျက်နှာကွက်ခနဲ ပျက်သွားမည် ထင်သည်။

ကိုစောဦး၊ ကိုစောဦး နာမည်ကို အမှတ်ရသည်။ ကိုကြီးဆိုသော အသုံးပါ သတိရ၏။

စောစောက အသံမမြည်အောင် ဖွင့်လိုက်သော တံခါးကို ယခုတစ်ခါ အသံမြည်အောင် ဆွဲပိတ်လိုက်မိသည်။

တောင်ကြီး၏နံနက်စောစော အအေးဒဏ်သည် ရင်ထဲမှ လွင့်ခနဲ စဉ်ထွက်သွား၏။

သည်။

ဦးနှောက်မှလာသော အသံတစ်သံကို နှလုံးသားမှ ကြားလိုက်ရသည်။

'ဘာဖြစ်လို့ ဒီလောက် ဖြစ်နေရတာလဲ ရန်နိုင်၊ မင်းယောက်ျား မဟုတ်ဘူးလား၊ ဒီလောက် သဘောထားသေးရသလား၊ ကိုစောဦးနဲ့မမနဲ့က မင်းအရင် ဘယ်နှစ်ကမ္ဘေ၊ ဘယ်နှစ်ကမ္ဘာမှန်းမသိကတည်းက သူငယ်ချင်းတွေ၊ သူငယ်ချင်းတွေမဟုတ်လည်း တစ်ခုခုပေါ့ကွာ၊ မင်းက ခုမှ မမနဲ့တွေ့ရတဲ့လူ၊ ပြီးတော့ မမကလည်း ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ လွတ်လွတ်လပ်လပ်လူ၊ သူ့ကိစ္စသူ ဆုံးဖြတ်လိမ့်မပေါ့'

'ဟုတ်ပါတယ်' ဟု နှလုံးသားက အားလျော့စွာ ဖြေတွေးသည်။

'ဘာဟုတ်ပါသလဲ၊ ကိုညိုဝင်းကိစ္စတုန်းကလည်း အလကားနေရင်း မင်း လူတစ်ယောက်ကို စိတ်နဲ့စော်ကားပြီးပြီ'

ဦးနှောက်က နိုင်တုန်း ဖိတွယ်၏။ နှလုံးသား၏လေသံ ပျော့သွားသည်။

'အေးပေါ့လေ၊ ခုကိစ္စလည်း ကိုညိုဝင်းလိုဖြစ်ရင် အကောင်းသားပေါ့'

အတော်လျော့ပြောသော်လည်း ဦးနှောက်ကမညှာ။

'မဖြစ်တော့ရော မင်းက ဘာတတ်နိုင်မှာလဲ၊ မမကို ရိုက်ချစ်ခိုင်းရမှာလား'

နှလုံးသားသည် ခေါင်းငိုက်စိုက်ကျသွား၏။

'အေးလေ ဘာတတ်နိုင်မှာလဲ'

## (၁၈)

ပြန်လာသောအခါ မမကို ဧည့်ခန်းတွင်မတွေ့။

ရေအေးအေးနှင့် မျက်နှာသစ်၊ ရေချိုး လုပ်ထားသဖြင့် အတန်ငယ် ငြိမ်သက်သွားသော စိတ်သည် ပြန်လှုပ်ရှားလာသည်။

မမနှင့်ထိုလူ ဘယ်ရောက်သွားသနည်း။

ချက်ချင်း အိမ်ရှေ့ထွက်၍ လိုက်ရှာချင်စိတ် ပေါ်လာသည်။ သို့သော် ဒီစိတ်ကို မနည်း ထိန်းထားလိုက်ရသည်။

လောကမှာ ဣန္ဒြေဆိုသော တရားလေးက ရှိသေးသည်။

ထို့ကြောင့် အခန်းတံခါးကို ခပ်ဆတ်ဆတ်တွန်း၍ အခန်းထဲ ဝင်လိုက်၏။

မှန်ထဲ၌ ပေါ်လာသော ကျွန်တော့်မျက်နှာသည် ဝန်တိုမှုကြောင့် အကြည့်ရဆိုးနေဆဲ၊ ရင်ထဲက အစိုင်အခဲကို သက်ပြင်းနှင့်အတူ လျှော့ပစ်လိုက်ရ၏။ မျက်နှာပေါ်မှ တင်းမာမှုများ လျှော့သွား

ဒီအသံကို ကြားသွား၍လားမသိ၊ ခေါင်းရင်းပြတင်းကို ဖွင့်လိုက်သောအခါ အပြာရောင် ခန်းဆီးလေးများက ကိုယ့်ကို လှုပ်၍ရယ်သည်။

ခပ်စောင်းစောင်း မြင်နေရသော တောင်ချွန်း၏ အစွန်းငှသည် မြင့်မားလှသည်တကား။

"ဖွေးစ် . . . ကော်ဖီထည့်ထားတယ်၊ သောက်လိုက်ဦး"

အခန်းထဲမှ အဝတ်အစားလဲပြီး ထွက်လိုက်သောအခါ မိုးမိုးက ဧည့်ခန်းမှ လှမ်းပြောသည်။

"အန်တီတို့ရော"

တိုက်ရိုက်မမေးလိုသော စကားအတွက် သွယ်ဝိုက်၍ အစပျိုးသည်။

"ကျောင်းတက်သွားကြတယ်"

"ဟေ . . . ဘယ်လို"

နားကြားလွဲသွားသည်ထင်၍ ပြန်မေးလိုက်၏။ ကျွန်တော်ကြားလိုက်သည့်စကားကို မှန်သည်ဟုမထင်၊ ဘယ်နဲ့ ဒီအရွယ်ကြီးတွေ နွေရာသီ အင်္ဂလိပ်စာကျူရှင် ယူနေကြတာတော့ မဖြစ်နိုင်။

"ကျောင်းတက်သွားတယ်"

မိုးမိုးဆီမှ ထပ်ပြောသောစကားကြောင့် အကြားမှားသည်မဟုတ်သည်မှာ သေချာသည်။



"ဘာလို့ သူတို့က ကျောင်းတက်ရတာလဲ"

ကျွန်တော့်ကို သူက အူတူတူအကြည့်ဖြင့် ကြည့်၍ . . .

"ကျောင်းတက်ပါတယ်ဆိုမှ ဘာလို့ ကျောင်းတက်ရတာလဲတဲ့၊ ဘုန်းကြီးကျောင်းသွားတာ ဥပုသ်စောင့်ဖို့ပေါ့"

"ဩော်"

ဒီတော့မှ သဘောပေါက်သည်။ ကျွန်တော်တို့ဆီမှာ အသုံးမရှိသော်လည်း ကျောင်းတက်ဆိုသော ဝေါဟာရသည် 'ဘုရားသွားကျောင်းတက်' ဆိုသောဆိုရိုး၌ ပါရှိကြောင်း သတိရ၏။

"မမတို့ရော"

ခုမှ လိုရင်းရောက်သည်။ ပိုသေချာသွားစေရန် မမရောဟု မမေးလိုက်၊ မမတို့ရောဟု မေးဖြစ်အောင် မေးလိုက်သည်။

"ခြံထဲမှာ"

ဒိန်းခနဲ အလုံးတစ်လုံး ရင်ဝဝင်ဆောင့်၏။ သောက်လက်စကော်ဖီသည် လည်ဝတွင် နင့်ခနဲ ဖြစ်သွားသည်။

"ဘာလုပ်နေတာလဲ"

အမှတ်တမဲ့မို့ ကိုယ့်ပါးစပ်ပင် ကိုယ်မထိန်းလိုက်နိုင်၊ မေးပြီးမှ ဒီစကားမမေးသင့်ကြောင်း သတိရသည်။ သို့သော် နောက်ကျသွားပြီ။

"စကားပြောနေတာပေါ့"

"နှစ်ယောက်တည်းလား"

ဘဝမှာ ခဏခဏမှားဖူးသော်လည်း ခုထိ နောင်တမရသေးသည့် နှလုံးသားသည် ဦးနှောက်က အသေအချာတားပါလျက် ဇွတ်လုပ်ချင်ရာ လုပ်၏။

"အေးပေါ့ . . . ဘာဖြစ်လို့လဲ"

ကျွန်တော် ခေါင်းခါပြလိုက်သည်။

"ဘာမှမဖြစ်ပါဘူး၊ နှစ်ယောက်တည်းဆို မမနဲ့ ကိုစောဦး ကြိုက်သွားကြမှာစိုးလို့" ဟူသောစကား မပြောဖြစ်။

"ဘာမှမဖြစ်ပါဘူး၊ နှစ်ယောက်တည်းမှ ဟုတ်ရဲ့လားလို့ စိတ်ထဲပူနေလို့"

ပင်ကို စိတ်ရိုင်းလေးအတိုင်း ခပ်ရွတ်ရွတ်ပြော၍ ကော်ဖီ ပန်းကန်ကို မော့ချလိုက်သည်။

မိုးမိုးသည် ကျွန်တော့်အား ပြူးကြောင်ကြောင် အကြည့်ဖြင့် နားမလည်စွာကြည့်၏။

သူနားမလည်သည်မှာ ဘာဆန်းသနည်း။ ကျွန်တော်ပင် ကျွန်တော့်ကိုယ်ကျွန်တော် နားမလည်။

ခက်တော့ ခက်နေပါပရော။

ဂျိုင်းခနဲ တံခါးပိတ်သံ ကြားသည်။

ကားတစ်စီး ဝူးခနဲ ဆောင့်မောင်းထွက်သံ ကြားရ၏။

ရင်ထဲမှာ ထိတ်သွားပြီး တံခါးဝမှ အပြင်လှမ်းကြည့်လိုက်၏။ ကားပေါ်တွင် မမများ ပါသွားပြီလား။ ကျွန်တော် စိုးရိမ်သွားသည်။

ဆင်ဝင်အောက်မှဖြတ်၍ မြင်းချေးရောင် ကိုရိုလာ ကား လေး မောင်းသွားသည်။ ကားပေါ်မှာ ကိုစောဦးတစ်ယောက်တည်း



ရင်ထဲမှ အလုံး ပြုတ်ကျသည်။

တံခါးဝတွင် မမပေါ်လာ၏။

မမ၏မျက်မှောင်လေး မသိမသာ ကျုံ့နေသည်။

ကျွန်တော့်ကို မြင်လိုက်သောအခါ မမ အံ့ဩသွားသည် ထင်၏။ မျက်ခုံးလေးနှစ်ဖက် တက်သွားသည်။

"ဟင်း . . . မောင်ကလည်း ကော်ဖီသောက်တာ မမတောင် မစောင့်ဘူး"

နှုတ်ခမ်းလေးနှစ်ခု စူသွားသလို အပြုံးလေးသည် ရိပ်ခနဲ ထင်သည်။ ကျွန်တော် မိုးမိုးကို လှမ်းကြည့်လိုက်ပြီး . . .

"မသိဘူးလေ . . . မိုးမိုးက သောက်ဆိုတာနဲ့ သောက်လိုက် တာ၊ မမ ဧည့်သည်နဲ့အတူတူ သောက်ပြီးပြီမှတ်လို့"

မမမျက်နှာ ကွက်ခနဲပျက်သည်။

"မသောက်ပါဘူး . . . စောစောစီးစီး လာဂျီတိုက်နေတာ နဲ့ဟာ"

ဂျီတိုက်သည်ဆိုသော စကား၏အနက်ကို သက်သာနိုင်သ လောက် သက်သာအောင် ကိုယ့်ဘက်က တွေးယူလိုက်ရ၏။

"ကျွန်တော် မမ သူနဲ့များ အပြင်လိုက်သွားပလားလို့"

မမ၏အကြည့်စူး ဖျတ်ခနဲ ရောက်လာသည်။

"မောင် ဘာပြောတာလဲ"

လေသံသည် မသိမသာမာ၍ ဆတ်နေ၏။ မမ၏ ခြေလှမ်း များသည် ကော်ဖီစားပွဲသို့ လှမ်းနေရာမှ တန့်သွားသည်။ ကျွန်တော် ရယ်လိုက်၍ . . .

"မဟုတ်ပါဘူး မမရဲ့ . . . ဟိုနေ့က ကိုစောဦးက သကြံန်

လည်ဖို့ခေါ်ထားတယ် ကြားလို့ပါ"

မမခြေလှမ်းများ ဆက်လှမ်းသည်။ နှုတ်ခမ်းက အစူတော့ မလျော့။ အကြည့်ထဲတွင် အရိပ်စူးစူးလေးများလည်း မလွတ်သေး။

"ပါသွားပလား၊ မပါလား သိချင်ရင် စောစောက ဘာလို့ အပြင်ထွက်မကြည့်တာလဲ"

မမက စားပွဲအရောက် ဓာတ်ဘူးမှ ကော်ဖီကို ပန်းကန်ထဲ ထည့်ရင်း မေးသည်။ ကျွန်တော် မမကို လှမ်းကြည့်၏။ ပြန်ပြောရမည့် စကားအတွက် ချိန်သည်။ မမက ကော်ဖီပန်းကန်ကို မြှင့်တင်ရင်း ကျွန်တော့်အဖြေကို စောင့်သည်။ ကျွန်တော် ဘာမှပြန်မဖြေ။ စားပွဲ စွန်းကို လက်ဖြင့် ကိုင်ရပ်ရင်း ရယ်နေ၏။

"ဖြေလေ"

မမအသံက ဆောင့်၍ထွက်လာသည်။ ကျွန်တော် စွန့်စား ကြည့်ရန် ဆုံးဖြတ်လိုက်ပြီ။

"အနှောင့်အယှက် ဖြစ်မှာစိုးလို့"

"ဘာ"

ပြင်းထန်သော လေသံနှင့်အတူ လက်ထဲမှ ကော်ဖီပန်းကန် ကို စားပွဲပေါ် ဆောင့်ချသည်။

ကျွန်တော် ပျော်သွားပြီ . . .

ဖိတ်စဉ်သွားသော ကော်ဖီစက်များကို အားရဝမ်းသာ လှမ်း ကြည့်လိုက်မိသည်။

မမ ဒီလိုမှ ဖြစ်ပါ့မလားလို့ ပူလိုက်ရတာလေ . . .



"မောင့်ကို မမ လုံးဝမကျေနပ်ဘူး"

မမစိတ်ဆိုးနေပြီ ဆိုသည်ကို နည်းနည်းမှ သံသယဝင်စရာ မလိုတော့။ မမမျက်လုံးအိမ်တွင် မျက်ရည်စလေးများ ရစ်ဝဲလာသည်။ မမနှုတ်ခမ်းဖျားလေးများ တဆတ်ဆတ် တုန်နေသည် ထင်၏။

ကျွန်တော်က ပြုံးမြဲပြုံးရင်း လေကို ဖော့ပြောလိုက်သည်။

"မဟုတ်ပါဘူး မမရယ်၊ ကျွန်တော်ပြောတာ ရိုးရိုးသားသား ပါ"

"ဩော် . . . မောင်ပြောတာ ရိုးရိုးသားသားဆိုတော့ မမက ကိုးမလုံ အုံပွင့်တာပေါ့၊ မောင်ဒီလိုပြောတာ မဟုတ်လား"

မမကပြောရင်းနှင့် ကော်ဖီပန်းကန်ကို လက်ဖြင့် ခပ်ကြမ်း ကြမ်း ရွှေ့ဖယ်သည်။

ကျွန်တော် ရယ်လိုက်သည်။ မမမျက်နှာလေးတွင် သွေး ရောင်လေးများ လွှမ်းနေသည်။ မိုးမိုးကတော့ ကျွန်တော်တို့ နှစ်ယောက်ကို ယောင်ပေပေဖြင့် ကြည့်၍ မသိမသာ နောက်ဘေးခန်း ဝင်သွားသည်။

"မောင် မရယ်နဲ့"

သူပြောမှ ကျွန်တော် ပိုရယ်သည်။

ရယ်ရင်းနှင့် မမနား ကပ်သွားပြီး မမလက်ကလေးကို ကိုင်၍

"မမကလည်းဗျာ ကျွန်တော် ပြောတဲ့အထဲမှာ စိတ်ဆိုးစရာ ဘာပါလို့လဲ"

မမက သူ့လက်ကို ဆောင့်ရုပ်လိုက်ပြီး . . .

"ဩော် . . . မောင်က မမကို မယုံသလိုပြောတာ ဘာ သဘောလဲ"

အဲ . . . နည်းနည်းတော့ ဟုတ်လာပြီဟု စိတ်ထဲတွင် အောက်မေ့လိုက်သည်။ ထွက်လက်စဒေါသလေး မပျောက်ခင် လုပ်စရာရှိတာလေး လုပ်လိုက်ဦးမှ . . . ။

"မဟုတ်ဘူးလေ၊ မမကို မယုံလို့ မဟုတ်ပါဘူး၊ မမတို့နှစ်ယောက် စကားပြောတဲ့နေရာ ကျွန်တော်လာရင် ကျွန်တော့် သဘောထားသေးရာ ရောက်မှာပေါ့"

"ဩ . . . မောင်က သဘောထားသေးရာ ရောက်ရအောင် မမနဲ့သူနဲ့က ဘာဆိုင်လို့လဲ"

ရင်ထဲက ဝမ်းသာစိတ် ဝုန်းခနဲ ခုန်ထသည်။ သို့သော် လိုရင်း မရောက်သေးသဖြင့် သိပ်ဝမ်းသာပုံ မပြသေးဘဲ . . .

"မမကတော့ မဆိုင်ဘူးပေါ့၊ ဟိုလူက တစ်မျိုးထင်သွားရင် ဘယ်ကောင်းမလဲ"

"ထင်တော့ ဘာဖြစ်လဲ၊ ထင်ချင်ရာထင်ပစေပေါ့"

"ထင်သွားရင် ဘယ်ကောင်းမလဲ မမရဲ့၊ မမကမှ ကျွန်တော့်ကို အဖြေမပေးသေးတာ"

"အို . . . ပေးစရာလိုသေးလို့လား"

ပြောရင်းနှင့် မမစကား တန့်ခနဲရပ်သည်။ မျက်လုံးလည်း ဝိုင်းခနဲ ဖြစ်သွား၏။

"ဘယ်လို . . . ဘယ်လို ပြန်ပြောပါဦး မမ"

ကျွန်တော် ဝမ်းသာအားရ တမောတကော မေးလိုက်သည်။ လူလည်း ထမခုန်မိအောင် သတိထားနေရ၏။

မမမျက်နှာပေါ်တွင် ဒေါသအမူအရာများ ချက်ချင်း လွင့်သွားပြီး ရှက်ပြုံးနှင့် မျက်နှာဝှက်၍ . . .



"ဟယ် . . . ကြည့်စမ်း၊ ကြည့်စမ်း လူလည် မှတ်ထား"

ရှက်ရှက်နှင့် မမသည် သူ့ရှေ့မှ ကော်ဖီပန်းကန် ကောက်ကိုင်ပြီး ကျွန်တော့်ကို လှမ်းပက်သည်။

ကော်ဖီက နွေးနွေးသာရှိသော်လည်း ကျွန်တော် အလန့်တကြား ထအော်လိုက်၏။

"အမလေးဗျ၊ သေပါပြီ"

"ဟယ် . . . ဒုက္ခပဲ"

ကျွန်တော့်အော်သံကြောင့် မမ အလန့်တကြား ကျွန်တော့်ကို ပြေးဖက်သည်။

ကျွန်တော် အပိုင်ဆီးဖက်ထားလိုက်၏။

သူ့ထက်ပိုင်သောကိစ္စပင် သူ့လောက်မပိုင်။

ဒါကြောင့်မို့ လူကြီးတွေက ပြောတာပေါ့၊ ဒေါသမဖြစ်နဲ့၊ ဒေါသမဖြစ်နဲ့လို့။

အဟဲ . . . သိတယ်မို့လား။

(၁၉)

"မောင် ဘယ်လိုဖြစ်သွားလဲ၊ သိပ်ပူသွားလား"

မမက ကျွန်တော့်ရင်ခွင်ထဲမှနေ၍ ကျွန်တော့်ရင်ကို စမ်းရင်း မေးသည်။ ကျွန်တော်က အလန့်တကြားအမူအရာ တမင်လုပ်၍...

"ပူလိုက်တာဗျာ"

"ဟယ် ... ဟုတ်လား၊ ဒုက္ခပါပဲ ဘာလုပ်ပေးရမလဲဟင်"

မမ ပျာပျာသလဲဖြစ်သွားသည်။ ကျွန်တော်က ရယ်၍ ...

"မောင့်ကို ချစ်တယ်လို့ ထပ်ပြောပေါ့၊ မောင်ပူတာက ကော်ဖီ မှမဟုတ်ဘဲ မမ ဒီလိုပြောမှပြောပါ့မလားလို့ ပူတာ"

"ကြည့်စမ်း မောင် သိပ်လူလည်ကျတာပဲ၊ လူဆိုး"

"မမ မောင့်ကို အတည်ပြုပေးလိုက်ပြီပေါ့နော်"

"အို ... မသိဘူး"

ဟဲ ... ဟဲ ဒီလိုပြောလေ၊ ရန်နိုင်ဒွေးက သဘောကျလေ၊



လုပ်လိုက်လေ ကြာသလားလို့၊ မမကိုယ်ကလေးကို တင်းတင်းဖက်၊ မမ၏ငုံ့ထားသော ခေါင်းနား မျက်နှာကပ်၊ မမ ဆံပင်လေးကို နမ်းရင်း ...

"ပြောပါ မမရယ်၊ ခုမှတော့ ရှက်မနေပါနဲ့တော့၊ ကျွန်တော့်ကို ချစ်တယ် မဟုတ်လားဟင်"

"ဟင့်အင်း၊ ပြောချင်ပါဘူးကွယ်၊ ရှက်တယ်"

ဟီ .. ဟီ .. တယ်စိတ်ချမ်းသာစရာ ကောင်းပါလားနော်။

"မရှက်ပါနဲ့ မမရယ်၊ ပြောပါ"

"အင် ... သူ သိပ်ကဲတာပဲကွယ်"

"ချစ်တယ်ဆိုတဲ့ စကားလေး သိပ်ကြားချင်လို့ပါ မမရယ်"

"ပြောဖို့လိုသေးလားလို့"

"လိုတာပေါ့လို့"

"ဟင်းနော် ... မနောက်နဲ့ ဒါဆို မပြောတော့ဘူး"

"အမလေး မလုပ်ပါနဲ့၊ မောင် မနောက်တော့ပါဘူး၊ ပြောပါ မမရယ် နော်"

"အင်း ... အင်း"

"ဘာလဲ အင်း .. အင်း"

"အဖြေပေးတာလေ"

"ဟင့်အင်း အဲလိုအဖြေမပေးနဲ့၊ ချစ်တယ်လို့ ပြော"

"ဟယ်ကွယ် သိရဲ့သားနဲ့"

"ကြားချင်တာကိုး မမရဲ့"

"ကဲကဲ ... ချစ်တယ် ... ချစ်တယ်"

"အေး ... ဟုတ်ပြီကွ"

ကျွန်တော် ဝမ်းသာအားရ ထအအော်၊ မမအလန့်တကြား မော့်ကြည့်၏။

"အိုး . . . ဘာဖြစ်တာလဲ"

မော့်ထားသော မမမျက်နှာလေးကို ကျွန်တော်ကြည့်လိုက်သည်။ ရှက်သွေးလေးများ လွှမ်းနေသော မမပါးပြင်လေးသည် နုညက်လွန်းလှ၏။

"ပျော်လို့"

ဆတ်ခနဲ မမပါးပြင်နား တိုးကပ်သည်။

"အိုး . . . "

မမ ကပျာကယာ ခေါင်းငုံ့၏။

သို့သော် မလွတ်တော့။

မမထံမှ လေသံညင်းညင်း ကြားလိုက်ရသည်။

ကျွန်တော်တို့နှစ်ယောက်စလုံးတွင် ကော်ဖီချိုချိုလေးများ ရွှဲနစ်နေ၏။

ဇောတိကလမ်းကလေးသည် အေးချမ်း၏။

"မောင် သိပ်ဆိုးတာပဲကွာ၊ မိုးမိုးများ တွေ့သွားလား မသိဘူး"

၂မ၏မျက်နှာတွင် ယခုတိုင် ရှက်ရိပ်များ မစင်သေး၊ တောင်တန်းသူ မဟုတ်သော်လည်း မမ၏ပါးပြင်တွင် ပန်းနုရောင်လေးများ



န်းနေသည်။ မမဝတ်ထားသော ယုန်မွေးဆွယ်တာဝါဝါလေးမှာ မ၏ဖြူနုသောအသားနှင့် လိုက်ဖက်လွန်းလှသည်။

"မတွေ့ပါဘူး မမရယ်၊ မိုးမိုးက မီးဖိုထဲမှာပဲဟာ"

"မောင်သိလို့လား"

"သိတာပေါ့၊ နို့မို့ မိုးမိုးမြင်အောင် ဘယ်နမ်း . . . "

"ဟေ့ . . . တော်တော့၊ မပြောနဲ့တော့"

ကျွန်တော့်စကားမဆုံးမီ မမလက်ကလေးများက ကျွန်တော့် စပ်ကို လာပိတ်သည်။ မမလက်ကလေးများသည် မမပါးပြင်မှရ သာ အနံ့လေးအတိုင်း မွှေးနေ၏။

နှစ်ယောက်စလုံး လွတ်လွတ်လပ်လပ် ရယ်လိုက်ကြသည်။

ကျွန်တော့်မျက်လုံးများသည် လမ်းဘယ်ဘက်မှ တိုက်ခန်း လှလေးများဆီ ရောက်သွားသဖြင့် . . .

"အဲဒါ ဘာလဲမမ"

"အကောက်ခွန် ရိပ်သာလေ၊ ဟိုဘက်က တီအိပ်ချ်အက်စ် "

မမ လှမ်းပြောသဖြင့် လမ်းညာဘက်ကို လှမ်းကြည့်သည်။ င်ကြီး စက်မှုလက်မှု အထက်တန်းကျောင်း အဆောက်အအုံများ မြင်ရသည်။

"မောင်တော့ တောင်ကြီးကနေ မပြန်ချင်တော့ဘူး မမရယ်"

လူရှင်းသော လမ်းကလေး ဖြစ်သဖြင့် လမ်းလျှောက်၍ အေး လှသည်။ တစ်ချက်ချက် တိုက်လာသော လေပြည်တွင် ထင်းရှူးနံ့ ယုကလစ်နံ့များ ရောထွေးပါလာ၏။

"မပြန်လို့တော့ မဖြစ်သေးဘူးနော်၊ မောင်က ကျောင်း

ပြီးသေးတာ မဟုတ်ဘူး"

"ဒါကြောင့်ပေါ့၊ နို့မို့ဆို မောင်ဘယ်ပြန်တော့မလဲ၊ ခုတော့ လွမ်းရဦးတော့မယ်"

ခပ်ချွဲချွဲပြောလိုက်သော ကျွန်တော့်လေသံကြောင့် မမ ရယ်သည်။ မမ၏ကိုယ်လေးလှုပ်ခါသွားသည်နှင့်အမျှ ကျွန်တော့်ကိုယ် ဘယ်ဘက်ခြမ်းလေးသည် ပို၍ နွေးထွေးလာသည်။

"မပိုပါနဲ့ မောင်ရယ်၊ မောင်က ဟိုရောက်ရင် ရန်ကုန်သူ ငယ်ငယ်လေးတွေနဲ့ ပျော်နေမှာပါ၊ မမပဲ လွမ်းနေရမှာပါ"

လမ်းကလေးက ညာဘက်သို့ မသိမသာ ကွေ့လာသည်။ အိမ်ခြေပါးသွားသလို မြို့ကို မိုးထားသည့် တောင်ချွန်း၏အခြေသို့ တဖြည်းဖြည်းနီးလာသည်။ တောင်ချွန်း၏အပင်နှင့် ကျောက်သားများ ကို နီးနီးကပ်ကပ် မြင်လာရသည်။

"မမနဲ့မောင် ဘယ်တော့လက်ထပ်ကြမလဲ ဟင်"

"အို . . . "

မမက ကျွန်တော့်ကို ကိုယ်စောင်းလေးတိုက်၍ ရယ်သည်။ မမ၏အဖြေကို မျှော်လင့်တကြီး စောင့်နေသော ကျွန်တော့်အား မျက်စောင်းလှလှလေးတစ်ခု ထိုးသည်။

သစ်တောရပ်ကွက်၏ ဆိတ်ငြိမ်းအေးချမ်းလှသော ဇော ကလမ်း၏အလှသည် မမမျက်စောင်းလေးအောက်တွင် များစွာရှုံးနိမ့် သွား၏။

"မောင်ကလည်း ဘာမှန်းလည်းမသိဘူး၊ ခုနလေးကမှ ချစ်သူတွေဖြစ်ကြတယ်၊ ခုချက်ချင်း လက်ထပ်ဖို့ စဉ်းစားနေပလား

"သဲတယ်ပဲပြောပြော မမရယ်၊ ကျွန်တော်ကတော့ ခုချက်



ချင်း လက်ထပ်လို့ရရင် လက်တောင်ထပ်ချင်တယ်"

"ဩော် . . . မောင်ရယ်၊ မောင်က ယောကျ်ားလေးလေ၊ ပြောအားရှိတာပေါ့၊ မမဘက်ကလည်း စဉ်းစားကြည့်ပါဦး . . . ခုလို ချစ်သူတွေဖြစ်ကြတာ သိရင်တောင် ဘယ်လိုပြောမလဲ၊ တွေ့တာမှ သုံးလေးရက်ရှိသေးတယ်"

မမက ကျွန်တော့်ပခုံးတွင် ခေါင်းလေးမှီ၍ ပြောသည်။ ကျွန်တော့်အား သိုင်းထားသော လက်ကလေးများကို ကျွန်တော် ဖွဖွလေး ဆုပ်ကိုင်လိုက်သည်။ မမ၏နွေးထွေးသော လက်ကလေးများ သည် နူးညံ့လွန်းလှသည်။

"ဘာဆိုင်လို့လဲ မမရယ်၊ အချစ်ကို ဘယ်နှစ်ရက်၊ ဘယ်နှစ်လကြာမှ ချစ်သင့်တယ်လို့ ဘယ်သူက ပြဋ္ဌာန်းထားလို့လဲ၊ ခုလို အဆင်ပြေပြေလေးနဲ့ တစ်ယောက်ကိုတစ်ယောက် ချစ်ရတာ ဘယ်လောက် ချမ်းမြေ့ဖို့ကောင်းသလဲ"

"မမကို အညာလွယ်တယ်လို့ ပြောမှာပေါ့"

"မမရယ် . . မမ အညာမလွယ်ခဲ့လို့ ခုလို မောင် ကံကောင်းတာပေါ့၊ မောင်နဲ့မမတွေ့ချိန်ဟာ မောင့်အတွက် သိပ်နောက်ကျသွားဖို့ ကောင်းတဲ့အချိန်ပါ"

"မောင်က စကားသိပ်တတ်တာပဲ"

"မောင်ပြောတာ မဟုတ်လို့လား"

မမက ခေါင်းလေးကိုပြန်မတ်သည်။ မသိမသာ သက်ပြင်းချ ၏။

"ဟုတ်တော့ဟုတ်တယ်၊ မမ ဒီအချိန်ထိအောင် ဘယ်သူ့ကို မှ မချစ်ခဲ့မိဘဲ ခုမှ မောင့်ကို ဘာဖြစ်လို့ မမ ချစ်သွားလဲ မသိဘူး"

"မောင့်ကုသိုလ်ကံလို့ပဲ ပြောရမှာပေါ့ မမရယ်၊ မောင့်မှာ မမက ပြန်ချစ်ပါ့မလားလို့ စိုးရိမ်လိုက်ရတာ"

နှစ်ယောက်သား ဆင်ခြေလျှောလမ်းလေးအတိုင်း ဆင်းလာကြသောအခါ မြို့တွင်းဘက်မှလာသော ကတ္တရာလမ်းနှင့် သွားဆုံသည်။

"ဒါ ဘာလမ်းလဲ မမ"

"တောင်ကြီး၊ ကျိုင်းတုံလမ်းလေ၊ မင်းလမ်းနဲ့ တစ်ဆက်တည်းပေါ့၊ ဟိုရှေ့က ဂေါက်ကွင်း"

မမ လှမ်းပြသော နေရာကို ကြည့်သည်။ ကွင်းစပ်တွင် ယူကလစ်ပင်များရှိ၍ မြက်ခင်းညီညီပြန့်သွားသော တောင်ကြီးဂေါက်ကွင်းသည် ချမ်းအေးသော ရာသီဥတုထဲတွင် စိမ်းလန်းနေ၏။

ခပ်လှမ်းလှမ်း တောင်ကုန်းမြင့်မြင့်ပေါ်တွင် ဆလင်ဒါပုံ အုတ်အဆောက်အအုံလေး၊ ကင်းတဲလေးဟု ထင်ရ၏။

"ဘယ်ထိအောင် လျှောက်မလဲ မောင်"

"လျှောက်လေ မမ၊ စကြဝဠာတစ်ပတ်မြစ်ဖြစ် လျှောက်ရအောင်"

"အမလေး ဒီလောက်တော့ မလျှောက်ပါရစေနဲ့ မောင်ရယ်၊ မမညောင်းရင်း မောင်ကလည်း ထမ်းနိုင်တာ မဟုတ်ဘဲနဲ့"

"နိုင်ရင်တော့ ထမ်းနိုင်ပါတယ် မမရဲ့၊ မှန်း စမ်းပြီးမှ ကြည့်ရအောင်"

"အို . . . မောင်ကလည်း ပေါက်ကရ"

"နို့ . . . မမကပဲ ထမ်းနိုင်တာ မဟုတ်ဘဲနဲ့ဆို"

"တော်ပါ၊ လည်တဲ့နေရာမှာ နှစ်ယောက်မရှိဘူး၊ နေပါစေ



တော့၊ စကြဝဠာလည်း မပတ်တော့ပါဘူး၊ ကောလိပ်ဘက်လျှောက်ရအောင်"

"သွားလေ၊ ကောလိပ်ဘက်မှာ လူရှင်းလား"

"ဘာလုပ်မလို့လဲ"

"ဩော် . . . လူရှင်းရင် မိုးမိုးရန်ကြောက်မနေရတော့၊ စောစောကလို ပြန်နေကြည့်မလို့ပါ"

မမမျက်နှာကလေး ရဲခနဲ ဖြစ်သွားသည်။ ကျွန်တော့် လက်မောင်းကို မနာအောင် လိမ်ဆွဲသည်။ နှုတ်ခမ်းလေး ချစ်အောင်စူ၍ . . .

"ဟင်းနော် မောင် . . . ချစ်တာက ချစ်တာပဲ၊ စည်းကမ်းတော့ ရှိရမယ်"

ကျွန်တော် မျက်လုံးမှိတ်၍ ခေါင်းညိတ်ပြလိုက်သည်။

တောင်ကြီးကောလိပ်၏ ချစ်သူတို့ လမ်းကလေးသည် တောင်ချွန်းခြေရင်းတွင် အပင်အုပ်တန်းလေးများဖြင့် လှပနေလေ၏။

တောင်ကြီးမြို့အထွက်ဂိတ် အုတ်တိုင်နီနီလေးမှ ညာဘက်လမ်းကို ကွေ့လိုက်သောအခါ အမိုးနီနီနှင့် တောင်ကြီးကောလိပ်အဆောက်အအုံကို လှမ်းမြင်လိုက်ရသည်။

ကွင်းပြင်ကျယ်ကျယ်တွင် မြေဝါရောင် နှစ်ထပ်ဆောင် ကောလိပ်အဆောက်အအုံကြီးသည် ထီးထီးမားမားကြီး လှနေ၏။

အဆောက်အအုံ၏ နောက်ဘက်တွင်မတော့ အဆောင်များဟု ထင်ရသော အိမ်တန်းလျားလေးများနှင့် ဘတ်စကတ်ဘောကွင်း အစရှိသော ကောလိပ်၏အင်္ဂါရပ်များ။

"မနက်က ကိုစောဦး ဘာလာလုပ်တာလဲ မမ"

မမက ကျွန်တော့်ကို အကြည့်တစ်မျိုးဖြင့် ကြည့်သည်။ တောင်ကြီးသည် ချမ်းအေးဆဲဟု ပြောနိုင်သေးသော်လည်း အတော်လေး လျှော့က်မိပြီဖြစ်သဖြင့် မမ၏နဖူးစပ်တွင် ချွေးလေးများ စို့နေသည်။

"မောင် ဘာဖြစ်လို့ ဒီအကြောင်းကို မကျေမနပ် ဖြစ်နေရတာလဲ"

ကျွန်တော် ရယ်လိုက်သည်။ နောက်ထပ် ဆက်ပြောမည့် စကားအတွက် ပေါ့ပါးနိုင်သမျှ ပေါ့ပါးစေရန် ဖြစ်သည်။

"ဘာဖြစ်ထို့လဲ မသိဘူး၊ မနက်က အိပ်ရာက ထထချင်း မနေ့ကအကြောင်းလေးတွေ တွေးပြီး စိတ်ချမ်းသာနေတာ၊ အိပ်ရာထဲကနေ မမနဲ့ ယောက်ျားတစ်ယောက်ရဲ့အသံလည်း ကြားရော လူးလဲထပြီး အခန်းတံခါး ဖွင့်ကြည့်တာပဲ၊ ဧည့်ခန်းမှာ မမနဲ့ ကိုစောဦးကို တွေ့တော့ ကျွန်တော် ဘယ်လိုဖြစ်သွားမှန်း မသိဘူး"

"သိသားပဲ၊ မောင် တံခါးဆောင့်ပိတ်သံ ကြားကတည်းက မောင် ဘာဖြစ်နေတယ်ဆိုတာ မမသိတယ်၊ ဒါကြောင့် ဧည့်ခန်းမှာ မထိုင်တော့ဘဲ ခြံထဲဆင်းသွားတာ"

"မောင်လည်း အဲဒီတုန်းကသာ မကျေမနပ်ဖြစ်တာပါ၊ ခုတော့ သူ့ကိုတောင် ကျေးဇူးတင်ရမလို ဖြစ်နေတယ်၊ သူ လုပ်တာနဲ့ မမဆီက အတည်ပြုချက်ရတာနော်"



မမကလည်း ရယ်သည်။ နှစ်ယောက်သား 'ဂ' ငယ်ပုံ ကောလိပ်အဆောက်အအုံရှေ့ ရောက်လာသဖြင့် အလယ်မှ ဆင်ဝင်အောက်သို့ ဝင်လိုက်သည်။

ကျောင်းရှေ့ဘက် ကွင်းပြင်ကိုဖြတ်၍ တောင်ကြီးမြို့ အဆောက်အအုံနှင့် တောင်ကုန်းပေါ်မှ ရွာလေးများ၊ ဘုရားစေတီများကို မြင်နေရသည်။

"မမပြောပြရင်တော့ မောင် ဘဝင်မြင့်တော့မှာပဲ"

မမက ပေါ်တီကို အောက်အုတ်ခုံတွင် ဝင်ထိုင်ရင်း ရယ်သံဖြင့် ပြောသည်။ ကျွန်တော်က မမဘေးတွင် ဝင်ထိုင်ရင်း . . .

"ပြောပါ၊ မောင် ဘဝင်မြင့်သွားတော့လည်း မမက လက်မောင်းလိမ်ဆွဲပေါ့"

"အိုး . . . ဘယ်လိုလေးလဲဟ၊ အကုန်မှတ်ထားတာပဲ"

မမက မျက်လုံးမှေး၍ မျက်မှောင်ကြုတ်ပြီး မုန်းစရာကောင်းလိုက်တာဟူသော အဓိပ္ပာယ်ရှိသည့် ချစ်စရာဟန်လေးဖြင့် ပြောသည်။ ကျွန်တော်ရယ်၍ မမပခုံးလေးကို သိုင်းဖက်သည်။ မမ မျက်စောင်းထိုး၏။

"ပြောလေ မမရဲ့၊ ဘဝင်မြင့်ရမယ့်လူ တိုးလိုးတန်းလန်းဖြစ်နေလို့"

"သွားစမ်းပါ၊ ဘာတိုးလိုးတန်းလန်းလဲ၊ သူ့စကားကြီးက"

နွဲ့၍ကျလာသော မမကိုယ်လုံးလေးကို ကျွန်တော် လက်ချင်းပြောင်း၍ ထိန်းလိုက်သည်။ ရင်ခွင်ထဲမှ မမသည် ကမ္ဘာပေါ်မှာ အလှဆုံးပင်။

"ကိုစောဦးက မောင့်အရင် ဟိုအကြာကြီးထဲက မမကို ချစ်

တယ်လို့ ပြောထားတာ သိရဲ့လား"

"အင်း . . . "

ကျွန်တော့်အင်းကြီးတွင် မအီမလည်သံ ပါနေ၏။

"မမက သူ့ကို စဉ်းစားပါ့မယ်ဆိုပြီး ခုထိ အင်းမလှုပ် အဲ မလှုပ် နေနေခဲ့တယ်၊ မမထင်တယ်လေ၊ မောင်နဲ့ မတွေ့ရင်တော့ ကိုစောဦးကို မမ လက်ခံချင် လက်ခံမိမှာပဲ၊ ချစ်လို့တော့ မဟုတ်ပါဘူး ဒါပေမဲ့ အိမ်ထောင်ဖက်အနေနဲ့ ရွေးမယ်ဆိုရင်တော့ ကိုစောဦးက ရွေးသင့်တဲ့သူတစ်ယောက်ပဲ"

မမက သူ့စိတ်ရင်းအတိုင်း ဖြူဖြူစင်စင် ဖွင့်ပြောနေသည်၊ နားထောင်ရသော ကျွန်တော့်မှာ အူတိုသလို ဖြစ်လာ၏။ တော်သေး တာပေါ့လေ။

"မမ သိပ်အံ့သြတာတစ်ခု ရှိတယ်၊ မောင့်ကျတော့ မမ ဘယ်လိုဖြစ်သွားမှန်း မသိဘူး၊ မောင့်ကို မြင်မြင်ချင်း မမ သိပ်ချစ်သွား တာပဲ၊ ချစ်တယ်ဆိုတာကိုလည်း မမ ဒီတော့မှ သဘောပေါက်တယ်၊ မောင့်အရင် မမကို ချစ်ရေးဆိုတဲ့သူတွေ အများကြီးမှာ တစ်ခါမှ ဒီလို မဖြစ်ဖူးဘူး၊ ဒါကြောင့် မောင့်ကိုတောင် မောင်လို့ မမ ဘယ်လိုခေါ် ဖြစ်သွားလဲ မသိဘူး"

"အဲဒါနဲ့များ မမရယ်၊ မမကိုဖွင့်ပြောတော့ မမက တစ်ခါ တည်း အဖြေပေးလိုက်ပြီးရော"

"ဩော် . . . မောင်ရယ်၊ ဒီလိုတော့လည်း မမ ဘယ်ရဲပါ့ မလဲ၊ ဒါပေမဲ့ မောင့်ကို ငြင်းလို့လား၊ မောင်နဲ့ရော မမ ဝေးဝေးနေလို့ လား၊ ဒါတောင် မနက်က မောင့်ကို စိတ်ဆိုးဆိုးနဲ့ ပွင့်သွားလို့၊ နို့မို့ မောင် ပြန်ခါနီးမှာ မမ စာနဲ့ရေးပြီး အဖြေပေးမယ် စဉ်းစားထားတာ"



"မမကလည်း သိပ်ဈေးကိုင်လိုက်တာ"

"ဈေးကိုင် ရမလားတော့ ၊ ကံ့ကွေ့ဆိုတာ ရှိသေးတယ်၊ ဘယ်လိုလေးမှန်းလဲ မသိဘူး၊ သူဖြစ်ချင်တာပဲ သူသိတာပဲ"

မမက စိတ်ဆိုးသလို အမူအရာလုပ်၍ ရင်ခွင်ထဲမှ ရုန်းထ သည်။ ကျွန်တော်က မမ ထ၍ မရစေရန် ခပ်တင်းတင်းလေး ဖက် လိုက်၏။

"အိုး . . . လွှတ်ပါဦး မောင်ရဲ့"

"ခုမှတော့ ဘယ်လွှတ်လို့ ဖြစ်မလဲ မမရယ်၊ မောင့်ကို ညှဉ်း ထားတာလေးတွေ အတိုးတော့ နည်းနည်းပေးရမှာပေါ့"

"ဟော့ . . . မလုပ်နဲ့လေ"

မမအသံသည် တစ်ဝက်တစ်ပျက်နှင့် ရပ်သွား၏။ မမ နှုတ်ခမ်းလေး၏ နွေးထွေးသောအတွေ့ကို ရလိုက်သည်။

ကျောင်းရှေ့မှ စိန်ပန်းပြာပင်ကြီးသည် အပွင့်များစွာ ဝေနေ ၏။ ယူကလစ်ရွက်လေးများသည် သူတို့၏ ကျောပြင် ဖြူဖြူလေးများ သာ မြင်ရအောင် မျက်နှာလွှဲပေးလိုက်ကြ၏။

"မောင်ရယ်"

(၂၀)

"သိပ်မိုးမချုပ်နဲ့နော်၊ ခရီးကဝေးတယ်"

အန်ကယ်ဦးမျိုးနိုင်က ကားကို လက်ထောက်မှီ၍ ရပ်ရင်း ပြောသည်။ ကျွန်တော်တို့ ခေါင်းညိတ်ပြ၏။

"ဟုတ်တယ်၊ လမ်းက သိပ်ကောင်းတာ မဟုတ်ဘူး၊ တခြား တော့ မဟုတ်ပါဘူး၊ တစ်ခါတစ်ခါ ဓားပြတိုက်တယ်လို့"

မနက်စာအတွက်ထည့်ပေးသော ချိုင့်ကိုဆွဲလာရင်း အန်တီ ဉမ္မာက ပြောသည်။ ကျွန်တော်က ချိုင့်ကိုလှမ်းဆွဲ၍ ကားပေါ်တက် ရင်း . . .

"အန်ကယ်ရော၊ အန်တီပါ လိုက်ခဲ့ပြီးရော၊ ဘုရားဖူးပဲဟာ"

"ရပါတယ်ကွာ၊ မင်းတို့ပဲ လွတ်လွတ်လပ်လပ် သွားပါ၊ အန်ကယ်တို့က ဥပုသ်သည်တွေဆိုတော့ ကျောင်းမှာပဲ အဆင်ပြေပါ တယ်"



"ကဲ . . . ကဲ . . . သွားကြ နေမြင့်နေမယ်"

အန်တီက ဝင်ပြောလိုက်သဖြင့် ကျွန်တော်တို့သုံးယောက် ကားပေါ်တက်သည်။ လူကြီးများရှေ့ဖြစ်နေသဖြင့် ကျွန်တော် ခေါင်း ခန်းတွင် ဝင်ထိုင်သည်။

"ဟေ့ . . . မောင်ချော ဟိုဟာယူသွားတယ် မဟုတ်လား"

အန်ကယ်က ကားဆရာကို လှမ်းမေးသည်။ ကားဆရာ ကိုချောက သူ့ဘေးမှ ပွိုင့်တူးတူးကို ကိုင်ပြရင်း . . .

"ဒီမှာ ပါပါတယ်ဆရာ"

"အေးအေး၊ လမ်းမှာ အကောင်လေး ဘာလေးတွေ့လည်း ပစ်ပေါ့ကွာ၊ မောင်ရန်နိုင်လည်း ဝါသနာပါမှာပေါ့"

"ဟုတ်ကဲ့ အန်ကယ်"

"အိုး . . . ရှင်ကလည်း ဥပုသ်ကြီးနဲ့ ဘာတွေပြောနေတာလဲ၊ သူတို့ဟာသူတို့ သိပါတယ်"

အားလုံး ရယ်လိုက်ကြ၏။ အန်ကယ်ကလည်း သဘောကျ စွာ ရယ်ရင်း . . .

"ဝါသနာဆိုတော့ ဥပုသ်တောင် မေ့သွားတယ်ဟေ့၊ ဘွာ တေး၊ ဘွာတေး"

ခဏကြာသောအခါ ကားကလေး ငြိမ့်ခနဲ ထွက်သည်။ စိန် ပန်းပြာများ ကြွေနေသော လမ်းပေါ်တွင် ကားလေးမောင်းထွက်လာ သည်။ ရှေ့ခန်းမှ ရောက်နေသဖြင့် ကျွန်တော့်စိတ်ထဲ ဟာနေသည်။

မမက ကျွန်တော့်ဖြစ်ပုံ ရိပ်မိ၍ ထင်သည်၊ မချိုမချဉ် ပြုံးနေ ၏။

ကျွန်တော့်ခေါင်းထဲတွင် ပင်းတယမရောက်ခင် လမ်းမှာ

ဘယ်လို အကြံအဖန်လုပ်၍ နောက်ခန်းသို့ ပြောင်းရမည်ဆိုသည်ကို အကြီးအကျယ် ပြဿနာ ဖြစ်နေသည်။

မှန်ပြတင်းမှ တိုးဝင်လာသောလေများ ကျွန်တော်နှင့် မမ ကြားမှ ဖြတ်သန်းသွားခြင်းကို လုံးဝ မပျော်ပိုက်နိုင်၊ ဝေးလှသည်ဟု ထင်နေတော့၏။

ရွှေညောင်တပ်နယ် မိသားစု ရေသဘင်မဏ္ဍပ်။
အောင်သပြေ တပ်စခန်း။

မဏ္ဍပ်တွင်ရေးထားသော စာတန်းလေးကို လှမ်းဖတ်လိုက်သည်။ ဧည့်ခံမဏ္ဍပ်တွင်းရှိ စင်မြင့်တွင်မတော့ တူညီဝတ်စုံလေးများဖြင့် ကနေကြသည့် သကြိန်မယ်လေးများ။

ဖွင့်ထားသော အသံချဲ့စက်မှ သီချင်းသံ တစ်ပိုင်းတစ်စ ကြားလိုက်ရ၏။

♫ မိုးရောင်အောက်တွင် ××× မင်းသမီးလေးလိုပင် ♫

"အကလေးတွေ ကောင်းတယ်နော် မမ"

မမကပြုံး၍ ခေါင်းညိတ်သည်။

အောင်သပြေ စခန်းရှေ့နှင့် တပ်စခန်းအလွန်လေးတွင် ရေပက်သူများ စည်ကားနေသည်။ ကျွန်တော်တို့ကားလေးထဲတွင် ရေများ ရွှဲနစ်သွား၏။

မကြာမီ ကျွန်တော်တို့ကားလေးသည် ခလရ-၉၄ ကို လွန်



ကသည်။ ခလရ-၉၄ အလွန်တွင် မြို့နယ်တပ်မှူးရုံးဆိုသော ဆိုင်း တ်နီနီလေးကို တွေ့လိုက်ရ၏။

"အဲဒီရှေ့နားမှာ ခဏရပ်ပါဦး"

မိုးမိုးက ကားဆရာကို လှမ်းပြောသည်။ ကားဆရာက ကား လေးကို လမ်းဘေးတွင် ထိုးရပ်လိုက်၏။

"ဘာလုပ်မလို့လဲ မိုးမိုး"

မမက အံ့ဩသလိုလေသံဖြင့် မေးသည်။ မိုးမိုးက ဘာမှ ပြောဘဲ ကားတံခါးဖွင့်ဆင်း၏။ မမကိုလည်း . . .

"မမ . . . ခဏ"

ကျွန်တော် နောက်ဘက်လှည့်ကြည့်ရာမှ ရှေ့ပြန်လှည့်ပြီး လိုက်၏။ ကေန္တတော့ ဖက်တီးမ ရေစိုစိုနှင့် ရှုရှုပေါက်ချင်ပြီ ထင် ည်ဟု တွေးသည်။ စောစောက ရေပက်တုန်းက ရောလွှတ်လိုက် ရဲ့သားနဲ့ဟု လှမ်းစ,ရရင် ကောင်းမလား စဉ်းစားသည်။ သူရှက်သွား စိုးသဖြင့် မစ,တော့။

သို့သော် အကြောင်းက ကျွန်တော်ထင်သလို မဟုတ် . . .

"မောင် ခဏဆင်းပါဦး"

မမက ရှေ့ခန်းမှ ကျွန်တော့်ကို လက်ကုတ်၍ ဆင်းခိုင်း၏။ န်တော် ကပျာကယာ အောက်ဆင်းလိုက်သည်။ ဘာမှန်းမသိ၊ အူ ကြောင်ကြောင်တော့ ဖြစ်သွားသည်။

"လာပါဦး"

မမက ကားဆရာဘက် မျက်ရိပ်ပြပြီး ခပ်လှမ်းလှမ်းကို ခေါ် ၊ ကျွန်တော် သူတို့ဆီ လျှောက်သွားသည်။

"ဘာဖြစ်လို့လဲ မမ"

"မိုးမိုးက သူ နေမဲ့မလို့တဲ့"

"ဟာ . . . မဟုတ်တာ မိုးမိုးကလည်း၊ ဘာဖြစ်လို့ နေခဲ့ရမှာ လဲ"

"သွားပါ၊ မမတို့ပဲ လွတ်လွတ်လပ်လပ်သွားပါဆို၊ မိုးမိုး အိမ် ဝင်နေခဲ့မှာပေါ့၊ မမတို့က တစ်ခါတလေ လွတ်လွတ်လပ်လပ် သွားရ တာ သွားစမ်းပါ"

ကျွန်တော့်စိတ်ထဲ မိုးမိုးစကားကို တစ်မျိုးဖြစ်သွား၍ . . .

"ဟဲ့ . . . မိုးမိုးရဲ့ ခါတိုင်းလည်း ဒီလိုပဲ သွားနေတဲ့ဟာ တို့က ဘာလွတ်လွတ်လပ်လပ် သွားစရာလိုမှာလဲ၊ လာစမ်းပါ"

"အေးလေ"

မမကလည်း ရှက်ကိုးရှက်ကန်းနှင့် ဝင်ပြောသည်။ မိုးမိုးက ရယ်ရင်း . . .

"သွားကြပါဆိုနေမှပဲ မနေ့ကတည်းက မိုးမိုးသိပြီပါပြီနော် မိုးမိုး မီးဖိုထဲက ချောင်းကြည့်နေတာ"

မမမျက်နှာတွင် ပန်းရောင်သွေးလေး ဖျတ်ခနဲပေါ်သည်။ ကျွန်တော် မျက်လုံးပြူးသွားသည်။ မမနှင့်ကျွန်တော် တစ်ယောက် မျက်နှာတစ်ယောက် လှမ်းကြည့်လိုက်၏။ ပြီးတော့ နှစ်ယောက်သား ရယ်လိုက်သည်။

"ဟာ မိုးမိုးကလည်း"

ကျွန်တော် ဒါပဲ ပြောနိုင်၏။ မမကလည်း . . .

"အဲဒါကြောင့်မို့ ပြောတာပေါ့၊ မနေ့က မိုးမိုး တွေ့သွားလား မသိဘူးဆို၊ မတွေ့ဘူးဆို"

ကျွန်တော့်ပခုံးကို လှမ်းရိုက်ရင်း ရှက်ကန်လေးကန်သည်။



"ကဲပါ ရှက်မနေကြပါနဲ့၊ မိုးမိုး အိမ်မှာ ဝင်နေခဲ့မယ်၊ အပြန် ကျမှ ဝင်ခေါ်ပေါ့၊ မိုးမိုးက ပင်းတယရောက်နေကျပဲဟာ၊ တော်ကြာ မိုးမိုး လိုက်ရှုပ်နေရင် ကိုယ့်အလှည့်ကျ ဝင့်လိုက်နေဦးမယ်၊ ကဲ သွား မယ်၊ စိတ်ဖြောင့်ဖြောင့်သွားပါ"

မိုးမိုးက ပြောရင်းဆိုရင်း အနိမ့်ဘက်ဆင်း၍ မြောင်းကူး တံတားလေးအတိုင်း ခပ်သွက်သွက် ပြေးသွားသည်။

ပြီးတော့ ကျွန်တော်တို့နှစ်ယောက်ကို လက်လှမ်းပြ၏။

ကျွန်တော်နှင့်မမ တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး ပြုံး သည်။

သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များသည် ကျွန်တော်တို့ကို ကြည့်မနေကြပါတကား။

"သွားမယ် အစ်ကို၊ မိုးမိုးက ကိစ္စလေးတစ်ခုရှိလို့ အိမ်မှာ နေခဲ့မလို့တဲ့"

ကျွန်တော်က စကားရော ဖောရောနှင့် နောက်ခန်းတွင် ဝင် ထိုင်လိုက်ရင်း ကားဆရာကို လှမ်းပြောသည်။

ကားဆရာက ရယ်၍ ခေါင်းညိတ်ရင်း ကားလေးကို စက်နှိုး မောင်းထွက်သည်။ မမက ကျွန်တော့်ကို လက်ကုတ်၍ ခပ်တိုးတိုး အသံဖြင့် . . .

"ကိုချောကတော့ မမတို့ကို တစ်မျိုးထင်တော့မှာပဲ"

"ဘာဖြစ်လို့လဲ မမရဲ့၊ သူ့ကြောင့် ပြဿနာ ဖြစ်နိုင်လို့လား"

"ဖြစ်တော့ မဖြစ်ပါဘူး၊ ကိုချောက သဘောကောင်းပါတယ်"

"ဒါဖြင့်လည်း ပြီးတာပဲပေါ့ မမရယ်၊ မောင့်ကုသိုလ်ကံလို့ပဲ သဘောထားပေါ့"

"လာပြန်ပလား ဒီကုသိုလ်ကံ"

နှစ်ယောက်သား ရယ်လိုက်ကြသည်။ ရယ်ရင်းနှင့် မမလက်ကလေးကို လှမ်း၍ ဆုပ်ယူထားလိုက်သည်။ မမလက်ကလေးများသည် အေးစက်နေ၏။

"မမ . . . ကျွန်တော်တို့ ရှေ့နားမှာ ခဏရပ်ရအောင်၊ ဆီ နည်းနည်းဖြည့်ချင်လို့"

ကိုချောက နောက်ဘက်လှည့်မကြည့်ဘဲ လှမ်းပြောသည်။

"နားလေ"

ညောင်ရွှေလမ်းခွဲ အလွန်လေးတွင် ကားကို လမ်းဘေးထိုးရပ်၏။ ကိုချောက ကားပေါ်မှဆင်းရင်း . . .

"ခဏနော်"

ကျွန်တော်တို့ ခေါင်းညိတ်ပြသည်။

ကိုချော လမ်းဘေးဆိုင်တစ်ဆိုင်ဆီ ဆင်းသွားသောအခါ ကျွန်တော်က စိတ်ထဲ ဇဝေဇဝါဖြစ်နေသော အချက်တစ်ချက်ကို မမ အား မေးသည်။

'မမ ကျွန်တော်နဲ့မမ ခုလိုဖြစ်နေတာသိရင် မမတို့အိမ်က ဘယ်လိုများ သဘောထားမလဲ မသိဘူးနော်"

မမက သိပ်အရေးမကြီးသော လေသံဖြင့် . . .

"မသိဘူးလေ မောင်၊ မမလည်း ဘယ်ပြောတတ်မလဲ"



"အိမ်ကသိသွားမှာရော မမစိုးရိမ်လား"

"မောင်ဘာဖြစ်လို့ မေးတာလဲ"

ကျွန်တော်က ခေါင်းခါသည်။

"ဘာရယ်လို့တော့ မဟုတ်ပါဘူး၊ ခု မောင်တို့သွားရတာ ခိုးကြောင်ခိုးဝှက်လေးလို ဖြစ်သွားလို့၊ အိမ်ကသိမှာ စိုးရိမ်ရလား၊ စိုးရိမ်ရဘူးလားဆိုတာ တစ်မျိုးဖြစ်နေတယ်"

မမရယ်သည်။ ကျွန်တော့်ကို ခေါင်းငဲ့၍ကြည့်ရင်း . . .

"မသိတာတော့ ပိုကောင်းတာပေါ့ မောင်ရယ်၊ ရည်းစားထားတဲ့ကိစ္စပဲဟာ၊ အိမ်က မသိလေ ကောင်းလေပေါ့"

"သိသွားရင်ရော"

"သိသွားရင်လည်း မတတ်နိုင်ဘူးပေါ့၊ ဘာလဲ မောင်က ကြောက်နေလို့လား"

"အို . . . ဘာလို့ ကြောက်ရမှာလဲ မမရဲ့၊ အိမ်က သိသွားလည်း နားဖောက်ပြီးသား ဖြစ်တာပေါ့၊ သဘောမတူတော့လည်း ပြေးကြတာပေါ့"

"အော် . . . ပြောတာကတော့ လွယ်လိုက်တာ"

"လွယ်တာမဟုတ်ဘူး မမရဲ့၊ နို့ . . . မောင်တို့က အိမ်က သဘောမတူဘူးဆို ဘာလုပ်ရမလဲ"

"သဘောတူအောင် လုပ်ပေါ့"

"အဲဗျ . . . မမပြောမှပဲ ဒီလောက်လွယ်မှန်း သိတော့တယ်"

"ဟော . . . ခဏနေဦး မောင်၊ ဟိုမှာ ကိုစောဦး"

လွတ်လပ်ပေ့ါပါးနေသော စိတ်ကလေးများသည် ထိတ်ခနဲ ဝင်အယှက် ဖြစ်သွား၏။

မမအကြည့်ရှိရာ လှမ်းကြည့်လိုက်သောအခါ မြင်းချေ ရောင် ကိုရိုလာကားလေး တွေ့လိုက်ရသည်။

ကားပေါ်တွင် ကိုစောဦး။ သူက ကျွန်တော့်တို့ဘက် တစ်ချက်လှမ်းကြည့်၍ ကားကလေးကို ကျွန်တော်တို့ကားရှေ့ ခပ်လှမ်းလှမ်းတွင် ထိုးရပ်သည်။

ထို့နောက် ကားတံခါးဖွင့်၍ ကျွန်တော်တို့ ကားဆီ လျှောက် လာ၏။ ရင်ထဲမှာ လေးသွားသည်။

ထိုစဉ် ကိုချောသည်လည်း ဓာတ်ဆီပုံးကြီးဆွဲ၍ ကားဆ လျှောက်လာ၏။ ထို့ကြောင့် ကျွန်တော်က မမကိုလက်တို့ပြီး ...

“အောက်ဆင်းလိုက် မမ၊ တော်ကြာ ကိုချောရှေ့မှာ ကိုစေ ဦး ရှိနေရင် မကောင်းဘူး”

မမက ခေါင်းညိတ်၍ ကားပေါ်မှဆင်းသည်။

ကျွန်တော်လည်း နောက်ကလိုက်၍ ဆင်းလိုက်သည်။

ရေစိုနေသောကြောင့် ထင်သည်။ ကျွန်တော် ကားပေါ် အဆင်းတွင် ပုဆိုးစသည် တံ့ခနဲဖြစ်သွား၏။

## (၂၁)

“တောင်ကြီးက ထွက်လာတုန်းက သုံးယောက်၊ ခုကျတော့ စ်ယောက်တည်း ဖြစ်နေပါလား”

ကိုစောဦး၏ လေသံတွင် ခနဲ့တဲ့တဲ့အနက် ထင်နေသည်။ ျွန်တော်က သူ့လေသံကို မကြိုက်သဖြင့် မမနှင့်အတူ ကားဘေး ွက်မလိုက်တော့ဘဲ ကားနောက်ဘက်တွင် စီးကရက်တစ်လိပ် မီးညှိ သောက်နေလိုက်သည်။

“ဟုတ်တယ် ကိုကြီး၊ မိုးမိုးနေမကောင်းတာနဲ့ သူ့အိမ်မှာ င်နေခဲ့တယ်”

“ဟုတ်ရဲ့လား အေးမမရဲ့၊ တမင်များ ရှောင်နေခိုင်းလိုက် တလား”

“ကိုစောဦး စကားပြောရင် ကောင်းကောင်းပြောပါ၊ ဘာဖြစ် ို့ အနှောင့်မလွတ် အစွန်းမလွတ် ပြောနေတာလဲ”

မမလေသံ မာသွားသည်ကို သတိပြုမိသည်။ အခေါ် အခေါ်
ပင် ပြောင်းသွား၏။ ကိုစောဦးကရယ်၍ . . .

"မဟုတ်ပါဘူး အေးမမရဲ့၊ ရန်ကုန်ကဧည့်သည်ကို ဧည့်ခံတဲ့
ပုံစံလေးက တစ်မျိုးဖြစ်နေလို့ပါ"

"ဒါ ကိုစောဦးနဲ့ ဘာမှမဆိုင်ပါဘူး၊ အေးမမဘာသာ
အေးမမ ဘယ်လိုဧည့်ခံ ဧည့်ခံပါ"

ကိုစောဦးဆိုသည့်လူ၏ လေသံကတော့ နည်းနည်းမှ
မဟုတ်တော့။ ကြာလျှင်ခက်မည်ဟု တွေးမိသည်။ သို့သော် ကျွန်တော်
ဝင်ပါလျှင် ပိုရှုပ်ကုန်နိုင်သဖြင့် မသိမသာ ကိုယ့်စိတ်ကိုယ် ထိန်းထား
လိုက်သည်။

"ဘာဖြစ်လို့ ကိုယ်နဲ့မဆိုင်ရမှာလဲ အေးမမ၊ အေးမမနဲ့ကိုယ်
နဲ့က ခု နှစ်ရက်သုံးရက်ကမှ ရန်ကုန်ကလာပြီး တွေ့ကြတာ မဟုတ်
ဘူးလေ၊ အေးမမ ကိုယ့်ကို ဘာပြောထားလဲ"

"အေးမမ ကိုစောဦးကို ဘာပြောထားလို့လဲ၊ အရက်သောက်
ထားရင် ကိုယ့်ဘာသာ အေးအေးမူးနေ ကိုစောဦး၊ မဟုတ်တရုတ်
စကားတွေလာပြောမနေနဲ့၊ အေးမမတို့မှာ အချိန်မရှိဘူး"

မမလှည့်ထွက်လိုက်သည်ကို မျက်လုံးထောင့်စွန်းမှ မြင်လိုက်
သည်။ ကားပေါ်တက်ရန်ပြင်သော မမ၏လက်ကို ဖျတ်ခနဲ လှမ်း
လိုက်သည်ကိုလည်း မြင်ရသည်။

"နေဦးလေ အေးမမ၊ ကိုယ်အရက်သောက်တာက အေးမ
ကြောင့်ပါ၊ ကိုယ့်ကိုအဖြေပေးဖို့ စဉ်းစားပါရစေဦး၊ စဉ်းစားပါရစေ
ဆိုပြီး ခုမှ ကိုယ့်ကို ပေယျာလကံလုပ်နေတဲ့ အေးမမကြောင့် အရက်
သောက်ရတာပါ"



ကိုစောဦးလက်မှ မမက သူ့လက်ကို အတင်းဆောင့်ရုန်း
သည်ကို တွေ့သည်။

"ရှင် ဒီလို မရမ်းနဲ့ ကိုစောဦး၊ ကျွန်မလက်ကို လွှတ်ပါ၊ ရှင့်ကို
ပေယျာလကံ လုပ်စရာ ဘာမှမလိုဘူး၊ အစတည်းက ရှင့်ကို ချစ်တယ်
လို့ ပြောခဲ့တာ မဟုတ်ဘူး၊ ကျွန်မချစ်ချင်တဲ့သူကို ချစ်မယ်၊ ဖယ်ပါ၊
ကျွန်မချစ်သူက အထင်လွဲသွားရင် မကောင်းဘူး"

"ဘာ . . . ကျွန်မချစ်သူ ဟုတ်လား၊ အေးမမနဲ့ ဒီခွေးသူ
တောင်းစား ကြိုက်သွားကြပြီပေါ့ ဟုတ်လား"

သူ့စကားများက ကျွန်တော့်နားကို ဒိုင်းခနဲ ဝင်ဆောင့်သည်။
ကျွန်တော် ဖျတ်ခနဲ လှည့်ကြည့်၏။

မမ၏လက်ကို လုံးဝမလွှတ်သေးကြောင်း တွေ့ရသည်။ မမ
သည် မျက်နှာလေးရဲနေ၍ လက်ကို အတင်းရုန်းနေ၏။

"ဟေ့လူ . . . ခင်ဗျား ရိုင်းလှချည်လား"

ကျွန်တော်က မမလက်ကို ဆုပ်ထားသော သူ့လက်ပေါ်
ထပ်တင်၍ ညှစ်ခွာလိုက်ပြီး ခပ်ဆတ်ဆတ်ပြောသည်။ သူ့ထံမှ
အရက်နံ့ရလိုက်၏။

"ဟေ့ကောင် . . . ဒီကိစ္စ မင်းနဲ့မဆိုင်ဘူး၊ ဝင်မရှုပ်နဲ့"

မမလက်မှလွှတ်သွားသော သူ့လက်သည် ကျွန်တော့်အင်္ကျီ
ရင်ဘတ်ဆီ ရောက်လာ၏။

"ဘာဖြစ်တာလဲ"

နောက်ဘက်မှ ကိုချောအသံ ကြားရသည်။ ကျွန်တော်က
ကိုချောဘက် လက်နောက်ပြန်တားရင်း . . .

"နေ . . နေ . . ကိုချော၊ ဒီကိစ္စ ကျွန်တော်ရှင်းမယ်၊

ကျွန်တော့်ရင်ဘတ်က ခင်ဗျားလက်ကိုဖယ်ပါ ကိုစောဦး၊ ကျွန်တော်နဲ့ မမအခြေအနေကို မမပြောပြီးပြီပဲ"

ကျွန်တော် ခပ်အေးအေးအမူအရာနှင့် စေ့စေ့ကြည့်ရင်း ပြောသည်။ သူက ကျွန်တော့်ကို ခပ်စိုက်စိုက်ကြည့်ရင်း . . .

"ဘာဖြစ်ဖြစ် ငါနားမလည်ဘူး၊ မင်း အခု ဒီနယ်မြေက ပြန်သွား၊ အေးမမနဲ့မင်း ဘာမှမဆိုင်ဘူး"

"ခင်ဗျား ကျွန်တော့်ရင်ဘတ်ကလက်ကို ဖယ်ပါ"

"မင်း ငါပြောတာ နားလည်လား၊ မင်း ဒီနယ်မြေက အခု ပြန်သွား"

"ကျွန်တော် ဘာမှပြန်စရာမလိုဘူး၊ ခင်ဗျား ကျွန်တော့်ရင်ဘတ်က လက်ကိုဖယ်ပါ"

"ဘာ . . . မပြန်ဘူး ဟုတ်လား၊ အေး မပြန်ရင် ဒါပဲ"

သူ့ညာလက်သည် ကျွန်တော့်မျက်နှာဆီ တန်းဝင်လာ၏။ ကျွန်တော် တစ်ချက်မဲ့လိုက်ပြီး ရင်ဘတ်မှလက်ကို ပုတ်ချသည်။ သူ့ညာလက်ကို ခတ်ထုတ်လိုက်သည်။

"ဟော့လူ . . . ခင်ဗျား ပြန်ရင်ကောင်းမယ်"

ကျွန်တော်က သူ့ရင်ဘတ်ကို တွန်းလိုက်ပြီး ပြောသည်။ သူ နောက်ကို နှစ်လှမ်းလောက် ယိုင်သွား၏။

"ကဲ မမ . . . ကားပေါ်တက်၊ ကိုချော တက်ဗျာ"

ကျွန်တော့်ဘက်က ပြီးပြတ်လိုက်သော်လည်း သူ့ဘက်က မပြီးပြတ်၊ ရဲနေသောမျက်နှာဖြင့် ကျွန်တော့်ဆီ တအားဝင်လာသည်။ အနားရောက်မှ လက်ကိုရွယ်၍ တအားထိုးချ၏။

ကျွန်တော့်မျက်စိထဲတွင် သူ့လှုပ်ရှားမှုများက နှေးလွန်းလှ



သည်။ ထို့ကြောင့် သူ့လက်သီးကို အသာငဲ့ရှောင်လိုက်သည်။

ညာလက်နှင့် လွဲသွားသောအခါ သူက ဘယ်လက်ဖြင့် ထိုးပြန်၏။ ကျွန်တော် မနေတတ်တော့။

ဘယ်လက်ကို ပုတ်ထုတ်လိုက်ပြီး သူ့မေးရိုးဆီ ခပ်ဆတ်ဆတ် တစ်ချက်ထိုးလိုက်သည်။

ပြေးလာသောအရှိန်နှင့် သောက်ထားသောအရှိန်ပေါင်း၍ လမ်းမပေါ်သို့ သူ ဖင်ထိုင်လျက် ကျသွားသည်။

သူ ဖုတ်ဖက်ခါ ထချိန်တွင် ကျွန်တော် ကားပေါ်ရောက်နေပြီ။

"ကဲ . . . မောင်းဗျာ ကိုချော"

ကိုချောက ကားလေးကို လှစ်ခနဲ မောင်းထွက်၏။

ကားနောက်ဘက်တွင် ကိုစောဦး၏ ကြိမ်းဝါးသံတစ်ခုက ကျန်နေခဲ့တော့သည်။

"မင်းတို့ စောဦးအကြောင်း သိရမှာပေါ့ကွာ"

ကျွန်တော် ရယ်လိုက်၏။

"ဘယ်ကနေ ဘယ်လိုစ,ဖြစ်တာလဲ ကိုရန်နိုင်"

ကိုချောက နောက်လှည့်မကြည့်ဘဲ မေးသည်။ ကျွန်တော်က လေသံကို တမင်ဖော့၍ . . .

"အလကားပါဗျာ၊ မူးပြီး လာရိနေလို့"

ပြောရင်းနှင့် မမကို လှမ်းအကဲခတ်သည်။ မမသည် ငြိမ်
ချက်သား ကောင်းနေ၏။ တစ်စုံတစ်ခုကို တွေတွေငေးငေး စဉ်းစား
နေသည်။

"ကိုရန်နိုင်က လက်သွက်သားပဲ"

ရှေ့မှလာသော ကားကြီးတစ်စီးကို ကျင်လည်စွာ တိမ်းရှောင်ရင်း ကိုချောကရယ်၍ ပြောသည်။

"မဟုတ်ပါဘူးဗျာ၊ မူးနေတဲ့ သူနဲ့ ရန်မဖြစ်ချင်ပါဘူး၊ သူက နည်းနည်းရမ်းလာလို့ပါ"

မမ ကျွန်တော့်ဘက် လှည့်ကြည့်သည်။ မမ၏မျက်နှာတွင် တစ်စုံတစ်ရာကို စိုးရိမ်မကင်းဖြစ်နေဟန် တွေ့ရသည်။

"ကိုစောဦးနဲ့ ခုလိုဖြစ်တာ သိပ်တော့မကောင်းဘူး မောင်"

မမ၏လေသံသည် တိုး၍လေးနေ၏။

"ကောင်းတော့ မကောင်းဘူးပေါ့ မမရယ်၊ သူလည်း ဒီမြို့မှာ မြို့မျက်နှာဖုံး စာရင်းဝင်ပဲတာ၊ ဒါပေမဲ့ . . . ဒီလို မဖြစ်လို့မှ မရတော့ဘဲ၊ ဒီလိုဖြစ်မယ်မှန်းသိလို့ အစောကြီးထဲက မောင် ဘေးဖယ်နေတာပေါ့"

"မမပြောတာ အဲဒါ မဟုတ်ဘူးမောင်၊ မောင်နဲ့ မမတို့ အန္တရာယ်ကိုပြောတာ၊ ဒီလူက ကြောက်စရာကောင်းတယ်၊ သူဖြစ်ချင်တာကို ဖြစ်တဲ့နည်းနဲ့ ရအောင် လုပ်တတ်တယ်၊ အငြိုးလည်း ကြီးတယ်"

"ဒါတော့ မောင်မကြောက်ပါဘူး၊ ဘယ်နဲ့ လောကကြီးတစ်ခုလုံးမှာ သူဖြစ်ချင်တာတွေ အကုန်လိုက်ဖြစ်ရမယ်ဆိုတာတော့ အဓိပ္ပာယ်မရှိတာပဲ၊ ဒီတစ်ခါတော့ သူဖြစ်ချင်တိုင်း မဖြစ်ရဘူးဆိုတော့



သူသဘောပေါက်သွားမှာပါ"

မမအမူအရာနှင့် စကားသံက တကယ်စိုးရိမ်နေဟန် လက္ခဏာရှိသည်။

မမစိုးရိမ်စိတ် ပျောက်သွားရန် ကျွန်တော်ကရယ်၍ . . .

"မမကလည်း စိုးရိမ်စရာမရှိ စိုးရိမ်တယ်၊ ဖြစ်ချင်တာ ဖြစ်ပါစေ၊ ဒီလူ့ကို ကျွန်တော် မကြောက်ပါဘူး၊ မမကို လက်ဖျားနဲ့ထိတာနဲ့ သူ အဲဒီနေရာမှာ အသက်ပျောက်သွားမှာပေါ့၊ ဒီလောက်တော့ ကျွန်တော်လည်း မိုက်ပါတယ်ဗျာ"

ရှေ့ခန်းမှ ကိုချော၏ရယ်သံ ကြားရ၏။ ဘာမှတော့ ဝင်မပြော။

"ဒီလူက မောင်ပြောသလို မျက်နှာချင်းဆိုင် လာမိုက်ရင်တော့ ဟုတ်တာပေါ့မောင်၊ သူက ဒီလိုလုပ်မှာမဟုတ်ဘူး၊ သူ့မှာက ရာဇဝင်လေး ရှိခဲ့ဖူးတယ်"

"အင်း ဆိုပါဦး၊ ရာဇဝင်ထဲက ကိုစောဦးပေါ့"

ကျွန်တော်က ခပ်ပေါ့ပေါ့နှင့် ရွတ်နောက်နောက် ပြောသော်လည်း မမ မရယ်။

"ကျောင်းတုန်းက သူ ဓားထိုးမှုတစ်ခု ဖြစ်ဖူးတယ်၊ အဲလိုပဲ ဘာကိစ္စနဲ့လဲ မသိဘူး၊ ကျောင်းသားတစ်ယောက်နဲ့ စကားများတယ်၊ စကားပြောရင်း လက်ပါလာတော့ ထိုးကြကြိတ်ကြတယ်၊ သူ တော်တော်ထိသွားတယ်"

ကတ္တရာလမ်းပေါ်တွင် ဖင်ထိုင်ရက်လေး ကျသွားသော ကိုစောဦးပုံစံလေးကို လှမ်းမြင်လိုက်၏။ အင်း ငါ့လူကတော့ ရာဇဝင်နဲ့ ချီပြီး ခံလာခဲ့ရတာပဲဟု တွေးလိုက်သည်။

"အဲဒါ အဲဒီကျောင်းသားကို သူ ဘယ်လောက် ငြိုးထားလဲ မသိဘူး၊ အဲဒီကျောင်းသားလစ်တုန်းမှာ ဓားနဲ့ဝင်ထိုးတယ်၊ ကံကောင်းလို့ အဲဒီကျောင်းသား မသေတာ၊ အမှုကတော့ တော်တော်လေးကြီးသွားတာပေါ့၊ ပထမ ကျောင်းတောင် အထုတ်ခံရတာ၊ သူလည်း အချုပ်ခံရတယ်၊ နောက်မှ အသနားခံစာတွေ ဘာတွေတင်ပြီး ပြန်တက်ရတာ၊ ဒါကြောင့် ဘွဲ့ရတာတောင် မမတို့ထက် နှစ်နှစ်လောက် နောက်ကျသွားတယ်"

"ဟာ . . . ဒါကတော့ သူခိုးကျင့် သူခိုးကြံပဲ မမရယ်၊ သူ မရှက်လို့လုပ်၊ လုပ်ပစေပေါ့"

"သူ မရှက်တာက အရေးမကြီးဘူး၊ လောလောဆယ် မမက မောင့်အတွက် ပူနေရတာ"

ကျွန်တော် ရယ်လိုက်သည်။ ရယ်ရင်းနှင့် အိတ်ထဲမှ ဘီအိုင်စီ ဘောလ်ပင်လေး ထုတ်လိုက်ပြီး လက်ဝါးပြင်တွင် စာလေး တစ်ကြောင်း ရေး၍ မမအား ပြလိုက်သည်။

"စောပါသေးတယ် မမရယ်၊ မောင့်အတွက် ခုချိန် မပူပါနဲ့ဦး"

မမမျက်နှာလေး ရဲခနဲဖြစ်သွား၍ ရှက်ရယ်လေးရယ်ကာ ကျွန်တော့်ကျောကို ထု၍ . . .

"ဟယ် . . . မောင် သိပ်ဆိုးတာပဲ၊ ကဲ ညစ်ပတ်ဦး ညစ်ပတ်ဦး"

ကျွန်တော်က ကိုယ်ကိုရှေ့ငိုက်၍ ရယ်ရင်း မမကျောကို ထုသည်ကို အားရပါးရ ခံသည်။

ကျွန်တော် ပြန်မော့၍ ကြည့်လိုက်သောအခါ မမတွင် ရှက်ရိပ်လေး ထပ်ပေါ်၍ . . .



"သွား . . . ဘာမှန်းလဲမသိဘူး"

ကျွန်တော့်ကိုတွန်း၏။ ကျွန်တော်က ပိုယိုင်ပြကာ ရယ်သည်။ မမ ပိုရယ်၏။

ကျွန်တော် ပိုကျေနပ်သွားသည်။

မမပြုံးဖို့ ကျွန်တော့်မှာ မနည်းလုပ်လိုက်ရတာ။

## (၂၂)

အောင်ပန်းမှထွက်ခဲ့၍ အတော်လေးကြာသောအခါ မြင်ကွင်းမှာ တစ်မျိုးဆန်းလာသည်။

ဆင်ခြေလျှောသာသာ ကုန်းလေးများမှအပ မြေပြင်လွင်ပြင် ဆန်နေသဖြင့် အမြင်၏ကျယ်ပြန့်မှုကို ရသည်။ မြေသားနီနီနှင့် စိမ်းလန်းသော မြက်ခင်းများကြောင့် စိတ်ထဲမှာ အလိုလိုလန်းဆတ်လာသည်။

အနောက်နိုင်ငံမှလာသော ရုပ်ရှင်ကားများထဲမှ မြင်ကွင်း အချို့နှင့် ဆင်လှသည်။

"လှတယ်နော်"

ကျွန်တော်က ခံစားရသော ပတ်ဝန်းကျင်၏ အရိပ်ကို မမ နှင့် အဖော်စပ်ကြည့်သည်။ မမက ခေါင်းညိတ်ပြီး . . .

"နိုင်ငံခြားက ပရေရီမြက်ခင်းပြင်တွေနဲ့ မတူဘူးလား"



ကျွန်တော်က ရယ်၍ . . .

"ဟုတ်တယ်၊ ကြည့်ရတာ အရမ်းလှတာပဲ၊ ဒါပေမဲ့ တစ်ခု ...တာ့ရှိတယ်"

"ဖြစ်ရပြန်ပြီ၊ ဘာတစ်ခုလဲ"

ကျွန်တော် မမဘက်မှီလိုက်ပြီး မမနား,နားကပ်၍ တိုးတိုး ...လး ပြောလိုက်သည်။

"မမက ပိုလှတယ်"

"သွား . . . ဘာများလဲလို့"

မမ၏လက်တစ်ဖက်သည် ကျွန်တော့်ပေါင်ပေါ် ခပ်ဆတ် ...တ်လေး ရောက်လာသည်။

ကျွန်တော့်လက်တစ်ဖက်ကို မမပခုံးပေါ်မှာ သိုင်းဖက်ထား ...ိုက်သည်။ မမက ခပ်မာန်မာန်လေသံဖြင့် . . .

"ဟော့ . . သိပ်မကဲနဲ့နော်၊ ရှေ့မှာ ကိုချောပါတယ်"

"ရပါတယ် မမရဲ့၊ ကျွန်တော် နောက်ကို လှည့်မကြည့်ပါဘူး၊ ...တ်လွတ်လပ်လပ်နေပါ"

ကိုချောအသံ မမျှော်လင့်ဘဲ ပေါ်လာသည်။ ကျွန်တော်တို့ ...ယောက် မျက်လုံးပြူး၏။ မမမျက်နှာတွင် ရှက်သွေးဖျန်းသွားပြီး ..

"အို . . . ကိုချောကလည်း ဘာမှန်းလဲ မသိဘူး"

ကျွန်တော် ရယ်နေလိုက်၏။

"မဟုတ်ပါဘူး မမ၊ ကျွန်တော်နောက်နေတာ မဟုတ်ပါဘူး၊ ...ကယ်ပြောတာပါ၊ မမတို့ကို ကျွန်တော် ကိုယ်ချင်းစာလို့ပါ၊ နောက် ...ဒီဘက်က ရေခံမြေခံ ကောင်းတယ်၊ ဒီဘက်မှာ ဟသ်ာတို့ ကြိုးကြာ

တို့ သိပ်ပေါတာ"

"ဘာဆိုင်လို့လဲ ကိုချောရ"

သူပြောသည့်အဓိပ္ပာယ်ကို ကျွန်တော် နားမလည်လိုက်သဖြင့် ရယ်ရင်းမေးသည်။

"ဟသ်ာတို့ ကြိုးကြာတို့ဆိုတာ တစ်ကောင်နဲ့တစ်ကောင် သိပ်ချစ်ကြတာ ကိုရန်နိုင်ရ၊ ကြိုးကြာဆိုရင် အဖို့အမတစ်ကောင်ကောင်ကို ပစ်ချလိုက်ရင် ကျန်တဲ့အကောင်က တစ်ခါတည်း ဟိုးအမြင့်ကြီး ပျံတက်သွားတာပဲ၊ မြင့်နိုင်သလောက် မြင့်အောင် တက်ပြီးတော့မှ အတောင်ရုပ်လိုက်ပြီး မြေကြီးပေါ် စိုက်ချပြီး အသေခံလိုက်တယ်"

"အို"

မမဆီမှ တုန်ခါသော အာမေဋိတ်သံလေး ပေါ်လာ၏။

"ဟသ်ာဆိုလည်း ဒီလိုပဲ၊ တစ်ကောင်ထိသွားရင် ကျန်တဲ့အကောင်က အဲဒီနေရာကနေ ရွှေ့ကို မရွှေ့တော့ဘူး၊ အနားလာဖမ်းတာတောင်မှ အမိခံတယ်၊ ဘယ်တော့မှ ထွက်မပြေးဘူး"

"ဒါနဲ့ ရေခံမြေခံကောင်းတာနဲ့ ဘာဆိုင်လို့လဲ ကိုချော"

"ဆိုင်တယ်လေ၊ ဒီနယ်မြေက ချစ်ကြသူတွေ ပျော်တဲ့နေရာ၊ ဒီမှာက လူတွေမပြောနဲ့ တိရစ္ဆာန်တွေတောင် ချစ်မိရင် တစ်ကောင်နဲ့တစ်ကောင် သေအတူရှင်မခွဲပဲ"

သူ့စကားကြောင့် အားလုံးနှင့်အတူ ရယ်လိုက်မိသော်လည်း ရင်ထဲ လှုပ်ခနဲ ဖြစ်သွား၏။

"ကြားလား မမ၊ လာ ဒီဘက်တိုး"

"အိုး . . . ဘာဆိုင်လို့လဲ"



ကားပေါ်တွင် ရယ်သံလေးများ ညံသွားသည်။

ပတ်ဝန်းကျင်သည် ကျယ်ပြန့်သောလွင်ပြင်ကြီး ဖြစ်သော်

...ည်း စိမ်းလန်းသော မြက်ခင်းများဖြင့် ဖုံးလွှမ်းလျက်ရှိလေ၏။

တောင်ကုန်းတစ်ခုကို ကွေ့ပတ်ပြီးသောအခါ လမ်းဘေး

...င် ဝါးခြမ်းစိပ်စိပ်ဖြင့် ပြုလုပ်ထားသော စင်လေးများကို တွေ့သည်။

...ချောက ဂေါ်ရခါးစိုက်သော စင်များဟု ပြော၏။

မကြာမီ ရွာကြီးတစ်ရွာသို့ ဝင်သည်။

**ပွေးလှ**

**ပင်လယ်ရေပြင်မှ အမြင့်ပေ – ၄၄၄၄။**

ဆိုသောစာတန်းလေးကို တွေ့လိုက်ရ၏။ ထင်းရှူးတောများ

...မြင်ရသည်။ ထင်းရှူးနံ့လေးများ သင်းလာသည်။ ပင်းတယမြို့သို့

...စ်မိုင်မျှသာ လိုတော့၏။

ပွေးလှမှထွက်သည်နှင့် ညောင်ပိန္နဲပင်ကြီးများကို တွေ့လာရ

...ည်။ လမ်းတစ်လျှောက်လုံးထက် ပိုများလာ၏။ ပင်စည်တုတ်တုတ်၊

...င်းထွားထွား၊ ချောချောပြောင်ပြောင်များနှင့် အပင်ကားကား ညောင်

...ပင်ကြီးများမှာ အရိပ်ကောင်းပြီး ကြည့်၍လှသည်။

ပွေးလှမှထွက်၍ ရေချမ်းစင်၊ ဘုရားကုန်းစသော ရွာများကို

...ဖြတ်ပြီးသောအခါ ပင်းတယမြို့တွင်း ဝင်သည်။

ပင်းတယမြို့တွင်း ဝင်စပြုသည်နှင့် အနောက်ဘက်

တောင်တန်းများ တစ်နေရာတွင် ရွှေဥမင်ဘုရားကို သပ္ပာယ်စွာ ဖူးမြော်လိုက်ရသည်။ သစ်ပင်များဖြင့် စိမ်းနေသော တောင်တန်းကြီး၏ ခါးလယ်တပ်နေရာတွင် ထုံးဖြူဖြူဖွေးဖွေးဖြင့် ထင်ထင်ရှားရှား ဖူးတွေ့ရ၏။

ပင်လင်ရေပြင်မှ အမြင့်ပေ ၃၈၈၀ ရှိသော ပင်းတယမြို့တွင်းသို့ ဝင်သည်နှင့် ကြည်နူးသာယာလှသော ဗုတ်တလုပ်ရေကန်ကြီးက ဆီးကြိုလိုက်သည်။

အဆင်းလှတဲ့ ပင်းတယမြို့ သာယာပါတကား။



"ရွှေဥမင်အရင်သွားမလား၊ ကျောက်ဆင်တောင် အရင်သွားမလား မမ"

ကိုချောက ကားကိုအရှိန်လျှော့၍မောင်းရင်း မေးသည်၊ မမက ကျွန်တော့်ဘက်လှည့်၍ မျက်ခုံးပင့်ကာ အသံတိတ် မေးပြန်သည်။

"မောင်မသိဘူးလေ၊ မမသွားချင်တဲ့ဆီ အရင်သွား"

"ကျောက်ဆင်တောင် အရင်သွားပါ၊ နေအေးတုန်း ဆိုတော့ သွားလို့ ပိုကောင်းတာပေါ့"

ကားလေးသည် ဘုရားအို ဘုရားပျက်များ အနီးမှ ကွေ့၍ မြို့ထဲသို့ ဖြတ်သည်။

"ဟိုက မြင်ရတာ ကျောက်ဆင်တော်ဘုရားပေါ့"



မမပြသည့်နေရာသို့ လှမ်းကြည့်လိုက်ရာ ထုံးဖြူဖြူဖွေးဖွေး ကျောက်တုံးများနှင့် ကျောက်တုံးများအထက်မှ စေတီတစ်ဆူ။

မကြာမီ တောင်ခြေရင်းရောက်သည်။

တောင်ခြေရင်းမှ တောင်ပေါ်သို့ ကားဖြင့် တက်၍ရသည်။ အတက်လမ်း အဝတွင် ရေးထားသော စာတန်းကို လှမ်းဖတ်လိုက်သည်။

'ဂီယာကြီးဖြင့် တက်ပါ'

"မိုးတွင်းဆိုရင်တော့ ကားတက်လို့ မရတော့ဘူးဗျ"

ကိုချောက လှမ်းပြောသည်။ လမ်းက တောင်ပေါ်သို့ တောက်လျှောက်အတက် မြေနီနီလမ်း ဖြစ်သဖြင့် မိုးကျလျှင် အမောင်းရခက်မည်မှာ သေချာသည်။

"မောင် လှမ်းကြည့်စမ်း၊ ဘုရားအောက်က ကျောက်တုံးက ဆင်ပုံဖြစ်မနေဘူးလား"

ကျွန်တော် လှမ်းကြည့်လိုက်သောအခါ ဆင်ပုံ ခပ်ကြမ်းကြမ်းကို တွေ့ရသည်။ သို့သော် ခေါင်းက နှစ်ဘက်လို ဖြစ်နေသဖြင့် . . .

"ဆင်ခေါင်းပုံက ဟိုဘက်ကလား ဒီဘက်ကလား မမ"

"နှစ်ဘက်လုံးပဲ မောင်၊ အောက်က ကျောက်တုံးက ဘယ်ဘက်ကကြည့်ကြည့် ဆင်ပုံမြင်ရတယ်၊ ဆင်ဝပ်နေတဲ့ပုံ၊ ဒါကြောင့် ကျောက်ဆင်တောင်ဘုရား၊ ဒါမှမဟုတ် ကျောက်ဆင်ကြီးဘုရားလို့ ခေါ်တာပေါ့"

ကျွန်တော်က အံ့ဩစွာဖြင့် . . .

"ထူးဆန်းတယ်နော်"

"ဒါ ဘာဟုတ်သေးလဲ ကိုရန်နိုင်ရေ့ အပေါ်မှာ ဒါထက် ထူးဆန်းတာတွေ အများကြီး ရှိသေးတယ်၊ နောက်ပြီး ဒီဘုရားက ရောက်လည်း ရောက်ခဲတယ်၊ တော်ရုံလူတောင် မကြားဖူးသေးဘူး၊ ထူးတာတော့ တကယ့်ကို ထူးတာ"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ ကင်မရာ ထုတ်၍ ဓာတ်ပုံ ရိုက်ယူ၏။

မမက ကားပေါ်မှနေ၍ လက်အုပ်ချီလိုက်သဖြင့် ကျွန်တော် လည်း လက်အုပ်ချီလိုက်သည်။

"အစစ အဆင်ပြေ ချောမွေ့ပါစေဘုရား"

## (၂၃)

"ပင်းတယမြို့မှာ ကြီးလေးကြီးရှိတယ်၊ မြောက်ကျောင်းကြီး ရယ်၊ ကျောက်တော်ကြီးရယ်၊ စေတီကြီးရယ်၊ ကျောက်ဆင်ကြီးရယ် ပေါ့၊ ကျောက်ဆင်ကြီးဆိုတာ ခု ဒကာတို့ ရောက်နေတဲ့ ဘုရားပဲ၊ ကျောက်ဆင်တောင်ဘုရားလို့လည်း ခေါ်တယ်"

ကားလေးရပ်ပြီး သုံးယောက်သား ဘုရားအနီး တက်လာခဲ့ ၏။ ဘုရားခြေရင်းတွင် တဲကျောင်းသင်္ခမ်းလေးတစ်ခု ရှိသည်။

တဲငကျောင်းလေးထဲတွင် ဦးပဥ္စင်းသုံးပါး၊ အလှူခံသေတ္တာများ နှင့် ရှိနေသဖြင့် ကျောင်းပေါ်တက်သွားကြသောအခါ ဦးပဥ္စင်းများက မည်သည့်အရပ်ဒေသက လာကြောင်း မေးမြန်းပြီး ဦးပဥ္စင်းတစ်ပါးက ကျောက်ဆင်တောင်နှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်း ပြောပြသည်။

"ဦးပဥ္စင်းတို့ ပင်းတယမြို့နယ် သံဃာ့ဂိုဏ်းချုပ် ဆရာတော်

ဦးကေလာသရဲ့ ထေရုပ္ပတ္တိ စာအုပ်မှာတွေ့တဲ့ စာအရ၊ ဒီဘုရားဟာ သက္ကရာဇ် ၁၁၈၆ မှာ ဦးသုမနကိုယ်တော် တည်ခဲ့တယ်လို့ သိရတယ်၊ တည်တဲ့ခုနှစ်ကို ထောင်မှာရာဆက် ၈၆ လို့ ပါတာကိုး၊ အဲဒီကိုယ်တော် တည်ခဲ့တာက ဆင်ကျောပေါ်က ဘုရားပေ့၊ ဆင်ကျောက်တုန်းကတော့ သဘာဝအလျောက် ဖြစ်နေခဲ့တာပါ"

ကျွန်တော်က ဘုရားဘက် လှည့်ကြည့်သည်။ ဆင်ပုံဖြစ်နေသော ကျောက်တုံးများမှာ အမှန်ပင် သဘာဝလက်ရာ ဖြစ်၏။ ပြုပြင်ထုလုပ်ထားသည့်လက္ခဏာ မတွေ့ရ။

"အဲဒီဘုန်းကြီး ပျံလွန်တော်မူပြီးတဲ့နောက်မှာ မြို့ထဲအနောက်ရပ်က ဦးဖားဆိုသူက ထီးတော်အသစ် ပြန်တင်ခဲ့တယ်၊ အဲဒီနောက်မှာတော့ ပြုပြင်သူမရှိတော့ဘဲ တစ်တောင်လုံး ချုံနွယ်တွေပိတ်ပြီး တောကြီး ဖြစ်နေခဲ့တာပေ့၊ သွားလမ်းလာလမ်းလည်း မရှိတော့ဘူး၊ တောကောင်တွေလည်း ခိုအောင်းပေ့။

ဒါပေမဲ့ တစ်နှစ်တစ်ခါ သီတင်းကျွတ်မှာတော့ အနောက်ရပ်က လူငယ်တွေ တောရှင်း၊ ထုံးသက်န်းကပ်၊ ဆီမီးပူဇော်တာတော့ရှိတယ်၊ ၁၃၄၁ ခုနှစ်က တောရှင်းတဲ့အခါမှာ စိန်ဖူးတော် မြေခတယ်၊ အဲဒီမှာ ကူလုံဆရာတော် တရားထိုင်ရင်းနဲ့ အာရုံအမျိုးမျိုး ပေါ်လာတယ်၊ ကျောက်ဆင်ကြီးဘုရားဟာ သာမညဘုရား မဟုတ်ကြောင်းလည်း သိလာတယ်၊ တန်ခိုးကြီးပြီး အစောင့်အရှောက် သိပ်များတဲ့ဘုရားဖြစ်ကြောင်း သိကြတယ်။

အဲဒါနဲ့ ကူလုံဆရာတော် ဦးဆောင်ပြီး ဆင်ဖြူကျောင်းဆရာတော် ဦးသောဘိတ၊ ပေါက်တောကျောင်း ဆရာတော် ဦးဣဿရိယ၊ မြောက်ကျောင်းဆရာတော် ဦးစက္ကိန္ဒတို့ ကြီးမှူးပြီး



ဘုရားကို ပြန်ပြုပြင်ကြတာ ၁၃၄၁ ခုနှစ်၊ တပို့တွဲလပြည့်နေ့မှာ စိန်ဖူးတော်အသစ် လဲနိုင်ခဲ့တယ်။

ဦးဇင်းတို့လည်း ဒီဘုရားနဲ့ ပတ်သက်လို့ သိပ်အံ့ဩတာ တွေအများကြီးပဲ၊ သာမန်အားဖြင့် ပြောရင်တောင် ဦးဇင်းတို့ ရပ်ဝေးရပ်နီးဘယ်ဒေသမှ အလှူခံမထွက်ခဲ့ဘူး၊ ဘုရားတန်ခိုးတော်နဲ့ သူ့အလိုအလျောက် လာရောက်ထည့်ဝင်တဲ့ အလှူနဲ့ပဲ မွမ်းမံခဲ့တာ၊ ခု တစ်နှစ်အတွင်းမှာ ထုံးဖြူစေတီကို ရွှေသက်န်း ကပ်နိုင်ခဲ့တယ်၊ မွမ်းမံ ပြင်ဆင်ထားတာလည်း ဒကာတို့အမြင်ပဲ၊ အသစ်လဲတဲ့ စိန်ဖူးမှာဆိုကျောက်မျက်ရတနာတွေ မနည်းပါဘူး။

တခြားထူးခြားတာတွေတော့ ဦးဇင်း လိုက်ပြရင်းနဲ့ ရှင်းပြပါမယ်၊ ကဲ . . . ဘုရားပေါ်တက်ရအောင်"

ဦးဇင်းက နေရာမှထ၍ မိန့်သဖြင့် ကျွန်တော်တို့လည်း ဦးဇင်းများကို ဦးချ၍ နောက်မှထလိုက်လာခဲ့သည်။

"ဦးဇင်းဘွဲ့တော် အမိန့်ရှိပါဘုရား"

ကျွန်တော်က ရှင်းပြသော ကိုယ်တော်၏ဘွဲ့တော် သိချင်သဖြင့် မေးသည်။ ဦးဇင်းက . . .

"ဦးကေလာသပါ"

ဦးဇင်းဦးကေလာသက စေတီဘက် လက်ညွှန်၍ . . .

"ပထမ ထူးခြားချက်က ဒီစေတီကို ခံထားတဲ့ ကျောက်တုံးဟာ သဘာဝအလျောက် ဘယ်နေရာက ကြည့်ကြည့် ဆင်ပုံဖြစ်နေတာပဲ၊ နောက်ထူးခြားချက်က စေတီရဲ့ ထောင့်အမျိုးမျိုးမှာရှိတဲ့ ဂြိုဟ်ရုပ်တွေဟာလည်း သဘာဝအလျောက် သူ့ပုံစံနှင့်သူ ဖြစ်နေတယ်"

ဦးဇင်း ရှင်းပြသည်ကို တအံ့တဩနှင့် နားထောင်လျက်

ကျွန်တော်တို့သည် ဦးဇင်းနောက်မှ နဂါးစောင်းတန်းအတိုင်း တက်လိုက်ကြသည်။

ကွေ့လေးတစ်ခုကို ကွေ့လိုက်သောအခါ နဂါးရုပ်တစ်ရုပ်ကို တွေ့သည်။ ညာဘက်တွင် နဂါးမိုးထားသော ဘုရားရုပ်ပွားတော်တစ်ဆူရှိ၍ ဘယ်ဘက်တွင် မှန်ဖြင့် ကာရံထားသော အုတ်အဆောက်အအုံလေး။

"ဒါ . . . စိန်ဖူးတော် မြေခတဲ့နေရာမှာ ဓာတ်ပွဲပေးထားတာ"

ထို့နောက် ကိုယ်တော်က အရုပ်တစ်ရုပ်ကို ပြသည်။

"ဒါ သောကြာထောင့်က ပူးရုပ်ပဲ၊ သူ့သဘာဝအလျောက်ဖြစ်နေတာ၊ သေချာကြည့်"

သဘာဝအလျောက် ဖြစ်နေသော အရုပ်ဆိုသဖြင့် ကျွန်တော်တို့ သေချာကြည့်မိသည်။ အမှန်ပင် ပူးသတ္တဝါ ဝပ်နေသည့်ပုံစံရုပ်လုံးပေါ်လာ၏။ ကျွန်တော် ဓာတ်ပုံရိုက်ယူသည်။

"ထူးဆန်းလိုက်တာနော် မောင်"

မမက ကျွန်တော့်လက်မောင်းကို ဆွဲရင်း ပြောသည်၊ ကျွန်တော် ခေါင်းညိတ်ပြလိုက်၏။

"ကဲ . . . အပေါ်တက်ကြည့်ရအောင်၊ ယောကျ်ားတွေကဒီဘက်ကတက်၊ ဒကာမလေးက ဟိုဘက်မှာ လှေကားရှိတယ်၊ အဲဒီဘက်ကတက်"

ကျိုက်ထီးရိုးဘုရားမှာကဲ့သို့ပင် ယောကျ်ားကြည့်ရန်နေရာနှင့် မိန်းမကြည့်ရန်နေရာ ခွဲထားသည်။ မမက ခေါင်းညိတ်၍ တစ်ဖက်လှေကားမှ တက်သည်။

ကျွန်တော်တို့ အပေါ်ရောက်သောအခါ ဦးဇင်းက . . .



"ဒကာမတွေဘက်ကလည်း နီးနီးကပ်ကပ် ဖူးလို့ရအောင် သံတံတားလုပ်ထားတယ်၊ ၁၃၄၂ ခုနှစ်၊ တပို့တွဲလပြည့်နေ့က ဖွင့်ခဲ့တာပေါ့"

ထို့နောက် ဦးဇင်းက ဆင်ရုပ်ကို ညွှန်၍ . . .

"ဆင်ကျောပေါ်က ကျောက်တုံးက ကျောက်မောင်းပေါ့၊ ဆင်ပါးစပ်နေရာမှာ တွေ့လား၊ အဲဒါ နတ်ရေတွင်းပဲ၊ ဆင်ပါးစပ်ထဲကို သေချာကြည့်၊ အံသွားပုံပါ တွေ့ရမယ်၊ မျက်လုံး နေရာမှာကျတော့ အပေါက် ဖြစ်နေတယ် တွေ့လား"

ဦးဇင်းပြောသည့် အတိုင်းပင် ဆင်ပါးစပ် အတွင်းဘက်၌ လိုဏ်ခေါင်းလေး ဖြစ်နေလျက် အံသွားသဖွယ် ကျောက်ချွန်ကျောက်တက်လေးများ ဖြစ်နေ၏။ နတ်ရေတွင်းမှာလည်း ဆင်ပါးစပ်နှင့် အံကျဖြစ်နေသည်။ မျက်လုံးနေရာတွင် အပေါက်ကလေး။

"ဦးဇင်းတို့ရွာထဲက ကျောင်းသားတွေ တောရှင်းတဲ့အခါကျတော့ ဆင်ပါးစပ်နားမှာ တွေ့လားကြံပင်တွေ၊ အဲဒီကြံပင်တွေပါ ခုတ်ထစ်မိတယ်၊ ခုတ်ပြီးတာနဲ့ ဆင်မျက်လုံးနေရာက ရေတွေစီးကျတာပဲ၊ အမှတ်တမဲ့တော့ ဘယ်သူမှ သတိမပြုမိဘူးပေါ့၊ ရေထွက်တာပဲ မြင်ကြတယ်။

"နောက်မှ ကူလုံဆရာတော်က အိပ်မက်အရ ပြောပြတော့မှ ဒီကြံပင်တွေဟာ ကျောက်ဆောင်ကြီးရဲ့ အစာတွေဖြစ်တဲ့အကြောင်း၊ ပြန်စိုက်ပေးဖို့အကြောင်း ပြောတယ်၊ ဒါနဲ့ ကြံပင်တွေလည်း ပြန်စိုက်ပြီးရော မျက်လုံးကရေကျတာ ရပ်သွားတယ်"

ထိုနောက် ကျောက်ဆင်ကြီးအနီးမှ ပြန်ဆင်းလာခဲ့ပြီးသော အခါ ဆရာတော်က ရုပ်ပွားတော်တစ်ဆူပြ၍ . . .

"ဒီကိုယ်တော်ကလည်း ကူလုံဆရာတော်ရဲ့ အာရုံမြင်ချက်အရ ရှာတွေ့ခဲ့တဲ့ ပေါ်တော်မူဘုရားပေါ့။ ရောင်ခြည်လွှတ်တာ တွေ့တဲ့သူ တွေ့ရတယ်"

ထိုမှ အနိမ့်ပိုင်းသို့ ဆင်းလာကြသောအခါ သဘာဝအလျောက် ဖြစ်နေသော ကျောက်လိပ်ကြီးတစ်ခု၏ပုံကို တွေ့ရသည်။

"လာ . . . အောက်ဘက် ဆင်းရအောင်၊ အဲဒီမှာ သူရဿတီပုံနဲ့ ဝိဇ္ဇာပုံရှိတယ်၊ ဒါတွေလည်း ကူလုံဆရာတော်ရဲ့ အာရုံမှာမြင်လို့ ရှာခိုင်းတာနဲ့ တွေ့တာတွေ၊ သူ့အလိုအလျောက် ဖြစ်နေတာတွေချည်းပဲ"

သူရဿတီပုံဆိုသော နေရာ၌ကြည့်သောအခါ ကျောက်နံရံတွင် အရောင်ကွဲလျက် သူရဿတီနတ်သမီး ဟင်္သာရုပ်စီးနေသည့်ပုံကို တွေ့ရသည်။ သဘာဝအလျောက် ကျောက်သားတွင် ဖြစ်နေပုံများ ထူးဆန်းလှသည်။

ဝိဇ္ဇာပုံဆိုသော နေရာတွင်လည်း သူရဿတီပုံ နည်းတူ ကျောက်နံရံတွင် အရောင်ကွဲလျက် ဝိဇ္ဇာဆေးကြိတ်နေပုံ တွေ့ရ၏။

"ဒီတံတားအောက် ကျောက်ကြားကနေ ဟင်္သာရုပ်ရယ်၊ တောင်ရိုးတစ်ယောက်ပုံရယ် တောရှင်းရင်း တွေ့ရတယ်၊ သဘာဝအလျောက် ဖြစ်နေတဲ့ရုပ်ပဲ၊ အစောင့်လို့တောင် ပြောကြတာပေါ့၊ ကျောင်းပေါ်မှာ ရှိတယ်"

ထိုမှ အောက်ဘက်သို့ ပတ်လာခဲ့သော တောင်စောင်းတွင် အပင်စိမ်းစိမ်း တစ်ပင်ကို တွေ့သည်။

"အဲဒါ စန္ဒကူးပင်"

ကျွန်တော်တို့လည်း မမြင်ဖူးသော အပင်ဖြစ်သဖြင့် စောစော



က သူရဿတီပုံ၊ ဝိဇ္ဇာပုံများနည်းတူ ဓာတ်ပုံရိုက်ထားလိုက်သည်။

"အဲဒီအောက်ဘက်က အုတ်ခန်းလေးမှာ သူ့ဘာသာ ရှိနေပြီး တောရှင်းရင်းတွေ့တဲ့ ပိတုန်းကိုးကောင်ရုပ်ရှိတယ်၊ ကြားဖူးတာကတော့ ဒီတောင်မှ ပြောမှား ဆိုမှားရှိရင် ထွက်တုပ်တယ်လို့ ဆိုတယ်"

အောက်ဘက်မှနေ၍ ပြန်တက်သောအခါ အုတ်ခန်းလေးတွင် နတ်မင်းရုပ်တစ်ရုပ် တွေ့သည်။

"အဲဒါ တောရှင်းရင်းနဲ့တွေ့တဲ့ သာသနာ့ဂါးထောင်စောင့်နတ်မင်းရုပ်ပေါ့"

ကျွန်တော်တို့ သေချာကြည့်ရာ နတ်မင်းကြီးအရုပ်တွင် ခြေဖဝါးတစ်ဘက်လှန်၊ တစ်ဘက်မှောက်ထားသည် တွေ့ရ၏။

"ထူးတယ်နော်"

ကျွန်တော်က မမဘက်လှည့်၍ ပြောသည်။ မမက ခေါင်းညိတ်၍ . . .

"အင်းနော် . . . အားလုံးလိုလို သဘာဝအလျောက် ဖြစ်နေတာတွေချည်းပဲ"

ဦးဇင်းက ကျွန်တော်တို့ဘက်လှည့်၍ . . .

"ဟုတ်တယ် . . . အားလုံးလိုလိုပဲ၊ ကူလုံဆရာတော် အာရုံမှာ မြင်ပြီး ရှာခိုင်းတာနဲ့ တွေ့တာချည်းပဲ၊ ဆရာတော်ကြီးကလည်း သိပ်ဘုန်းကြီးတယ်၊ မီးလွှတ်ပဲ အမြဲစားတယ်၊ ကျောင်းပေါ်မှာ ဓာတ်ပုံရှိတယ်၊ ဖူးသွားပေါ့၊ ခု သက်တော် ခုနစ်ဆယ်ရှိပြီ"

"ဒီမှာတော့ ဦးဇင်းတို့သုံးပါး အမြဲရှိနေတာပေါ့"

"ဟုတ်တယ်၊ ဘုရားဖူးတွေက နေ့တိုင်းလိုလို ရှိတာရယ်၊ ရပ်ဝေးက လာတဲ့သူတွေဆို နေရာထိုင်ခင်း၊ စားရေးသောက်ရေးက

အစ ဦးဇင်းတို့ပဲ စီစဉ်ပေးပါတယ်၊ ဦးဇင်းရယ်၊ ဦးသာဂရယ်၊ ဦးနရိန္ဒ ရယ် ရှိတယ်လေ"

ကျွန်တော်တို့မှာ ထူးဆန်း၍ တန်ခိုးကြီးသော အကြောင်း အရာများကို ကြားနေရသဖြင့် အလာတုန်းကဖြစ်ခဲ့သော ကိစ္စများပင် မေ့နေကြသည်။

ကျောက်ဆောင်တော်မှ ပြန်ဆင်းပြီး ရွှေဥမင်သို့ဆက်သည်။ ဟိုမှာ ထမင်းစားသောက်၍ ဗုတ်တလုပ်ကန် ခဏဝင်ပြီး ပြန်ခဲ့သည်။

အပြန်ခရီးတွင် ဘာမှအနှောင့်အယှက်မရှိဟု ထင်ခဲ့မိပါ သည်။ ထင်ခဲ့မိပါသည် တကား။

(၂၄)

"ငှက်ပစ်မလား ကိုရန်နိုင်"

ပွေးလှမှလွန်သောအခါ လူသူကင်းရှင်းသော တောတောင်
က်ရောက်လာသဖြင့် ကိုချောက သူ့ဘေးမှ ပွိုင့်တူးတူးရိုင်ဖယ်ကို
၍ မေးသည်။

မမကရယ်၍ . . .

"ဘုရားဖူးလာတဲ့ ကုသိုလ်လေးတွေ ကုန်သွားပါဦးမယ်
ချောရယ်"

ကျွန်တော်ကမူ ကိုချော၏သေနတ်ကို လှမ်းယူလိုက်ပြီး . .

"ကောင်းသားပဲ ကိုချော၊ ကျွန်တော်လည်း တစ်ခါမှ
သေနတ်မပစ်ဖူးဘူး၊ ပစ်ကြည့်ရအောင်"

ကိုချောက ကားကလေးကို လမ်းဘေးတွင် ထိုးရပ်လိုက်၏။

"ဆင်းလေ ကိုရန်နိုင်၊ မမလည်း ခဏတစ်ဖြုတ် ဆင်းပါဦး

လား၊ ဘာရယ်မဟုတ်ပါဘူး၊ အပျော်ပေါ့ မမရာ"

ကိုချောကလည်း ဤကိစ္စတွင် ဝါသနာရှင်ဖြစ်ဟန်တူသည်။ မမ မကြည်မဖြူ ဖြစ်နေမှာစိုးသဖြင့် လှည့်ပြီး မျက်နှာချိုသွေးလိုက်၏။

မမက နှစ်ယောက်စလုံးကို မျက်စောင်းထိုးပြီး ကားပေါ်မှ ဆင်းသည်။

ကျွန်တော်တို့ဆင်းလာသော ဤနေရာလေးသည် သာယာလှ၏။ လမ်း၏အနောက်ဘက် တောင်ကုန်းမြင့်မြင့်တစ်လျှောက် ထင်းရှူးတောများရှိသည်။ ထင်းရှူးရွက်စိမ်း ချွန်ချွန်လေးများကြားတွင် ထင်းရှူးသီး မည်းမည်းလေးများကို မြင်နေရ၏။

လမ်း၏အရှေ့ဘက်တွင် ချုံငယ်လေးများရှိသော ကွင်းပြင်၊ ကွင်းပြင်သည် ခပ်လှမ်းလှမ်းတွင် ဆင်ခြေလျှောဖြင့် တက်သွား၍ ယင်းဆင်ခြေလျှော ကုန်းမြင့်တစ်လျှောက်တွင် ခပ်ဝပ်ဝပ်အပင်ငယ်လေးများ ရှိသည်။

"ကိုရန်နိုင် ပစ်တတ်လား"

ကိုချောက ကားရှေ့ခန်းမှပတ်လာပြီး မေးသည်။ ကျွန်တော်က ခေါင်းခါ၍ . . .

"တစ်ခါမှ မပစ်ဖူးဘူး ကိုချော၊ ဖေဖေက ကျွန်တော့်ကို သေနတ်ပေးမကိုင်ဘူး"

"ဒါဖြင့် အိမ်အပြန် . . . အကောင်တွေ သယ်လို့မှ နိုင်ပါ့မလား"

မမက ရယ်၍ပြောသည်။ ကျွန်တော့်စိတ်ထဲ မခံချင်စိတ်ကလေး ပေါ်လာ၏။

"ဟာ . . . မမက အထင်သေးတာပဲ၊ ကျွန်တော် ဒီလောက်



ညံ့မှာ မဟုတ်ပါဘူးဗျ၊ ကဲ . . . ကိုချော၊ ဘာကောင်မှမပစ်ခင် ကျွန်တော့်ကို ပစ်နည်းခတ်နည်းလေး နည်းနည်းသင်ပေးဗျာ"

"သိပ်ရတာပေါ့"

ကိုချောကပြောရင်း ကျွန်တော့်ဆီ သေနတ်ကမ်းပေးလိုက်သည်။ မမပြုံး၍ ကျွန်တော်တို့လုပ်ပုံကိုင်ပုံကို ကြည့်နေသည်။

ကျွန်တော်က ကိုချောကမ်းပေးလိုက်သော သေနတ်ကို လှမ်းယူလိုက်ပြီး လမ်းဘေးတစ်နေရာကို ဟန်ကျပန်ကျ ချိန်ကြည့်လိုက်သည်။ ဒါတော့ ဖြစ်ပါသည်။ သူများတွေကိုင်တာလည်း မြင်ဖူးသည်။ တပ်ထဲမှာတုန်းကလည်း ဒီလိုပဲ၊ ရဲဘော်များ၏ ရိုင်ဖယ်ကိုကိုင်၍ ချိန်ကြည့်နေကျဖြစ်ရာ ချောနေ၏။

ဘယ်လက်ဖြင့် သေနတ်ဝမ်းဗိုက်ကိုကိုင်၊ ဒင်ကို ပခုံးစွန်းတွင် ထောက်၊ ညာလက်ဖြင့် သေနတ်မောင်းကွင်းအနီးမှ ထိန်း၍ လက်ညှိုးကို ခလုတ်ပေါ်တင်၊ ရှေ့ချိန်သီးနှင့် နောက်ချိန်ပေါက်တည့်အောင်ထား၊ ပုံကတော့ မိနေသည်။

"မောင်းမတင်ရသေးဘူး ကိုရန်နိုင်ရ"

"ချိန်ကြည့်တာပါ ကိုချောရ၊ ပစ်မလို့ မဟုတ်ပါဘူး"

"ဒီလိုလုပ်၊ ဟောဟိုကမြင်နေတဲ့ ကျောက်တုံး တွေ့တယ်မဟုတ်လား၊ အဲဒါကို ချိန်ပစ်ကြည့်၊ ပေး . . . ကျွန်တော် မောင်းတင်ပေးမယ်"

ကျွန်တော် သေနတ်ကို ပြန်ကမ်းပေးလိုက်ရပြန်သည်။ မမရှေ့တွင် ဘာမှမလုပ်တတ် မကိုင်တတ် ဖြစ်နေရခြင်းအတွက် စောစောစီးစီးတည်းက သေနတ်ပစ် သင်မထားခဲ့ခြင်းကို နောင်တရနေသည်။ ခုနေ သေနတ်ပစ် ကျင်လည်နေပါက မမရှေ့တွင် မည်မျှ

အစွမ်းပြ၍ ကောင်းလိုက်မည်နည်း။

ခုတော့ သေနတ်မောင်းပင် မတင်တတ်သောအဖြစ်။ ကျွန်တော့်မှာ အင်မတိအင်မတန် သနားစရာ သတ္တဝါလေး ဖြစ်နေသည်။

ကိုယ့်ဘာသာကိုယ် တွေးနေမိလိုက်သဖြင့် ကိုချောထံမှ ကျောက်ဂျက်အသံ ကြားလိုက်ရသည်မှအပ ဘာလုပ်လိုက်သည်ကို မမြင်လိုက်မိ။

"ကဲ . . . ပစ်ကြည့် ရန်နိုင်၊ ချိန်တာကတော့ စောစောက ကိုရန်နိုင်ချိန်သလိုပါပဲ၊ မောင်းဆွဲတတ်တယ် မဟုတ်လား"

ကျွန်တော် ကပျာကယာ ခေါင်းညိတ်ပြသည်။ နောက်မှ နောက်ရောက်ရား၊ လောလောဆယ်တော့ ကိုယ်မတတ်ကြောင်း သိပ်မပြချင်။ မောင်းဆွဲသည့်ကိစ္စကလည်း ကြားဖူးနားဝတော့ ရှိပါသည်။ ဘာလဲ အသက်အောင့်ပြီး တစ်ထစ်ဆွဲ၊ အသက်ပြန်လျှော့ထုတ်လိုက်သည်နှင့် နောက်တစ်ထစ်ဖြုတ်။

"ဘယ်ကျောက်တုံးလဲ ကိုချော"

"ဟိုကျောက်တုံးလေ"

ကိုချောက ကျောက်တုံးကို ခဲငယ်လေးတစ်လုံးဖြင့် လှမ်းပစ်ပြလိုက်သည်။ သူပစ်လိုက်သော ခဲငယ်သည် ကျောက်တုံးကို တည့်တည့်သွားထိ၏။

"မောင် . . . သူများက လက်နဲ့ပစ်တာတောင် ထိတယ်နော်"

မမက ရယ်၍ ဝင်ပြော၏။ ကျွန်တော်လည်း မျက်လုံးပြူးသွားသည်။ ဒီအကွာအဝေးသည် ဒီအရွယ် ကျောက်တုံးကို လက်ဖြင့်လှမ်းပစ်လျှင်တောင် သိပ်မလွဲနိုင်၊ သေနတ်နှင့်ပစ်၍ မထိလျှင်တော့



ကျောက်ပဲဟု လန့်သွား၏။

"လက်ငြိမ်အောင် ထိုင်ပစ် ကိုရန်နိုင်"

လောလောဆယ်တော့ ကိုချောစကားကို နားထောင်ရုံမှအပ သိပ်မကွန့်ရဲ။

ကတ္တရာလမ်းပေါ် ထိုင်ချလိုက်သည်။ ဒူးနှစ်ဘက်ကို ထောင်၍ တံတောင်ဆစ်ကို ဒူးပေါ်ထောက်ပြီး ပြန်အပြည့်နှင့် ချိန်လိုက်သည်။

"ဟုတ်ပြီ . . . ပြောင်းကို နည်းနည်းစိုက်ထား၊ အသက်အောင့်ပြီး မောင်းကိုတစ်ထစ်ဆွဲ"

သူပြောသလို လုပ်လိုက်၏။ ကျွန်တော်ချိန်ထားသော မြင်ကွင်းအရ ချိန်ပေါက်၊ ချိန်သီး၊ ကျောက်တုံးလည်း တန်းနေ၏။ ကျွန်တော်က ပိုသေချာအောင် ဘောလုံးလောက်ရှိသော ကျောက်တုံး၏ အလယ်လောက်ကို ဖြတ်၍ ချိန်ထားလိုက်သည်။

ပစ်လိုက်လျှင်တော့ လွဲတော့မှာ မဟုတ်ဟု စိတ်ထဲ ယုံသွားသည်။

ထွက်လေနှင့်အတူ သေနတ်မောင်းကို ခပ်တင်းတင်း ညှစ်ချလိုက်၏။

'ဖြောင်း'

တံ့ခနဲ နောက်ကိုလန်သည်။ ခါသွားသော ပြောင်းကို မထိန်းနိုင်။ ကျောက်တုံး၏ ဟိုဘက်တစ်ကိုက်လောက်တွင် မြေကြီးများ ဖွာခနဲ ဖြစ်သွားသည်ကို တွေ့လိုက်ရသည်။

ကျောက်တုံးကစပ်ဖြိုးဖြိုးနှင့် လှမ်းကြည့်နေသယောင်ယောင်။

"ဟား . . . သိပ်မလိုဘူး မောင်ရဲ့၊ နည်းနည်းလေးပဲ"

မမနောက်လိုက်သလားဟု လှမ်းကြည့်သည်။ မမအကြည့်သည် ကျွန်တော့်ထံမရှိ။ ကျောက်တုံးနှင့် ကျည်ထိသွားသော မြေကြီးနေရာကို လှမ်းကြည့်ရင်း တကယ့်ကို စိတ်လိုလက်ရ ပြောလိုက်ခြင်းဖြစ်သည်။

ကျွန်တော် ပြုံးလိုက်၏။ အချစ်ဆိုတာ ဒါမျိုးလားဟု တွေးမိသည်။ ဒီလောက်ကြီးသော ကျောက်တုံးကို တစ်လံလောက်လွဲအောင် ပစ်နိုင်သော ကျွန်တော့်အား ဖေးဖေးမမ ပြောလိုက်ပုံလေးက နည်းနည်းလေးပဲ . . . တဲ့။

သေရော . . . ။

"နေဦး ကိုရန်နိုင်၊ ကျွန်တော် ပစ်ပြမယ် ခဏလေးကြည့်"

ကျွန်တော်က ကတ္တရာလမ်းပေါ် ထိုင်နေရာမှ ထရပ်သည်။ ထို့နောက် မမရပ်နေသည့် နေရာနားသို့သွား၍ ကိုချောပစ်သည်ကို လှမ်းကြည့်သည်။

ကိုချောက မတ်တတ်ရပ်လျက် အလွယ်တကူပင် ချိန်ကိုက်ပြီး သေနတ်မောင်း ဖြုတ်လိုက်သည်။

'ဖြောင်း'

ကျောက်တုံးမျက်နှာပြင်တွင် ဖွားခနဲ ကျောက်စကျောက်နများ လွင့်စဉ်သွား၏။



"ဖြောင်း . . ဖြောင်း . . ဖြောင်း"

မမနှင့်ကျွန်တော် တိုင်ပင်ထားသလို လက်ခုပ်တီးလိုက်ကြ၏။ ကျွန်တော်က ကိုချောကိုလှမ်းပြီး . . .

"ဟ . . . ပြင်းသားပဲနော်၊ ကျွန်တော်က ပွိုင့်တူးတူးဆိုတော့လေသေနတ်သာသာပဲ အောက်မေ့လို့"

ကိုချောက မျက်လုံးပြူး၍ . . .

"ဟာ . . . ဘယ်နဲ့ ကိုရန်နိုင်ကလည်း ပွိုင့်တူးတူးနဲ့ပစ်ရင် ...တစ်ယောက် ကောင်းကောင်းသေနိုင်တာပဲ၊ ဒါတောင် ရိုးရိုးကျည်၊ ...ဟာလိုကျည်ဆို ပွင့်ထွက်သွားတာပေါ့"

ဟောလိုကျည်ဆိုသည်မှာ နှစ်ဆင့်ကွဲကျည်ကို ဆိုလိုကြောင်း ...ကြားဖူးနားဝဖြင့် ကျွန်တော် သိလိုက်၏။

"လုပ်လေ ကိုရန်နိုင် ပစ်ကြည့်ပါဦး"

ကိုချောက သေနတ်ကမ်းပေးသည်။ ကျွန်တော် ပြုံး၍ ...ခါင်းခါလိုက်သည်။

"နေပစေတော့ ကိုချော၊ ကိုချောပဲ အကောင်လေး ဘာလေး ...ပြစမ်းပါ၊ ခုချက်ချင်း ကျွန်တော်လည်း သေနတ်ပစ်လက်တည့်လာ... မဟုတ်ဘူး၊ ကျည်ဆန်ကလည်း အလကားရတာ မဟုတ်ဘူး၊ ...ပ်စမ်းပါ၊ လက်စွမ်းပြလေး ကြည့်ရအောင်"

"ဟုတ်ပါတယ်၊ ကိုချောပဲ ပစ်စမ်းပါ"

မမကလည်း ကျွန်တော်ပစ်မှာ ခတ်မှာ ကြောက်နေ၍လား...သိ၊ ကျွန်တော့်စကားကို ကပျာကသီ ထောက်ခံသည်။ ကျွန်တော် ...ကိုကြည့်၍ ပြုံးလိုက်သည်။ ထင်သည့်အတိုင်းပင် မမက ကိုချော...ကြားအောင် ခပ်တိုးတိုး . . .

"တော်တော့နော်၊ မပစ်တော့နဲ့"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ ကျွန်တော့်မျက်လုံးများသည် ခပ်လှမ်းလှမ်း ကမူလေးပေါ် ဆင်းနားလိုက်သော ငှက်လေးတစ်ကောင်ကို မြင်လိုက်သဖြင့် . . .

"ဟိုမှာကိုချော ငှက်တစ်ကောင် ချစမ်းပါ"

ကိုချောက ကျွန်တော်ပြရာ ကြည့်သည်။ ထိုနောက် ခပ်တိုးတိုး ရယ်၍ . . .

"အဲဒါ ဆက်ရက် ကိုရန်နိုင်ရ၊ အကောင်သေးပါတယ်၊ ရတော့ရပါတယ်၊ ကျွန်တော် ပစ်ပြမယ်"

ဆို၍ နားနေသော ဆက်ရက်ကလေးဆီ လှမ်းချိန်သည်။ ခဏကြာ ငြိမ်သွားပြီးမှ . . .

"ခေါင်းဗျို့ ကိုရန်နိုင်"

'ဖြောင်း'

အသံနှင့်အတူ ကိုချောဆီမှအကြည့်ကို ငှက်ကလေးဆီ လှမ်းကြည့်လိုက်၏။ ဆက်ရက်၏ ခေါင်းတစ်ဝိုက်တွင် အမွေးများ ဖွာထွက်သွားပြီး ကိုယ်လုံးလေး လွင့်ထွက်သွားသည်။

ကျွန်တော် ကပျာကသီပြေး၍ . . .

"နေ . . . နေ ကျွန်တော် ကောက်လိုက်မယ်"

ခပ်လှမ်းလှမ်း တောင်ကုန်းမြင့်လေးပေါ် ပြေးတက်၍ တောင်ကုန်း၏ ဟိုဘက်သို့ လိမ့်ကျသွားသော ငှက်ကလေးကို ကောက်ယူလိုက်သည်။ ဆက်ရက်၌ ခေါင်းမရှိတော့၊ ပြတ်ထွက်သွားသော လည်ငုတ်တိုမှ သွေးများ ပန်းထွက်နေသည်။

"အား . . . မလွယ်ပါလား"



ဟု စိတ်ထဲတွေးလိုက်မိ၏။ ငှက်ကလေးကို ကောက်၍ ပြန်ယူလာသောအခါ မမတ္တာ မျက်မှောင်ကြုတ်၍ လှမ်းကြည့်လိုက်ပြီး . . .

"အို"

ဟု ဆိုကာ တစ်ဖက်သို့ လှည့်လိုက်သည်။ ကျွန်တော်က ကိုချောကို ငှက်သေပြ၍ . . .

"ခေါင်းဆို ခေါင်းပါပဲလားဗျ ကိုချော၊ ဒါတောင် အကောင် သေးသေးလေးမို့၊ လူလောက် ကြီးရင်တော့ တစ်ချက်ဆိုတစ်ချက်ပဲ နေမှာပဲ"

"အလေ့အကျင့်ပေါ့ဗျာ၊ ကျွန်တော်နဲ့ဆရာနဲ့က အားရင် ဒီအလုပ်ပဲ လုပ်နေကြတာ"

ဒါကြောင့်မို့ ကိုချော ဝါသနာကြီးနေတာကိုးဟု တွေးမိသည်။ ယခုလည်း သူလွတ်လွတ်လပ်လပ် ပစ်ချင်မှာပဲ တွေး၍ . . .

"လုပ်လေ ကိုချော အချိန်ရသားပဲ၊ ဒီနားမှာ လိုက်ပစ်ပါလား၊ ကျွန်တော်တို့ ဒီနားမှာ စောင့်နေမယ်"

"ဟာ . . . ရပါတယ်၊ ကိုရန်နိုင်တို့ စောင့်နေရမှာ အားနာပါတယ်"

ကျွန်တော်က ရယ်၍ . . .

"အားမနာပါနဲ့ဗျာ၊ ကျွန်တော်တို့လည်း ဒီနားမှာ အလကား ထိုင်နေကြမှာမှ မဟုတ်တာ"

ကျွန်တော်က မျက်စိတစ်ဖက်မှိတ်ရင်း ပြောသည်။ ကိုချောက သဘောပေါက်သွားဟန်ဖြင့် ဟက်ဟက်ပက်ပက် ရယ်ပြီး . . .

"ဟုတ်တယ် . . . ဟုတ်တယ်၊ ဒါဖြင့် ကျွန်တော် ထင်းရှူးတောထဲ လိုက်ပစ်လိုက်ဦးမယ်၊ ဒီနားမှာ အားမနာနဲ့နော်၊ ဒီနယ်မြေက

သိတယ်မို့လား"

"အိုး ... ဘာမှန်းလဲ မသိဘူး၊ မောင်ကလည်း ဘာတွေ လျှောက်ပြောနေတာလဲ"

မမလက်တစ်ဖက်သည် ကျွန်တော့်ပခုံးပေါ် ကျ၏။

ကိုချောကတော့ ပြောရင်းဆိုရင်းနှင့် လမ်းတစ်ဖက် ထင်းရှူးတောဘက် ကူးသည်။

"သိပ်မကြာနဲ့နော် ကိုချော၊ တော်ကြာ မိုးချုပ်သွားမယ်"

မမက လှမ်းပြောသည်။ ကိုချောက ကျွန်တော့်ဘက် လှည့်ကြည့်၍ ဘယ်လိုလဲဆိုသော အမေးမျိုး ခေါင်းဆတ်သည်။

ကျွန်တော်က လက်ခါပြရင်း ...

"ကိစ္စမရှိဘူး ကိုချော၊ သွားပါ။ အေးအေးဆေးဆေးသာပစ်၊ မိုးချုပ်သွားပြီး အိမ်မပြန်ရဲတော့ရင်လည်း ကျွန်တော် ခေါ်ပြေးတဲ့ နေရာသာ လိုက်ပို့"

"မောင်နော်"

ကိုချောက ရယ်နေရာက အားရပါးရ ခေါင်းညိတ်၍ ...

"စိတ်ချ ကိုရန်နိုင် . . ကျွန်တော်က အဲဒီအလုပ်မျိုး ဝါသနာပါတယ်"

မမက ကျွန်တော့်လက်မောင်း ဆိတ်ဆွဲ၏။ ကိုချောသည် ကတ္တရာလမ်းပေါ်မှ မြောင်းလေးခြားနေသော ထင်းရှူးတောကုန်းမြင့်ဘက်သို့ လှမ်းခုန်လိုက်သည်။ ကျွန်တော်က တစ်စုံတစ်ခုကို သတိရသဖြင့် ...

"ဩော် ... ကိုချော"

ကိုချော ဆတ်ခနဲ ပြန်လှည့်သည်။



"ကျွန်တော်တို့လည်း ဟသ်ာမောင်နှံမှတ်ပြီး တွယ်မထည့်လိုက်နဲ့ဦးနော်"

"စိတ်ချပါ။ ကျွန်တော်က ဟသ်ာတို့ ကြိုးကြာတို့ ဘယ်တော့မှ မပစ်ဘူး၊ ပစ်တဲ့လူ တွေ့ရင်လည်း သူ့ခေါင်းတည့်တည့် ဖော်လိုကျည်နဲ့ ပစ်ခွဲလိုက်မယ်"

ထင်းရှူးပင်စည်များကြားသို့ ဝင်ရောက်သွားသော ကိုချောကို ကြည့်နေရာမှ မမကို ပြန်လှည့်ကြည့်သည်။

မမမျက်နှာ ပန်းရောင်သန်းနေ၏။

"မမ . . . ဒီနေရာမှာ မောင်တို့နှစ်ယောက်တည်း ရှိတော့တယ်နော်"

ပန်းရောင်လေးသည် ပိုရင့်သွား၍ ...

"သွား . . . အဲဒါ ဘာဖြစ်လဲ"

"ဩော် . . . မဟုတ်ပါဘူး၊ မမကြောက်ရင် မောင့်ကို ဖက်ထားလို့ ပြောမလို့"

"သွားပါ . . . လူကိုက ညစ်ချည်းပဲ"

နှစ်ယောက်သား ရယ်လိုက်ကြ၏။

လွတ်လပ် ဆိတ်ငြိမ်သည်ဆိုသော အသိကြောင့် ရင်များ ပိုခုန်လာသည်။

လမ်းမပေါ်တွင် ကားများရှင်းနေ၏။

ကွင်းပြင်သည် ကျယ်ပြောလှချေသည်တကား။

## (၂၅)

"လာ . . . မမ၊ ဟိုနားသွား စကားပြောရအောင်"

"ဟင့်အင်း . . . ဒီမှာပဲနေမယ်"

မမမျက်စောင်းချီ၍ နှုတ်ခမ်းတမင်မဲ့၍ ပြောသည်။

"ဒီနေရာက ကားလမ်းမကြီး မမရဲ့"

"ဘာဖြစ်လဲ"

"ဩော် . . . မမကလည်း လူမြင်တာပေါ့"

"မြင်မြင်ပေါ့။ ကိုယ့်ဘာသာကိုယ် ရပ်နေကြတာပဲဟာ"

ကျွန်တော် ပြုံးလိုက်သည်။ မမ တမင်လုပ်နေပြီဟု သိလိုက်သဖြင့် . . .

"နေမပူဘူးလား"

"ပူပါဘူး၊ နေစောင်းနေပြီဥစ္စာ"

"မတ်တတ်ကြီး"



"ရတယ်လေ၊ ကားပေါ်သွားထိုင်တာပေါ့"

"ဟာဗျာ . . . မမကလည်း ကတ်ပြီ"

မမရယ်သည်၊ ရယ်ရင်းနှင့် ကျွန်တော့်လက်မောင်းကို မနာအောင် လိမ်ဆွဲရင်း . . .

"ဘာ . . . မမကတ်တာလဲ၊ သူညာဏ်များနေတာ မသိတာမှတ်လို့၊ ဟင်းနော်၊ မမဘာပြောထားလဲ၊ ရိုးရိုးနေ၊ မကဲရဘူးလို့ ပြောထားတယ် မဟုတ်လား"

"ဘယ်သူက ကဲမယ်ပြောလို့လဲ မမရဲ့၊ ဟိုနားက သစ်ပင်ရိပ်မှာ သွားထိုင်မယ်၊ ကိုချော မြန်အလာကို စောင့်မယ်၊ စကားတွေပြောမယ်၊ ပြီးတော့ . . ."

"ပြောလေ၊ ပြီးတော့ ဘာလုပ်မလဲ"

"အင်း . . . ပြီးတော့ ဘာလုပ်ရဦးမလဲဆိုတော့၊ ဘာမှမလုပ်တော့ပါဘူး၊ စကားတွေပြောပြီးရင် ပြီးပြီ"

"မောင့်စကားနော်၊ စကားတွေပြောပြီးရင် ပြီးပြီ၊ သေချာလား"

"အင်း"

မမက ကလေးတစ်ယောက်လို အမူအရာလေးများဖြင့် ပြောနေသဖြင့် ကျွန်တော့်စိတ်ထဲ လှုပ်ခတ်လာသည်။ ဖြစ်နိုင်လျှင် ဒီနားတွင်ပင် ပွေ့ဖက်နမ်းရှုပ်ပစ်လိုက်ချင်စိတ် ပေါ်နေ၏။

"ဒါဖြင့် သွားမယ်"

"အဲလိုလုပ်စမ်းပါ မမရယ်"

"ဩော် . . . နေဦး"

ကောင်းပြီကောင်းရဲ့နှင့် ကျွန်တော့်လက်ကိုတွဲ၍ လမ်းဘေး

သစ်ပင်အုပ်ဘက် ဆင်းမည်လုပ်ပြီးမှ တန့်ခနဲ ရပ်ပြီးနေသဖြင့် . . .

"ဟော . . . ဖြစ်ပြန်ပြီ"

ကျွန်တော် မကျေမနပ်နှင့် လေသံကြောင့် မမကျွန်တော့်ကို ခပ်စူးစူး ပြန်ကြည့်ပြီး . . .

"ဟိုမှာ ထိုင်စရာမရှိလို့ ကားပေါ်မှာ ဂရောင်းရှိ (တ်) ဖြစ်ဖြစ် သွားယူမလို့၊ ဘာလဲ . . . တစ်ခါတည်း ဖြစ်နေလိုက်တာ"

ဒီတော့မှ ကျွန်တော် ရယ်လိုက်သည်။

"ဆောရီး . . . ဆောရီး၊ ဘွာ . . . ဘွာ၊ နေ . . . နေ မမ၊ ကျွန်တော် သွားယူလိုက်မယ်၊ ပြောပြောက စောရောပေါ့"

ကျွန်တော် ကားဆီသို့ အပြေးကလေးပြန်လာသည်။ ကားပေါ်မှ ပလတ်စတစ်အခင်းတစ်ခုကို လှမ်းယူလိုက်ပြီး ထင်းရှူးတောဘက် လှမ်းကြည့်သည်။ ကိုချော၏ အရိပ်အရောင်ပင် မမြင်ရတော့။

'ပြောင်း'

သေနတ်သံတစ်ချက် ကြားလိုက်ရသည်။ သို့သော် တိုးတိုးလေး ကြားလိုက်ရသည်။ ကိုချော အတော်ဝေးဝေးသို့ ရောက်နေပြီဖြစ်ကြောင်း သတိပြုမိသည်။

စိတ်ထဲတွင် လမ်းမှာဆင်းနေပေးခဲ့သော မိုးမိုးကို သတိရ၏။ ခုမှ မိုးမိုးနေခဲ့ခြင်းကို ကျေးဇူးတင်လာသည်။

တစ်ဆက်တည်းပင် ကိုစောဦးကိုလည်း သတိရ၏။ ခုနေ ကျွန်တော်တို့ ဖြစ်နေပုံလေးသာမြင်လျှင် ငနဲကြီး အူနုကျွဲဝင်ခတ်သကဲ့သို့ ဖြစ်နေမည်မှာ သေချာလှသည်။

ခုလောက်ဆိုလျှင်တောင် ကျွန်တော့်ကို ရေရေလည်လည် သတ်ပစ်ချင်စိတ်တွေ ပေါ်များနေမလားမသိဟု ကျွန်တော် တွေးမိသည်။

ခေါက်ပါ . . .

ဒါတွေက အရေးမကြီးပါ။ ခုချိန်လေးမှာ တစ်စက္ကန့်သည် အခြားခြားသော အချိန်တို့၏ လေးငါးဆယ်နှစ်ထက် အဖိုးတန်လှပါသည်။ ဒီကပြန်လျှင် နောက်ထပ် ဒီလိုမျိုးအခွင့်အရေးရရန် ကျွန်တော့်မှာ လနှင့်ချီ၍ စောင့်ရဦးမလား၊ နှစ်နှင့်ချီ၍ စောင့်ရဦးမလားမပြောနိုင်။

တန်ဖိုးရှိသည့် စက္ကန့်လေးများကို အခြားကိစ္စများ တွေးတောခြင်းဖြင့် အချိန်မဖြုန်းနိုင်ပါ။

ကျွန်တော့်တစ်ဘဝလုံးတွင် တမ်းတမ်းတတ မျှော်လင့်ခဲ့သည့် အလွန်တရာ ရောက်ရှိရန်ခက်ခဲသော၊ ရောက်နိုင်ခဲသော ပင်လယ်ရေပြင်မှ အမြင့်ပေ အသင်္ချေရှိသည့် အချစ်မြို့လေးတွင် တစ်စက္ကန့်သည် တစ်စက္ကန့်မျှပင် တန်ဖိုးကြီးပါသည်။

နေရောင်သည် ထင်းရှူးပင်များနှင့် ကွယ်နေသဖြင့် ပတ်ဝန်းကျင်သည် အေးမြနေချေပြီ။

အစိမ်းရင့်ရောင် ပလတ်စတစ် အခင်းလေးကို မြေပေါ်၌ ပြန့်ပြန့်လေးဖြစ်အောင် ခင်းပြီးသောအခါ ဒူးထောက်လျက်နှင့် မမကို မော့်ကြည့်သည်။

မမသည် လက်ကလေးပိုက်လျက် ကျွန်တော့်ကို ကြည့်နေ၏။ မမအကြည့်လေးမှာ တစ်မျိုးဖြစ်နေသည်။ မမတော့မသိ၊

ကျွန်တော့်ရင် ဖိုခနဲ ဖြစ်သွားသည်။

"ထိုင်လေ . . . မမ"

မမက ဘာမှမပြောဘဲ ကျွန်တော့်ကို ခပ်စူးစူးစမ်းစမ်းလေး ကြည့်နေသဖြင့် ကျွန်တော် မတ်တတ်ထရပ်လိုက်ပြီး . . .

"မမ ဘာဖြစ်နေလဲ၊ မမကြည့်ရတာ တစ်မျိုးကြီးပဲ"

"မမစိတ်ထဲ တစ်မျိုးကြီး ဖြစ်နေတယ် မောင်၊ မောင့်ကိုလည်း ကြောက်သလိုပဲ"

ဒီတော့မှ ကျွန်တော် ရင်ဖိုသလို မမလည်း ရင်ဖိုနေကြောင်း နားလည်လိုက်သည်။ ကျွန်တော် မမ၏လက်မောင်းလေးနှစ်ဖက်ကို ဖွဖွကိုင်ရင်း . . .

"မမရယ် . . . ဘာဖြစ်လို့ ဒီလောက် အစိုးရိမ်ကြီးနေရတာလဲ၊ မမကို မောင် ကတိပေးပြီးသားပဲ၊ မောင် မရိုင်းပါဘူး"

မမ ခုခါမှ ပြုံးသည်။ ကျွန်တော့်ကို နားလည်စွာ ကြည့်၍လည်း . . .

"မောင် မရိုင်းဘူးဆိုတာ မမယုံပါတယ်ကွယ်၊ မောင်ရိုင်းမှာစိုးလို့ မမကြောက်နေတာလည်း မဟုတ်ပါဘူး၊ ခုလို ဆိတ်ငြိမ်တဲ့အရပ်မှာ ယောကျ်ားလေးတစ်ယောက်နဲ့ တစ်ခါမှ မနေဖူးလို့ မမရင်ခုန်နေတာပါ"

မမထံမှ ပွင့်ပွင့်လင်းလင်း ပြောလိုက်သည့်စကား ကြားရသဖြင့် ကျွန်တော့်စိတ်ထဲ မမကို အားနာသွားသည်။ မမစိတ် မလွတ်မလပ် ဖြစ်နေသည့်ကိစ္စကို ဖွတ်မလုပ်ဟု ဆုံးဖြတ်လိုက်ပြီ။

"ဒါဖြင့်လည်း မထိုင်ပါနဲ့ မမရယ်၊ ဒီနားမှာပဲ လမ်းလျှောက်ပြီး စကားပြောကြတာပေါ့"



မမ ကျွန်တော့်ကို ဖျတ်ခနဲ ကြည့်သည်။ ကျွန်တော် စိတ်ဆိုး၍ ပြောလိုက်သည်လားဟု စူးစမ်းသောအကြည့်ဖြစ်မည် ထင်၏။ ကျွန်တော် လွတ်လွတ်လပ်လပ် ရယ်လိုက်ပြီး . . .

"တကယ်ပြောတာပါ မမရဲ့၊ မောင်က မမနဲ့ နေရရင် ဘယ်လိုနေရနေရ ပျော်တာပဲ၊ မမ ကျွန်တော့်မျက်စိအောက်က ပျောက်သွားမှာပဲစိုးတာ"

ကျွန်တော့်အရယ်နှင့် အပြောကို မြင်မှ၊ ကြားမှ မမမျက်နှာလေး လန်းဆတ်ကြည်လင်လာသည်။ ကျွန်တော့်ကိုလည်း ရွှန်းရွှန်းစားစား ကြည့်၍ . . .

"မမ မောင့်ကိုချစ်ရတာ အဲဒါလေးတွေကြောင့်ပဲ မောင်ရယ်၊ အလကားပါ မောင် . . . သက်သက် မမအစိုးရိမ်လွန်တာပါ၊ ကဲ . . လာလာထိုင်၊ ဒီမှာပဲ စကားပြောတာပေါ့၊ ထိုင်လို့ညောင်းတော့လည်း လမ်းထလျှောက်တာပေါ့"

ပြောပြောဆိုဆိုနှင့် ပလတ်စတစ်အခင်းပေါ် မမ ဝင်ထိုင်သည်။ လွတ်လပ်ပေါ့ပါးသော အပြုံးကိုလည်း ပြုံး၏။

ကျွန်တော် ရယ်လိုက်သည်။

မမ၏ဘေးတွင် ဝင်ထိုင်လိုက်၏။

မမနှင့် ကိုယ်ချင်းထိသည်။ ခါတိုင်းနှင့် မတူသော ခံစားမှုလေး တစ်ကိုယ်လုံး ပျံ့နှံ့သွား၏။ မမ၏ သက်ပြင်းချသံ ကြားရသည်။

"မောင်သာ မနေ့က မမပြောသလို အနေအထားမျိုး မဟုတ်ခဲ့ရင် သိပ်ကောင်းမှာပဲ မောင်ရယ်၊ ခုတိုင်းဆို မမတို့ စိတ်လွတ်လက်လွတ် ပျော်ပျော်ကြီးနေဖို့ အချိန်တွေ အများကြီး စောင့်ကြရဦးမယ်"

မမစကားကြောင့် စောစောက မမထံမှ သက်ပြင်းသည် ကျွန်တော့်ထံ ကူးစက်သွားသည်။ မမရည်ညွှန်း ပြောဆိုသော စကားများကို ကျွန်တော် ကောင်းစွာ သဘောပေါက်လိုက်ပါသည်။

ရုတ်တရက် ပျံ့သွားသောစိတ်သည် မနေ့က တောင်ကြီး ကောလိပ်မှအပြန် ထမင်းစားသောက်ပြီး မြို့ထဲ ဘုရားများလှည့်လည်ခဲ့သော အဖြစ်ကလေးဆီ ရောက်သွား၏။

ခုလေးတင် မမပြောလိုက်သော စကားသံလေးများ နားထဲ ပဲ့တင်ထပ်ခြင်းများနှင့်အတူ . . .

"မနေ့က မမပြောသလို အနေအထားမျိုး မဟုတ်ခဲ့ရင် သိပ်ကောင်းမှာပဲ မောင်ရယ်"

မနေ့တုန်းကအဖြစ်က ဒီလို . . .

ရပ်တော်မူဘုရားကို ဖူးပြီးသောအခါ ကားကလေးပေါ် ပြန်တက်၍ မုန်စီရွှေချ တဝင်းဝင်းဖြင့် တောင်ကုန်းမြင့်ပေါ်တွင် သပ္ပာယ်စွာရှိနေသော ဆုတောင်းပြည့်စေတီဘက် ကားကလေး မောင်းထွက်လာသည်။

ဒီနား ခဏဟုဆိုကာ ထွက်လာခဲ့သဖြင့် ကားဆရာပင် ခေါ်မလာမိ။ မမက ကားကိုမောင်း၍ ကျွန်တော်က ဘေးမှ ထိုင်သည်။

ကားကလေးသည် ကျောက်စရစ်ခဲ ငယ်ငယ်လေးများ ဖြူးထားသလို ဖြစ်နေသည့် မြေလမ်းလေးအတိုင်း တောင်ကို ပတ်၍ တက်သည်။



ဘုရားဖူးခရီးသည်များ စည်ကားနေသော လမ်းဖြစ်သဖြင့် ကားလေးကို ခပ်ဖြည်းဖြည်းသာ မောင်းနှင်လာသည်။

ဝေဠုဝန်ပရိယတ္တိစာသင်တိုက် တောင်ကြီးမြို့ဟု ရေးထားသော ကျောင်းတိုက်တစ်ခုကို ကွေ့ပတ်ပြီးသောအခါ ဆုတောင်းပြည့်စေတီရှေ့သို့ ရောက်သည်။

အုတ်တံတိုင်း၏အပြင်ဘက်တွင် ဘုရားဖူးကားများ အတော်များများ စီရပ်ထားတာလည်း တွေ့ရ၏။

မမက လွတ်နေသော နေရာတစ်နေရာတွင် ကားကလေးကို ရပ်ပြီး . . .

"ကားပေါ် ဖိနပ်ချွတ်ထားခဲ့မောင်"

နှစ်ယောက်သား ကားပေါ်မှဆင်း၍ ဘုရားဝင်းဘက် လျှောက်လာကြ၏။ ဘုရားဝင်း အပြင်ဘက်၊ ဝင်ပေါက်ရှေ့တည့်တည့် ပ်လှမ်းလှမ်းတွင် မြေခင်းဆိုင်တစ်ဆိုင်၌ လူများ အုံနေကြ၍ ဆိုင်နှင့် ပ်လှမ်းလှမ်း သစ်ပင်လေးနားတွင် ရှူးခနဲ ရှူးခနဲ အသံများကြားနေရ ၏။

ရှူးခနဲ အသံကြားလိုက်တိုင်း တုတ်တံရှည်ရှည်နှင့် အရာ တ္တုတစ်ခုသည် ကောင်းကင်သို့ ထိုးတက်သွားသည်ကို တွေ့ရသည်။

ကျွန်တော့်မျက်စိထဲတွင် ထူးဆန်းနေသဖြင့် . . .

"အဲဒါ ဘာလဲမမ"

"ဩော် . . . မီးရှူးလေ၊ မမတို့အောက်ဘက်မှာတော့ ရှိဘူး၊ ဒီမှာတော့ ကလေးတွေ သိပ်ဆော့တယ်၊ မီးရှူးလွှတ်တယ် ခေါ်တာပေါ့"

"သွားကြည့်ရအောင် မမ"

မမကရယ်၍ . . .

"မောင်ကလည်း ကလေးကျနေတာပဲ၊ နေပါဦး၊ ဘုရားသွား ဖူးဦးမယ်၊ အပြန်မှကြည့်တာပေါ့၊ မောင် လွှတ်ချင်လည်း လွှတ်လေ"

ဆက်ပြောလျှင် ဒီထက် ကလေးဆန်သည်ဟု အပြောခံရမှာ စိုးသဖြင့် ဘာမှမပြောတော့ဘဲ မမနှင့်အတူ ဆက်လျှောက်လာခဲ့သည်။

ဆုတောင်းပြည့် ဘုရားရင်ပြင်ရောက်သောအခါ တောင်ကြီး မြို့၏ အပြန့်အပြောနှင့် ပတ်ဝန်းကျင်၏ သာယာလှပမှုကို ကျယ် ကျယ်ပြန့်ပြန့် မြင်လိုက်ရသည်။

"ဟာ . . . သိပ်လှတာပဲနော်၊ တောင်ကြီးမြို့က မြင့်လှပြီ အောက်မေ့တာ၊ ဒီပေါ်ကကြည့်မှ တောင်ကြီးမြို့က တောင်အောက် ရောက်သွားပြန်ပြီ"

တောင်ထိပ်မှကြည့်နေရသဖြင့် တောင်ကြီးမြို့၏ အပေါ်စီး မြင်ကွင်းရော၊ ဟိုးရှေ့နောက်ဘက် မြင်ကွင်းရော အနီးအဝေးရှိ တောင်များ၊ ချိုင့်များ အားလုံးကို စီးမြင်နေရသည်။

"ဟိုကဟာ ကျီးဖြူကန်လေ"

တောင်ကြီးအတက်တုန်းက အနီးကပ်မြင်ရသော ကျီးဖြူ ကန်သည် အဝေးတွင် မှုန်ပျပျ ခပ်ငယ်ငယ် မြင်နေရ၏။

"ဒီဘက်က ရေဖွေးဖွေးလေးက အင်းလေးကန်အစပ်"

ကျွန်တော် တအံ့တသြနှင့် ခေါင်းညိတ်သည်။ ကျွန်တော့် စိတ်ထဲ အမည်တစ်ခုကို အမှတ်ရသဖြင့် . . .

"မုံတဝဂူကရော ဘယ်နားမှာလဲ မမ"

မမက တစ်နေရာဘက် လက်ညွှန်၍ . . .

"မြင်တော့မမြင်ရဘူး၊ ဝါးပြားရွာဘက်က သွားရတယ်၊ နည်းလှမ်းတယ်မောင်၊ နောက်မှ အေးအေးဆေးဆေး သွားတာပေါ့"



နောက်မှဆိုသော စကားကြောင့် ကျွန်တော် ရယ်လိုက်ပြီး . . .

"မောင် ဘယ်တော့ ရန်ကုန်ပြန်ရမလဲ မမ"

မမမျက်နှာ မသိမသာ ညှိုးသွားသည်ဟု စိတ်ထဲ ထင်လိုက် သည်။ မမ၏လေသံ တိုးသွားသည်။

"မောင် ပြန်ချင်နေပြီလား"

ကျွန်တော်က လွယ်ထားသော ကင်မရာဖြင့် မမကို တောင် အောက် ရှုခင်းများ နောက်ခံထား၍ ဓာတ်ပုံရိုက်လိုက်ပြီး . . .

"မောင်ကတော့ ဘယ်ပြန်ချင်မလဲ မမရယ်၊ တစ်သက်လုံး တစ်ခါတည်း နေသွားချင်တာပေါ့၊ အဲလိုပြောရင် မမက မနက်ကလိုပဲ ခုပဲတွေ့၊ ခုပဲကြိုက်ရသေးတယ် ဒီလောက် အဖြစ်သည်းရသလား ပြောဦးမှာ . . ."

မမ ကျွန်တော့်ကို ဝိုင်းလဲ့သော မျက်လုံးရွဲများဖြင့် ကြည့် သည်။ ကျွန်တော့်ကို စာနာနားလည်သော အကြည့်ဖြစ်မည် ထင်၏။

"မောင့်ကို မမနားလည်ပါတယ် မောင်ရယ်၊ အမှန် ဝန်ခံရ ရင် မမလည်း မောင့်လိုပါပဲ၊ ဒါပေမဲ့ မမအတွက် ဘာမှ တွေးစရာ မလိုပေမယ့် မောင့်အတွက်ကျတော့ အချိန်က သိပ်စောလွန်းနေ တယ်"

ကျွန်တော် ကျောင်းသားဘဝဖြင့် ပညာဆုံးခန်း မတိုင်သေး သောအဖြစ်ကို ရည်ညွှန်းပြောလိုက်သည် ထင်မိသည်။

"မမကလည်း . . . လက်ထပ်ပြီး ကျောင်းဆက်တက်လည်း ရပါတယ်၊ ဒီလိုပဲ ကျောင်းတက်နေတဲ့လူတွေ တက္ကသိုလ်မှာ တစ်ပုံကြီး

. . . ”

မမက ခေါင်းခါသည်။

“မမပြောတာက မောင်ပြောသလိုလုပ်လို့ မရဘူးလို့ ပြောတာမှ မဟုတ်တာ၊ စာလွန်းတယ်ပဲ ပြောတာပါ၊ မောင်ပြောတဲ့ပုံစံက မမရည်မှန်းထားတဲ့အိမ်ထောင်ပုံစံနဲ့ တခြားစီ ဖြစ်နေတယ် မောင်”

“မမက ဘယ်လိုတွေးထားလို့လဲ”

မမသည် ကျွန်တော့်မျက်နှာကို အကဲခတ်သလို ကြည့်၏။

“မမ တွေးထားတယ်ဆိုတာထက် မမယုံကြည်တယ်ဆိုတာက ပိုမှန်မယ် မောင်၊ မမယုံတဲ့အိမ်ထောင်ရေးမှာ ဘယ်မိဘကိုမှ မမှီခိုချင်ဘူး၊ ကိုယ့်ဘာသာကိုယ် လွတ်လွတ်လပ်လပ် ဖန်တီးတည်ဆောက်သွားတဲ့ အိမ်ထောင်စုလေးဟာ ကိုယ့်ခြေထောက်ပေါ်ပဲ ကိုယ်ရပ်ချင်တယ်”

ကျွန်တော်ကပြုံး၍ ခေါင်းညိတ်ပြီး မမစကားကို ကျေနပ်ထောက်ခံကြောင်း ပြသည်။

“မမပြောတာ မောင်သဘောပေါက်ပါတယ်၊ ခုအတိုင်းဆို မမနဲ့နီးဖို့ မောင် အမြန်ဆုံး ကြိုးစားရတော့မှာပေါ့”

“ဟုတ်တယ်မောင်၊ မမပြောချင်တာ ဒါပဲ၊ ဘဝ တိုးတက်သာယာရေးကို ကြိုးစားရမယ်၊ အဲဒီမှာ အချစ်ဟာ အားဆေးဖြစ်ရမယ်၊ အချစ်ကြောင့် ဘဝတိုးတက်သာယာရေးတို့၊ ပညာရေးတို့ ကစဉ့်ကလျား ဖြစ်သွားတာမျိုး မမ မကြိုက်ဘူး၊ အချစ်ကြောင့် ပိုကောင်းလာတာပဲ ဖြစ်ရမယ်”

“ဒါ လက်ရှိ မောင့်အနေအထားပေါ့”

မမက ကျွန်တော့်စကားကို ကျေကျေနပ်နပ်ပြုံး၍ ခေါင်း



ညိတ်သည်။

ကျွန်တော့်စိတ်ထဲ မီးရှူးလေးများ ချက်ချင်းသွားလွှတ်ချင်စိတ် ပေါ်လာ၏။

“မောင် ဘာတွေ တွေးနေတာလဲ”

မမအသံကြားမှ ကျွန်တော့်အတွေးစ ပြတ်သည်။ ကျွန်တော် မမကို စူးစူးစေ့စေ့ကြည့်သည်။ အစိမ်းရောင် ပလတ်စတစ်အခင်းပေါ်တွင် ကြည်ပြာရောင် ဝတ်စုံလေးဖြင့် ကျုံ့ကျုံ့ယုံ့ယုံ့လေး ထိုင်နေသော မမသည် ကမ္ဘာပေါ်မှာ အလှဆုံးဖြစ်မည်ထင်၏။

“မမပြောတဲ့စကားလေးတွေ သတိရလို့ပါ”

“ဘာလဲ . . . မောင်က မမပြောတာတွေ မကျေနပ်လို့လား”

“မကျေနပ်စရာ မရှိပါဘူး မမရယ်၊ မမပြောတာတွေထဲမှာ ကောင်းတာ တစ်ခုမှမှ မပါဘဲ၊ ဒါပေမဲ့ . . . ”

“အင်း . . . ထင်တော့ထင်တယ်၊ ဒီ ဒါပေမဲ့က လာမှလာပါ့ လားလို့”

မမ ပြောရင်းရယ်သည်။ ကျွန်တော်က ပြောရမည့်စကား ပါသွားမည်စိုးသဖြင့် ပြုံးရုံမျှပြုံးကာ . . .

“ဒါပေမဲ့ ကောင်းတာမှန်သမျှ ဘယ်တော့မှ လွယ်လွယ်နဲ့ ရဘူးဆိုတဲ့စကားကို ကြားဖူးတယ်မမ၊ မမပြောတဲ့အချိန်ရောက်တဲ့ထိ ပြဿနာမှမရှိဘဲ အဆင်ချောချော သွားနိုင်ပါ့မလားဆိုတာ စဉ်းစား

နေတာ”

မမမျက်နှာလေး ရုတ်ခြည်းတည်ငြိမ်သည်။ စောစောက ရွှတ်နောက်နောက်အမူအရာလေးများ မရှိတော့၊ ပင့်သက်ရှိုက်သံသဲ့သဲ့ကြားသည်။

“ပြဿနာဆိုတာကတော့ ဘယ်ပြောလို့ရမလဲ မောင်ရယ်၊ ပြောလို့မရတာမို့လဲ၊ ပြောလို့မရတဲ့ကိစ္စကို ထည့်စဉ်းစားလို့ မဖြစ်ဘူးပေါ့၊ ကိုယ်လုပ်သင့်တာတော့ လုပ်သွားရမှာပဲလေ”

“လုပ်သင့်တာချည်း ဦးစားပေးလုပ်ရင် လုပ်ချင်တာလေးတွေ နှောင့်နှေးတတ်တယ်နော်”

မမက ကျွန်တော့်အရွှတ်စကားကို အလေးအနက် နားထောင်သည်။ ခေါင်းကို ဖြည်းညင်းစွာ ညိတ်၍ . . .

“ဟုတ်တယ်မောင်၊ လုပ်သင့်တာနဲ့ယှဉ်ရင် လုပ်ချင်တာလေးတွေ နောက်ကျန်နေတတ်တာပဲ၊ ဒါပေမဲ့ လုပ်ချင်တာနဲ့ လုပ်သင့်တာယှဉ်လာရင် လုပ်သင့်တာ ဦးစားပေးရမှာပဲ”

ဒီစကားကို ကျွန်တော်မကြိုက်၊ ဒီစကားသည် တစ်ချိန်တစ်ခါတွင် ကျွန်တော့်အတွက် ရင်ကျိုးစရာ ဖြစ်ကောင်းဖြစ်လာနိုင်သည်ဟု သဘောရ၍ စကားလမ်းပြောင်းပစ်ရန် ကြိုးစားသည်။

“ကဲပါ မမရယ် . . . ဒါတွေမပြောကြပါနဲ့တော့၊ လောကမှာ ဖြစ်မယ့်ကိစ္စဟာ ဖြစ်ကိုဖြစ်မှာပဲ၊ မဖြစ်မယ့်ဟာက ဖြစ်ကိုဖြစ်လာမှာ မဟုတ်ဘူး၊ အရေးကြီးတာက ခုအချိန်လေးမှာ စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်နေဖို့က အရေးကြီးပါတယ်”

“ဟော . . . ဟိုမှာမောင်”

မမအကြည့်သည် ချုံကွယ်ကလေး၏နံဘေးသို့ ဖျတ်ခနဲရောက်သည်။ မျက်လုံးလေး ကြည်ခနဲဖြစ်၍ လှမ်းပြသည်။



ကျွန်တော်လှည့်ကြည့်လိုက်ရာ ငုံးကလေးတစ်ကောင်။

“လိုက်ဖမ်းမလား မမ”

“ဟုတ်တယ်မောင်၊ လာ . . . လိုက်ဖမ်းရအောင်၊ ငုံးက ဝေးဝေးပြေးနိုင်တာ မဟုတ်ဘူး၊ အရှင်ဖမ်းမယ်နော်”

ကျွန်တော် ခေါင်းညိတ်ပြသည်။ နှစ်ယောက်သား ထိုင်ရာမှ အသံမကြားအောင် ထလိုက်ကြ၏။ ငုံးလေးက ချုံစပ်နားတွင် ယောင်ပေယောင်ပေ လုပ်နေ၏။

မမက ချုံစပ်မှကပ်၍ လျှောက်လာပြီး ကျွန်တော်က ခပ်လှမ်းလှမ်းမှဝှေ့၍ အခြားတစ်ဘက်ရောက်အောင် သွားသည်။

ငုံးကလေးသည် ကျွန်တော်တို့နှစ်ယောက်အလယ် ရောက်လာ၏။

ကျွန်တော်နှင့်မမ လှမ်းကြည့်၍ ပြုံးသည်။ ပြိုင်တူခုန်အုပ်ဖမ်းရန် လက်ဟန်ခြေဟန်ဖြင့် ပြသည်။ မမက ခေါင်းညိတ်၏။

တဖြည်းဖြည်း ငုံးလေးနားသို့ ကပ်လာသည်။

“ဖမ်း . . . မမ”

ကျွန်တော်က လှမ်းအော်ပြီး ငုံးလေးကို ခုန်အုပ်လိုက်သည်။ မမကလည်း ဖျတ်ခနဲငုံ့ဖမ်း၏။

“အာ”

“အမလေး နာလိုက်တာ”

ငုံးကလေးသည် ဆတ်ခနဲ ခုန်ရှောင်ထွက်၍ ကြော့ကြော့ကြော့ကြော့နှင့် ကိုယ်ဟန်ပြ ထွက်သွားသည်။

မမနှင့် ကျွန်တော်သာ နဖူးချင်းတိုက်မိ၍ ကိုယ့်နဖူးကိုယ်

ပွတ်၍ ရယ်လိုက်ကြ၏။

နာရီလေးများ အားလုံးသည် ဒီလိုသာ နာနာလေးနှင့် ရှိနေကြရရင် ဘယ်လောက်များ ကောင်းမလဲလေ။

## (၂၆)

"လာ . . . လာ ထပ်ဖမ်းရအောင်"

မမသည် ကမန်းကတန်း ထရပ်၍ ငုံးကလေးဆီ ညွှန်ပြသည်။ ငုံးလေးက ဆတ်တောက်ဆတ်တောက်နှင့် ဟိုလျှောက်ဒီလျှောက် လုပ်နေပြန်သည်။

"နေနေ . . . ကျွန်တော် ဟိုဘက်က ခြောက်ပေးမယ်၊ မမ ဆီးဖမ်းထား"

ကျွန်တော် ငုံးလေးကို ဝေ့ဝိုက်၍ ပြေးသည်။ ကျွန်တော့် အရိပ်ကို မြင်သွားလားမသိ။ ငုံးလေးက ဖျတ်ခနဲ ထွက်ပြေးသည်။

"ပြေးပြီမောင်ရေ . . . လိုက်လိုက်"

မမက ကလေးလေးလို အော်၍ ငုံးနောက်မှ ပြေးလိုက်သည်။ ငုံးလေးက တောင်ပံလေး ခတ်တတ်တတ်ဖြင့် ခုန်ဆွ ခုန်ဆွ လုပ်ပြေးသည်။

ကျွန်တော် ရှေ့မှ ပန်းလိုက်သည်။

ငုံးလေးကွေ့ပြီး ခုန်ပြေးပြန်၏။

မမဆတ်ခနဲ လက်ဖြင့် အုပ်ဖမ်းသည်။ ငုံးက သူ့ထက် လျင်သွားပြန်၏။

ကျွန်တော် ခပ်ကြမ်းကြမ်းပြေး၍ လက်ဝါးဖြင့် အုပ်လိုက်သည်။ ငုံးလေးက အရှိန်တန့်၍ ဝိုက်ပြေးလိုက်သဖြင့် လွဲသွားပြန်၏။

ကြာတော့ ကျွန်တော်တို့ မောလာကြသည်။ ဒီနားတွင် လှည့်ပတ်ပြေးနေသော ငုံးကို အသေဖမ်းလျှင် ရကောင်းရနိုင်မည် ဖြစ်သော်လည်း အရှင်ရအောင် ခပ်ဖွဖွ ဖမ်းရသည်မှာ မလွယ်။

ပြေးရင်းလွှားရင်းနှင့် ငုံးကလေးသည် ချုံထဲ တိုးဝင်သွား၏။

"မောင် . . . ဟိုဘက် ခြောက်၊ မမ ဒီက စောင့်နေမယ်"

ကျွန်တော် တဟော့ဟော့လုပ်၍ လက်ခုပ်တီးသည်။ ငနဲလေးက လှုပ်ပင်မလှုပ်။ အနားရှိ ခဲလေးတစ်လုံးဖြင့် ချုံထဲ ပစ်သွင်းသည်။ ထွက်မလာ။

"ဟေး"

ချုံဖုတ်က အကိုင်းတစ်ခုကို ကိုင်၍ တအားထအော်ပြီး ချုံကို လှုပ်သည်။

"ထွက်ပလား မမ"

"မထွက်သေးဘူး မောင် . . . နည်းနည်းလှုပ်ဦး"

ကျွန်တော် အကိုင်းနှစ်ဘက်ကို ကိုင်၍ အားရပါးရ လှုပ်၏။

"ဟော့ကောင် . . . ထွက်ဟ . . . ထွက်"

မမက ရယ်သည်။ ကျွန်တော့်ကို လက်ရပ်၍တားရင်း . . .

"ကဲ . . . တော်ပါတော့၊ ငုံးမထွက်ဘဲနဲ့ မောင် လိပ်ခေါင်းထွက်နေလိမ့်မယ်၊ သူ့အစား မောလိုက်တာ၊ လာတော့ . . . ဟိုမှာပဲ ပြန်ထိုင်မယ်၊ စောစောတည်းက မောင့် ပြောထားသားပဲ၊ မရမယ့်ဟာက ရကိုရမှာ မဟုတ်ပါဘူး"



"ဘယ်ရမလဲ၊ မမက အရှင်ဖမ်းဆိုတာကိုး"

"မောင်ကလည်း အရှင်ပဲ ဖမ်းရမှာပေါ့၊ ဘယ့်နှယ် ကိုယ်ပျော်ဖို့အတွက် အသက်တစ်ချောင်း မလုပ်ကောင်းပါဘူး၊ မရလည်း ဘာဖြစ်လဲ၊ ခု မောင်ရော မမရော ဘယ်လောက်ပျော်လဲ"

"ပျော်တယ် . . . ဟုတ်လား"

"အင်းပေါ့"

"မောင်လည်းပျော်တယ် . . . ဟိ . . . တိပ်ကျော်တာပဲ"

အမှတ်တမဲ့နှင့် တအားပျော်သလို အမူအရာလုပ်ပြီး မမကို သိမ်းကျုံးဖက်ထားလိုက်သည်။ မမမျက်လုံး ပိုင်းခနဲ ဖြစ်သွားပြီး ကျွန်တော့်ကို ပြုံးပြုံးပျာပျာ ကြည့်၏။

"အိုး . . . ပျော်တာနဲ့ ဘာလုပ်တာလဲ၊ လွှတ်စမ်းပါ၊ ကလေးလေး ကျနေတာပဲ"

"မလွှတ်ပါဘူး . . . ကလေးပဲဟာ၊ သိပ်ပျော်ရင် ဒီလိုပဲ"

မမကိုယ်လေးသည် ကျွန်တော့်ရင်ခွင်ထဲတွင် ထွေးထွေးနွေးနွေး ရောက်နေ၏။ ကျွန်တော် မမကို သိုင်းဖက်၍ စွေ့ခနဲ ပွေ့လိုက်ပြီး . . .

"ဟေး . . . ပျော်တယ်ဟေ့"

"အိုး . . . ဘယ်လိုလုပ်တာလဲ မောင်ရဲ့၊ အမလေး လွတ်ကျပါ့မယ်"

မမက ကြောက်အား လန့်အားနှင့် ကျွန်တော့်ကို နင်းကန်ဖက်ထား၏။ ကျွန်တော်က ပွေ့လျက်သားကြီးနှင့် ထိုနားတွင် နှစ်ပတ်

သုံးပတ် လျှောက်ပြေးပြီး မောလာမှ စောစောက ပလတ်စတစ် အခင်း ဆီ ပြေး၍ မမကို ကလေးသိပ်သလို အခင်းပေါ် ချလိုက်သည်။

မမက အခင်းပေါ်မှ ပက်လက်ကလေးဖြင့် ကျွန်တော့်ကို လှမ်းထုရင်း . . .

"ကဲ . . . ကဲ မှတ်ထား၊ ဘာမှန်းလဲ မသိဘူး၊ ဘေးက ကြည့်ရင် အရူးတွေ မှတ်နေမှာပဲ"

"အရူးပဲဟာ . . . မမရဲ့ မောင်က အချစ်ရူး၊ မမကို သိပ်ချစ်လို့ ရူးနေတာ၊ မမ မသိဘူးလား"

ပြောရင်းနှင့် မမနံဘေးတွင် မှောက်ခုံလေး ဝင်လှဲရင်း မမ မျက်နှာကို မိုးကြည့်သည်။

မမမျက်နှာ ပန်းရောင်သွေး၍ ကျွန်တော့်ကို ရဲရဲမကြည့်ဘဲ . . .

"ဟော့ . . . အဲလိုကြီး မကြည့်နဲ့ကွာ၊ မမ ရှက်တယ်"

"မမက သိပ်လှတာပဲ"

"သွား . . . ဟုတ်လည်း မဟုတ်ပဲနဲ့"

"ဟုတ်တယ် မမရဲ့၊ ဟောဒီမျက်လုံးလေးလည်း လှတယ်၊ ဟောဒီမျက်ခုံးလေးလည်း လှတယ်၊ ဟောဒီနှာခေါင်းလေးလည်း လှတယ်၊ ဟောဒီနှုတ်ခမ်းလေးလည်း လှတယ်၊ ပြီးတော့ ဟောဒီ ပါးကလေးလည်း . . ."

မမ မျက်လုံးမှိတ်၍ ကျွန်တော့်စကားများကို နားမထောင် ဟန် ပြုနေသဖြင့် ကျွန်တော် အကွက်ကောင်း ရသွားသည်။ ပါး ကလေးဆိုသောနေရာတွင် ရှေ့ကလို လက်နှင့်ထောက်မပြတော့၊ ကျွန်တော့်မျက်နှာ တိုးကပ်သွားသည်။ စကားဆက်ပြော၍ မရတော့။

"အိုး . . . မောင်ကလည်း"



မမ အသံလေးသည် တုန်ရင်နေသည်။ အလန့်တကြားနှင့် မျက်လုံးလေးပွင့်လာပြီး တစ်စုံတစ်ခုပြောရန် ပါးစပ်လေး လှုပ်ရှား လိုက်သည်။

မမ၏နှုတ်ခမ်းလေးများသည် နီထွေးစိုပြည်၍ လဲ့လဲ့ကြည် ကြည်ရှိသည်။

မမစကားပြောရန် အခွင့်အရေး ကျွန်တော် မပေးတော့။

မမ၏လက်ဖျားကလေးများ ကျွန်တော့်လည်ကို ရစ်သိုင်း ထားသည်။ တိုးညင်သော အသံလေးတစ်ခု ကြားရသည်။

လမ်းမဘက်မှ ကားတစ်စီးမောင်းလာသံ ကြားရသည်။

သို့သော် ကျွန်တော်တို့နှင့် မဆိုင်တော့။

ကျွန်တော်တို့ရှိသော နေရာသည် ပင်လယ်ရေပြင်မှ အမြင့် ပေ ၄၄၄၄ ရှိသော ပွေးလှမြို့ကလေးအနီးတွင် မဟုတ်တော့ . . .။

ပင်လယ်ရေပြင်မှ အမြင့်ပေ အသင်္ချေမျှ ဝေးကွာသော အချစ်ဆိုသော လှပသည့် တောင်ပေါ်မြို့ကလေး တစ်မြို့တွင် . . .။

ကားတစ်စီး ဘရိတ်အုပ်သံနှင့် လမ်းမပေါ် ဘီးပွတ်ဆွဲသံ ကြားသည်။

ကျွန်တော့်ခေါင်းထဲ ဖျတ်ခနဲ သတိဝင်၏။

ကားတံခါးပိတ်သံ ခပ်ကျယ်ကျယ် ကြားရသည်။

ကျွန်တော့် ဆတ်ခနဲ ခေါင်းထောင်သည်။

"ဘယ်ကကားလဲ မသိဘူးမောင်"

မမ၏အသံတွင် မောဟိုက်သံ ပါနေသော်လည်း မမ၏ မျက်နှာတွင် စိုးရိမ်စိတ်လေးကို အထင်းသားမြင်ရ၏။

"နေဦး မမ . . . ကျွန်တော် ကြည့်လိုက်ဦးမယ်"

ကျွန်တော် ကပျာကယာထ၍ သစ်ရိပ်အကွက်မှ လမ်းမပေါ်သို့ လှမ်းကြည့်လိုက်သည်။

ကျွန်တော့်တစ်ကိုယ်လုံး တောင့်တင်းသွားကာ ခေါင်းထဲတွင်လည်း အန္တရာယ်၏သတိပေးသံများ ကျယ်လောင်သွားသည်။

"ဘာကားလဲမောင် . . . "

မမက လှမ်းမေးသည်။ ကျွန်တော် လက်ကာပြ၍ တားလိုက်၏။ မမအသံ မထွက်တော့။

လမ်းမပေါ်တွင်ကား . . ကိုရိုလာ မြင်းချေးရောင်ကားလေး။

ကားနှင့် ခပ်လှမ်းလှမ်းရောက်နေသော ကိုစောဦးကို တင်းမာခက်ထန်သော မျက်နှာနှင့် မြင်လိုက်ရ၏။

သူကလည်း ကျွန်တော့်ကို မြင်သွားသည်။

ရုတ်တရက် ကျွန်တော် ဘာလုပ်ရမှန်း မသိတော့ . . . ။

အခြေအနေသည် လုံးဝမကောင်းဆိုခြင်းသာ သတိပြုမိလိုက်သည်။

သူ့လက်ထဲတွင် အနက်ရောင် ဒန်ရောင်စပ်နေသော သေမင်းကိုယ်စားလှယ် သေနတ်တလက်နှင့်ပါလား . . ။

(၂၅)

"မမ ထ . . . ထ မြန်မြန်လုပ်"

ကျွန်တော် ကပျာကယာ မမကို ပခုံးမှဆွဲထူ၍ တစ်ဖက်သို့ သွားရန် ပြင်သည်။

"ဟေ့ . . . ဘယ်မှမသွားနဲ့၊ အဲဒီမှာပဲနေ . . . "

အဆောတလျင်ပြေးလာပြီး သေနတ်ဖြင့်ချိန်၍ ပြောလိုက်သော ကိုစောဦး၏ အသံမာမာ ကြားရသည်။ မမ လှမ်းကြည့်၍ အလန့်တကြား ကျွန်တော့်ကို ဖက်ထား၏။

"စိတ်ရှိလက်ရှိကို ပျော်နေကြတယ်ထင်တယ်၊ ဟုတ်လား"

ကိုစောဦး၏အသံက ဝန်တိုရိပ်ဖြင့် မာကျောခက်ထန်နေသလို သူ့မျက်လုံးများကလည်း မီးဝင်းဝင်းတောက်နေ၏။

ကျွန်တော် သူ့ကို စေ့စေ့ကြည့်၍ အံကြိတ်ကာ . . .

"ဒါ ဘာလုပ်တာလဲ ကိုစောဦး"

သူက ခပ်မဲ့မဲ့ တစ်ချက်ပြုံးသည်။

"ခုထိ ဘာလုပ်မှန်းမသိသေးဘူးလား ရန်နိုင်ဒွေး၊ မင်းတို့ကို သေနတ်နဲ့ ချိန်ထားတယ်လေ၊ မင်းနဲ့ငါ အကြွေးဆပ်ဖို့ ရှိနေတာ မေ့သွားပလား ရန်နိုင်ဒွေး၊ မင်းတို့ ပြန်လာပလား၊ ပြန်လာပလားနဲ့ တမျှော်မျှော် စောင့်လိုက်ရတာကွာ၊ မလာနိုင်လို့လိုက်လာတော့ မင်းတို့က ဒီမှာ လောကကြီးကို မေ့နေကြတာကိုး"

"ဒါ ခင်ဗျားနဲ့ မဆိုင်ပါဘူး ကိုစောဦး၊ ခု ခင်ဗျား ဘာလုပ်ချင်လို့လဲ၊ မနက်ကကိစ္စ မကျေနပ်လို့ ကျွန်တော့်ကို ရန်လုပ်မလို့လား၊ ဒါဆိုရပါတယ်၊ မမကို အနှောင့်အယှက်မပေးနဲ့၊ မမ ကားပေါ်သွားတော့"

"အိုး . . . မသွားပါဘူး၊ ဘာလို့သွားရမှာလဲ၊ ကိုစောဦး ရှင် ဒီလို မရမ်းနဲ့၊ ဒီလိုလုပ်တာ အေးမမ မကြိုက်ဘူး"

"ဟား . . ဟား . . ဟား . . ဟား"

ကိုစောဦးက အသံနက်ကြီးဖြင့် ဟားတိုက်ရယ်သည်။

ကျွန်တော်တို့ကိုလည်း စူးစူးဝါးဝါး ကြည့်ရင်း . . .

"ဒီလိုလုပ်တာ အေးမမ မကြိုက်ဘူးတဲ့၊ တစ်ယောက်ကလည်း မမကို အနှောင့်အယှက် မပေးနဲ့တဲ့၊ ကြိုက်ကွာ၊ မင်းတို့က ငါ့ကို ဘယ်လိုအောက်မေ့လို့လဲ၊ စောဦးကွ၊ တစ်ဂူတည်းမှာ ခြင်္သေ့နှစ်ကောင် မအောင်းဘူး၊ ဖုတ်ပြီးတဲ့ငါးပိ ရှိတယ်လည်း မထင်ဘူး"

ကျွန်တော် သူ့အမူအရာကို အကဲခတ်သည်။ စိုးရိမ်စိတ်လည်း ဝင်လာသည်။ မမပြောသလို လူစားမျိုးဆိုသည်ကို သံသယဖြစ်စရာမလိုတော့။ မမ စိုးရိမ်စွာ သတိပေးစဉ်က ခပ်ပေါ့ပေါ့သဘောထားလိုက်မိခြင်းအတွက် ကိုယ့်ကိုယ်ကိုယ် မကျေမနပ်ဖြစ်မိသည်။



ခုနေ ကိုချောပြန်ရောက်ရင် ကောင်းမည်ဟု စဉ်းစားသည်။ ကိုစောဦးမှာ အဖော်ပါမလာ။

"ကိုစောဦး . . . ခင်ဗျားမကျေနပ်ရင် ကျွန်တော်နဲ့ရှင်းမယ်၊ မမ ဒီအထဲ မပါစေနဲ့"

"ဟေ့ကောင် . . . တော်စမ်း၊ ဘာမှမပြောနဲ့၊ မင်းတို့အသံ ကြားရတာ နားခါးတယ်၊ အေးမမ လာခဲ့"

သေနတ်ဖြင့် ယပ်၍ ခေါ်သည်။ မမမျက်နှာ တင်းမာ ခက် ...ဏ်သွား၏။

"မလာဘူး၊ ရှင် ဒီလောက် မကျေမနပ်ဖြစ်နေရင် ပစ်လိုက်"

"စကားမရှည်နဲ့ အေးမမ၊ လာဆိုလာခဲ့"

"မလာဘူး၊ ရှင့်ဆီကို တစ်သက်မဟုတ်ဘူး ဆယ်သက်မလာ ...ဘူး"

"အေး . . . ဒါဖြင့်လည်း ပြီးရော၊ မလာရင်နေ၊ အဲဒီမှာပဲ ...စ်ယောက်လုံး သေကြ"

သူ့စကားနဲ့ သူ့အမူအရာအရ တကယ်လုပ်မည့်ပုံဟု သိသာ ...ည်။ ကျွန်တော့်အတွက် အရေးမဟုတ်၊ မမလွတ်အောင် မည်သို့ ...ပ်ရမည်ကို ခေါင်းထဲတွင် အပြေးအလွှား စဉ်းစားသည်။

မမဘက်အနီးတွင် သစ်ပင်ကိုမြင်၏။ ပင်စည်ကွယ်လျှင် ...တ်နိုင်မလား စဉ်းစားသည်။

"ကိုစောဦး . . . ခင်ဗျားကို ကျွန်တော် တစ်ခုမေတ္တာရပ်ခံ ...င်တယ်ဗျ၊ ခင်ဗျား ကျွန်တော့်ကို သတ်ရင်သတ်ပါ၊ မမကို ရန်မမူပါ ...

ကိုစောဦး ကျွန်တော့်ကို ဖျတ်ခနဲ ကြည့်သည်။

ဒီအကြည့်လေးကို အခွင့်ကောင်းယူ၍ ကျွန်တော့်ကို ဖက်ထားသော မမကို ရုတ်တရက်ပင့်ချီရင်း သစ်ပင်ကွယ်ဘက် လှမ်းခုန်လိုက်သည်။

"ဒိုင်း"

ကျွန်တော့်လက်မောင်း ပူခနဲဖြစ်သွား၍ ကျွန်တော်နှင့်မမတို့ နှစ်ယောက်စလုံး သစ်ပင်နောက်သို့ လုံးထွေးကျသွားသည်။

"အား"

မမ၏အလန့်တကြား အော်ဟစ်သံ ပေါ်လာ၏။

"အာ . . . မင်းတို့က ဒီလိုလား၊ ရပါတယ်ကွာ၊ မသေခင် လုပ်ချင်တာလုပ်ကြ၊ မင်းတို့ ငါ့လက်က မလွတ်ပါဘူး"

ကိုစောဦး ကျွန်တော်တို့ဆီ လျှောက်လာသည်။

ကျွန်တော် ကပျာကယာ လူးလဲထ၍ မမကိုထူပြီး ပင်စည်နောက် ကပ်သည်။

"မမ . . . ဒီနားမှာပဲနေ"

ကျွန်တော် ဖျတ်ခနဲ အပြင်ထွက်ရပ်၍ . . .

"ကိုစောဦး . . . လာဗျာ၊ ခင်ဗျားနဲ့ကျွန်တော် ယောကျ်ားပီပီ ရှင်းရအောင်"

ကျွန်တော့်လက်မောင်းမှ ဆစ်ခနဲ နာလာသည်။ ကျွန်တော့် ဘယ်လက်ဖြင့် အုပ်ကိုင်ထားလိုက်၏။

"မောင် . . . မသွားနဲ့၊ လာခဲ့"

မမ သစ်ပင်ကွယ်မှထ၍ ကျွန်တော့်ကို လှမ်းဆွဲသည်။ နှစ်ယောက်သား လဲသွား၏။

ကိုစောဦးကမူ နောက်ထပ်တစ်ချက် ရမ်းမပစ်တော့ဘဲ



အပိုင်ပစ်ရန် စဉ်းစားသည် ထင်သည်။

ကျွန်တော်တို့ဆီ ထပ်လျှောက်လာ၏။

ကျွန်တော့်ခေါင်းထဲ ဆုံးဖြတ်ချက်တစ်ခု ခိုင်ခိုင်ချလိုက်သည်။

အခြေအနေက မထူးတော့။

လဲသွားရာမှ ဒူးထောက်ထိုင်ချပြီး မမကိုပွေ့ထူသည်။ လက်မောင်းမှဒဏ်ရာကို ဂရုမပြုအားတော့။

မမ ကျွန်တော့်လက်ထဲ ပါလာသည်နှင့် မမအား သစ်ပင်အကွယ်သို့ ဆောင့်တွန်းလိုက်ပြီး ဆတ်ခနဲ ထရပ်သည်။

ကိုစောဦး ကြောင်ကြည့်နေစဉ်တွင် သူ့ဆီ တအားပြေးသွားသည်။

"မောင် . . . မသွားနဲ့"

နောက်ဘက်မှ အသံကုန်အော်လိုက်သော မမအသံ ကြားလိုက်ရသည်။

ကိုစောဦးလက် လှုပ်ရှားသွားသည်။

"ဒိုင်း"

ကျွန်တော့်ဝမ်းဗိုက်တွင် ပြင်းထန်သော အရှိန်တစ်ခု ဝင်ဆောင့်သည်။ ခေါင်းထဲ မိုက်ခနဲ ဖြစ်သွား၏။

"အား"

ကျောနှင့်မြေကြီးနှင့် အထိတွင် မမအော်သံကို ကြားရသည်။ ကျွန်တော် လူးလဲထရန် ကြိုးစား၏။ ဝမ်းဗိုက်ဆီမှ နာကျင်မှုကြောင့် အသက်ရှူကျပ်လာသည်။ ထ၍မရတော့။

ကိုစောဦးကို အားယူပြီး ကြည့်လိုက်သည်။

မမပြေးလာသည် ထင်၏။

မမဆီ ကိုစောဦး လှမ်းချိန်လိုက်သည်။

ပြောင်းခနဲ သေနတ်သံတစ်ချက် ကြားလိုက်ရ၏။

ကျွန်တော့်ကိုယ်ပေါ်သို့ မမကိုယ် ထပ်လျက်ကျလာသည်ကို နောက်ဆုံးသိလိုက်သည်။

ပြီးတော့ ကျွန်တော် ဘာမှမသိတော့။



(၂၈)

ခန္ဓာကိုယ်သည် လေထဲ၌ လွင့်မျောနေသည်ထင်၏။

အသက်၏ ခက်ခဲစွာရှူရခြင်းကို သတိပြုမိသည်။

မျက်လုံးထဲတွင် ဝင်းခနဲလက်သောအရောင်များ၊ နက်ပိန်းသော အမှောင်ထုများ တစ်လှည့်စီ မြင်နေသည်။

နားထဲတွင် တစီစီမြည်သောအသံများ ကြားနေ၏။ အဝေးဆီမှ ကြားရခြင်းမျိုး။

ဝမ်းဗိုက်ဆီမှ နာကျင်မှုက ဆောင့်တက်လာသည်။

တစ်ကိုယ်လုံး ကြိုးဖြင့် ခိုင်စွာတုပ်နှောင်ခံထားရသလို ဖြစ်နေ၏။ မည်သည့်အစိတ်အပိုင်းမျှ လှုပ်ရှား၍မရ။ အာခေါင်ထဲတွင် ခြောက်သွေ့လောင်မြိုက်လွန်းလှသည်။

ဘာဖြစ်နေသနည်း ကျွန်တော်မသိ။

ဘယ်ရောက်နေသနည်း ကျွန်တော်မသိ။

ကျွန်တော် သိသည်မှာ ကျွန်တော်လှုပ်၍မရ။ နာကျင်နေသည်။ မောသည်။ အသက်ရှူရခက်သည်။ ပြီးတော့ အမှောင်ထု။

ထပ်တလဲလဲ ကြုံတွေ့နေရသော အမှောင်ထု . . .

ခက်ခဲစွာ ကြိုးစားကြည့်သောအခါ မျက်လုံးများ ပွင့်သွားသည်ကို သတိပြုမိသည်။

အလင်းရောင်သည် စူးရဲပြင်းထန်စွာ ဝင်လာသည်။ မျက်လုံး ပြန်မှိတ်ထားလိုက်ရ၏။

"သတိရလား . . . သတိရပြီလား"

တိုးညင်းစွာ အသံကိုကြားရသည်။ လေသံလာရာအရပ်သည် ဝေးကွာလွန်းလှ၏။ ခေါင်းကိုညိတ်ကြည့်သည်။ ရသလား မရသလား ကျွန်တော် မဝေခွဲတတ်။

ပါးစပ်ထဲတွင် မီးကျီးခဲတစ်ခု ရောက်နေသလား အောက်မေ့သည်။ လည်ချောင်းတစ်လျှောက် မီးဟုန်းဟုန်းတောက်နေသည် ထင်၏။

ပါးစပ်ကို လှုပ်ကြည့်သည်။ အလွယ်တကူမရ။ နှုတ်ခမ်းနှစ်လွှာပေါ်တွင် ဘီလူးတစ်ကောင်စီ စီးနင်းထားသလား မဆိုနိုင်။ လေးလံသော ကျောက်ဖျာကြီးနှစ်ချပ်ကို မြင်နေ၏။ အားကုန်စိုက်၍ ပင့်ကြည့်သောအခါ သိသာရုံလှုပ်သည်။

အသံပြုကြည့်၏။ ကြားလိုက်ရသလို၊ မကြားလိုက်ရသလို၊



မသေချာ။

အတမ်းတ,ဆုံး အရာကို ပြောကြည့်သည်။

"ရေ . . . ရေ . . . " ဟု။

ရသလား မရသလား ကျွန်တော်မသိ။ ခဏအကြာတွင် နှုတ်ခမ်းများပေါ်တွင် အေးစက်သော အတွေ့တစ်ခုကို ရသည်။ ရေဟု ထင်၏။

တစ်ပေါက်တည်းသော ရေစက်တစ်စက်သည် နှုတ်ခမ်းမှ တစ်ဆင့် လျှာပေါ်ကျလာသည်။ လျှာပေါ်တွင် လိမ့်ဆင်းလာသော ရေစက်၏လမ်းကြောင်းသည် မှတ်မှတ်မိမိ ဖြစ်နေသည်။

ခံတွင်းမှမီးသည် အတန်အသင့် ငြိမ်သွားသလို ခံစားရ၏။ ပါးစပ်လှုပ်ရှား၍ရကြောင်း သတိပြုမိသည်။ ဒုတိယ အတမ်းတ,ဆုံး အရာတစ်ခုကို ရွတ်ဆိုကြည့်၏။

"မမ . . . မမ . . . " ဟု။

သို့သော်၊ ဤအရာကို ရမရ မသေချာ။

မည်သည့်တုံ့ပြန်မှုမှ မကြားရ။

ခဏကြာ ဝေးကွာသော အမှောင်သည် တစ်ဖန်ပြန်၍ ရောက်ရှိလာပြန်သည်။ လောကလည်း အတန်ငယ် ငြိမ်းအေးသွားပြန်၏။

မြင့်မတ်သော တောင်တက်လမ်းကို တွေ့၏။

တစ်ဖက်မှ မတ်စောက်သော ကမ်းပါးယံ၊ တစ်ဖက်မှ နက်ရှိုင်းသော ချောက်ကမ်းပါး၊ ပြီးတော့ အသူတစ်ရာချောက်။

ထင်းရှူးပင်များ လှုပ်ရှားနေသည်။ ဇောတိကလမ်း၏ ယှက်မိုးသော သစ်ရိပ်များ၊ ဂငယ်ပုံ တောင်ကြီးကောလိပ်၊ ပြီးတော့

နွေးထွေးသော နှုတ်ခမ်းအစုံ၊ ထို့နောက် ဆုတောင်းပြည့်စေတီ၊ မီးပွင့်၍ ရှူးဟုမြည်ကာ တက်သွားသော မီးရှူးလေးများ၊ ထိုနောက် ကျောက်ဆင်တောင်ဘုရား၊ ဗုတ်တလုတ်ကန်။

ထိုနောက် အင်းလေးရေပြင်မှ ပုံ့ချိတ်၊ ဖွားဖွားလွင့်စဉ်လာသော ရေစက်များ၊ ထိုနောက် ငုံးကလေး၊ ထိုနောက် မည်းနက်ပြောင်လက်သော သေနတ်ပြောင်းဝတစ်ခု။

ဖျတ်ခနဲ လန့်နိုးသည်ထင်၏။

"ဟော . . . သတိရလာပြီ"

ကြားဖူးသောအသံ၊ ရင်းနှီးဖူးသောအသံဟု သိသည်။

"ရန်နိုင် . . . ရန်နိုင်"

စောစောကအသံနှင့်မတူသော်လည်း ဒီအသံသည်လည်း ရင်းနှီး၏။ ကိုယ်လက်များ ပေါ့ပါးသလို ဖြစ်နေသည်။ ခေါင်းကိုလှည့်ကြည့်၏။ ဘယ်ညာရွေ့သည်၊ သိသည်။

မျက်လုံးဖွင့်ကြည့်၏။ စောစောပိုင်းကလောက် မခက်၊ သို့သော် စူးခနဲဝင်လာသော အလင်းကြောင့် ကပျာကယာ ပြန်မှိတ်သည်။

"သား . . . သား . . . "

မေမေ့အသံဟု ထင်လိုက်၏။

မမကို သတိရသည်။

"မမ . . . မမ" ဟု ခေါ်ကြည့်သည်။ အကြားအာရုံတွင် ပီပီပြင်ပြင် ပြန်ထင်၏။

ကျွန်တော့်လက်ကို တစ်စုံတစ်ယောက်က ဆုပ်ကိုင်လိုက်သည်။



မျက်လုံးကို ဖြည်းညင်းစွာ ဖွင့်ယူသည်။

အမြင်သည် လျှပ်တစ်ပြက်မျှ ဝါးနေ၏။

ထိုနောက် တဖြည်းဖြည်း ကြည်လင်လာ၏။

ဦးဆုံး မြင်လိုက်ရသော မျက်နှာမှာ မျက်လုံးလေး မှေး၍ စိုးရိမ်တကြီး ကြည့်နေသော မမမျက်နှာ . . . ။

ဟို . . . ပျော်သွားသည်။

မမ် ဘာမှမဖြစ်ပါတကား။

အမြင်အာရုံ ကျယ်ပြန့်လာ၏။

ဟင် . . . အံ့ဩစရာပါလား . . . ။

## (၂၉)

"မမ၊ ဖေဖေ၊ မေမေ၊ ကိုကို၊ အန်တီ၊ အန်ကယ် ဟင် . . . "

တစ်ဦးစီ၏အမည်များကို တအံ့တဩ လျှောက်ရေရွတ်ကြည့်နေမိသည်။ နောက်ဆုံးတစ်ယောက်တွင် အံ့ဩခြင်းကြောင့် ရုတ်တရက် အမည်ခေါ်၍မရ . . . ။

"ရန်နိုင် . . . သတိရပလား"

နောက်ဆုံးတစ်ယောက်က လှမ်းမေး၏။ ကျွန်တော် မမမျက်နှာကို ဖျတ်ခနဲ ကြည့်သည်။ မမမျက်နှာတွင် မည်သည့်ခံစားမှုမှ မထင်။

မေးသူကို ခေါင်းညိတ်ပြလိုက်၏။ နှုတ်မှလည်း ခပ်တိုးတိုး ရေရွတ်ပြောဆိုလိုက်သည်။

"နွယ်မွန်ပါလား"

"နေသာလား ရန်နိုင်၊ ဗိုက်က ဘယ်လိုနေသေးလဲ"



ဝင်မေးလိုက်သော ကိုကို့ဘက် ဖျတ်ခနဲ လှည့်ကြည့်သည်။ ကိုကို့မျက်နှာတွင် ကြင်နာသောအပြုံးကို မြင်၏။

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

"မသေကောင်းမပျောက်ကောင်း သားလေးရယ်"

မေမေ့ပါးပြင်ပေါ်တွင် မျက်ရည်တစ်စက် လိမ့်ဆင်းလာသည်ကို တွေ့ရ၏။

ကျွန်တော့်မှတ်ဉာဏ်တွင် အလုံးစုံကို ပြန်ထင်သည်။ လိမ္မော်ရောင် မီးပွင့်သွားသော ကိုစောဦး၏သေနတ်ပြောင်းဝ။ ထို့နောက် ကျွန်တော့်ဝမ်းဗိုက်မှ ပြင်းထန်သော နာကျင်မှုနှင့် အဟုန်။

ဒုတိယ သေနတ်သံ . . . ။

ပြီးတော့ ကျွန်တော့်ပေါ် ထပ်ကျလာသော မမ၏ကိုယ်။

"မမ ဘာမှမဖြစ်ဘူးနော်"

မမ ခေါင်းခါသည်။ မမ မျက်လုံးအိမ်တွင် မျက်ရည်များ ရစ်ဝိုင်းလာသည်။ ပါးပြင်ပေါ်သို့ မျက်ရည်ဥတစ်ခု လိမ့်ဆင်းလာ၏။

ကျွန်တော့်စိတ်ထဲတွင် ဒုတိယသေနတ်သံသည် ပဟေဠိ ဖြစ်သွား၏။ ဖြစ်ရပ်၏အဆုံးသတ်ကို ကျွန်တော် သိချင်လာသည်။

"ကိုစောဦးရော မမ"

မမပါးပြင်ပေါ်မှ လိမ့်ဆင်းလာသော မျက်ရည်စက်သည် ကျွန်တော့်လက်ခုံပေါ် ကျ၏။

မမက ပါးပေါ်မှ မျက်ရည်စကို သိမ်းသည်။

"ခဏလေးနော်"

နားထဲတွင် အသံစိမ်းတစ်ခုကို ကြားရ၏။ မမနှင့်ကိုကိုသည် ဘေးသို့ ရှဲပေးလိုက်သည်။

အကျီအဖြူ လုံချည်အနီနှင့် သူနာပြုဆရာမလေး။

"ဆေးတစ်လုံး ထိုးမယ်နော်"

ကျွန်တော် ခေါင်းညိတ်ပြလိုက်၏။

ဆရာမလေးက ကိုကို့ဘက် ငဲ့ကြည့်သည်။ ကိုကိုက ကျွန်တော့်လက်ဖျံပေါ်မှ အကျီစကို လက်မောင်းအထိ ပင့်တင်ပေးလိုက်၏။ ထိုနောက် လက်မောင်းမှ အသာဖိ၍ ညှစ်ပေးသည်။

"လက်သီးဆုပ်လိုက်"

ကျွန်တော့် တံကောက်ကွေးနေရာတွင် ဆရာမလေးက အရက်ပြန်ဆွတ် ဂွမ်းစဖြင့် အနည်းငယ်ပွတ်ပြီး အပ်စိုက်သွင်းသည်။ လက်ဖျံရင်းတွင် ဆစ်ခနဲ ဖြစ်သွား၏။ ဆရာမလေး၏ အသံကြားသည်။

"လူနာအခြေအနေ စိတ်ချရပါပြီ၊ ဒါပေမဲ့ စကားသိပ်မပြောကြပါနဲ့ဦး၊ သူ အားရှိအောင် အိပ်ပါစေ"

အသံသည် ဖျတ်ခနဲ ဝေးသွားသည်။

လောကနှင့် ဆက်သွယ်ရခြင်းကိစ္စသည် တစ်ခါပြန်၍ ပြတ်တောက်သွားပြန်၏။

"နောက်ဆုံး မင်းကြားလိုက်တဲ့ သေနတ်သံက ကိုစောဦးပစ်တဲ့အသံ မဟုတ်ဘူး ရန်နိုင်၊ ကိုချော ပစ်လိုက်တာ"

အသံနှစ်ခု၏ ကွာခြားခြင်းကို ခုမှ သတိပြုမိသည်။



"ကိုချော ပြောတာတော့ ကိုစောဦးက အေးမမကို လှမ်းပစ်မယ်အလုပ် သူက ကိုစောဦးကို ချိန်ပြီးသား ဖြစ်နေလို့ လှမ်းပစ်ထည့်လိုက်တာတဲ့၊ ကိုစောဦးကတော့ ခေါင်းကိုထိပြီး ပွဲချင်းပြီးပဲ"

ကိုချောပစ်လိုက်သဖြင့် ခေါင်းပျောက်ထွက်သွားသော ဆက်ရက်ကလေးကို ပြန်မြင်ယောင်၏။ ကိုချော၏စကားကိုလည်း ပြန်ကြားယောင်သည်။

"အလေ့အကျင့်ပေါ့ဗျာ၊ ကျွန်တော်နဲ့ဆရာနဲ့က လာရင် ဒီအလုပ်ပဲ လုပ်နေကြတာ"

ကိုကိုက ပြောလက်စ စကားကို ဆက်ပြောသည်။

"ကိုချောက ဟိုလူ့ကို ကြည့်တောင် မကြည့်နိုင်တော့ဘဲ မင်းကိုပွေ့ပြီး အေးမမနဲ့ အောင်ပန်းဆေးရုံကို အတင်းမောင်းလာခဲ့တာတဲ့၊ အောင်ပန်းဆေးရုံကျတော့ လိုအပ်တဲ့ ရှေးဦးသူနာပြုနည်းတွေနဲ့ ပြုစုပေးပြီး မင်းဒဏ်ရာ သိပ်ပြင်းလို့ တောင်ကြီး ချက်ချင်းပို့ပေးတယ်၊ ဒီရောက်ရောက်ချင်း အော်ပရေးရှင်းလုပ်တာပဲ ဆိုတယ်"

"မင်းကို ဆေးရုံပို့ပြီး အေးမမတို့က အိမ်ကနေပြီး ရန်ကုန်ကို ဖုန်းဆက်တယ်၊ တို့လည်း အားချင်းစီစဉ်ပြီး အမြန်ဆုံးဖြစ်အောင် ဖလိုက်တ်နဲ့ လိုက်လာကြတာပဲ"

ကျွန်တော့်စိတ်ထဲ မနေ့ကမြင်ကွင်းကို အမှတ်ရသဖြင့် . .

"နွယ်မွန်က ဘယ်လိုလုပ် ပါလာတာလဲ"

"ဩော် . . . အေး၊ အဲဒါတောင် မင်းကို မပြောရသေးဘူး၊ မင်းဝမ်းသာစရာ ငါပြောပြရဦးမယ်"

ဆေးရုံမှာ ဧည့်ချိန်မဟုတ်သဖြင့် လူရှင်းနေသည်။ ဆရာဝန်ဖြစ်သော ကိုကိုသာ ကျွန်တော့်အနီးတွင် ပြုစုခွင့်ရသဖြင့် စကား

အေးဆေးဆေး ပြောနေနိုင်သည်။

ကိုကို့အပြောအရ မနေ့က ကျွန်တော်သတိရပြီးသည့်နောက် အိပ်ပျော်သွားရာ ခုမနက်မှ နိုးသည်ဟု သိသည်။ မနေ့က သတိမရခင်အထိ ကျွန်တော် သုံးလေးရက် ကောင်းစွာသတိမရဟု ဆိုသည်။

ကိုကိုက ပြောလက်စကို ခဏနား၍ ကျွန်တော့်ကို ကြည့်ပြီး ပြုံးရာက . . .

"နွယ်မွန်နဲ့ မင်းကိစ္စ အိုကေသွားပြီကွ"

ကျွန်တော့်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ နောက်ဆက်ပြောမည့်စကားများ၏အနက်ကို ကြိုတင်မှန်းဆမိလိုက်သလို ဖြစ်သွားသည်။ မနေ့က စကားတစ်ခွန်းမှ ပြောမသွားသော မမကို သတိရသည်။

ဘုရား . . . ဘုရား ကျွန်တော်ထင်သလို မဖြစ်ပါစေနဲ့။

သို့သော် . . . ကျွန်တော် ဆုတောင်းသလို မဖြစ်။

"မင်း တောင်ကြီးထွက်သွားပြီးတော့ ဇော်အေးနဲ့ ငါတွေ့တယ်၊ ဇော်အေးပြောပြလို့ မင်းဘာကြောင့် တောင်ကြီးထွက်သွားတယ်ဆိုတဲ့ကိစ္စ အပြည့်အစုံ သိရတယ်၊ ဒါနဲ့ ငါလည်း ဒီလိုတော့ မဖြစ်ချေဘူးဆိုပြီး နွယ်မွန်နဲ့ သွားတွေ့တာပေါ့"

ကိုကိုက အားရပါးရ ဆက်ပြောသည်။ ကျွန်တော့်ရင်မှာ စိုးရိမ်မှု အဆောက်အအုံသည် မြင့်သည်ထက် မြင့်လာ၏။



"ဒီတော့မှ နွယ်မွန်လည်း မင်းအထင်လွဲနေတာကို သိသွားတယ်၊ အမှန်က မင်း တလွဲထင်နေတာကို နွယ်မွန်ပြောမှ ငါလည်း သိတယ်၊ ငါ့စိတ်ထဲမှာ ထင်နေတာက မင်းနဲ့နွယ်မွန် အိုကေနေတယ်ပဲ အောက်မေ့တာ"

"နွယ်မွန်က ဘာပြောလို့လဲ"

ကျွန်တော် အဆောတလျင်အမေးကို ကိုကိုက ပြုံး၏။ ကျွန်တော် သိပ်သိချင်နေခြင်းနှင့် ပတ်သက်၍ ကိုကိုနှင့်ကျွန်တော် အဓိပ္ပာယ်တစ်မျိုးစီ ကောက်ယူမိမည်မှာ သေချာသည်။

"နွယ်မွန်က ပြောတယ်၊ သူနဲ့မော်စီနဲ့ ကိစ္စဟာ ဘာမှမဆိုင်ပါဘူးတဲ့၊ မော်စီက ဇော်ထွန်းနဲ့ ခင်နေလို့ သူ့မောင်သူငယ်ချင်းဆိုပြီး ခင်ခင်မင်မင် ဆက်ဆံမိတာပါတဲ့၊ မော်စီ ဒီလိုပြောတယ်၊ ဒီလိုစိတ်မျိုးထားတတ်မှန်းသိရင် သူ အရောမဝင်ပါဘူးတဲ့၊ သကြံန်လိုက်မယ်ဆိုတာလည်း ဇော်ထွန်းတို့ရော၊ သူ့အမေရော ပါမယ်ဆိုလို့ လိုက်မယ်ပြောတာပါတဲ့၊ တကယ်လည်း မလိုက်ဖြစ်ပါဘူးကွာ"

ကျွန်တော် သက်ပြင်းတစ်ချက် ခိုးချသည်။ ကျွန်တော် မျှော်လင့်သလို၊ ကျွန်တော်မဖြစ်ချင်သလို ဖြစ်လာဖို့ကိစ္စမှာ သေချာသလောက် ရှိသွားပြီ။

"အဲဒီတော့ ငါက မင်းကို သူ ဘယ်လိုသဘောထားသလဲဆိုတာ ပွင့်ပွင့်လင်းလင်း ပြောပါ၊ မင်းကတော့ သူ့မေတ္တာမရဘူးထင်လို့ လေလွင့်ထွက်သွားပြီ ဘာညာနဲ့ ငါအတော်လေး မင်းဘက်က ချွဲပေးလိုက်တယ်"

ကိုကို သူ့စကားသူ သဘောကျသလို ရယ်၏။ ကျွန်တော် မျက်နှာမပျက်အောင် မနည်းထိန်းထားရသည်။

"ဒီတော့ သူက ဝန်ခံပါတယ်၊ မင်းကို သူချစ်ပါတယ်တဲ့၊ တစ်ချိန်ချိန်မှာ အဖြေပေးဖို့လည်း ရည်ရွယ်ပြီးသားပါတဲ့၊ ပညာသင်နေတုန်းမို့ နှစ်ယောက်စလုံးရဲ့ ပညာရေး မထိခိုက်အောင် ခပ်ရှောင်ရှောင် လုပ်နေတာပါတဲ့၊ ဟိုတစ်ခါ သူတို့အိမ်ရှေ့မှာ မင်းနဲ့မော်စီရန်ဖြစ်တာကိုမြင်တော့ မင်းကို အဖြေပေးထားရင် ဒီလိုမျိုး ဇွတ်တရွတ်လုပ်ချင်ရာတွေ လုပ်လာနိုင်မှာစိုးလို့ တမင်စိတ်ဆိုးချင်ယောင်ဆောင်နေတာပါတဲ့"

ကျွန်တော့်မျက်လုံးထဲတွင် မမမျက်နှာကို မြင်ယောင်လာသည်။ ဤအကြောင်းများကို မမသိနေပြီထင်၏။ မနေ့က မမမျက်နှာသည် အားလုံးကဲ့သို့ ရွှင်ရွှင်ပျပျဖြစ်မနေ။

"ဒါနဲ့ ငါကပဲ ဒီလိုတော့ မလုပ်ပါနဲ့၊ မင်းအကြောင်းကို ငါသိပါတယ်၊ ထိန်းတတ်သိမ်းတတ်ပါတယ်ပေါ့ကွာ၊ အဖြေတော့ ပေးလိုက်ပါ၊ နှစ်ဘက်စလုံး စိတ်ချလက်ချဖြစ်သွားအောင် လူကြီးချင်း စကားပြောထားကြပေါ့၊ ကျောင်းပြီးတာမှ လက်ထပ်ဖို့ မင်းကိုပြောဖို့ ငါတာဝန်ယူပါတယ်ဆိုတော့ ခေါင်းညိတ်တယ်"

ကျွန်တော် ခုတင်ပေါ်တွင် ဖျတ်ခနဲ ထထိုင်လိုက်၏။ ဝမ်းဗိုက်ဆီမှ စစ်ခနဲနာကျင်သည်။ ကိုကိုက ကျွန်တော့်ကို လှမ်းမေးဆတ်လိုက်ပြီး . . .

"ဟေ့ကောင် . . . ဝမ်းသာရင်လည်း နည်းနည်းဣန္ဒြေရပါကွာ၊ မင်းကလည်း နေပါဦး၊ ငါပြောပါရစေဦး"

ကျွန်တော့်ခေါင်းထဲမှာ ဆူဝေနေသည်။ ကိုကို့စကားများကိုလည်း ကြားတစ်ချက် မကြားတစ်ချက် ဖြစ်နေ၏။ ကိုကိုကတော့ အရိပ်အကဲ ဘာမှသိပုံမပေါ်၊ ပြောမြဲပြောသည်။



"အဲဒါနဲ့ ငါလည်း ဖေဖေတို့ ပြောပြပြီး၊ လူကြီးချင်း စကားပြောပြီးပြီ၊ မင်းပြန်ရောက်တာနဲ့ စေ့စပ်လိမ့်မယ်၊ ခု မင်းကိစ္စပေါ်လာတာနဲ့ ငါတို့ လိုက်လာမလို့ လုပ်တော့ နွယ်မွန်တို့အိမ်ကို အကြောင်းကြားတယ်၊ သူလည်း မင်းအတွက် စိုးရိမ်ပြီး သူပါ လိုက်မယ်ဆိုတာနဲ့"

ကိုစောဦးသည် ကျွန်တော့်ကို အသေပစ်သွားခဲ့ဖို့ ကောင်းသည်ဟု ပထမဆုံးအကြိမ် တွေးမိလိုက်သည်။

ကျွန်တော်မသေခဲ့တာ မှားလေစွတကား။

(၃၀)

"နင်သိပ်ဆိုးတာပဲ ရန်နိုင်ရယ်၊ ငါ့ကို ဒါလောက်တောင် အထင်သေးရသလား၊ မော်စီလိုကောင်မျိုး ငါက စိတ်ကူးထဲ ထည့်ရမှာလား၊ ခုတော့ နင်ထင်ရာ စွတ်လုပ်တာနဲ့ မသေကောင်း မပျောက်ကောင်းဟာ၊ ကံကြီးပေလို့ပေါ့"

ဝမ်းဗိုက်ဆီမှ ဒဏ်ရာကြောင့် နာရမည့်အစား ရင်ထဲမှအောင့်တက်လာသည်။

နွယ်မွန်ကတော့ ကျွန်တော့်လက်ကို ဆုပ်ကိုင်ရင်း မျက်စောင်းတချီချီဖြင့် ပြောသည်။ ဖေဖေ၊ မေမေနှင့် ကိုကိုတို့က နွယ်မွန့်ကို ကြည့်၍ ပြုံးနေ၏။

မနေ့က မမ လိုက်လာသော်လည်း ဒီနေ့လိုက်မလာ။

မနေ့ကလိုက်လာသော မမ၏မျက်နှာကို မြင်ယောင်သည်။ မမမျက်နှာ မသိမသာ ညှိုးနေသည်ကို သတိထားမိသည်။



ဟိုတစ်နေ့ကကဲ့သို့ပင် မမသည် စကားများစွာ မပြော။

"နေကောင်းလား"

မမအသံသည် ထိန်း၍ပြောနေရခြင်းဖြစ်သည်ဟု ကျွန်တော် သတိထားလိုက်မိသည်။

ကျွန်တော် မမမျက်နှာကို တောင်းပန်တိုးလျှိုးစွာ ကြည့်ရင်း . . .

"ဟုတ်ကဲ့ . . . မမ"

"လိုတာရှိရင် ပြောနော်၊ မမကြောင့်ဖြစ်ရတာ၊ မမ တကယ်စိတ်မကောင်းဘူးကွယ်၊ ဖြစ်ချင်းဖြစ်ရင် မမဖြစ်လိုက်ဖို့ကောင်းတာ"

လိုတာကတော့ မမနဲ့အမြန်ဆုံး နှစ်ယောက်တည်း စကားပြောချင်တာပဲ မမဟု စိတ်ထဲက ပြောလိုက်သည်။ မမကြောင့်ဖြစ်တာ မဟုတ်ပါဘူး မမရယ်၊ မမနဲ့မောင် ချစ်ကြလို့ဖြစ်တဲ့ကိစ္စပါဟု မမနှင့်တကွ မည်သူမျှမကြားအောင် ဖြေရှင်းသည်။

ဒီကိစ္စတွေအားလုံးကို ကျွန်တော် အမြန်ဆုံး ရှင်းပါ့မယ်မမ၊ မမကို ကျွန်တော် ဘယ်တော့မှ မပစ်နိုင်ပါဘူး၊ မမကလွဲလို့ မောင်ဘယ်သူ့ကိုမှ မချစ်နိုင်ပါဘူးဟုလည်း မျက်လုံးဖြင့် ဂတိအားသစ္စာရှင်းပြသည်။

အားလုံးရှေ့မှာတော့ ဖြုန်းစားကြီး ကျွန်တော် ရှင်းပြလိုက်ရင် နွယ်မွန်လည်း အရှက်ရမယ်၊ ဖေဖေနဲ့ မေမေနဲ့ ကိုကိုတို့လည်း မျက်နှာပျက်ရမယ်၊ ကျွန်တော် ဖြည်းဖြည်းချင်းရှင်းပေးပါ့မယ်မမရယ်။

မမကလွဲလို့ မောင်ဘယ်သူ့ကိုမှ မယူဘူးဆိုတာ မောင်ကတိပေးပါတယ်၊ နှလုံးသားဖြင့် အထပ်ထပ် မမအား ဖြေသိမ့်သည်။

မမမျက်လုံးအိမ်တွင် ဝဲ၍လာသော မျက်ရည်စများကို မြင်ယောင်သည်။

"နင် ဆေးရုံကဆင်းရဖို့ သိပ်မလိုတော့ဘူး ပြောတယ် ရန်နိုင်၊ ဆေးထည့်တာကတော့ ရန်ကုန်မှာ ထည့်လို့ရတယ်တဲ့၊ ကိုကိုလည်းရှိနေတာပဲ၊ ရန်ကုန်ရောက်မှ နင့်ကို ပြောစရာတွေ အများကြီး ရှိသေးတယ်၊ မြန်မြန်နေကောင်းအောင် ကြိုးစား"

နွယ်မွန့်စကားများသည် ကျွန်တော့်ရင်မှ စာနာစိတ်ကို မြားအစင်းပေါင်း မြောက်မြားစွာနှင့် ပစ်၏။

ဘဝ၏ခက်ခဲကျဉ်းမြောင်းရဆုံးအချိန်ကို ကိုစောဦး သေနတ်ဖြင့် အချိန်ခံရသည်ထက် ဒီနေရာမှာ ပိုတွေ့ရသည်။

ကျွန်တော် သူ့ကို အားနာစွာ ပြုံးပြသည်။ ခေါင်းလည်း ညိတ်ပြ၏။

ဖေဖေက ခေါင်းတညိတ်ညိတ်ဖြင့် ပြုံးသည်။

ဒီနေ့ မမ ပါမလာခြင်းကို ကျွန်တော်များစွာ ကျေနပ်သွားသည်။ မြင်ကွင်းများကို မမ မမြင်မတွေ့စေချင်။

မမနှင့်ကျွန်တော် သီးသန့်တွေ့ဆုံရမည့်ကိစ္စကို မည်ကဲ့သို့ စီစဉ်ကြံဆရမည်ကို ကျွန်တော် တွေးရပြီ။

ကျပ်တည်း ကျဉ်းမြောင်းသော အခြေအနေမှ လွန်မြောက်ရန် စကားလွှဲလိုသဖြင့် ကိုကို့ဘက်လှည့်ကာ . . .

"ကိုကို . . . ကိုချောရော တစ်ခါမှ မလာပါလား"

ကိုကိုက ကျွန်တော့်ကို မျက်လွှာလှန်၍ စိုက်ကြည့်သည်။ ပြောသင့်မပြောသင့် ချိန်ဆသည် ထင်၏။

ခဏကြာမှ ကိုကိုက သက်ပြင်းချရင်း . . .

"ကိုချောကို ခဏချုပ်ထားတယ်၊ အမှုကို စစ်လိုက်ဆေးလိုက်ရင်တော့ အတော်သက်သာသွားမှာပါ"



ကျွန်တော့်ရင်ထဲ နင့်ခနဲ ဖြစ်သွား၏။

ထိုနေ့က အတူရှိနေခဲ့သော ကျွန်တော်တို့ လေးယောက်ကို ကံကြမ္မာသည် တစ်ယောက်မှ အဆင်ပြေစေရန် ဖန်တီးမပေးခဲ့ပါတကား။

နက်ဖြန် ဆေးရုံက ဆင်းရမည်ဆိုသော စကားကို ဆရာဝန်ကြီးဆီမှ ကြားရသောအခါ ကျွန်တော် အရမ်းဝမ်းသာသွား၏။

ဒဏ်ရာ ပျောက်ကင်းခြင်း၊ မပျောက်ကင်းခြင်းသည် ကျွန်တော့်အတွက် မည်သို့မျှ အဓိကမကျ။

အရေးကြီးသည်မှာ မမနှင့်တွေ့ရန် . . .

မမအတွက် ကျွန်တော့်မှာ ပြောစရာစကား များစွာရှိနေသည်။

မမတို့အိမ်တွင် မိသားစုနှစ်စုနှင့် အခြားလူတစ်ယောက် ဝိုင်းဖွဲ့ပြောကြသော စကားများအတွက် မမကို စိုးရိမ်ပူပန်သည်။

မမ ကျွန်တော့်ကို အထင်လွဲကောင်း လွဲနေနိုင်သည်။

နက်ဖြန်မှစ၍ ကျွန်တော် ပြောခွင့် တစ်ချိန်ချိန်တွင် ရနိုင်မည်ဟု တွက်သည်။

ဒီနေ့သည် ကုန်လွန်ခဲ့လေ၏။

## (၃၁)

"ဟော . . . ကိုရန်နိုင် . . . ဆေးရုံက ဆင်းပြီးလား၊ ဘယ်နဲ့လဲ နေကောင်းတယ် မဟုတ်လား"

သံတိုင်များကို ကိုင်၍ရပ်ရင်း ကိုချောက ဝမ်းသာအားရ နှုတ်ဆက်သည်။ ကျွန်တော့်ရင်ထဲ နင့်ခနဲ ဖြစ်သွား၏။

"ကိုချော"

ကျွန်တော် ကြေကွဲစွာ သူ့ကို လှမ်းခေါ်သည်။ ကိုချော၏ မျက်နှာသည် နောက်ဆုံးတွေ့စဉ်ကကဲ့သို့ စိုပြည်လန်းဆတ်မနေသော် လည်း ချောင်ကျနေသော ပါးရိုးနှင့် မျက်နှာညှဉ်းဆိုးဆိုးကြားတွင် ကြည်လင်သော အပြုံးသည် ရှိနေဆဲပင် . . .။

"ကျွန်တော် စိတ်မကောင်းဘူး ကိုချောရာ၊ ကျွန်တော်တို့ အဖွက် ဝင်ကယ်တာ ကိုချော သက်သက်မဲ့ ဒုက္ခရောက်ဖို့ ဖြစ်လာ သလိုပဲ"



ကျွန်တော့်စကားကို ကိုချောက ခေါင်းခါ၍ ရယ်သည်။

"ကိစ္စမရှိပါဘူး ကိုရန်နိုင်ရယ် . . . ကျွန်တော် မကောင်းတာ လုပ်တာမှ မဟုတ်တာ၊ တရားဥပဒေကလည်း မတရား မလုပ်ပါဘူး၊ ခုဟာက လူသတ်မှု၊ အမှုကို မစစ်ဆေးသေးခင်ကာလမှာ ယာယီ ထိန်းသိမ်းထားတာပါ၊ လူတစ်ယောက်သေရတာပဲ ကိုရန်နိုင်ရယ် . . . နည်းနည်းပါးပါးတော့ ပတ်ဝန်းကျင်မှာ မငြိမ်မသက် ဖြစ်သွား မှာပေါ့"

ကိုချောက တရားနည်းလမ်းကျကျ အားလုံးကို ခွင့်လွှတ် ကြည်ဖြူဟန်ဖြင့် လွတ်လပ်ပေါ့ပါးစွာ ပြောသည်။

ကျွန်တော်က ခေါင်းကို ယမ်းခါ၍ . . .

"ဒါတော့ . . . ဒါပေါ့ ကိုချောရာ . . . လောလောဆယ် တော့ ဘာပဲပြောပြော ကိုချော စိတ်ဒုက္ခများရတာပေါ့"

ကိုချောကရယ်ရင်း သံတိုင်ကြားမှ လက်ထုတ်၍ ကျွန်တော့် ပခုံးကို လှမ်းပုတ်သည်။

"ကိုရန်နိုင်ကဗျာ . . . ဒါတွေ မပြောစမ်းပါနဲ့၊ ကျွန်တော်ခံ ရတဲ့ ဒုက္ခက ခင်ဗျားထက် အများကြီး သက်သာပါတယ်၊ ခင်ဗျားသာ ကံကောင်းလို့မသေ သံချောင်းတို့အဖေ ဖြစ်သွားတာ"

ကျွန်တော် မချိပြုံး ပြုံးလိုက်မိသည်။ သဘောထား မွန်မြတ်၍ ဒုက္ခကို သုခလို ခံစားတတ်သော ကိုချောကို စိတ်ထဲမှ လွန်စွာ လေးစားသွားသည်။

"ကျွန်တော် တောင်ကြီးကိုလာတာ အားလုံးကို ဒုက္ခပေးဖို့ လာသလို ဖြစ်သွားတယ် ကိုချောရယ်"

"ဟာ . . . မဟုတ်တာ"

ကိုချောက ပျာပျာသလဲ ပြောသည်။

“လောကဆိုတာ အတွေ့အကြုံစုံမှဗျ၊ ခုဆို ခင်ဗျားကိုတောင် ကျွန်တော် ကျေးဇူးတင်သွားပြီ၊ ဒီလိုအတွေ့အကြုံမျိုးက မသေးဘူးနော်၊ ကြမ်းပိုးတစ်ကောင် လိပ်လောက်ရှိတယ်ဆိုတာ ဟိုတုန်းက ကြမ်းပိုးကို လိပ်ဖြစ်အောင် ပြောတယ်ပဲ အောက်မေ့တာ၊ မယုံမရှိနဲ့ ကိုယ်တွေ့ဗျို့”

“ကိုချော . . . ဘာလိုလဲ၊ လိုတာပြောဗျာ . . . ဘာမှ အားမနာနဲ့”

“ဘာမှမလိုပါဘူးဗျာ၊ ဆေးလိပ်တို့ လက်ဖက်ရည်တို့ကအစ ခင်ဗျားအစ်ကို အားလုံးစီစဉ်ပေးထားပါတယ်၊ အခု ရွှေနေတောင် ငှားထားပြီးပြီဆိုတာပဲ၊ အမှန်တော့ လိုတောင် မလိုပါဘူး၊ ကျွန်တော် ပြောပြလိုက်ရင် ရွှေနေထက် သာပါတယ်”

ကိုချောထံမှ အရယ်ဖြင့်ပြွမ်းသော စကားစသည် မဆုံး။

သံတိုင်တံခါးတပ် အခန်းကျဉ်းထဲတွင် ရှိသော ကိုချောသည် အပြုံးမပျက်။

သံတိုင်အပြင်ဘက် လွတ်လပ်သော လောကတွင် ရှိနေပါလျက် ကျွန်တော်သည် မပြုံးနိုင်။

ကိုချော၏ ရယ်သံဖြင့် ပြောသောစကားသည် နားထဲဝင်လာပြန်သည်။

“ကြားပြီးပြီ မဟုတ်လား ကိုရန်နိုင်၊ ကျွန်တော့်လက်က စိတ်ချရပါတယ်နော်၊ ဒါတောင် ပော်လိုကျည် မသုံးလိုက်ရသေးဘူး၊ ဟား . . . ဟား”

ဖွာခနဲ လွင့်ထွက်သွားသော ကျောက်တုံး၏ အပိုင်းအစများ



ကို ဖျတ်ခနဲ မြင်လိုက်၏။

‘မမ’ ...

ကျွန်တော် မမနဲ့နှစ်ယောက်တည်း စကားပြောစရာ ရှိတယ်၊

မမ ကျွန်တော့်ကို မုန်းချင်လည်း မုန်းနေလိမ့်မယ်၊ ကျွန်တော့်ကို သနားရင် ဒီတစ်ခါတော့ တွေ့ခွင့် ပေးပါ မမရယ်၊

ကျွန်တော် စကားနည်းနည်း ပြောပါရစေ ...

မောင်

ကျွန်တော် စာရွက်လေးကို ကျစ်ကျစ်ပါအောင်ခေါက်၍ လက်ထဲ၌ ကိုင်ထားသည်။

ကျွန်တော် ဆေးရုံက ဆင်းခါနီး ရက်များစွာတွင် မမ ဆေးရုံသို့ မလာသည်က များသည်။ လာလျှင်လည်း လူအုပ်နှင့် ရောနေသည်။

ယခု ဆေးရုံက ဆင်းသည့်အခါကျတော့လည်း မမသည် ကျွန်တော့်နားသို့ သိပ်မကပ်။ ခပ်လှမ်းလှမ်းမှ နေကောင်းလား၊ ဘာစားမလဲ၊ သက်သာအောင်နေနော် ဆိုတာလောက်ကလွဲ၍ ဘာမျှ မပြော။

တိတိကျကျ ပြောရလျှင် ကျွန်တော် အမှောင်ထုထဲတွင် ရက်အတန်ကြာ နစ်မြုပ်နေရာက သတိပြန်ရသည့် အချိန်မှစ၍ 'မောင်' ဆိုသောအသံ တစ်ခါမျှ မကြားရတော့။

မမဘာဖြစ်နေသည်ဆိုသည်ကို ကျွန်တော် လုံးဝမှန်းဆ၍ မရ။

ဒီကြားထဲ ပိုဆိုးသည်က နွယ်မွန်သည် ကျွန်တော့်နားမှ သိပ်မခွာ။

နွယ်မွန်ကပ်လေ . . . ကျွန်တော့်ရင်မှ စိုးရိမ်စိတ် ပိုကဲလေ။

ဒီစာလေး မမလက်ရောက်ရန် ကျွန်တော် တစ်လမ်းတော့ စဉ်းစား၍ရသည်။ မိုးမိုးရှိသည်။

မိုးမိုး၏ ထုထည်များစွာရှိသော ကိုယ်ခန္ဓာသည် စာတစ်စောင်ကို အလွယ်တကူ ဖျောက်၍ သယ်နိုင်သည့်အပြင် မမထံ အရောက် ဆောင်ကြဉ်းပေးနိုင်သည်ဟု တွေးမိလိုက်၏။ စောစောက မိုးမိုး အိမ်ရှေ့ခြံထဲဆင်းသွားသည်ကို မြင်လိုက်သည်။

ကျွန်တော် ယောင်ပေပေနှင့် အိမ်ရှေ့ထွက်လာခဲ့၏။

ခြံထဲတွင် ပန်းခြံများထဲ၌ ပန်းခူးနေသော မိုးမိုးကို တွေ့၏။

"မိုးမိုး . . . ခဏ"

မိုးမိုး ကျွန်တော့်ကို တအံ့တဩကြည့်၍ ကမန်းကတန်း ပြေးလာသည်။

"ဘာလဲ . . . ဒွေး . . . နေကောင်းကောင်း မကောင်းသေး ဘဲနဲ့ အိမ်ရှေ့ထွက်လာရသလား ဒွေးရယ်"

"မဟုတ်ဘူး မိုးမိုး . . . ငါ မမကို အရေးတကြီး ပြောစရာ ရှိလို့ ဒီစာလေး ပေးပေးစမ်းပါ"



"ပေးလေ . . . မိုးမိုး ပေးပေးမယ်"

ကျွန်တော့်ရင်မှ သောကအလုံးသည် သိသာစွာပြုတ်ကျ၏။ ဘာပဲဖြစ်ဖြစ် မမသည် ကျွန်တော့်စကားကိုတော့ နောက်ဆုံးအနေနဲ့ ဖြစ်ဖြစ် နားထောင်လိမ့်မည်ဟု ကျွန်တော် ထင်သည်။

လောကကြီးသည် ကျွန်တော့်မျက်စိရှေ့မှ စိန်ပန်းပြာပင်ကြီး ကဲ့သို့ အပွင့်များ ဝေလာလိမ့်မည် ကျွန်တော် မျှော်လင့်မိပါသည်။



## (၃၂)

အားလုံး ကားပေါ်တက်ပြီးသည်ကိုကြည့်၍ ကျွန်တော့်ရင် ခုန်လာသည်။

ဧည့်ခန်းထဲတွင် ပလတ်စတစ်ထိုး ပက်လက်ကုလားထိုင် အပြန့်ပေါ်တွင် မှေး၍ထိုင်ရင်း ကားပေါ်မှ လူများကို လက်ပြနေသော မမ၏နောက်ကျောပြင်ကို မြင်နေရသည်။

ကားပေါ်မှနေ၍ ကျွန်တော် လှမ်းကြည့်နေသည်ကို မြင်သော မိုးမိုးက မျက်စိတစ်ဖက် လှမ်းမှိတ်ပြသည်။

အားလုံး အိုကေပါတယ်ဆိုသော အဓိပ္ပာယ်။

ကျွန်တော် ပြုံးလိုက်၏။

ကားပေါ်တွင်ပါသွားသော အန်တီဥမ္မာခင်၊ အန်ကယ်ဦးမျိုးနိုင်၊ ဖေဖေ၊ မေမေ၊ ကိုကို၊ နွယ်မွန်နှင့် မိုးမိုးတို့ တောင်ကြီးမြို့ပေါ်မှ ဘုရားများ၊ ကြည့်စရာ ရှုစရာ နေရာများကို ပျော်ရွှင်ချမ်းမြေ့စွာဖြင့်



အချိန်ကြာကြာ ဖူးမြော်ကြည့်ရှုလည်ပတ်ကြပါစေဟု ဆုတောင်းလိုက်မိသည်။

ကားကလေးသည် မမရှေ့မှ ငြိမ့်ငြိမ့်မနဲ မောင်းထွက်သည်။

မမသည် အချိန်အတော်ကြာရပ်၍ ကားလေးထွက်သွားသည်ကို ကြည့်နေသည်။

ကျွန်တော့်ရင် တလှပ်လှပ်တုန်ရင် လှုပ်ရှားလာ၏။

မမ၏လှုပ်ရှားမှုများကို ရုပ်ရှင်အနှေးပြသလို မြင်နေရသည်။ စောစောက မြှောက်၍ ပြထားသော ညာဘက်လက်သည် လေးကန်စွာ ပြန်ကျလာသည်။ မမ၏ ဦးခေါင်းသည် ငုံ့ကျသွားရာက တဖြည်းဖြည်း အိမ်အတွင်းခန်းဘက် လှည့်လာသည်။

ကိုယ်သည်လည်း ဦးခေါင်းနှင့်အတူ တဖြည်းဖြည်းစောင့်၍ လှည့်လာ၏။ မမ၏ ဘေးတိုက်မြင်ကွင်းလေးသည် ခါတိုင်းထက် လှနေသည်။

ကျွန်တော် မတ်တတ်ထရပ်လိုက်၏။

မမအကြည့် ကျွန်တော့်ဆီ ရောက်လာသည်။

ကျွန်တော့်နေရာတွင် မလှုပ်မယှက် ရပ်နေ၍ မမမျက်နှာပေါ်တွင် ပေါ်လာမည့် အရိပ်အယောင်များကို ရင်ဖိုစွာ စောင့်ဆိုင်းကြည့်ရှုသည်။

မမမျက်လုံးလေးသည် ဝိုင်းစက်ကြည်လင်စွာ ကျွန်တော့်အကြည့်ကို တုံ့ပြန်သည်။

မမ၏ နှုတ်ခမ်းထောင့်စွန်းလေးသည် ဆတ်ခနဲ တွန့်သွားရာက အပြုံးသည် တဖြည်းဖြည်း ပီပြင်လာသည်။

"မောင် . . . မတ်တတ်ကြီး ဘာလုပ်နေတာလဲ၊ လှဲနေလေ"

ကျွန်တော့်မျက်နှာပေါ်တွင် အပြုံးတစ်ခုလည်း မည်ကဲ့သို့ ရောက်ရှိသွားမှန်းပင် မသိလိုက်။ ကျွန်တော့်မျက်လုံးအိမ်တွင် မျက်ရည်ကြည်များ မည်သို့ရစ်ဝဲလာသည်ကို မသိလိုက်။

မမထံမှ 'မောင်' ဆိုသောအသံလေးကို ကြားလိုက်ရသည့်အတွက်၊ ဖြစ်နိုင်လျှင် မမရင်ခွင်ထဲပြေး၍ အားရပါးရ ငိုချလိုက်ချင်စိတ် ပေါ်လာသည်။

"မမ"

"ဘာလဲမောင်"

ကျွန်တော့် မျက်လုံးအိမ်မှ မျက်ရည်ကြည်များ ပါးပြင်ပေါ်သို့ ပြုတ်ကျလုလု ဖြစ်သွားသည်။ မျက်တောင်ကို ကပျာကယာခတ်၍ သိမ်းလိုက်ရ၏။

"မမ . . . ရယ်"

ကျွန်တော် တခြားဘာကိုမှ ဂရုမပြုနိုင်၊ မမရှိရာပြေး၍ မမကို တအားသိမ်းဖက်သည်။ မမက ဆီးကြိုပွေ့ဖက်လိုက်၏။ ကျွန်တော့်ဝမ်းဗိုက်မှအနာသည် ပတ်တီးအောက်မှ စူးခနဲ နာသွားသည်။

"အား . . ."

ကျွန်တော့်နှုတ်မှ လွှတ်ခနဲ အသံထွက်သွားသည်။ မမက ပျာပျာသလဲ ကိုယ်ကိုခွာ၍ . . .

"ဘာဖြစ်သွားလဲ မောင်၊ သိပ်နာသွားလား"

ကျွန်တော့်ပါးစပ်မှ မဆင်မခြင် လွှတ်ထွက်သွားသော အသံအတွက် အတော်ဒေါသဖြစ်သွားသည်။ မမရင်ခွင်လေးထဲမှာ နေရခြင်းကို ကျွန်တော် မည်သည့်နာကျင်မှုနှင့်မဆို လဲလှယ်ယူနိုင်ပါသည်။

"ကဲ . . . မောင်၊ မမကို ပြောစရာရှိလို့ဆို၊ ဘာပြောမလဲ၊



ပြော . . . မမနားထောင်မယ်"

ကျွန်တော် မမမျက်နှာလေးကို တမက်တမော ကြည့်လိုက်မိသည်။ မမမျက်နှာ၊ မမ၏အပြုံး၊ မမ၏အပြောနှင့် မမ၏အမူအရာတို့သည် ရှေးနည်းအတူ ဘာမှမပြောင်းလဲပါတကား။

ကျွန်တော့်ရင်တွင် အချိန်အတော်ကြာ ပျောက်ဆုံးနေသော ပီတိနှင့် ကြည်နူးမှုကို ပြည့်ပြည့်ဝဝ ပြန်ရသည်။

ခုနေ ကျွန်တော် သေရမည်ဆိုလျှင်ပင် သေလိုက်ဖို့ရန် ဝန်မလေးတော့။

ချစ်တယ် . . . မမရယ်။

"အပြင်မှာ လမ်းလျှောက်ပြီး ပြောချင်တယ် မမရယ်၊ ဇောတိကလမ်းအတိုင်း လျှောက်မယ်၊ ကောလိပ်အထိရောက်အောင် သွားကြတာပေါ့"

မမမျက်နှာ တစ်မျိုးလေး ဖြစ်သွားသည်။ ပြီးမှရယ်လိုက်၍ . . .

"မောင်မှ ကောင်းကောင်းနေမကောင်းသေးပဲ မောင်ရယ်၊ ဒီမှာပဲ ပြောတာပေါ့၊ မောင့်စိတ်ထဲမှာ ဇောတိကလမ်းလေးကို လျှောက်ရင်း ပြောနေတယ် သဘောထားပေါ့"

"မောင် ကောင်းကောင်းနေကောင်းပါပြီ မမရယ်၊ ဗိုက်ကဒဏ်ရာက အပေါ်ယံလေး ကျက်ဖို့ပဲ လိုတော့တာပါ၊ မကြာခင်

မောင်တို့ ပြန်ရတော့မှာပဲ"

"ဒါဖြင့် ခြံထဲမှာပဲ သွားကြတာပေါ့ မောင်ရယ်၊ လမ်းအဝေးကြီးတော့ မမ မောင့်ကို မလျှောက်စေချင်သေးဘူး"

ကျွန်တော် ဝမ်းသာအားရ ခေါင်းညိတ်ပြသည်။ မမက ကျွန်တော့်လက်မောင်းလေးကို မ၍ သူ့ကို သိုင်းဖက်ပေးပြီး ဖေးမသည်။

စောစောက ကျမလိုဖြစ်သွားသော မျက်ရည်စသည် ခုမှ ပါးပြင်ပေါ်သို့ လိမ့်ကျ၏။

ပျော်လိုက်တာ မမရယ်။



(၃၃)

"ကဲ . . . မောင် . . . ပြောမယ်ဆိုတာ ပြောလေ"

"နွယ်မွန်နဲ့ ကျွန်တော့်ကိစ္စကို မမအထင်မလွဲစေချင်ဘူး မမ"

မမမျက်နှာ ကွက်ခနဲပျက်သည်။ ကျွန်တော့်ရင် ထိတ်သွား၏။ သို့သော် မမအပြုံးသည် ချက်ချင်းပြန်ဖြစ်လာသည်။

"ပြောပါ . . . မောင်"

"နွယ်မွန်ကို ကျွန်တော် ဟိုတုန်းက စိတ်ဝင်စားခဲ့တယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမဲ့ မမကို ကျွန်တော် တွေ့တဲ့အချိန်ကစပြီး မမကိုပဲ တကယ်ချစ်မှန်း သိလာရပါတယ်၊ မမနဲ့တွေ့တဲ့အချိန်မှာ နွယ်မွန်နဲ့ကျွန်တော် ချစ်သူတွေ လုံးဝမဖြစ်ကြသေးလို့ ကိစ္စအားလုံးကလည်း ပြီးပြီးပြတ်ပြတ်ရှိခဲ့ပါတယ်"

"မမသိပြီးသားပါ"

"ခုမှ အခြေအနေတွေ အားလုံးအပြောင်းအလဲ ဖြစ်လာရ

ပေမယ့် မောင် . . . မမကလွဲပြီး ဘယ်သူ့ကိုမှ မချစ်နိုင်ပါဘူး မမရယ်၊ မမကို ကျွန်တော်ချစ်တဲ့ အချစ်မျိုးရဲ့ အပုံတစ်ရာပုံ တစ်ပုံတောင် မောင်ဘယ်သူ့ကိုမှ မချစ်နိုင်တော့ပါဘူး"

မမထံမှ သက်ပြင်းချသံသဲ့သဲ့ ကြားရသည်။

"ဒါပေမဲ့ အခြေအနေတွေက မောင် ထင်သလောက် မလွယ်ကူတော့ဘူး မောင်"

ကျွန်တော့်တစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားသည်။ မမကို အလန့်တကြား ကြည့်ရင်း . . .

"မဟုတ်ဘူး မမ၊ ဘာမှမလွယ်စရာ မရှိပါဘူး၊ မမဆုံးဖြတ်ပြီးလို့ ပြောတာ၊ မောင် မမကို ဘယ်လောက်ချစ်ချစ်၊ မောင် နွယ်မွန့်ကိုပဲ လက်ထပ်ရတော့မယ်"

"ဟာ . . . ဘာဆိုင်လို့လဲ၊ မဟုတ်ပါဘူး မမ၊ ကျွန်တော် နွယ်မွန့်ကို နားလည်အောင် ပြောပြပါ့မယ်၊ နွယ်မွန့်ကို မောင်ရှင်းပြရင် နွယ်မွန် ခွင့်လွှတ်မှာပါ"

"ခွင့်မလွှတ်ရင်ရော"

"ခွင့်မလွှတ်ရင်လည်း မတတ်နိုင်ဘူးလေ၊ မောင် သူ့ကိုမှ လက်မထပ်ချင်ဘဲ၊ မောင် မမကိုပဲ ချစ်တယ်၊ မမနဲ့ပဲ လက်ထပ်မယ်၊ အို . . . ကျွန်တော် မမနဲ့လွဲလို့ မဖြစ်ဘူး မမ၊ မမနဲ့လွဲရင် မောင်သေလိမ့်မယ်"

မမက သက်ပြင်းလေးကန်စွာချရင်း ခေါင်းကို ယမ်းခါသည်။

"မဖြစ်တော့ဘူး မောင် . . . နွယ်မွန်နဲ့မောင်က လူကြီးချင်းလည်း ပြောဆိုပြီးကြပြီ၊ နွယ်မွန်ဆိုလည်း မောင့်ကို သံယောဇဉ်ရှိလွန်းလို့ ဒီထိအောင် လိုက်လာခဲ့ပြီးပြီ၊ အားလုံး မျက်နှာပျက်စရာတွေ



ဖြစ်ကုန်မယ်"

ကျွန်တော့်တစ်ကိုယ်လုံး ဆောက်တည်ရာ မရတော့။ မမ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လှုပ်ယမ်းလိုက်သည်။ ချောက်ချားမှုကြောင့် ကျွန်တော့်တစ်ကိုယ်လုံး တုန်လှုပ်နေ၏။

"ဘာတွေဖြစ်ဖြစ် . . . မောင် ဂရုမစိုက်ဘူး မမ၊ မမကို ကျွန်တော် မစွန့်လွှတ်နိုင်ဘူး၊ မမအတွက် မောင် ဖြစ်ချင်ရာဖြစ် ရင်ဆိုင်မယ်၊ မမဒီစကားတွေ မပြောပါနဲ့တော့"

"မပြောလို့ မဖြစ်ဘူးမောင် . . . မောင့်ကို ဒီစကားတွေ ပြောပြဖို့ပဲ မမ တမင်အတွေ့ခံတာပဲ၊ နို့မို့ မမ မောင်တို့ပြန်တဲ့အထိ အတွေ့ဘယ်ခံတော့မှာလဲ၊ မမ မောင့်ကို စွန့်လွှတ်ဖို့ ဆုံးဖြတ်လိုက်ပြီ"

မမစကားသံသည် ကျွန်တော့်ဦးခေါင်းကို မိုးကြိုးဖြင့် ပစ်ခွဲခံလိုက်ရသကဲ့သို့ ဖြစ်သွားသည်။ ကိုစောဦးပစ်လိုက်သော ကျည်ဆန် ရင်ကို လာမှန်စဉ်ကပင် ဒီလောက် မခံစားရ။

"မမ ကျွန်တော့်ကို ဘာလို့ စွန့်ပစ်ရမှာလဲ၊ မစွန့်လွှတ်ရဘူး၊ မမကို ကျွန်တော် ချစ်တယ်"

ရင်ထဲမှ ပေါက်ကွဲထွက်လာသော အသံကို မထိန်းနိုင်။ ကျယ်လောင်စွာ အော်ဟစ်ပြောလိုက်၏။

"တိုးတိုးပြောပါ မောင်ရယ်၊ မမ မောင့်နားလေးမှာတင်ပါ"

"မပြောနိုင်ဘူး မမ၊ မမ ကျွန်တော့်နားမှာ မရှိဘူး၊ မမ

ကျွန်တော်နဲ့ အဝေးကြီးမှာ ရောက်နေတယ်၊ ကျွန်တော့်ကို မရက်စက်ပါနဲ့ မမရယ်၊ ကျွန်တော့်ကို သနားပါ"

လူငယ်ဘဝ၏ ထားရှိအပ်သော မာနတရားများသည် အဘယ်အရပ်သို့ လွင့်ပျောက်သွားလေပြီမသိ။ မမရှေ့တွင် ကျွန်တော် ဒူးထောက်၍ ထိုင်ချလိုက်သည်။

"မောင်ရယ်"

မမ ကျွန်တော့်ပခုံးစွန်းလေးကို မှေးကိုင်ရင်း ဒူးတုပ်ထိုင်ချသည်။ မမမျက်လုံးအိမ်တွင် မျက်ရည်များ ရစ်ဝဲနေသည်ကို တွေ့ရ၏။

"မမရယ် . . . မောင့်မှာ ဘာအပြစ်ရှိလို့ ဒီလောက် ရက်စက်ရတာလဲ၊ မောင့်ကို ဘာအငြိုးနဲ့ ဒီလိုပြောရတာလဲ၊ မောင့်ကို မမ မုန်းသွားပြီလားဟင်"

မမပါးပြင်ပေါ်သို့ မျက်ရည်များ သွယ်ဆင်းကျလာသည်။ ကျွန်ကော့်ပါးပြင်ပေါ်မှာရော ဘာထူးသနည်း။

နှင်းရည်ဖြင့် စိုစွတ်နေသော မြက်ခင်းပြင်သည် ပူပြင်းခြောက်သွေ့လွန်းနေ၏။

ကျွန်တော့်တစ်ကိုယ်လုံး ဆောက်တည်ရာမရတော့။

"မောင့်ကို မချစ်ဘူးလို့ မမ မပြောမိပါလား မောင်ရယ်၊ မမ မောင့်ကို သိပ်ချစ်ပါတယ်၊ မမလေ ခုမှမဟုတ်ဘူး၊ တစ်သက်လုံး



မောင့်ကို ချစ်သွားမှာပါ၊ နောင်ဘဝဆိုတာ ရှိရင်လည်း မောင့်ကို ချစ်သွားဦးမှာပါ"

"ဒါဖြင့် မောင့်ကိုခွဲဖို့၊ စွန့်ဖို့ စကားတွေ မပြောပါနဲ့ မမရယ်၊ တစ်လောကလုံးက ဝိုင်းဖျက်ရင်လည်း မမကို ကျွန်တော်ယူမယ်၊ မမ ကျွန်တော့်ကို မခွဲပါနဲ့မမရယ် . . . နော်"

မမက ခေါင်းကိုခါယမ်းသည်။ ပါးပြင်ပေါ်မှ မျက်ရည်များကို လက်ဖြင့်သိမ်း၍ . . .

"ဒါပေမဲ့ မမမောင့်ကို ယူဖို့ကတော့ မဖြစ်တော့ဘူး မောင်၊ မမ အပြန်ပြန်အလှန်လှန် စဉ်းစားပြီးပြီ၊ နွယ်မွန့်ကိုလည်း မမသနားတယ်၊ လူကြီးတွေကိုလည်း မျက်နှာမပျက်စေချင်ဘူး၊ မောင်နဲ့မမ နှစ်ယောက်တည်း စိတ်ချမ်းသာဖို့အတွက် ကျန်တဲ့လူတွေ အားလုံးကို စိတ်ဒုက္ခ မပေးချင်တော့ဘူး"

"မဟုတ် . . ."

"မမပြောတာကို နားထောင်ပါဦးမောင်၊ မမနဲ့မောင့်မှာ ဖူးစာမပါဘူး ထင်ပါတယ် မောင်ရယ်၊ မောင်နဲ့မမ ချစ်ရတဲ့အတွက် လူတစ်ယောက်လည်း သေခဲ့ပြီ၊ တစ်ယောက်က အချုပ်ထဲမှာ၊ မောင့်မှာဆိုလည်း ဒဏ်ရာတောင် မပျောက်သေးဘူး၊ ဒါတောင် ကံကောင်းလို့၊ နို့မို့ မမပါ သေမှာ"

"ဒီကြားထဲက နောက်ထပ်လူကြီးတွေရယ်၊ အချစ်ဆိုတာကို ခုမှ လေးလေးနက်နက် ခံစားတတ်လာတဲ့ မိန်းကလေးတစ်ယောက်ရယ်၊ အိုကွာ . . . နောက်ထပ် ဘယ်သူ့ကိုမှ စိတ်ဒုက္ခမပေးချင်တော့ဘူး"

"မောင့်ကိုတော့ ဖြစ်ချင်ရာဖြစ် ပစ်ထားတော့မှာပေ့ါ၊ ဟုတ်

လား မမ"

"ဒီမှာ မောင် . . . မောင် ယောက်ျားပါ၊ အချစ်ဆိုတာလေး တစ်ခုအတွက် မမတောင် ရင်အကျိုးခံနိုင်သေးရင် မောင် ဘာဖြစ်လို့ ဒီလောက်ဖြစ်နေရတာလဲ၊ ချစ်တယ်ဆိုတာ နှစ်ယောက်ပေါင်းရမှ အချစ်စစ်တယ်လို့ ထင်နေသလား"

မမစကားများသည် ကျွန်တော့်ရင်ကို ဟက်ခနဲ ဓားဖြင့် ခွဲလိုက်သလို ဖြစ်သွားသည်။

"ဒါပေမဲ့ မမရယ် . . . နှစ်ယောက်မပေါင်းရတဲ့ အချစ်ကရော ဘယ်လိုများ အဓိပ္ပာယ်ရှိဦးမှာလဲ"

"မောင် ဒီလိုမပြောနဲ့၊ မောင် ဘာဖြစ်လို့ မမနဲ့ပေါင်းချင်တာလဲ၊ မောင် မမခန္ဓာကိုယ်ကို လိုချင်လို့လား၊ ဒါဖြင့်လာ၊ မောင့်ကို မမခန္ဓာကိုယ် အပ်မယ်၊ မောင်ကြိုက်သလိုလုပ်"

ကျွန်တော့်ရင်ထဲမှ ဒေါသ လှိုက်ခနဲ ပေါက်ကွဲသည်။

"ကျွန်တော် ဘာလုပ်ရမှာလဲ၊ မမကိုချစ်တာ ဒါကြောင့် မဟုတ်ဘူး၊ မမ ကျွန်တော့်ကို မစော်ကားနဲ့"

မမသည် ကျွန်တော့်ကို စေ့စေ့ကြည့်ရင်း မျက်ရည်ကျလာပြန်သည်။

"မောင့်ကို စော်ကားတာ မဟုတ်ပါဘူးကွယ်၊ မောင်က သိပ်ပေါင်းချင်နေလို့ ပြောတာပါ၊ ဒါဖြင့် မောင် မမကို ဘာလို့လက်ထပ်ဖို့ အတင်းပြောနေတာလဲ၊ မမအချစ်ကို မောင် တစ်သက်လုံး ရသွားပြီပဲ၊ မမမောင့်ကို အသည်းနင့်အောင် ချစ်ပါတယ်လို့ မမနှလုံးသားထဲက ပြောတာပါကွယ်၊ မမ မောင့်ကို သိပ်ချစ်ပါတယ်"

ကျွန်တော် ခေါင်းငိုက်စိုက် ကျသွား၏။ မမစကားအတွက်



ချပစရာစကား ကျွန်တော့်တွင် မရှိတော့။

"မမနဲ့မောင် တစ်သက်လုံး ချစ်နေကြပြီပဲကွယ်၊ ဒီထက် ပေါင်းတာ ဘာရှိဦးမှာလဲ၊ ကျွန်တို့ကိစ္စကတော့ လောကရဲ့ အများစိတ် ချမ်းသာမှုနဲ့ ချင့်ပြီး လုပ်သင့်တာ လုပ်ရမှာပေါ့၊ မမပြောဖူးသားပဲ၊ လုပ်ချင်တာနဲ့ လုပ်သင့်တာ ယှဉ်လာရင် ဘာပဲဖြစ်ဖြစ် လုပ်သင့်တာ ရွေးရမယ်လို့"

ကျွန်တော့်ရင်ထဲတွင် စကားများစွာရှိသည်။ ကျွန်တော် ဘာပြောလို့ ရပါဦးမည်နည်း။

(၃၄)

စပ်စံထွန်းဆေးရုံနှင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်ကို ကျော်သည်နှင့် ဘုရင်မရေထွက်စခန်းကို လှမ်းမြင်လိုက်ရသည်။

တောင်ကြီးမြို့ဝင် တြိဂံဆိုင်းဘုတ်လေးကို လှမ်းမြင်ရသည်။

'ပြန်လည်တွေ့ဆုံကြပါဦးစို့'

ကျွန်တော့်မျက်လုံးထဲတွင် စာလုံးများသည် ဝါးခနဲ ဖြစ်သွား၏။ ကျွန်တော် သွားရမည့် တောင်ဆင်းလမ်းကို လှမ်းကြည့်လိုက်သည်။

မြွေလိမ်မြွေကောက်သဖွယ် တွန့်လိမ်နေသော တောင်ဆင်းလမ်းသည် မြင်ကွင်းတစ်ခုလုံးတွင် အထင်းသားဖြစ်နေသည်။

ကျွန်တော့်နားထဲတွင် မမ၏စကားသံလေး တစ်ခုကို ကြားလိုက်ရ၏။

"အချစ်ဆိုတာ တောင်ပေါ်မြို့လေးတစ်မြို့ကို တက်ရသလို



ပဲ မောင်၊ အကောက်အကွေ့လည်း များလှတယ်၊ အတိမ်းအစောင်းလည်း မခံဘူး၊ မောင် တောင်ကြီးကို တက်လာတော့ လမ်းခရီးကို မှတ်မိမှာပေါ့၊ ဘယ်လောက်ကွေ့ကောက်ကြမ်းတမ်းလဲ၊ ဒါတောင် တောင်ကြီးမြို့က ပင်လယ်ရေပြင်ကနေ အမြင့်ပေ လေးထောင့်ခုနစ်ရာတစ်ဆယ့်နှစ်ပေပဲ ရှိသေးတယ်၊ အချစ်မြို့ကလေးရောက်ဖို့က ဒီထက် မြင့်တယ် မောင်"

ရင်ထဲ၌ မောသွားသဖြင့် ကားရှေ့ခန်းတွင် ထိုင်လာသော မမဘက် အမှတ်တမဲ့ လှမ်းကြည့်လိုက်သည်။ ကားရှေ့ခန်းတွင် ကိုကိုနှင့်မမ အတူတူထိုင်နေသည်။

ကျွန်တော့်နံဘေးတွင် နွယ်မွန် . . . ။

"မောင်လည်း နွယ်မွန်နဲ့ စိတ်ချလက်ချ လက်ထပ်ပေါင်းသင်းပါတော့၊ မမလည်း တောင်ကြီးရောက်မှ လူကြီးချင်း ပြောကြဆိုကြရာက လက်ထပ်ပေးဖို့အထိ စကားပြောဖြစ်သွားတဲ့ မောင့်ကိုကိုနဲ့ လက်ထပ်လိုက်တော့မယ်၊ မောင် ပြန်တဲ့နေ့ကျရင်လည်း မမ လိုက်ပို့ပါဦးမယ်၊ မောင့်ကို နှုတ်ဆက်တာရော၊ မမခင်ပွန်းလောင်းကို လိုက်ပို့တာရော၊ နှစ်မျိုးစလုံး ဖြစ်သွားအောင်လေ"

မျက်လုံးကို ယောင်၍မှိတ်လိုက်၏။

တောင်ကြီးမြို့၊ ပင်လင်ရေပြင်မှ အမြင့်ပေ ၄၇၁၂ ဆိုသော စာတန်းလေးကို မျက်လုံးထဲ မြင်ယောင်သည်။

တောင်ကြီးမြို့သည် မြန်မာပြည်တွင် အမြင့်ဆုံး တောင်ပေါ်မြို့ ဖြစ်၏။ ဒီမြို့လေးကို ကျွန်တော် အခက်အခဲမရှိ ချောမောစွာ ရောက်ရှိခဲ့သည်။ ဒီမြို့မှာ ဒီထက်အပြန်တရာမြင့်သော မြို့လေးတစ်မြို့ကို တွေ့ခဲ့၏။

အခက်အခဲများစွာ ကျွန်တော် ကျော်ဖြတ်ပြီးသည့်တိုင် ထိုမြို့လေးကို ကျွန်တော် မရောက်ခဲ့။

နောင်လည်း ဘယ်တော့မှ ရောက်နိုင်တော့မည် မဟုတ်တော့။

ထိုမြို့လေးအနီးသို့ ရောက်သွားစဉ်ကမူ စာတန်းလေးတစ်ခု ရေးထားသည်ကို ကျွန်တော် တွေ့ခဲ့သည်။

ထိုစာတန်းလေးကား . . .

**'အချစ်မြို့'**

**ပင်လယ်ရေပြင်မှ အမြင့်ပေ အသချေ်**

. . . ဟူ၍ဖြစ်၏။

(၃၅)

"ရန်နိုင် . . ဟိုရှေ့က ရှုခင်းကိုကြည့်စမ်း၊ သိပ်လှတယ်နော်"

နွယ်မွန်ကလည်း ကြားရသည်။

ကျွန်တော် ခေါင်းညိတ်ပြလိုက်၏။

"တို့ လက်ထပ်ပြီးရင် ဒီဘက်ကို ပျားရည်ဆမ်း ထွက်ကြမယ်နော်"

ကျွန်တော် ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

"ဒီမှာ ကြာကြာနေချင်သေးတာဟာ၊ မေမေတို့ စိတ်ပူနေမှာစိုးလို့"

ကျွန်တော် ရယ်လိုက်ပြီး . . .

"သွားစမ်းပါ၊ ဟိုတုန်းကတော့ ဘာဖြစ်သလေး ညာဖြစ်သလေးနဲ့"

"နင်ကလည်းဟာ ဟိုတုန်းက ဟိုတုန်းပေါ့၊ ခု နင့်ဆီတောင်

တကူးတကလိုက်လာခဲ့ပြီ မဟုတ်လား၊ နင့်ကို မချစ်ရင် ငါဘယ်လိုက်လာမလဲ”

“နင် ငါ့ကို ချစ်တယ်ပေါ့”

ပြောလိုက်သော စကားသံ အနည်းငယ် ဝဲသွားသည်။

“သွားပါ၊ မသိဘူး”

နှစ်ယောက်သား ရယ်လိုက်ကြသည်။

ကျွန်တော်မရယ်၍မဖြစ်၊ ကားရှေ့ခန်းမှ ကိုကိုနှင့်မမတို့သည်ပင် ရယ်ရယ်မောမောနှင့် တစ်ခုခုကို သဘောကျနေကြပြီ။

ကျွန်တော် . . . နွယ်မွန့်ကို တစ်သက်လုံး ချစ်သွားရပေဦးမည်။ အခုထဲက ရယ်ထားမှ တော်ရာကျမည်ပေါ့ . . . ။

ကြိုးစားပါဦးမည်။

နွမ်ဂျာသိုင်း

# စာရေးသူ၏အမှာ

**စာဖတ်သူများအားလုံးကို**
**ရိုသေလေးစားစွာ ပန်ကြားပါရစေ။**

ဤနေရာမှနေ၍ ကျွန်တော့်အား ကျေးဇူးတင်စကား အနည်းငယ် ပြောကြားခွင့်ပေးပါရန် အနူးအညွတ် တောင်းပန်အပ်ပါသည်။

ပထမ ပြောကြားရမည့် စကားမှာ ဤဇာတ်လမ်း ဖြစ်ပေါ်လာပုံ အခြေအနေ ဖြစ်ပါသည်။

“အားလုံး ပျော်ရွှင် ချမ်းမြေ့ကြပါစေ” ပြီးသောအခါ ကျွန်တော့်ရင်ထဲတွင် အာသီသလေးတစ်ခု ဖြစ်ပေါ်လာပါသည်။ ထိုအာသီသမှာ ကျွန်တော် အလွန်ခင်တွယ်

သော ဒေသများထဲမှ တစ်ခုဖြစ်သည့် . . . ကလော၊ တောင်ကြီး၊ ညောင်ရွှေ၊ အင်းလေး၊ ပင်းတယစသော ရှမ်းပြည်နယ်တောင်ပိုင်းငါးစ်ဝိုက်ကို အခြေခံသည့် ဝတ္ထုလေးတစ်ပုဒ် ရေးသားလိုသော ဆန္ဒပင် ဖြစ်ပါသည်။

ဤဆန္ဒမှာ စာရေးသက်တစ်လျှောက် ဖြစ်ပေါ်လေ့ရှိသည့် ဒေသနှင့်ပတ်သက်၍ ပေါ်ပေါက်သော ဆန္ဒဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ကျွန်တော် စာရေးသားသည့် အခါတိုင်း ကျွန်တော့်မှာ ဆန္ဒလေးများ အမြဲ ရှိခဲ့ပါသည်။ ပုဂ္ဂိုလ်နှင့် ပတ်သက်သောဆန္ဒ၊ ဒေသနှင့် ပတ်သက်သောဆန္ဒ၊ ခံစားမှုနှင့် ပတ်သက်သောဆန္ဒ စသဖြင့် ဆန္ဒတစ်မျိုး၊ နှစ်မျိုး (သို့မဟုတ်) သုံးမျိုး စသည်ဖြင့် ကွဲပြားတတ်ပါသည်။

ပုဂ္ဂိုလ်နှင့် ခံစားမှုဆန္ဒများမှာ ဝတ္ထုတိုင်းလိုလို ငြိတွယ် ပါဝင်ပတ်သက်ခဲ့သော အကြောင်းအရာမို့ ထူးထူးထွေထွေ ပြောစရာ မရှိပါ။

ဒေသနှင့်ပတ်သက်၍မူ ကျွန်တော့်မှာ ရေးချင်လွန်းအားကြီးသော ဆန္ဒက တစ်ဖက်၊ ရေးရန် မဝံ့ရဲသော စိတ်ကတစ်ဖက် အမြဲဒွိဟ ဖြစ်ရပါသည်။

ရေးရန် မဝံ့သော ရွံ့စိတ်တွင်၊ ပထမအချက် - ကျွန်တော် ဒေသနှင့်ပတ်သက်၍ ရေးချင်လာလျှင် ဇာတ်လမ်းဇာတ်ကွက် စသည်တို့ကို ခေါင်းထဲတွင် သိပ်မစဉ်းစားမိတော့ပါ။ (အမှန်ဝန်ခံရလျှင် ယနေ့ထက်ထိ ဇာတ်လမ်း ဇာတ်ကွက်ကို ဦးစားပေး စဉ်းစားသော ဝတ္ထုမျိုး တစ်ပုဒ်မျှမရေးဖူးသေးဟု ကျွန်တော်ထင်ပါသည်။)

ဒေသတစ်ခုကို ရေးတော့မည်ဆိုလျှင် ပထမဆုံး ကျွန်တော် ရောက်ဖူးသည်ဖြစ်စေ၊ မရောက်ဖူးသည်ဖြစ်စေ၊ ကျွန်တော့်ရင်ထဲတွင် ငြိတွယ်သော ထိုဒေသတစ်ခုကို ရွေးချယ်ပါသည်။ ထို့နောက် ဒေသကို ကျွန်တော် သွားပါသည်။ သို့မဟုတ် သွားခဲ့စဉ်က ကြုံတွေ့ခဲ့သော အဖြစ်အပျက်များကို မှတ်မိသ၍ ကျွန်တော် စဉ်းစားပါသည်။

ထို့နောက် ကြုံခဲ့သည့် သို့မဟုတ် ကြုံဖူးသည်များကို အရင်းအတိုင်းနီးပါး ကျွန်တော် ပြန်ပြောပြနိုင်ရန် အားထုတ်ပါသည်။ ဤကား ကျွန်တော် စာရေးသည့်ပုံစံ ဖြစ်ပါသည်။

ထို့ကြောင့် 'ရက်ရွေးမနေပါနဲ့ ကိုကိုရယ်' တွင် မန္တလေး၊ စစ်ကိုင်း၊ မြင်ဦးလွင်တစ်ဝိုက်ကိုလည်းကောင်း၊ 'အချစ်ဆုံးလည်း ဖြစ်ခဲ့ဖူးပါတယ်' တွင် ပြည်တစ်ဝိုက်ကိုလည်းကောင်း၊ 'တစ်ခါတုန်းက တက္ကသိုလ်မှာ' တွင် တက္ကသိုလ်နယ်မြေ တစ်ခုလုံးကိုလည်းကောင်း ကျွန်တော် တက်အားသရွေ့ ဖန်တီးကြည့်ခဲ့ပါသည်။

ကျွန်တော့်ဆန္ဒမှာ ဝတ္ထုဇာတ်လမ်းတစ်ခုကို အဆန်းတကြယ်ဖြစ်ရန် ဆင်ယင်ထုံးဖွဲ့ပြခြင်းထက် ကိုယ်ဖြစ်ဖူး၊ ကြုံဖူး၊ ကြားဖူးသော အဖြစ်အပျက်လေးများအား တစ်စုံတစ်ရာသော အမြင်တစ်ရပ်ရပ် ထုတ်ယူကြည့်ရှု၍ ထိုအမြင်ဖြင့် အရင်းအတိုင်း ပြန်လည်ရေးဖွဲ့ခြင်းကို ပို၍

နှစ်သက်ပါသည်။

တောင်းပန်ပါသည်။ ကျွန်တော် ပြောရင်းနှင့် တဖြည်းဖြည်း လေရှည်သွားပါပြီ။

မူလပြောလိုရင်းကို ပြန်ကောက်ပါက . . .

ကျွန်တော် ရှမ်းပြည်နယ်တောင်ပိုင်းတစ်ဝိုက်ကို အခြေခံ၍ ဝတ္ထုဇာတ်လမ်းတစ်ခုကို ရေးဖွဲ့ရန် ကြံစည်ပါသည်။

ဤဒေသမှာ အထက်တန်းကျောင်းသား ဘဝကပင် နှစ်ခေါက်သုံးခေါက် ရောက်ဖူး၍၊ တစ်ခေါက်လျှင် တစ်လနီးပါး ကြာခဲ့ဖူးရာ အလွယ်တကူ ရေးနိုင်မည် အထင်ရှိခဲ့၏။

သို့သော် တကယ်ရေးသောအခါ ဇာတ်လမ်း၏ပထမ ဝါကျ ရေးပြီးသည်နှင့် ကျွန်တော့်မှာ အခက်အခဲ စပေါ်တော့၏။ ကျွန်တော်ရောက်ဖူးသည့် အတွေ့အကြုံကို ပြန်စဉ်းစားသောအခါတွင်လည်း ယောင်ဝါးဝါးသာ ပေါ်လာတော့၏။

ထို့ကြောင့် ယခုဇာတ်လမ်းထဲကအတိုင်းပင် သကြြန်အကြိုရက် မတိုင်မီတစ်ရက်တွင် အားချင်းထ၍ ခရီးထွက်ခဲ့ရ၏။

ပြင်ပြင်ဆင်ဆင်မရှိသော ခရီးဖြစ်သဖြင့် အခက်အခဲ မျိုးစုံ ကြုံရပါသည်။ သို့သော် ထိုဒေသသို့ ရောက်သောအခါ ဒေသခံများ၏ ဝိုင်းဝန်းကူညီ မစမှုဖြင့် သွားရေးလာရေးကအစ အတော်လေး အဆင်ပြေခဲ့ရပါသည်။

ပြန်လာသောအခါ မူလစဉ်းစားထားသော ဇာတ်လမ်းသည် ဘယ်ရောက်သွားမှန်း မသိတော့ပါ။ ယခု စာဖတ်သူ ဖတ်ရှုပြီးသော အကြောင်းအရာလေးက ကျွန်တော့်ရင်နှင့် ငြိ၍ ပါလာခဲ့ပါသည်။

ထို့ကြောင့် "အလယ်ကလူ . . " ကို ကျွန်တော် ရေးဖြစ်ပါသည်။

ထို့ကြောင့် "အလယ်ကလူ . . " နှင့် ပတ်သက်သော အောက်ပါပုဂ္ဂိုလ်များအား ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ပါရစေ။

ရွှေညောင်နေ . . . ညောင်ရွှေမြို့နယ် အားကစားမှူး ဦးမင်းသွင်-ဒေါ်ဥမ္မာ၊ ရွှေညောင် ခလရ (၉၄) မှ တပ်ရင်းမှူး၊ ဒု ဗိုလ်မှူးကြီး တင်မောင်ကြည်နှင့် အန်တီဒေါ်တင်တင်အေး၊ ဆရာမျိုးမြင့်နှင့်အဖွဲ့၊ တောင်ကြီးပြည်နယ် စီမံကိန်းနှင့် ဦးစီးရုံးမှ ကိုစောမြသိန်း (ကိုဆန်နီ) နှင့် မသက်သက်မြင့် (မသက်) တောင်ကြီးမြို့နယ် စာရင်းရုံးတို့ဇနီးမောင်နှံ၊ ဟဲဟိုးအမှတ် ၁၈၊ ခြေမြန်တပ်ရင်းမှ တပ်ရင်းမှူး ဗိုလ်မှူးဝင်းမြင့်တို့ ဇနီးမောင်နှံ၊ ညောင်ရွှေဈေးလမ်းမှ ကိုညိုဝင်းနှင့် မထားထား။

ထို့နောက် . . . မမ။

စသည်တို့အား ကျေးဇူးတင်ရှိပါသည်။

ထို့ပြင် ပင်းတယမြို့ ကျောက်ဆင်တောင်တွင် ဘုရားသမိုင်းနှင့် ပတ်သက်၍ ရှင်းလင်းပြသော ဦးဇင်း ဦးကေလာသ၊ ဦးသာဂရနှင့် ဦးနရိန္ဒတို့အားလည်း ကျေး

ဇူးတင်ရှိပါကြောင်း လျှောက်ထားအပ်ပါသည်။

ထို့ပြင် ကျွန်တော်၏စာအုပ်ကို စာဖတ်သူများထံ အမြန်ဆုံးရောက်ရှိရေးနှင့် သေသပ်လှပစွာ ရောက်ရှိရေး၊ အမှားအယွင်း နည်းပါးရေး စသည်တို့အတွက် အထူးဂရုပြု ဆောင်ရွက်ပေးသည့် ရွှေသမင်စာပေတိုက်မှ အစ်ကို ကိုအောင် (ဆရာမြက်ရိုင်း)၊ အစ်မ မမြမြဝင်း (ဆရာမမြကေသီ-မဟာဝိဇ္ဇာ) နှင့် သတ်ပုံသတ်ညွှန်းမှစ၍ ပြင်ဆင်ကြီးကြပ်ပေးသော ဆရာကြီးရန်အောင်၊ ဆရာသမိန်သောင်း၊ ဆရာ ဦးမောင်မောင်စိုး၊ ကိုတင်အောင် အစရှိသော ပညာ့ဗိမာန် ပုံနှိပ်တိုက်မှ ပုဂ္ဂိုလ်တို့အားလည်း ကျေးဇူးတင်ရှိပါသည်။

ထို့ပြင် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြသည့် မိတ်ဆွေသင်္ဂဟများ မိဘဆရာသမားများနှင့် စာပေဆိုင်ရာ အမှုထမ်း၊ အရာထမ်း၊ ကာယလုပ်သား၊ ဉာဏလုပ်သားအားလုံးကိုလည်း ကျေးဇူးတင်ရှိပါသည်။

ထို့ပြင် ဤမျှ ရှည်လျားသော ကျေးဇူးတင်လွှာကို တပင်တပန်းဖတ်ရှုပေးသည့် စာဖတ်သူများ၊ ကျွန်တော့်စာများကို ညာတာယုယစွာ ဖတ်ရှုအားပေးသော စာဖတ်ပရိသတ်များအားလည်း အထူးကျေးဇူးတင်ရှိပါသည်။

အားလုံးမေတ္တာကို အလေးအနက် ခံယူ၍ . . . ။

ကျွန်တော် ထာဝရ ကြိုးစားပါဦးမည် . . . ။

နွမ်ဂျာ